
www.burmeseclassic.com

ရွှေသန္တာစာပေ



# မောင်လှမျိုး ( ချင်းချောင်းခြံ )

# အထူးကြေညာချက်

(နှင့်)

# ရင်တွင်းဖွဲ့ ဝေဒနာများ

www.burmeseclassic.com

www.burmeseclassic.com

# အထူးကြေညာချက်

နှင့်

(ရင်တွင်းဖွဲ့ဝေဒနာများ)

**မောင်လှမျိုး** (ချင်းချောင်းခြံ)

ရွှေသစ္စာ စာပေ

တိုက်(၄၇၂)၊ အခန်း(၂၀၂)၊ ရာဇဓိရာဇ်ဗိုလ်ချုပ်ရာ၊ နိုလ်တာဆောင်၊
ဖုန်း - ၀၉-၅၃၅၈၀၇၃၆ ၊ ၀၉-၃၁၀၃၉၈၈၁၅။

www.burmeseclassic.com

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း


| | | |
|---|---|---|
| ပုံနှိပ်ခြင်း | - | ပထမအကြိမ်<br>၂၀၁၆ခုနှစ်၊ ဖေဖော်ဝါရီလ |
| အုပ်ရေ | - | ၅၀၀ |
| တန်ဖိုး | - | ၁၅၀၀ကျပ် |
| အဖုံးဒီဇိုင်း | - | နွယ်ဦးလှိုင် |
| ကွန်ပျူတာစာစီ | - | Sun Top |
| ထုတ်ဝေသူ | - | ဦးဝင်းသူရလွင်<br>အိမ်မက်အသစ်စာပေ<br>၃၈(၃)လွှာ၊ ၁၅၃လမ်း<br>တာမွေ၊ |
| မျက်နှာဖုံးနှင့် | - | ဦးစည်းသူကိုကို |
| အတွင်းပုံနှိပ်သူ | - | တော်ဝင်ထွန်းပုံနှိပ်တိုက်<br>၁၇၈၊လမ်း(၅၀)၊<br>ပုဇွန်တောင်၊ |
| ဖြန့်ချိရေး | - | ဦးသက်မြင့်ဦး<br>ရွှေသစ္စာစာပေ<br>ဖုန်း-၀၉-၅၃၆၀၇၃၆<br>၀၉-၃၁၀၃၉၈၈၅ |


## မာတိကာ


- အဘအမည် ဦးဆိတ်ညွှန့်
- မှိုင်း
- လမ်းဖောက်သူများ
- ကမ်းပြိုနေသော မြစ်ချောင်းများ
- ငြိမ်းချမ်းရေးအတွက် ဆေး(၄)ခွက်
- ဒေဝဒတ်ထက်မိုက်တဲ့သူ
- ဘယ်တုန်းကမှ မကြောက်ခဲ့ပူးဘူး
- လူကြီးရောဂါ
- တစ်ကိုယ်တော်ပရတိတ
- မျက်စိဖွင့်ပြီး ချစ်ကြည့်ပါ
- အစိုးရကို ချုပ်ကိုင်မည့်သူ
- လောကကြီး၏ ခေါင်းဆောင်ကောင်း
- အာဏာရှူးလက်စွဲကျမ်း
- အထူးကြြညာချက်
- ချစ်လို့ရေးတဲ့မေတ္တာစာ


www.burmeseclassic.com

www.burmeseclassic.com



# အဘအမည် ဦးဆိတ်ညွန့်

၁။ “အဖေနာမည်”

“ဦးကျော်မြင့်”

“အလုပ်အကိုင်”

“ထီးတန်းဆိပ်ကမ်း၊ ကတ္တူဌာန”

သိပ်အရေးမကြီးတဲ့ နေရာတွေမှာ၊ အဖေ့နာမည် အမေး ခံရတိုင်း၊ အဖေ့နာမည်အရင်း ဦးဆိတ်ညွန့် . . လို့ ကျွန်တော်၊ ဘယ်တော့မှ မဖြေခဲ့ဘူး။ ဦးကျော်မြင့်, ဦးရဲအောင်, ဦးအောင်ဆန်း, . . . စသဖြင့်၊ ပါးစပ်ထဲ၊ တွေ့တဲ့နာမည်၊ ဖြေပစ်လိုက်တာပါပဲ။

♠

ကျူရှင်ကဒ်ပြားတစ်ခုမှာ အဘအမည်- ဦးကျော်မြင့် . . လို့ ဖြည့်ထားတာ၊ အဖေတွေ့သွားတော့ . . .

“မင်းက၊ အဖေနာမည် ဦးကျော်မြင့်ဘာလို့ ဖြစ်နေရတာလဲ။

www.burmeseclassic.com



"အာ . . ။ဖေဖေ့နာမည်က တစ်ခါ ပြောရုံနဲ့ သူများနားလည်တဲ့ နာမည်မဟုတ်ဘူး။

ဦးဆိတ်ညွန့် . . လို့၊ ပြောလိုက်ရင်၊ ဟန် . . ဆိုပြီး၊ မသဲကွဲသလိုလုပ်ကြတယ်။

သဲသဲကွဲကွဲ ဦးဆိတ်ညွန့် . . လို့၊ သေသေချာချာ ပြောပြန်တော့လည်း၊ ဦးစိန်ညွန့်လား. . . မေးတယ်၊

မဟုတ်ဘူး ဦးဆိတ်ညွန့် . . လို့ ထပ်ပြောတော့၊ ဦးစိမ်းညွန့် . . လို့ရေးတယ်။ စိမ်း . . မဟုတ်ဘူး။ ဆိတ်ဆိတ် . . လို့၊ ပြောတော့၊ စ,လုံးနဲ့၊ ဦးစိတ်ညွန့်လို့၊ရေးကြပြန်ရော။

အဲဒါနဲ့ . . ၊သားလည်း ပါးစပ်က,နေ၊ ပဲ . . အဲအဲ . . လို့ အသံထွက်ပြပြီး၊ အဲဒီလို၊ အသံထွက်တဲ့ ဆိတ်။စ,လုံးနဲ့ စိတ်တာလည်း၊ မဟုတ်ဘူး။

ဆိပ်ကမ်း . . လို၊ ဆ,လိမ် ပ,သတ်နဲ့ ဆိပ်တာမဟုတ်ဘူး။ ပဲ . . အဲအဲ. . လို့ အော်တဲ့ဆိတ်။ ဦးဆိတ်၊ ဆ,လိမ် လုံးတင် တ,ဝမ်းပူသတ်တဲ့



. . ဆိတ်။ ဦးဆိတ်။ ဦး. . ဆိတ်. . ညွန့်၊

အဲဒီ. . လို၊ အဆင့်ဆင့် ပြောပြမှ၊ သူတို့ အမှန်ရေးနိုင်တယ် ဖေဖေ။ အဲဒါကြောင့် ရေးရလွယ် . . ခေါ်ရ ပြောရလွယ်တဲ့၊ နာမည်တွေ . . ပြောပြီး၊ ကျူရှင်အပ်ခဲ့တာ"

အဖေက၊ ကျွန်တော့် ဖြေရှင်းချက် အပေါ်ဘာမှ မပြောပေမယ့်၊ စိတ်မကောင်းတော့၊ ဖြစ်သွားရှာမှာ၊ အမှန်ပါပဲ။ ဒါပေမဲ့ . . ၊ ကျွန်တော်မှာလည်း ကျွန်တော့် အခက်အခဲနဲ့ ကျွန်တော်လေ။

ကျောင်းသားဘဝ, တလျှောက်လုံး၊ အဖေ့ နာမည်နဲ့ ပတ်သက်ပြီး ရန်ဖြစ် ထိုးကြိတ်ခဲ့ရတာလည်း၊ ခဏ ခဏ။

ကျွန်တော့်ကို တွေ့တာနဲ့ ဆိတ်လို့၊ အော်ပြီး . . နောက်ကြတာလေ။ ကိုကိုနိုင်. . ဆိုတဲ့၊ သူငယ်ချင်းတစ်ယောက်ဆိုရင်၊ အိမ်ကို လာရင်၊ အိမ်အပြင်ကနေ၊ ကျွန်တော့်နာမည် မခေါ်တော့ဘဲ၊ ဆိတ်လို(ပဲ . . အဲ. . အဲ)အော်ပြီး၊ ဝင်လာတတ်တာလေ၊ အိမ်မှာ အဖေရှိတဲ့ အခါမျိုးဆို၊ကျွန်တော့်မှာ၊ ဒီကောင့်ကို၊ အပြေးအလွှား ဟန့်တားရတော့တာပေါ့။

www.burmeseclassic.com

www.burmeseclassic.com



"ပော့ကောင် ဆိတ်ကြီး"

ရပ်ကွက်ထဲက သန်းနိုင်ဆိုတဲ့ကောင်က၊ ကျွန်တော့် အဖေနာမည်ကို၊ သူ . . သိသိချင်း၊ ကျွန်တော့်ကို၊ အဲဒီလိုကြီး စ၊ ခေါ်တော့တာပဲ။

"သန်းနိုင်၊ ငါ့နာမည် လှမျိုးအောင်လေကွာ။ အဖေနာမည်နဲ့မနောက်စမ်းပါနဲ့။

"တစ်လမ်းတည်းသားချင်း၊ နောက်တာ၊ ဘာဖြစ်တာလဲ . . ။မင်းက"

"ငါ့ . . ပြန်နောက်ရင်လည်း၊မင်း၊ စိတ်မဆိုးနဲ့လေ"

"အေး . . ။မဆိုးပါဘူး၊ ဆိတ်ကြီးရာ။ဟဲဟဲ"

ကျွန်တော်၊ ရယ်နေပြီး၊ သူ့မျက်နှာကို ကြည့်လိုက်တယ်။ ပြီးတော့မှ၊ အနားမှာရှိတဲ့၊ တခြားသူငယ်ချင်းတွေဘက်ကို၊ လှည့်ပြီး . .

"ဒီကောင်၊ငါ . . ပြန်နောက်ရင်၊ ငါ့ကို၊ စိတ်ဆိုးလိမ့်မယ်ကွ"

သန်းနိုင်က . . .



"မဆိုးဘူး ပော့ကောင်။ မင်း . . . ကြိုက်သလို . . . ခေါ်၊မဆိုးဘူး၊ ဆိတ်ကြီး"

"ဒိုကေနော်၊ ဒါဆိုငါလည်း . . . မင်းတိုခေါ်မယ်"

"ခေါ်"

"ခွေးသား"

"ဟာ . . . ၊ ဆိတ်ကြီး . . ။ မင်း . . ရိုင်းစိုင်းတယ်၊မင်း . . "

"ခွေးသား"

"မင်း . . . "

သန်းနိုင် ကျွန်တော့်ကို လက်ညှိုးထိုးရင်း၊ ဘာမှ ပြန်ပြောလို့ မရအောင်ဖြစ်သွားရရှာတယ်။ သူ . . ပြန်ပြောလို့ ရန်ဖြစ်ကြမယ်ဆိုရင်၊ စိတ်မဆိုးဘူးဆိုတဲ့၊ သူ့ကတိလည်း၊ ပျက်မယ်။ သူငယ်ချင်းတွေကြားထဲမှာ၊ သူ . . . အင်မတန်လျှို့ဝှက်ထားတဲ့ ဘွဲ့ကြီးလည်း၊ပေါ်ပေါက်သွားမယ်လေ။

အဲဒီတော့ . . . သူ၊ ကျွန်တော့်ကို၊ ဘာလိုမှ၊ ဘာမှ ပြန်ပြောလို့၊ မရတော့ဘူးပေါ့။

www.burmeseclassic.com

www.burmeseclassic.com



"ခွေးသား"

"မှော်တောင်၊ လှမျိုးအောင်၊ ငါလည်း . . .

မင်းကို၊ မနေ့ာက်တော့ဘူး။ မင်းလည်း ငါ့ကို၊

မနေ့ာက်နဲ့တော့. . ."

"ဒါဆို၊ ပြီးရောလေ , . ။

ဗိုု-ကေ"

သန်းနိုင်နဲ့ကျွန်တော် လက်ဆွဲနှုတ်ဆက်၊ လိုက်ကြတယ်။ အနားမှာရှိတဲ့၊ သူငယ်ချင်းအားလုံး၊ ဘာမှန်းကိုမသိလိုက်ကြဘူး။

ကျွန်တော်ကလည်း၊ လူမှုရေး စိတ်ဓာတ်အပြည့်နဲ့၊ သန်းနိုင်ရဲ့၊ မဟာလျှို့ဝှက်ချက်ကြီးကို၊ ကျွန်တော် ဆက်လက်လျှို့ဝှက်ပေးထားလိုက်ပါတယ်။

(သူ့အဖေရဲ့ ငယ်နာမည်ကို၊ သိတာ၊ ကျွန်တော်တစ်ယောက်တည်းပဲ၊ ရှိတယ်လေ။ သူ့အဖေ ဦးတင်ငွေရဲ့၊ ငယ်နာမည်က၊"ဦးခွေး". . . တဲ့။ ဟဲဟဲ။ အဲဒါကြောင့်၊ ဦးခွေးရဲ့သား၊ သန်းနိုင်ကို၊ ကျွန်တော်က၊ "ခွေးသား"လို့ ပိုင်ပိုင်နိုင်နိုင် ခေါ်ပစ်လိုက်တာပေါ့)။

♣♣♣



၂။ "ဖေဖေ့ နာမည် ပြောင်းခိုင်းလိုက်ပါလား မေမေရယ်"

"နင် . . . မှတ်ပုံတင် မလုပ်ရသေးခင်၊ ကျောင်းမအပ်ရသေးခင်၊ ပြောင်းမှ ရတာ၊ အခုမှ ပြောင်းလို့၊ ဘာထူးမှာလဲ။

ကိုယ့်အဖေနာမည်က၊ ကိုယ့်အဖေနာမည်ပဲ။ ဘာရှက်စရာလိုသလဲ"

"ဘိုးဘိုးကြီးတို့က,လည်း၊ ကိုယ့်သားနာမည်ကို၊ လှလှပပ, မမှည့်ဘူး။ . . ဘယ်လို နာမည်မျိုး ပေးထားမှန်း၊ မသိဘူး"

အဖေ့မိဘ (အဘိုး အဘွား)တို့ကိုပါ။ ကျွန်တော် အပြစ်ဖို့ခဲ့မိပါသေးတယ်။

"နင်အဖေရဲ့ ဇာတာထဲက၊ နာမည်က၊ မောင်ကျော်ရှိန် . . တဲ့"

"ဟာ၊ အဲဒီနာမည် ကောင်းသားပဲ။ ဖေဖေက၊ ရုပ်ရှင်မင်းသား ကျော်ဆွေနဲ့ တူတယ်လေ။နာမည်က . . ကျော်ရှိန်ဆိုတော့၊ နာမည်ဝါ

www.burmeseclassic.com

www.burmeseclassic.com



တူတာပေါ့။

အဲဒီ . . ကျော်ရှိန်ဆိုတဲ့၊ နာမည်ကမှ၊ ကောင်းတာ၊ ရုပ်ကလည်း ကျော်ဆွေနဲ့တူ၊ နာမည်ကလည်း၊ ကျော်ရှိန်ဆိုတော့ 'မင်းသားတောင်၊ လုပ်လို့ ရသားနဲ့"

"နင့် အဖေ၊ မုန့်ဟင်းခါးရောင်းတုန်းက၊ မင်းသားလုပ်ဖို့ လာပြောကြသေးတယ်။

နင့်အဖေက၊ မလုပ်ရဲပါဘူး၊ဗျာဆိုပြီး၊ ငြင်းလိုက်တာ"

ကျွန်တော်က အားမလို အားမရ လေသံဖြင့်-

"ရုပ်ရှင်မင်းသား လုပ်လိုက်ရင်၊ ဖြီးရော။ ရုပ်ရှင်မင်းသားသာ၊ လုပ်လို့က,တော့၊ အဖေ့ . . ဆိတ်ညွန့်ဆိုတဲ့၊ နာမည်ကိုတော့၊ ပြောင်းခိုင်းကြမှာအမှန်ပဲ။

ကျော်ရှိန်ဆိုတဲ့၊နာမည်က,မှ၊ မင်းသားနာမည်။

ဦးဆိတ်ညွန့် . . လို့၊ ဘာလို့ ပြောင်းလိုက်ရ



တာလဲ။ မေမေ သိလား"

"နင့်အဘွားမေးကြည့်တော့၊ ငယ်ငယ်က၊ ညနေစောင်းတိုင်း၊ ရွာထိပ်က ညောင်ပင်ကြီးအောက်မှာ၊သွားသွားငိုနေတာ . . တဲ့။

ငိုသံက၊ ဆိတ်အော်သံလိုပဲ . . . တဲ့။

ရွာဦးကျောင်းက၊ ဘုန်းကြီးဆီမှာ၊ အကျိုးအကြောင်း၊ ပြောပြီး၊ စစ်ဆေးကြည့်တော့၊ အရင်ဘဝက . . . ဆိတ်ဖြစ်ခဲ့တာ. . တဲ့။

ဘဝဟောင်းက၊ အမေ ဆိတ်မ,ကြီးကို၊ သတိရလို့၊ ရွာထိပ် သွားသွားငိုနေတာတဲ့။

အဲဒါနဲ့၊ ဇာတာထဲက၊ ကျော်ရှိန် . . ဆိုတဲ့ နာမည်ကို၊ မခေါ်ကြနဲ့တော့၊ ဆိတ်ညွန့် . လို့ပဲ၊ ခေါ်ကြတော့ . . လို့၊ဘုန်းကြီးက၊ မိန့်လို့ . . တဲ့။

အဲဒီလို၊ နာမည်လည်း ပြောင်းခေါ်လိုက်ရော၊ ညနေ ညနေ . . ရွာထိပ် ထွက်ထွက် ငိုတဲ့ အကျင့်လည်း၊ပျောက်သွားတယ် . . တဲ့"

အမေပြောပြတာကို နားထောင်ပြီးတော့နဲ့၊ ဒီဘဝ,တော့

www.burmeseclassic.com



အဖေ့နာမည်၊ မပြောင်းခိုင်တော့ဘူး. . လို့၊ ကျွန်တော်ဆုံးဖြတ်လိုက်ရတယ်။

♠♠♠

အမေ. . ပြောပြတာကို၊ နားထောင်ပြီးတဲ့၊နောက်ပိုင်း၊ အဲဒီလို၊ အကျိုးအကြောင်းလေးနဲ့ဖြစ်ခဲ့ရတဲ့၊ အဖေ့နာမည်အပေါ်၊ ကျွန်တော်ဘယ်လိုမှ၊ မရှက်ချင်တော့ပါဘူး။

နေဝင်ရီတရော၊ရွာထိပ်က၊ ညောင်ပင်ကြီးအောက်မှာ၊ ဘဝဟောင်းက၊ အမေကို၊ သတိတရ၊ ငိုသံပေး ဖွဲ့ရှာနေတဲ့ ကလေးငယ်တစ်ယောက်ရဲ့ အဖြစ်ကို၊ ပုံဖော်တွေးတော ကြည့်ရင်း၊ အဖေ့ကို သနားစိတ်ထောင်၊ ဝင်ခဲ့မိပါတယ်။

အဲဒီကတည်းက၊ အဖေ့နာမည်နဲ့ပါတ်သက်ပြီး ဘယ်သူ ဘယ်လို နောက်နောက်၊ ကျွန်တော်ဘယ်လိုမှ ဇွေမယူတော့ပါဘူး။

♠

အဖေ့ဇာတိက၊ စစ်ကိုင်းတိုင်း၊ မုံရွာခရိုင်၊ ဘုတလင်မြို့နယ်၊ ပိုးကုန်းရွာ။(အမေ့ဇာတိက,တော့၊ မုံတောရွာ)။

ဆယ်ကျော်သက်အရွယ်လောက်ကတည်းက၊ အဖေ့ခမြာ၊ ရန်ကုန်မှာ တစ်ယောက်တည်း အခြေလာချရသတဲ့။ (အသက်-



၂၇ နှစ်လောက်မှ၊ အမေနဲ့ အကြောင်းပါသတဲ့)။

အင်း. . ။ အဖေ့ အကြောင်းကတော့၊ ပြောလို့မကုန်နိုင်ပါဘူး။ (ပြောလို့မကုန်နိုင်ပါဘူး ဆိုတာက၊ ကျွန်တော့်အဖေ တစ်ယောက်တည်းရဲ့ အကြောင်းမှ၊ မဟုတ်ပါဘူး။ လူတိုင်း လူတိုင်းရဲ့ အဖေအကြောင်းတွေဟာ၊ ပြောလို့မကုန်ခန်းနိုင်ဘူး. . လို့၊ ဆိုလိုတာပါ။)

♠

ကျွန်တော် လူမှန်းသိတတ်စ အရွယ်က,နေ၊ လူပျိုပေါက် အရွယ်အထိ၊ အဖေဟာ၊ နှစ်လ,တစ်ခါ . . တစ်လ, တစ်ခါလောက်၊ အရက်သောက်သောက်လာတတ်ပါတယ်။

အဖေ အရက်သောက်လာရင်၊ ကျွန်တော်သိပ်,ပျော်တာပဲ။

သူများသားသမီးတွေက၊သူတို့အဖေအရက်မူးလာရင်၊ စိတ်ညစ်ကြမယ် ထင်ပါရဲ့။

ကျွန်တော်ကတော့၊ ကျွန်တော့်အဖေ အရက်သောက်လာမှ၊အရက်မူးနေမှ၊ နေရထိုင်ရတာ၊ စိတ်လက်ပေါ့ပါးပြီး၊ ပျော်စရာ ကောင်းခဲ့ရသူပါ။

ဘာဖြစ်လို့လဲဆိုတော့၊ အဖေက အရက်မသောက်တဲ့

www.burmeseclassic.com

www.burmeseclassic.com



အချိန်ဆို၊ တစ်နေ့လုံးနေလို့၊ စကားတစ်ခွန်းပြောတဲ့သူမဟုတ်ဘူး။ ဆိုလိုအပေါက်ရှာပြီး၊ တတွတ်တွတ်ပြောနေတတ်သူလည်း၊မဟုတ်ဘူး၊ မျက်စိထဲ အခန့်မသင့်ရင်၊ တွေ့တရာနဲ့ ကောက်ပေါက်လိုက်တဲ့လူမျိုး။

ဆိုတော့ကာ၊ အဖေထိုင်နေရင်၊ အဖေ့ရှေ့တောင်ဖြတ်မလျှောက်ရဲခဲ့ပါဘူး။ အရက်မသောက်ဘဲ၊ အဖေ . . . အိမ်မှာရှိနေရင်၊ ကျွန်တော် စာကြည့်စားပွဲမှာ၊ ဖင်မြဲမြဲထိုင်ရင်း၊ စာကျက်ချင် ယောင်ဆောင်နေခဲ့ရတာများပါတယ်။

ဝစ်တာတီးတာတောင်၊ အဖေအိမ်မှာ မရှိတဲ့ အချိန်ကျမှ၊ တီးရဲတာပါ။

အဲ. . အဖေ၊ အရက်သောက်လာတဲ့ . . ည,ဆိုရင်တော့၊ ကျွန်တော် အဖေ့ကို၊ လုပ်ချင်တာ၊ လုပ်လို့ရပြီပေါ့ဗျာ။

အဖေ့ အကျီအိပ်ထဲက၊ ငွေစက္ကူတွေကို၊ လု-တောင်း၊ တောင်းတယ်။

"မင်းအမေ့ကြီးတော်မို့၊ မိုက်ဆဲလာလုနေတာလား၊

မြရွှေ -ဒီမှာ၊ နင့်သား၊ ငါ့ဆီမှာ၊ မုန့်ဖိုး



လာတောင်းနေတယ်"

အမေ့ကို လျှာလေး အာလေးနဲ့ လှမ်းတိုင်တဲ့အခါ၊ အဖေ့ပုဆိုးခါးပုံစကို ကျွန်တော်ဆွဲချတ်လေ့ရှိတယ်။

"ဟေ့ကောင် ။ . . . ."

ပြီးတော့၊ အဖေ့လက်ထဲက၊ စီးကရက်ကိုတောင် ကျွန်တော်တောင်းသောက်ရဲတယ်။

"မြရွှေနင့်သား ဆေးလိပ်သောက်နေတယ်"

စီးကရက်ကို၊ တစ်ဖွာ နှစ်ဖွာ ဖွာပြီးမှ၊ ပြန်ပေး လိုက်တယ်။ အဲဒီ . . . အပြုအမူ အားလုံး၊ . . . နောက်တစ်နေ့ မနက်လင်းရင်၊ ကျွန်တော်မလုပ်ရဲတော့ပါဘူး. ."

အဖေ အရက်မူးလာတဲ့အခါ၊ ကျွန်တော်ဘယ်လောက်ပျော်ပျော်၊ အမေက,တော့၊ မျက်နှာကြီး စူပုတ်. . လို့ပေါ့။

♠

အဖေ့ အစ်ကိုကြီး၊ ဦးကောင်းညွန့်လို့ ခေါ်တဲ့ ကျွန်တော့်ဦးကြီးရှိရာကို သွားပြီး၊ အမေ. . တိုင်တယ်နဲ့ တူပါရဲ့၊ ဦးကြီးက၊ အဖေ့ကို၊ အသောက်အစားမဖက်မို့၊ ပြောနေတာ၊ ကျွန်တော်

www.burmeseclassic.com



ကြားဖူးတယ်လေ။

♣

ကျွန်တော့်အရွယ်က ငါးပါးသီလဆိုတာတောင် ဘာမှန်း သိပ်မသိသေးတဲ့ အရွယ်ဆိုတော့၊ အဖေအရက်သောက်, သောက် လာပါစေပဲ။ ဆုတောင်းနေမိတာပေါ့။

နောက်တော့ . . .

ကျွန်တော်တို့ ဆွေမျိုး အရင်းခေါက်ခေါက်ထဲမှာ၊ အဖေ အရက်သမားကြီးကို သား ခေတ်ပညာတတ်က၊ အပြစ်ဖို့ မာန်မဲ နေတာကို၊ မျက်စိနဲ့ တပ်အပ်, နားနဲ့ ဆတ်ဆတ်၊ မြင်ကြားခဲ့ရတဲ့ အတွက်။

"ငါ့အဖေကို၊ ငါ. . . အဲဒီလိုမျိုး၊ ပြောမ ထွက်ရက်ဘူး။"ဆိုတဲ့၊ စိတ်ဆန္ဒ၊ ဖြစ်ပြီးတဲ့ . .

နောက်၊အဖေအရက်သောက်လာတဲ့ ညတွေမှာ၊ ကျွန်တော်၊ အရင်လို၊ အဖေ့ကို၊ မကျီစယ် ဖြစ်တော့ပါဘူး။

♣♣♣

၃။ ကျွန်တော့်စရိုက်ကလေး၊ နည်းနည်း ပြောပြရဦးမယ်။ ကျွန်တော်က . . လမ်းသရဲ ဆန်ဆန် နေထိုင်ခဲ့သူဆိုပေမယ့်။



အသက် (၁၂)နှစ်လောက်ကတည်းက ပုတီးစိပ်ခဲ့တဲ့သူပါ။

သီလ-သမာဓိ-ပညာတွေ၊ နားလည်လို့၊ စိပ်ခဲ့တာတော့၊ မဟုတ်ပါဘူး။ ကလေးဘဝ, ဟိုတွေး . . . ဒီတွေးနဲ့၊ လူဆိုတာ သေတတ်တဲ့ သတ္တဝါပဲ. . လို့၊ တွေးမိပြီး၊ ကြောက်လန့်တကြားနဲ့၊ ဘာလုပ်ရမှန်းမသိဖြစ်၊

ဖြစ်ပြီးတော့၊ အမေ့ အဖေ၊ ကျွန်တော်အဘိုးကို . . မေး။ အဘိုးက . . "သေမှာကြောက်ရင် ပုတီးစိပ်ရတယ် မြေးရဲ့" လို့ အကြံပေးတာနဲ့၊ သေမှာကြောက်လိုက်၊ ပုတီးစိပ်လိုက်၊ လုပ်ခဲ့မိ တာပေါ့။

ပုတီးစိပ်ဆိုလို့သာ၊ ပုတီးစိပ်တာပါ။ စိတ်က,ရော . . ပါးစပ်က,ရော. . ၊ဘာမှ မရွတ်မဆိုဘဲ၊ ပုတီးချည်းပဲ၊ ထိုင်စိပ် နေတာလေ၊

နောက်တော့မှ၊ သရဏဂုံသုံးပါးနဲ့ ပုတီးစိပ်ရတယ်. . လို့၊ နားစွန်နားဖျား ကြားဖူးရမြန်တော့၊ သရဏဂုံသုံးပါးနဲ့၊ စိပ်တော့ တာပေါ့။

ဘယ်လိုစိပ်သလဲ . . ဆိုတော့. . ။

စိတ်ထဲက,နေ . .

www.burmeseclassic.com

www.burmeseclassic.com



"သရဏံဂုံသုံးပါးလို့၊ ရွတ်လိုက်၊ ပုတီးတစ်လုံးချလိုက်။ သရဏဂုံသုံးပါးလို့၊ ရွတ်လိုက်၊ ပုတီးတစ်လုံးချလိုက်နဲ့၊ ရမ်းချနေတော့တာပဲ။

အဲ . . နောက် . . နောက် . . . ကာလ, အတော်ကြာကြာမှ စာလေးပေလေးဖတ်ရင်း၊ သရဏဂုံသုံးပါးဆိုတာ (ဗုဒ္ဓနုဿတိ-ဓမ္မနုဿတိ၊ သံဃာနုဿတိဖြစ်စေတဲ့)-

ဗုဒ္ဓံသရဏံ ဂစ္ဆာမိ

[illegible]သရဏံ ဂစ္ဆာမိ

သံဃံ သရဏံ ဂစ္ဆာမိ . . ဆိုတဲ့။

ဘုရား , . တရား . . သံဃာ . . ကို၊ ရည်စူးပြီး၊ စိပ်ရတဲ့ ပုတီးစိပ်နည်းလို့၊ သိခွင့်ရခဲ့တာပါ။

အင်း၊ မှတ်မှတ်ရရ၊ ပြောပြရရင်၊

လူပျိုပေါက်အရွယ်မှာ၊ ကျွန်တော်စိပ်ခဲ့တဲ့၊ ပုတီးစိပ်နည်းတ,တော့၊ သရဏဂုံ ပုတီးစိပ်နည်းပဲ . . . ဆိုပါတော့။

(ရုပ်,နာမ်၊ ဓမ္မသဘောရတွေ၊ သစ္စာလေးပါး၊ မဂ်တရားတွေ၊ ခတ်တွေ၊ ပရမတ်တွေ . . ပညတ်တွေ၊ မသိသေးပေမယ့်၊ သရဏံဂုံ တည်ခဲ့တယ်၊ ထင်ပါရဲ့။ ပုတီးစိပ်ရင်း . စိပ်ရင်းနဲ့ . . ၊



သေမှာ လုံးဝ မကြောက်တတ်တော့ဘူး။ ဉာဏ်ပညာ မပါသော်ငြား စိတ်အင်အားကြောင့်၊ မကြောက်တတ်တော့တာ၊ ဖြစ်မှာပါ။)

♠

ကိုယ်က၊ လမ်းသရဲ၊

လူရှေ့ သူရှေ့၊ ပုတီး တစ်ကိုင်ကိုင်၊ လုပ်ရမယ့် အရွယ်ကြီးလည်း၊ မဟုတ်သေးတော့၊ လူခြေတိတ်မှ၊ ကျွန်တော် ပုတီးစိပ်ဖြစ်ပါတယ်။

(ကျွန်တော် ပုတီးစွဲစွဲမြဲမြဲ စိပ်တယ် ဆိုတာ၊မိဘ နှစ်ပါးစလုံးတောင်၊ သိပ်မသိကြပါဘူး။ ဘာကြောင့်လဲ ဆိုတော့၊ အိမ်မှာ၊ ဘယ်သူမှ မရှိတဲ့၊ အချိန်ကျမှ စိပ်ဖြစ်တာကိုး။ အခင်းခင်းရတယ်လည်း. . . မသိ။ ဘုရားအရင်ရှိခိုး၊ သီလခံယူ၊ ခင်ပွန်းကြီး(၁၀)ပါးကန်တော့ တောင်းပန်၊ ဘုရားရှင်ကို ကမ္မဋ္ဌာန်းနဲ့ ပူဇော်ပါတယ်လို့လည်း နှလုံးမသွင်းတတ်၊ မေတ္တာ အရင်ပို့ပြီးမှ၊ ကမ္မဋ္ဌာန်းထိုင်(ပုတီးစိပ်)ရတယ်ဆိုတာလည်း၊ မကြာနာဘူးသေး၊ ပြီးရင် . . အမျှအတန်းဝေရတယ်ဆိုတာလည်း၊ နားမလည်သေးတော့၊ ပုတီးစိပ်တယ်ဆိုရုံ၊ စိပ်ခဲ့တယ်ပဲ၊ ဆိုရမှာပါ။)

♠

www.burmeseclassic.com

www.burmeseclassic.com



အဖေ၊ အရက်သောက်ပြီး၊ ပြန်လာတဲ့ . . ည,တစ်ည။ ကျွန်တော်အိပ်ရာ စောစောဝင်။ ညည့်လယ်ကျမှ တစ်ရေးနိုး။ နိုးနိုးချင်း ဘုရားကျောင်းဆောင်ရှေ့(အမှောင်ထဲမှာ) ဘုရားကျောင်းဆောင် မီးမဖွင့်ဘဲ၊ကျွန်တော်ပုတီးထိုင်စိပ်ဖြစ်တယ်။

အိမ်ကြမ်းခင်းက၊ လျှာထိုးကြမ်းခင်းဆိုတော့ ပုတီးတစ်လုံးချ,လိုက်၊ ချောက်ကနဲမြည်လိုက်၊ ပုတီးတစ်လုံးချလိုက်၊ ဒေါက်ကနဲမြည်လိုက်၊ ဖြစ်နေတာပေါ့။

မကြာခင်မှာ အဲဒီချောက်ခနဲ ဒေါက်ခနဲ အသံကြောင့်၊ အဖေနိုးသွားတယ်။

"ဘယ်သူလဲ"

"သား၊ ပုတီးစိပ်နေတာပါ". . . လို့၊ ကျွန်တော် ပြန်မဖြေဘူး။ (ရင်ဝမြားစူးဆံဦး မီးလောင်နေရင်တောင်၊ အဲဒီမြား ကိုနောက်မှနှုတ်၊ အဲဒီမီးကို နောက်မှငြိမ်း၊ ဝိပဿနာ အရင်ရှု . . . ဆိုတာမျိုး၊ မနားကြားဘူးသေးပေမယ့်၊ ပုတီးစိပ်တရားထိုင် နေရင်၊ ဘာအကြောင်းကြောင့်မှ၊ မလှုပ်ရ၊ မယိမ်းရဘူးဆိုတာ၊ ကြားဖူးနား၀,ရှိနေခါစ, ဆိုတော့၊ အဖေ့အမေးကို၊ စကားမပြန်ဘဲ၊ ကျွန်တော် ပုတီးပဲ ဆက်စိပ်နေဖြစ်တယ်)။



"ချောက်. . . ဒေါက်. . . ဂလောက်"

မေးတာကို၊ မဖြေတော့၊ အဖေကျွန်တော်ရှိရာကို၊ လက်နှိပ်ဓါတ်မီးနဲ့ ထိုးကြည့်ပါလေရော။ (မီးခလုတ် ဖွင့်သံမကြားရဘဲ ၊ မီးလင်းသွားတာ၊ ကျွန်တော်သိတယ်လေ။)

အဖေ ဓာတ်မီးကို၊ ပြန်ပိတ်တယ်။ ပြီးတော့မှ ကျွန်တော့်အနောက်ဘက်မှာထိုင်ပြီး၊ ကျွန်တော့်ကို ယပ်ခပ်ပေးနေပါလေရော. . .။

♠

တစ်ရေးနိုးလို့(မတောက်တခေါက် အသိဥာဏ်လေးနဲ့) ပုတီးထိုင်စိပ်နေတဲ့၊ သားဖြစ်သူကို၊ အရက်မူးပြီး အိပ်ပျော်ရာက၊ တစ်ရေးနိုးလာတဲ့၊ ဖခင်က၊ (ခြင်ကိုက်မှာစိုးလို့) ယပ်တောင်ခပ်ပေးနေတာပါလား. . . လို့၊ တွေးမိရင်းက . . . ဘာကြောင့်မှန်းမသိဘူး။ ကျွန်တော့် မှိတ်ထားတဲ့ မျက်လုံးထဲက၊ မျက်ရည်တွေစီးကျလာတယ်။ ပုတီးအစိပ်မပျက်သလို၊ မျက်ရည်အထွက်လည်းမရပ်တော့ဘူး။

မျက်လုံးဖွင့်ပြီး အော်ငိုရင်တောင်၊ ဒီလောက် မျက်ရည်တွေ၊ ရွှဲရွှဲစိုလိမ့်မယ်လို့၊ ကျွန်တော်မထင်ဘူး။ အဖေက၊ ကျွန်တော့်

www.burmeseclassic.com

www.burmeseclassic.com



**မျောက်တော့မှာ** ဖြစ်သလို၊ မီးအမှောင်ချထားတာမို့၊ ကျွန်တော့် **မျက်ရည်**တွေကို၊ အဖေ မတွေ့ပါဘူး။

အဲဒီတုန်းက ကျတဲ့ ကျွန်တော် မျက်ရည်ဟာ ကြည်နူးလို့ ကျတာလား၊ ဝမ်းနည်းလို့ကျတာလား။ . . . အခု အချိန်အထိ ကျွန်တော် မတွေးတတ်တော့ဘူး။

ကျွန်တော် မထ,မချင်း၊ အဖေ ယပ်တောင်အခပ်ရပ်မှာ မတုတ်လို့၊ ပုတီးစိပ်တာကို ကျွန်တော်ရပ်ပစ်လိုက်ပါတယ်။ ဘုရားကို ဦး(၃)ကြိမ်ချရင်း၊ အဖေမသိအောင်၊ ပါးပြင်ပေါ်က၊ မျက်ရည်တွေကို၊ သုတ်လိုက်တယ်။

ကျွန်တော် ထိုင်ရာက ထတော့မှ၊ အဖေက မီးဖွင့်ပြီး . . .

"နေခင်းဘက်လုပ်တာမဟုတ်ဘူး"

ကျွန်တော်က၊ မျက်ရည်ကျထားတာဆိုတော့၊ စကားသံမှာ နှာသံမပါအောင်ထိန်းရင်း. . .

"နေ့ခင်း၊ လူသံတွေဆူလို့"

ပြောပြီး၊ ကျွန်တော်, ဘာကြောင့်မှန်းမသိ၊ အဖေ့ကို ဦး(၃)ကြိမ်ချလိုက်တယ်။ ပြီးပြီးချင်း၊ အနားက၊ အိပ်ရာထဲကို



လှဲချလိုက်တယ်။ အဖေ ကျွန်တော့်ကို ကြည့်နေသလား၊ ကြည့်မနေဘူးလား။ ကျွန်တော်မသိ၊ အဖေ ငူငူကြီး ရပ်နေတာကိုတော့ ကျွန်တော်သိလိုက်တယ်။

♠

မနက်(၄)နာရီဆိုရင်၊ အမေ, ကျွန်တော်ကို၊ နှိုးနေကျ။ အမေဈေးရောင်းဖို့၊ ကျွန်တော် ဆိုင်ခင်းပေးနေကျ။

"ဟဲ့ . . . သားကြီး။ ထ . . ."

ကျွန်တော်နိုးနိုးချင်း . . . .

အောက်ထပ်က၊ အဖေ့စကားသံကို အိမ်အပေါ်ထပ်ကနေ၊ ကျွန်တော်ကြားရတယ်၊

"အိပ်ချင် အိပ်ပလေ့စေ၊ ဒီကောင် ညက, ပုတီးထစိပ်နေတာ၊ ညည့်နက်တယ်"

အောက်ထပ်ကို ကျွန်တော် မဆင်းတော့ဘဲ၊ တစ်ရေး ပြန်အိပ်ပစ်လိုက်တယ်၊ လင်းခါနီးမှ ပြန်နိုးတယ်၊

♠♠♠

၄။ အစ ပထမ,တော့၊ ကျွန်တော်သတိမပြုမိခဲ့ပါဘူး။ နှစ်နဲ့ချီ ကြာလာမှ၊ သတိထားမိခဲ့တာပါ။

www.burmeseclassic.com

www.burmeseclassic.com



အဲဒါ . . . ဘာလဲဆိုတော့၊ အဖေက၊ ည(၈)နာရီထိုးတိုင်း၊ အိမ်နဲ့ခပ်လှမ်းလှမ်းက၊ ကိုးထပ်ကြီး ဘုရားမှာ၊ တရားသွားသွား ထိုင်တာပါ။ အဲဒါ . . အပြင်၊ အရက်ရော၊ စီးကရက်ရော . . . မသောက်တော့တာပါပဲ။

အဲဒါကို တစ်နှစ်လောက်ကြာမှ၊ သတိထားမိခဲ့တာလေ။ သတိထားမိတာနဲ့၊ အမေ့ကို၊ မေးပြောပြောဖြစ်တယ်၊

"မေမေ၊ ဖေဖေ အရက်မသောက်တော့ဘူးနော်။ ဘုရားလည်း၊ ညတိုင်းသွားတယ်"

"ဟဲ့ . . .။ မသောက်တာ ကြာပြီလေ"

"ဦးကြီး လာဆူလို့နဲ့တူတယ်"

"နင့်ဦးကြီးဆူလို့မဟုတ်ဘူးဟေ့။ နင့်ကြောင့်၊ နင့်ကြောင့်။

ဦးဆိတ်ညွန့်၊ ခင်ဗျား မသောက်မစားတော့တာ။ ဦးကောင်းညွန့်လာဆူလို့လားလို့၊ ငါ . . . မေးတော့။

နင့်သားက။ ပုတီးတကားကားလုပ်နေတာ။ ငါက . . ဘယ်လိုလုပ် သောက်ရတော့မှာလဲ . . .



တဲ့။ . . . ."

"ဪ" အဖေ အရက်မသောက်တော့တာ။ငါ . . . ပုတီး စိတ်တာကို မြင်သွားတာကြောင့်ပါလား" . . လို့၊တွေးပြီး၊ ကျွန်တော်. ဂုဏ်ယူဖြစ်ခဲ့တယ်။(ကိုယ့်ကိုယ်ကို၊ဂုဏ်ယူတာပေါ့ နော်။)

♣

ခရစ်နှစ်-၂၀၀၄-ခုနှစ်၊ ဇန်နဝါရီလ (၂၇)ရက်မှာ အဖေ ဆုံးပါးတယ်။

(အရက်သမားအဖြစ်နဲ့ မကွယ်လွန်တဲ့ အဖေ တစ်ယောက်မို့၊ အဖေ့ရဲ့သား ဖြစ်ရတာကိုပါ၊ ကျွန်တော်ထပ်ခံ ဂုဏ်ယူဖြစ်ပါတယ်)။ အိပ်ရာဖျာကပ်တဲ့ အချိန်တ လွဲလို့၊ အဖေဟာ၊ ညစဉ် ကိုးထပ်ကြီးဘုရားပေါ် သွားပြီး၊ တရားထိုင်ခဲ့တာကိုလည်း ကျွန်တော် သတိရတိုင်း၊ သာဓု ခေါ်ဖြစ်ပါတယ်"

♠

ဦးဆိတ်ညွန့်ဆိုတဲ့၊ နာမည်ကို၊ ဘယ်အချိန် ဘယ်မှာပြောရ ပြောရ၊ ကျွန်တော် ဂုဏ်ယူစွာနဲ့ ပြောနေတျပေါ့။

အတန်းပညာ သိပ်မသင်ခဲ့ရ၊ အရာထူး ညာရာထူး၊

www.burmeseclassic.com

www.burmeseclassic.com



ဘာမှ မပိုင်ဆိုင်သွားရရှာတဲ့၊ အဖေ ဦးဆိတ်ညွန့်နဲ့ပတ်သက်ပြီး ငါ့အဖေတ ... ဘကြီးပါ... ညာကြီးပါ... လို့၊ ပြောဆိုဝါကြွားစရာမရှိခဲ့ရင်တောင်၊ အဖေ့ရဲ့ ... မျိုးဂုဏ်နဲ့အတူ၊ "ငါ့အဖေဟ၊ အရက်သမားအဖြစ်နဲ့ သေတာ မဟုတ်ဘူးကွ"... လို့တော့ ကျွန်တော့် တစ်သက်တာ၊ ဂုဏ်ယူစွာ ကြေညာသွားရမှာပါပဲ။

♠

အဖေ အရက်မသောက်တော့တဲ့ အချိန်က,စပြီး အဘ-အမည်လို့၊ မေးမြန်းတဲ့နေရာတိုင်းမှာ၊ ဦး-ဆိတ်-ညွန့်.. လို့၊ ဝီဝီသသ, ဝမ်းပန်းတသာ၊ ကျွန်တော် .. ပြောပြရေးထိုးဖြစ်ခဲ့တာတွေကိုလည်း၊ အဖေ .. သေသေချာချာ၊ သိသွားရှာပါတယ်.. ။ ။

♠♠♠

2014-Jun-15

11:10 (P-M)

[အဲဒါ ငါ့အဖေ စာစဉ်(၅)(ကလောင်စုံ) -စာအုပ်မှ]



# မှိုင်း

တစ်စုံတစ်ယောက်၏ ဆွဲဆောင်ခြင်းခံရသူတို့၊ မှိုင်းမိနေသူဟု၊ တင်စားခေါ်ဝေါ်လေ့ရှိကြောင်း၊ မြန်မာလူမျိုးတိုင်း၊ သိမှတ်တတ်ကြပေသည်။

လိုရင်းကို၊ မရေးခင်၊ ရယ်စရာတစ်ခု၊ ပြောပြလိုပါသည်။ အာဏာကို ဖင်ခုထိုင်ထားပြီး၊ ကျန်သော အရပ်မျက်နှာတိုင်းကို၊ ကြောက်ရွံ့ထိတ်လန့်နေတတ်ကြသည့်၊ အုပ်ချုပ်သူတို့ ခေတ်ကာလ, တုန်းက၊ အထက်ပါ၊(မှိုင်း ... ဟူသော) ဝေါဟာရကို၊ အလွန်ကြောက်လန့်ခဲ့ကြပေသည်။

မှိုင်း ... ဟူသော၊ စကား ဝေါဟာရကို၊ ဘာဖြစ်လို့၊ ရေးသားဖွဲ့ဆိုခွင့်မပြုကြတာပါလိမ့်ဟု၊ စုံစမ်းမေးမြန်းကြည့်မိသောအခါ၊ သခင်ကိုယ်တော်မှိုင်း၏ အမည် နာမ,နှင့် ဆင်ဆင်တူနေသောကြောင့်၊ ဖြစ်ကြောင်း၊ ရယ်ချင်စရာကြားသိခဲ့ရသည်။

သခင်ကိုယ်တော်မှိုင်း၊ ဘဘမှိုင်း၊ ဆရာမှိုင်း ... စသည်ဖြင့်၊ မည်သို့မျှ၊ ရေးသားဖော်ပြခွင့် မရခဲ့ချေ။ သို့သော်

www.burmeseclassic.com



"ဆရာလွန်း" . . . ဟု၊ရေးသားပြန်သောအခါ၊ လွတ်ကင်း စွာ၊ ရေးသားဖော်ဆောင်ခွင့်၊ရခဲ့သည်လည်းရှိ၏။ အထူးသဖြင့်၊ သခင်ကိုယ်တော်မှိုင်းဆိုသည့် အမည်နာမ,ကို၊ ထိုကာလ,က၊ လုံးဝ . . . အကွာရာတင်၍မရ။

ထိုအခါ၊ ကျွန်တော်က၊ "မှိုင်း"ဟူသော၊ အမည်ခေါင်းစဉ်ဖြင့်၊ ကဗျာစာအုပ်ထုတ်ဝေခဲ့သည်။ "မှိုင်း" . . ဟူသည့်၊ စာလုံးလေးတစ်လုံးကို၊ စာဖတ်သူ(ပြည်သူလူထု)၊ မြင်တွေ့ရှုသာ၊ ထိုသို့ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ မှိုင်း . . ဟူသော၊ ကဗျာမှာ၊ အချစ်ကဗျာ သက်သက်သာဖြစ်၏။

ထိုမျှသာ ကမ။

အချစ်ဝတ္ထုစာအုပ် တစ်အုပ်ထဲတွင်၊"ဗိုလ်ချုပ်အောင်ဆန်းပြောခဲ့သလိုပေါ့ကွာ။ အကောင်းဆုံးကို မျှော်လင့်တာပါပဲ။ မျှော်လင့်သလို၊ မဖြစ်ဘဲ၊ အဆိုးဆုံးကို၊ ရင်ဆိုင်ရမယ်ဆိုရင်လည်း၊ အသင့်ပြင်ထားရမှာပေါ့။ . . . စသည်ဖြင့်၊ ရေးသားခဲ့သည်ရှိသော် ဗိုလ်ချုပ်အောင်ဆန်းဟူသော၊ အမည်ကို ထည့်သွင်း ပုံနှိပ်ခွင့်မရ။ အင်မတန် စိတ်ဆိုးချင်သော်လည်း၊ ဘာကို ကြောက်နေမှန်း၊ မသိဘဲ။ ကြောက်နေကြရသူတို့ကို၊ ကြည့်လျက်၊ ကျွန်တော်တို့ ရယ်ပွဲဖွဲ့ခဲ့ကြရသည်။ထားပါတော့လေ။ ဒါ . . . "မှိုင်း"ဆိုတဲ့၊ ခေါင်းစဉ်တပ်မိလို့၊ ရင်မောစရာ . . . ရယ်မောစရာ၊ ကာလ,တစ်ခုအကြောင်းကို၊ပြောပြမိတာပါ။



◆

မှိုင်းအမျိုးမျိုး

အထက်မှာ ပြောခဲ့သလိုပဲ။ တစ်ခုခုက၊ ဆွဲဆောင် စည်းရုံးတာ ခံရပြီဆိုရင်၊ ခံနေရပြီဆိုရင်၊ အဲဒါကို၊ မှိုင်းမိနေတယ်. . လို့ ပြောကြတော့တာပဲ။

ချစ်ခြင်းမေတ္တာ လောက,မှာလည်း၊ ကိုယ့်ကို လှည့်ဖြားနေမှန်း၊ မသိဘဲ၊ မသင့်တော်သူကို၊ စုံမက်နေမိပြီဆိုရင် အဲဒီသူကို၊ နင်. . မှိုင်းမိနေပြီ . . . လို့၊ အကျိုးလိုလားစွာနဲ့၊ ဝိုင်းဝန်းသတိပေးတတ်ကြတာ၊ ဝန်းကျင်ကောင်းတို့ရဲ့၊ အလေ့အထပါပဲ။ ဝန်းကျင်ကောင်းတို့ရဲ့၊ တာဝန်ပါပဲ။

ကျွန်တော်လည်း ကိုယ့်ဝန်းကျင် ကိုယ့်ရပ်ရွာ ကိုယ့်ရေမြေကိုယ့်ဒေသ,အတွက်၊ တာဝန်ကျေတဲ့၊ တာဝန်သိတဲ့၊ ဝန်းကျင်ကောင်းထဲက၊ လူတစ်ယောက်၊ဖြစ်ချင်ပါတယ်။ တာဝန်တျေခဲ့ချင်ပါတယ်။ (လက်လှမ်းမီသလောက်ပေါ့။)

www.burmeseclassic.com

www.burmeseclassic.com



ထိုင်းနိုင်ငံ တစ်ဝှမ်းလုံးအတွက်၊ ဆောင်ရွက်နိုင်မှ တာဝန်ကျေတာမဟုတ်ပါဘူး။ လက်လှမ်းမီသလောက်၊ ထမင်းတစ်လုတ်၊ ရေတစ်မှုတ် ဝင်ရောက်ထောက်ပံ့နိုင်ရင်ပဲ၊ တာဝန်ကျေတယ်လို့ ယူဆရမှာပါ။

နောက်ပြီး၊ သိလျက်နဲ့၊ မသိချင်ယောင် ဆောင်မနေဘဲ၊ သိသလောက်လေးကို၊ ဝင်ရောက်ပံ့ပိုးတာကိုလည်း၊ တာဝန်ကျေသူလို့၊ ယူဆချင်ပါတယ်။

သိလျက်. . . မြင်လျက်နဲ့၊ မသိချင်ယောင်ဆောင်နေသူတွေ (အားလုံး)ကိုတော့၊ တာဝန်မဲ့သူများ၊ တစ်ကိုယ်ကောင်းဆန်သူများ၊ တစ်ကိုယ်ကောင်းသမားများလို့ပဲ၊ အမည်တတ်ပါရစေတော့။

♣

က,ဖျက်၊ ယ,ဖျက် လုပ်ဖို့ သွေးထိုးလှုံ့ဆော်ဖို့ နေရာဝင်လုဖို့၊ လောက်သာ လုပ်ချင်နေကြသူတွေအတွက်တော့၊ ခိုင်းနှိုင်းပြစရာ၊ ဝေါဟာရ မထားချင်တော့ပါဘူး။

လူငယ်ဖြစ်ဖြစ်၊ လူကြီးဖြစ်ဖြစ်၊ သိသင့်တာကို မသိတာ၊ တစ်လွဲယုံကြည်နေတာ၊ တံစိုးလက်ဆောင်ပေးပြီး၊ အစည်းအရုံးခံရ



တာ၊ အခွင့်အရေးပေးပြီး၊ သွတ်သွင်းခံရတာတွေဟာ မှိုင်းအတိုက်ခံရတာပါပဲ။ မှိုင်းမိနေကြသူတွေလို့သာ၊ ပြောချင်တာ ပါပဲ။ မည်သူမဆို၊

ကိုယ်တိုင်က၊ ဗဟုသုတ နည်းပါးလွန်းရင်၊ ဘာသာရေး၊ နိုင်ငံရေး, စီးပွားရေး,လူမှုရေး . . . အဖက်ဖက်၊ သူတစ်ပါး သွတ်သွင်းတာခံကြရမှာပဲ၊ အရပ်ဖက်တိုင်းမှာ၊ မှိုင်းအမျိုးမျိုး ရှိနေတယ်ဆိုတာ၊ သတိပြုကြရပါမယ်။

♣♣♣

ပညာရေးမှိုင်း

"အဖိုး၊ ဖါ . . ဘာကြီးလဲ၊ ဒီ . . ဂ,ငယ်ပက်လက်ကြီးက၊ ဘာကြီးလဲ"

အင်္ဂလန်သားလေး တစ်ယောက်လို၊ အင်္ဂလိပ်စကား ပြောဆိုနိုင်စွမ်းကြီးတဲ့၊ မြန်မာကျောင်းသားလေးတစ်ယောက်က၊ သူ့အဖိုးကို၊ မေးတဲ့၊ အထက်ပါ၊ မေးခွန်းကို၊ ကျွန်တော်နားနဲ့ ဆတ်ဆတ်ကြားဖူးပါတယ်။

မြန်မာဗျည်း အက္ခရာတွေထဲက၊ ပ, စောက်ကို၊ သူ့ခမြာ မခေါ်တတ်လို့၊ အဖိုးဖြစ်သူကို၊ မေးတဲ့ အမေးကား၊ "ဂ" ငယ်

www.burmeseclassic.com



ပတ်လတ်ကြီးက၊ ဘာကြီးလဲ” . . . . တဲ့။

အနီးအနားမှာ၊ရှိတဲ့၊ လူတွေ၊ ရယ်ကြပေမယ့်၊ ကျွန်တော် မရယ်ဖြစ်ခဲ့ဘူး။ မရယ်နိုင်ခဲ့ပါဘူး။

ဒါတွင်ပဲလား။ အဲဒီအရွယ်တွင်ပဲလား ဆိုတော့၊ တချို့ ဘွဲ့ရ၊ လူငယ်တွေတောင်၊ တမင်သက်သက်ကို၊ တမင်သဘ်သဘ်။ ဒါတော့ မတတ်နိုင်ဘူး . . ဆိုတဲ့၊ ဝါကျကို၊ ဒါတော့ မတက်နိုင်ဘူး။ မချစ်တတ် ချစ်တတ် ကို၊ မချစ်တက် ချစ်တက်။

ငိုကာတို ငိုကာလို့ ဖတ်လို ဖတ်။ ဏီကာလို့ အသံထွက် လိုထွက်။ . . . . . စသည်ဖြင့်၊ မြန်မာမိဘက၊ မြန်မာပြည်မှာ မွေး၊ မြန်မာပြည်မှာ ကြီးပြီး၊ မြန်မာစကားတောင်၊ မပီကလာ . . . ပီက,လာတွေ . . . ဖြစ်နေကြတာကို၊ ကြိမ်ဖန်များစွာ တွေ့မြင် ရပြီး၊ စိတ်မကောင်းခြင်းကြီးစွာ။ ဖြစ်ခဲ့ရပါတယ်။

ပညာရေး စနစ်ကြီးကြောင့်လို့၊ ကျွန်ုတော်မသုံးသပ်ပါဘူး။ ကိုယ်ပိုင် စိတ်နှလုံးအပါအဝင်၊ မှိုင်းအမျိုးမျိုး မိခဲ့ကြလို့သာ၊ ဒီလို ဖြစ်တယ်လို့၊ သတိမူစေချင်တာပါပဲ။

သချာတာ တစ်ခုကို၊ ရဲရဲဝံ့ဝံ့ ပြောချင်တာက,တော့၊ လူငယ်တွေ တလွဲဖြစ်နေကြတာ၊ အဲဒီ လူငယ်တွေရဲ့၊ မိဘ



. . . ဆရာ . . . . အဖြစ်ခံယူထားတဲ့၊ လူကြီးတွေလွဲခဲ့ကြလို့ပါပဲ။

♠

ဘာသာရေးမှိုင်း

ဒီရက်ပိုင်းအတွင်း ကြည့်မြင်မိတဲ့ မြန်မာရုပ်မြင်သံကြား ဇာတ်လမ်း၊ ဇာတ်ဝင်ခန်း တစ်ခန်း။

သံဃာတော်က၊ ဆေးထောင်း။ လူနာရှင်ရဲ့ မိဘ,တွေက၊ လူနာ(မိန်းကလေး)ရဲ့၊ ခြေထောက်ကို၊ သံဃာတော် ထောင်းပေး ဖော်ပေးတဲ့ ဆေးရည်လိမ်း။

ပြီးတော့ . . သံဃာတော်က၊ ကွမ်းရွက်မှာ၊ မျက်လုံး ပါးစပ် . . . ပုံအဖြစ်၊ ထိုးနဲ့ တို့။

ဥုမ် . . . ဥုမ် . . . ဆိုပြီး . . . ရွက်၊ ပါးစပ်ထဲငုံ။

အဲဒီ ဇာတ်ဝန်ခန်းကို၊ ကြည့်လိုက်မိပြီး၊ တမက်တမော ကြည့်နေကြမယ့် လူငယ်-လူကြီးတွေ၊ အတွက်၊ ရင်လေးသွားမိ ပါတယ်။

ကျွန်တော်တို့၊ ဗုဒ္ဓဘာသာ မြန်မာလူမျိုးတိုင်း၊ ကြားနာ မှတ်သားထားကြရတာက၊ ထေရဝါဒ ဗုဒ္ဓဘာသာ သံဃာတော် အရှင်သူမြတ်တိုင်း၊ ဗေဒင်မဟောရ၊ ဆေးမကုရ၊ လောကီ အစီ

www.burmeseclassic.com

www.burmeseclassic.com



အရင်တွေ၊ မလုပ်ရ။ ဥမ်. . . ဩောင်း . . . စသည်ဖြင့်။ မရွတ်ဖတ်ရ . . လို့၊ ခံယူ ယုံကြည် ကိုးကွယ်ဆည်းကပ်ခဲ့ကြရတာပါ။

အခု . . အဲဒီ ဇာတ်ဝင်ခန်းက၊ အပြုအမူဟာ၊ ဘာမှ ခံယူ ယုံကြည်မှုမရှိသေးသူ။ (မြန်မာလူမျိုးတွေ)အတွက်၊ မှိုင်းတစ်ခုခု ဖြစ်နေလေမလားလို့၊ တွေး . . . လန့်မိတာပါ။

ခုနက၊ ပြောခဲ့သလိုပါပဲ။

လူငယ်တွေ တလွဲဖြစ်နေတာ၊ လူကြီးတွေလွဲခဲ့ကြလို့ပဲ။ တလွဲတွေ၊ ရပ်ကြပါတော့။

♣♣♣

အရက်မှိုင်း

အဆိုတော်ဆိုရင်၊ မူးယစ်ဆေးဝါး၊ ကဗျာဆရာ- စာရေးဆရာဆိုရင်၊ အရက်။ . . .

အဲဒီလို၊ တွဲမြင် တတ်ကြရအောင်၊ ရှေးက,ဘယ်သူတွေ ဖန်တီးခဲ့ကြသလဲ။ ရှေးက, ဘယ်သူတွေ၊ လွဲမှားခဲ့ကြတာလဲ။

ကိုယ် ကိုးကွယ်တဲ့ ဘုရားက၊ အရက်သေစာ မူးယစ်ဆေးဝါး မမှီဝဲရ . . လို့၊ ဟောကြားထားပါလျက်၊ မြန်မာပြည်ရဲ့ တချို့သော . . . ကလောင်ရှင်(လူကြီးမင်း)များက၊ အရက်ကို



ယမကာလို့ အမည်လှလှလေးပေးပြီး၊ သောက်သုံးပြခဲ့ကြလေတော့။

အဲဒီရှေ့က၊ လူကြီးတွေရဲ့၊ လုပ်ရပ်ကို၊ အဟုတ်အမှန်လို့၊ ကျွန်တော်ထင်မှတ်ခဲ့ပြီး၊ ကျွန်တော်ကိုယ်တိုင်၊ နေညိုရင် လေပြုတဲ့သူ ဖြစ်ခဲ့ဖူးပါရဲ့။

ဒါပေမဲ့ . . .

ကျွန်တော်က၊ စာဖတ်တဲ့သူ။ ဖတ်ထားတဲ့ စာနဲ့ ဘဝကို၊ နှိုင်းချိန်ကြည့်တတ်တဲ့သူ။ ဖတ်ထားတဲ့စာနဲ့ လောက,နဲ့ကို ယှဉ်ထိုးနေတတ်တဲ့သူဆိုတော့၊ ကျွန်တော် ဗုဒ္ဓဘာသာဝင် တစ်ယောက်ပီပီ၊ အရက်သမား မဖြစ်ခဲ့ပါဘူး။

(၉-ဇွန်-၁၉၉၅) မှာ၊ အရက်အပါအဝင်၊ မူးယစ်စရာမှန်သမျှကို၊ ကျွန်တော်. . စ,တင် ရှောင်ရှားနိုင်ခဲ့ပါတယ်။

♣

တရုတ်ပြည်ကို စစ်တိုက်ချင်တဲ့ သူတွေက၊ တရုတ်လူမျိုးတွေကို၊ ဘိန်းစားဖြစ်အောင်လုပ်သလို၊ ဒီမိုကရေစီနဲ့ လူ့အခွင့်အရေး ဖော်ဆောင်ဖို့ ကြိုးပမ်းနေကြရမယ့် ငါတို့ လူငယ်တွေကို၊ ငါတို့ အစိုးရက, အရက်သမားတွေ ဖြစ်အောင်၊ အရက်ဆိုင် . . . ဘီယာဆိုင်တွေ. . . ညက,ပွဲတွေ . . . ၊ ဖွင့်ပေးထားတာပဲ. . . လို့

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် သတိပြုမိခဲ့ပြီး၊ မူးယစ်ဆေးနဲ့ အရက်တို၊ စောစောစီးစီး လမ်းခွဲဖြစ်ခဲ့တာပါပဲ။

ဒါ့အပြင်၊ ရှေးက၊ စာရေးဆရာကြီးတွေ .. ကဗျာ ဆရာကြီးတွေ .. ညနေစောင်းတိုင်း၊ ဘုံဆိုင်သွားကြတယ် ဆိုတဲ့၊ စာမျက်နှာပေါ်မှာ၊ ဖော်ပြနေကြတဲ့ အလေ့အထ,ကရော၊ တကယ့် အမှန်ဟုတ်ရဲ့လား . . . လို့ ဆန်းစစ်ပြီး၊ ကိုယ့်ဘာသာ ရှောင်လွှဲ ခဲ့တာလည်း၊ အပါအဝင်ပေါ့။

လူငယ်တွေက၊ ရှေ့လူတွေကို၊ ကြည့်ပြီး၊ လိုက်တုနေကြ ရရှာတာပါ။ ရှေ့က၊ လူကြီးတွေ . . . အားလုံး၊ လူငယ်တွေကို သနားကြဖါ။

♣

ကျွန်တော်က အရက်မသောက်ပါဘူး၊ ဘီယာပဲ သောက်တာပါ . . . ဆိုတဲ့၊ လူငယ်တွေလည်း၊ များလှပါပြီ။ "ဘီယာ ဟာ၊ အရက်တော့မဟုတ်ပါ" . . . ဆိုတဲ့၊ ကြော်ငြာမှိုင်းမိခဲ့ကြတယ်၊ ထင်ပါရဲ့။

အရက်မသောက်နဲ့ ဘယ်သူ တားတား၊ မလိုက်နာချင် ကြရင်တောင်၊ အိမ်ခေါင်းရင်းက ဘုရားကို အားနာစိတ်နဲ့၊ ဘုရား



ဘာကြောင့်တားတာလဲ. . . လို့ လေ့လာကြည့်ကြစေချင်ပါတယ်။

ကျွန်တော့်ဆိုလိုရင်းကို လူငယ်တွေ၊ သဘောပေါက်မှာပါ။

♣♣♣

ယဉ်ကျေးမှုမှိုင်း

သူတစ်ပါးကို တုပ, ဝတ်ဆင် . . .၊ သူတစ်ပါးကို၊ တုပ - သီဆို၊ နေကြရတယ် ဆိုကတည်းက၊ ကိုယ့်ရဲ့ ကိုယ်ပိုင် အစွမ်း တိမ်ငုတ်နေလို့ပဲ၊ ဆိုတာ လူတိုင်း၊ သတိပြုမိ ကြပါလိမ့်မယ်။

ကျွန်တော်က,တော့၊ မြန်မာကို၊ ကမ္ဘာက, လာပြီး. . ရင်ပေါင်တန်းနေတာပဲ။ လိုချင်တယ်။ တော်တော်များများက ကမ္ဘာနဲ့ရင်ပေါင်တန်းဖို့၊ ကြိုးပမ်းနေကြသလို၊ မြန်မာကို ကမ္ဘာက၊ လာလာ . . . . ပြီး၊ ရင်ပေါင်တန်းနေကြတာကိုလည်း၊ သတိပြုမိ စေချင်ပါတယ်။

တရားရိပ်သာတွေမှာ၊ နိုင်ငံခြားက၊ လူတွေ၊ ကမ္မဋ္ဌာန်း ထိုင်နည်း၊လာ. . . လာ . . . သင်နေကြတာ၊ အဲဒါ. . ကမ္ဘာက မြန်မာကို ရင်ပေါင်တန်းချင်လို့၊ လာသင်ကြတာပေါ့။

ကိုယ့်ရှိတဲ့၊ ရတနာ။ သူတစ်ပါးက၊ လိုချင်မက်မောပါလျက်၊ ကိုယ်တိုင်က၊ သတိမထားမိမှာစိုးလို့၊ ဒါ. . . ညည်းပြောရတာပါ။

www.burmeseclassic.com

www.burmeseclassic.com



(ရယ်စရာ . . ပြုံးစရာ၊ တစ်ခု ထည့်ပြောရဦးမယ်။ ဟိုတစ်လောက၊ မြို့နယ်တစ်ခုက၊ စာပေဟောပြောပွဲဖိတ်တယ်။ အရက်သမားပါရင်၊ ကျွန်တော့် မဖိတ်ပါနဲ့ . . လို့၊ အလေ့အထ၊ သိချင်လို့၊ တမင်ပြောလိုက်မိတာ၊ အဲဒီ . . . ဟောပြောပွဲက၊ ကျွန်တော့်ကို ဘာမှ . . . အကြောင်းမကြားတော့ပါဘူး။ ဒါဆို . . . အဲဒီ ဟောပြောပွဲ၊ ကျွန်တော်နဲ့ အလေ့အထ မတူသူတွေ ကျင်းပ,ကြတာ ဖြစ်မယ် . လို့ပဲ၊ တွေးဖြစ်ပါတော့တယ်။ ပြီးတော့ ပြုံးမိတယ်)။

အရက်နဲ့ ညှိခံတဲ့ ယဉ်ကျေးမှု၊ ဟိုဖော်ဒီဖော် ယဉ်ကျေးမှု . . . ခုန်ပေါက်မြူးထူးတဲ့ ယဉ်ကျေးမှုတွေဟာ၊ ဗုဒ္ဓဘာသာ မြန်မာ ပြည်သူပြည်သားများရဲ့၊ ကိုယ်ပိုင်ယဉ်ကျေးမှုတော့၊ မဟုတ်လောက် ပါဘူး။

(ဘုရားကို အားနာသော အားဖြင့်၊ လေ့လာဆန်းစစ်ကြ ပါကုန်။)

♣♣♣

မှိုင်းလွတ်အောင်စာဖတ်ပါ

စာဖတ်နည်းလေး ပြောပါရစေ။



စာကို၊ လောဘ,နဲ့ မဖတ်ပါနဲ့။ (စာဖတ်ပြီးရင်၊ ငါတော့၊ ဒီ . . . စာအုပ်ထဲက၊ တစ်ခုခု ရမှာပဲ ဆိုတဲ့၊ လောဘ,စိတ်နဲ့၊ မဖတ်ပါနဲ့)။

စာပေကို ချစ်တဲ့စိတ်နဲ့ ဖတ်ပါ။ (အလိုရမ္မက်နဲ့ ဖတ်ရင်၊ လိုရင်းကို၊ တွေ့ဖို့ ခဲယဉ်းတတ်ပါတယ်။ မြတ်နိုးစိတ်နဲ့ ဖတ်မှသာ လျှင်၊မြတ်နိုးစရာတွေကို စာထဲမှာ၊ တွေ့ဖြစ်ရတာပါ။)

ပြီးတော့ . . . အနားမှာ၊ မှတ်စုထားပြီး၊ ဖတ်ပါ။

(တချို့ စာတွေဟာ အလွတ်မကျက်ဘဲ၊ အလွတ်ရနေ တတ်ပါတယ်။ အဲဒါ . . ချစ်တဲ့စိတ်နဲ့ ဖတ်လို့ပါ။)

လူငယ်တွေ၊ စာမဖတ်ဘူးလို့၊ တချို့က၊ ထင်မှတ်နေကြ ပါတယ်။ ကျွန်တော် အဲဒီလို မထင်ပါဘူး။ လူငယ်တွေ . . . စာမဖတ်တာမဟုတ်ပါဘူး။ ဘာစာဖတ်ရမှန်း၊ မသိတာပါ။

ကျွန်တော် အကြံပြုချင်တာက,တော့၊ ဖတ်ချင်တာကိုသာ၊ မြတ်နိုးစိတ်နဲ့ ဖတ်ပါ။ မဖတ်ချင်တဲ့ စာကို၊ စာပေချစ်စိတ်နဲ့ သည်း ခံပြီး ဖတ်ပါ။

စာကြည့်တိုက်တွေ အနေနဲ့က,လည်း၊ ကိုယ်ဖတ်စေချင်တဲ့၊ စာအုပ်တွေ၊ သွတ်သွင်းကြမယ့်အစား၊ လူငယ်တွေ . . ဖတ်ချင်တာ

www.burmeseclassic.com

www.burmeseclassic.com



တို၊ အရင်ဖတ်အောင်၊ ဆောင်ရွက်သင့်လှပါတယ်။

♠♠♠

အသိဉာဏ်ပညာ ဗဟုသုတ ပြည့်ဝသူတိုင်းကို၊ ဘယ်အရာကမှ မှိုင်းတိုက်လို့မရပါဘူး။ (လူငယ်များ အားလုံး၊ လူကြီး-လူကောင်းများနဲ့သာ၊ တွေ့ကြုံကြရပါစေ။ မှိုင်း အမျိုးမျိုးမှ လွတ်မြောက်ကြပါစေသတည်း) . . ။

♠♠♠

လူကြီးလူကောင်းရွေးနည်း

လူငယ်တွေကို ကျွန်တော်သိပ်, ကိုယ်ချင်းစာပါတယ်။ လူငယ်တွေ ခမြာ၊ ဘယ်လိုလူကို၊ ခေါင်းဆောင်တင်ရမှန်းမသိ၊ ဘယ်လိုလူကို၊ ရှေ့ဆောင်လမ်းပြအဖြစ်၊ ဘယ်လိုစံနှုန်းနဲ့ သတ်မှတ်ရမှန်းမသိဘဲ၊ ဟိုလူကြီးတောင်းနိုးနိုး, ဒီလူကြီးတော်နိုးနိုးနဲ့၊ စံပြလူကြီး လူကောင်းရွေးချယ်ရတာ၊ အင်မတန်ခက်ခဲကြမှာပါပဲ။

ဒါ . . ကျွန်တော် ငယ်စဉ်က၊ ကြုံ့တွေ့ရတဲ့ဘဝ, အခက်အခဲတစ်ခုမို့၊ လူငယ်အားလုံးကို၊ ကိုယ်ချင်းစာဖြစ်တာပါ။

နီးစပ်ရာ လူကြီးတစ်ယောက်ယောက်ကို၊ ရှေ့ဆောင်လမ်းပြအဖြစ်၊ စံထားတုပ,မိပြီးပါမှ၊ ကိုယ်ကျင့်တရား မကောင်းတဲ့



လူကြီးဖြစ်နေမှန်း၊ မသိလေလေ၊ ကိုယ် နစ်နာလေလေပါပဲ။

ဘုရား အဆုံးအမလည်း ရှိပါတယ်။ ဆရာ အရွေးမှားရင်၊ တစ်သံသရာလုံး၊ စုံးစုံးမြုပ်တတ်တယ်ဆိုတာ၊ ကြားနာဖူးကြမှာပါ။ ဆရာအရွေးမှားတာဟာလည်း၊ မှိုင်းမိခြင်းတစ်မျိုးပါပဲ။

♠

ငါးပါးသီလ ဆိုတာ၊ ဘာမှန်းမသိ၊ ငါးပါးသီလတောင် မလုံခြုံသူကို၊ လူကြီးလူကောင်း၊ ရှေ့ဆောင်လမ်းပြ၊ ခေါင်းဆောင်အဖြစ်၊ တင်ထားတိုးကွယ်အားကျ မိလို့က,တော့၊ ဒီ တစ်ဘဝတွင်မက၊ နောက်,နောက် ဘဝ, အသခင်္ချေ၊ အပါယ်သံသရာထဲမှာပါ။ နစ်ကြရမယ်ဆိုတာ၊ ဉာဏ်အင်အား အပြည့်နဲ့၊ သတိထားကြရမှာပါပဲ။

ဘဝ အတွေ့အကြုံအရ၊ လူကြီး လူကောင်းရွေးနည်းကို၊ အကျဉ်းချုပ် ပြောပြရမယ်ဆိုရင်၊ (အနည်းဆုံး)ငါးပါးသီလ, လုံခြုံသူကိုသာ၊ လူကြီးလူကောင်းအဖြစ်၊ စံထား သတ်မှတ်ရှိသေ ဆည်းကပ်စေချင်တာပါပဲ။

ရာထူးတော့ ကြီးကြပါရဲ့၊ဥစ္စာစည်းစိမ်တော့ ကြွယ်ဝ,ကြပါရဲ့။ ဘီယာလေး တမြမြ၊ ကာရာအိုကေလေး တဟဲဟဲ

www.burmeseclassic.com

www.burmeseclassic.com



လုပ်နေကြသူတွေကို၊ နောင်လာ နောင်သားများက၊ လူကြီး လူကောင်းအဖြစ်၊ စံထားသတ်မှတ်မိကြမယ်ဆိုရင်တော့၊ဒါ. . . ကိုယ့် ငရဲတွင်း၊ ကိုယ်,တူးမိတာပါပဲ။

ငါးပါးသီလ၊ မလုံခြုံရင်၊ လူကြီးလူကောင်း မဟုတ်တော့ဘူးလား. . . လို့၊ သိမ်နုပ့်စကားနဲ့၊ မေးချင်သူ ရှိနိုင်ပါလိမ့်မယ်။

အဲဒီလို မေးခဲ့မယ်ဆိုရင်လည်း၊

ငါးပါးသီလမှ၊ မလုံခြုံရင်၊ ဘယ်လို လူဖြစ်ဖြစ်၊ လုံးဝ . . . လူကြီး လူကောင်း မဟုတ်တော့ပါဘူး. . . လို့ ရဲရဲဝံ့ဝံ့ ဖြေကြားကြရမှာပါပဲ။ အဲဒီအတွက် အကြောင်းပြချက် တစ်ခုတည်း၊ ရှိပါတယ်။

ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးတွေအနေနဲ့၊ ကိုယ့်အိမ်ခေါင်းရင်းမှာ၊ တရိုတသေ၊ တည်ထားကိုးကွယ်ထားကြတဲ့၊ မြတ်စွာဘုရားရဲ့ . . . ငါးပါးသီလ, လုံခြုံကြပါဆိုတဲ့၊ စကား(အဆုံးအမ)ကိုမှ၊ စံထားလိုက်နာ ကျင့်သုံးစရာလို့၊ မထင်မှတ်ကြတော့ဘူးဆိုရင်၊ ဘယ်စကား, ဘယ်အဆုံးအမ,ကို၊ စံထားကျင့်သုံးချင်ကြလို့လဲ . . . လို့သာ၊ မေးမြန်းကြရမှာဖြစ်ပါတယ်။

ဗုဒ္ဓဘာသာဝင်၊ မြန်မာလူမျိုးတွေ ဖြစ်ကြပါလျက်၊ သူ့



အသက်မသတ်ရ၊ မခိုးရ၊ ကာမ,အရာ မမှားယွင်းရ၊ မလိမ်ရ၊ မူးယစ်သေစာ၊ မသောက်သုံးရ . . . ဆိုတဲ့၊ ငါးပါးသီလ ကိုတောင်၊ မကျင့်သုံး၊မလိုက်နာကြတော့ဘူးဆိုရင်၊ လိုက်နာတောင်းမှန်း မသိကြတော့ဘူးဆိုရင်၊ ဘယ်လိုလူကြီးမျိုးတွေက၊ ဘယ်လို အဆုံးအမတွေနဲ့၊ ဘယ်လိုဦးဆောင်ကြမှာလဲ . . . လို့သာ၊ မေးလိုက်ချင်တော့တာပါပဲ။

♣

ကြုံတုန်း စကားအမှားတစ်ခွန်း ခေတ်စားနေကြလွန်းလို့၊ ကိုယ့်ဉာဏ်မီသလောက်နဲ့ပဲ၊ သုတ်သင်ပါရစေ၊

"နိုင်ငံရေးမှာ . . .

ဘာသာရေးမှိုင်းမိလို့ မရဘူး"ဆိုတဲ့ . . . စကား။

လူငယ်တွေအတွက် စိုးရိမ်လို့၊ ကျွန်တော်မေးကြည့်ချင်ပါတယ်၊ အဲဒီစကား(တကယ်)မှန်ရဲ့လား။

ဘယ်ဘာသာရေးက၊ လူသတ်ဖို့ပြောသလဲ၊

ဘယ်ဘာသာရေးက၊ ခိုးကြဝှက်ကြ လာဘ်စားကြလို့ ပြောသလဲ။

ဘယ်ဘာသာရေးက၊ ကာမ, ဖောက်ပြန်ကြလို့ ပြောသလဲ။

www.burmeseclassic.com



ဘယ်ဘာသာရေးက၊ လိမ်ကြ ညာကြလို့ ပြောသလဲ။

ဘယ်ဘာသာရေးက၊ အရက်သောက်ကြ၊ မူးယစ်ဆေးသုံးကြ. . . လို့ပြောသလဲ။

အထက်ဖော်ပြပါ၊ စည်းကမ်း(၅)ခုကို နိုင်ငံရေးမှာ၊ ထည့်သွင်း အသုံးပြုရင်၊ အဲဒီနိုင်ငံ ပျက်စီးသွားနိုင်သလား။

အထက်ဖော်ပြပါ၊စည်းကမ်း(၅)ခုကို ကမ္ဘာ့နိုင်ငံ အသီးသီးရဲ့ နိုင်ငံရေးမှာ၊ ထည့်သွင်းအသုံးပြုရင်း၊ အဲဒီ ကမ္ဘာနိုင်ငံ အသီးသီး၊ ပျက်စီးသွားနိုင်လို့လား။

ကိုယ့်နိုင်ငံရေးကို၊ ကိုယ့်ဘာသာတရားက၊ မှိုင်းတိုက်နေတာလား။ ကိုယ့်ဘာသာတရားကို၊ ကမ္ဘာ့နိုင်ငံရေးတွေက၊ မှိုင်းလာအတိုက်ခံခဲ့ရတာလား၊ ဆိုတာ၊ အချိန်မီ လေ့လာကြစေချင်ပါတယ်။

ဥပမာဆောင်ရရင်၊ ကိုယ့်ဘုရင် ကိုယ့်အရှင်သခင်နဲ့၊ ကိုယ့်ဘာသာ အေးအေးဆေးဆေး နေထိုင်ခဲ့ကြတဲ့၊ မြန်မာ့ပြည်ရဲ့ ဘုန်းကြီးကျောင်း ပညာရေး စနစ်ကို၊ အင်္ဂလိပ်ရဲ့ ကိုလိုနီနိုင်ငံရေးစနစ်က၊ မှိုင်းတိုက်ဖျက်ဆီးခဲ့တာ၊ မဟုတ်ဘူးလား။

သူ့ကျောင်းတက်မှ၊ သူ့ဆီမှာ အလုပ်ရမယ်. . ဆိုတဲ့



ပညာရေးစနစ်နဲ့၊ မြန်မာတွေရဲ့ အလုံးစုံကို၊ ဖျက်စီးခဲ့ကြတာ မဟုတ်ဘူးလား။

♣

ကနောင်မင်းသားကြီး၊ ရေမြုပ်ပုံး စမ်းသပ်တာကို၊ သာသနာပိုင်က၊ သဘောမတွေ့လို့၊ တားဆီးတာကြောင့်၊ မြန်မာပြည် ကျွန်ဖြစ်ရတယ်. . လို့ ပြောကြ ရေးကြတာကို၊ ဖတ်ဖူး မှတ်ဖူးပါတယ်။

အဲဒီ စကားရော၊ မှန်ရဲ့လား။

သူ့အသက် မသတ်နဲ့. . . လို့ ပြောဆိုဆုံးမရာ ရောက်တဲ့၊ ရဟန်းသံဃာရဲ့ စကားကို၊ အပြစ်ဖို့ချင်ကြတာလား။ အဲဒီတုန်းက, သာ၊ သာသနာပိုင်က၊ မတားခဲ့မိရင်၊ မြန်မာပြည်ဟာ၊ အင်္ဂလိပ်နဲ့ တခြားနိုင်ငံတွေအပေါ်၊ စစ်နိုင်ချင် နိုင်ခဲ့မယ်။ စစ်တိုက်မှ ဘဝ, ရပ်တည်လို့ ရမယ့်၊ စစ်တလင်း နိုင်ငံမျိုး၊ ဖြစ်သွားနိုင်တယ်. . . လို့ တွေးမကြည့်သင့်ဘူးလား။

လောကီ သဘောတရားအရ၊ စစ်တပ်နဲ့ တိုင်းပြည်ကို၊ ကာကွယ်ထားကြရမှာ၊ အမှန်ပါပဲ။ ဒါပေမဲ့ . . ဗုဒ္ဓဘာသာ မြန်မာနိုင်ငံဟာ၊ စစ်တိုက်မှ စီးပွားဖြစ်မယ့် နိုင်ငံမျိုး၊ မဟုတ်ဘူး

www.burmeseclassic.com

www.burmeseclassic.com



. . . လို့ နှလုံးသွင်း ဆင်ခြင်ထားဖြစ်မှာပါပဲ။

♠

ကမ္ဘာ့နိုင်ငံအသီးသီးမှာ ရှိတဲ့ ကမ္ဘာ့ခေါင်းဆောင်လူကြီးတွေ (အားလုံး)ကမ္ဘာ့သူ ကမ္ဘာသားများ (အားလုံး)၊ အထက်ဖော်ပြပါ၊ စည်းကမ်း(၅)ချက်ကို၊ လိုက်နာကျင့်ဆောင်ကြမယ်ဆိုရင်၊ ကမ္ဘာကြီး ငြိမ်းချမ်းတာ ကြာလှပေါ့။

လူကြီးတွေထဲ၊ လူကောင်းမရှိသေးသမျှ၊ ဘယ်နိုင်ငံ၊ ဘယ်အဖွဲ့အစည်း၊ ဘယ်မိသားစုမှ၊ အမှန်တကယ်ငြိမ်းချမ်းမှာ၊ မဟုတ်ပါဘူး။ ဒါကြောင့် . . . နေရာအသီးသီးက၊ လူကြီးတိုင်း၊ လူကြီးတိုင်း၊ မိသားစု အသီးသီးက၊ လူကြီးမိဘတိုင်း၊ ကိုယ့်စကား၊ ကိုယ့်ဝါဒ အမှားတိုင်းဟာ၊ လူငယ်(သား-သမီး)တိုင်း အတွက်၊ မှိုင်းတိုက်လိုက်သလို၊ မဖြစ်အောင်၊ သတိထား ကျင့်ဆောင်ကြစေချင်ပါတယ်။

လူကြီး-မိဘ-ဆရာတိုင်းရဲ့၊ အပြောအဆို၊ အပြုအမူ၊ အယူဝါဒမှားတွေကြောင့်၊ လူငယ်တွေရဲ့ အနာဂတ်မှိုင်းမမိရပါစေနဲ့ . . လို့ ပန်ကြားပါရစေ။

♠♠♠



ယုံကြည်မှုမှိုင်း

သိလွန်းလို့ ယုံကြည်တာ မဟုတ်ဘဲ၊ ဟုတ်နိုးနိုးနဲ့ ယုံကြည်အားကိုး၊ ကိုးကွယ်ဆည်းကပ်၊ ပူဇော်ပ,သမှု အမှားတွေ . . .၊ ဘဝမှာ၊ ကြုံခဲ့ဖူးပါတယ်။

ကိုယ့်ဘဝ အဆင်မပြေတာနဲ့၊ ကိုယ်ဖြစ်ချင်တာ မဖြစ်တာနဲ့၊ အိမ်ခေါင်းရင်းက၊ ဘုရားအဆုံးအမ, (နည်းစနစ်)တို့ မေ့လျော့ပြီး၊ တခြားပူဇော်ပ,သမှု မှိုင်းတွေထဲမှာ၊ တော်တော်များများ နစ်မွန်း ဖူးကြမယ်ထင်ပါတယ်။

ဘာကြောင့် ဒီလိုပြောရသလဲ ဆိုတော့၊ ကိုယ်တိုင် . . . ယောင်ဝါးဝါး ဖြစ်ခဲ့ဖူးလို့ပေါ့။ ကိုယ့်ဘဝ,ကို၊ ဟိုဝိဇ္ဇာကြီးတပဲ၊ ကယ်တော့မယောင်၊ ဟိုနတ်တွေကပဲ၊ ကူတော့ မယောင်နဲ့၊ လက်အုပ် အခါခါ ချီဖူးခဲ့ပြီးတဲ့နောက်၊ တောက်ပါ ဒေသနာတော်တို့၊ ဖတ်မှတ်ဖြစ်ခဲ့ရင်းက၊ ယုံကြည်မှု မှိုင်းအဟောင်းတွေ၊ လွင့်ပါး ပျက်ပြယ်ခဲ့ရပါတယ်။

(မိတ်ဆွေများ အားလုံး၊ နှလုံးသွင်းကြပါကုန်။)

♠

www.burmeseclassic.com

www.burmeseclassic.com



ကမ္မ ဝိပါကော နာမ မယာဝါ
ကေနစိဝါ ပဋိဗာဟိတုံ န သက္ကာ။
(မိမိတို့ ပြုခဲ့ပြီးသော ၊ ကံဟောင်းများ၊
အကျိုးပေးလာခြင်းကို၊ ငါဘုရားလည်း၊
မပြောင်းနိုင်၊ မပြင်နိုင်။တခြားသော၊
နတ် သိကြား ဗြဟ္မာ . . . စသည့်
ပုဂ္ဂိုလ်မျိုးမှလည်း၊ မပြောင်းနိုင်၊ မပြင်နိုင်၊
မတားဆီးနိုင်)။

(ဂေါတမ- မြတ်ဗုဒ္ဓ)

အထက်ပါ ဒေသနာတော်ကို၊ သေသေချာချာ နှလုံးသွင်းဆင်ခြင် မိပြီဆိုရင်၊ ကျွန်တော်တို့ ဗုဒ္ဓဘာသာဝင်၊ လူကြီး လူငယ် အားလုံးရဲ့၊ နှလုံးသားထဲကို၊ တခြား ဘယ်မှိုင်းခိုးမှ မမီလောက်တော့ပါဘူး. . လို့ ကျွန်တော် ယူဆ,ပါရစေ၊

♠

သံကို သံဖျက်၊ သံချေးတတ် ဆိုတဲ့ စကား,ကိုသာ ချဲ့,ထွင်စဉ်းစားဖြစ်ကြပါစေ။

♠♠♠



ငရဲမှိုင်း

ငါးပါးသီလ၊ မလုံခြုံသူတိုင်း၊ အပါယ်ကျမယ်။

အပါယ်လေးပါး၊ (အားလုံး အသိ)။ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်၊

အရက်သောက်ရင်(မူးယစ်ထုံထိုင်းဆေးဝါး သုံးရင်) ငရဲကျမယ်။ ငရဲတစ်ခါကျရင်၊ နှစ်ပေါင်း ကုဋေပေါင်းများစွာ။

အရက်သောက်ရင် ငရဲကျပါမယ်။ ငရဲသက်(ကုဋေပေါင်းများစွာ) ခံပြီးရင်၊ အရူးဖြစ်မယ်၊ (တိရစ္ဆာန် အရူး၊ လူအရူး)။ အဲဒီဘဝတွေ အလီလီပြီးရင်၊ ဉာဏ်ရည်မမီတဲ့သူ၊ ဉာဏ်ရည်မမီတဲ့ဘဝ၊ အကြိမ်ကြိမ် ဖြစ်မယ်။ အဲဒါပြီးရင်၊ မူးတတ်တဲ့ ရောဂါသည် ဖြစ်မယ်၊ (လေယာဉ်မူး၊ ရထားမူး၊ တားမူး၊ သင်္ဘောမူး၊ သွေးတိုးမူး၊ သွေးကျမူး)။

ပစ္စုပ္ပန်ဘဝမှာလည်း၊ မူးလောင်တဲ့ ရောဂါမျိုးနဲ့ သေရတတ်တယ်။ . . . အဲဒီလို အခြေအနေဆိုးတွေ ကြုံရပါမယ် . . လို့၊ ဘုရား . . အစရှိတဲ့၊ သံဃာတော်တွေက၊ ပြောပြအသိပေး၊ သတိပေးထားပါလျက်၊ ဒါတွေဟာ ပုံပြင်ထဲက၊ စကားတွေအလား၊ ဘယ်သူက,မှ၊ သိပ် အရေးမလုပ်သလိုလို၊ ကျွန်တော်မြင်တွေ့

www.burmeseclassic.com



နေခဲ့ရတာ၊ တော်တော်ကြာပါပြီ။

♠

ဘုရားဆုံးမ,ခဲ့တာ၊ နှစ်ပေါင်း (၂၆၀၀)ကျော်ခဲ့ပြီမို့၊ မလိုက်နာချင်ကြတော့တာများလား. . . လို့၊ တွေးပူမိပါတယ်။

လူကြီး မိဘ,များ၊ လူကြီး ဆရာ,များ လူကြီးခေါင်းဆောင်များ၊ နယ်ပယ်အသီးသီးက၊ လူကြီး လူတောင်းများ။ ကျွန်တော့်မြန်မာပြည်က၊ လူငယ်များကို၊ သနားရင်၊ (တကယ်) သနားကြရင်၊ ကိုယ်တိုင်လည်း သိအောင်လုပ်ပြီး၊ ကိုယ်စီ. . . ကိုယ်စီ၊ လူငယ်တွေကို ကယ်တင်ပေးကြစေချင်ပါတယ်။ လူငယ်တွေကို (တကယ်) သနားကြပါဗျား။

♠♠♠

ပြိတ္တာမှိုင်း

ပြိတ္တာဖြစ်စေတဲ့ အကြောင်းအရာတွေက၊ အများကြီးပါ။ လောဘ,ကြီးရင် ပြိတ္တာဖြစ်ပါတယ်။ နေရာတော်တော်များများမှာ၊ ပြောခဲ့ဖူးပေမယ့်၊ အခု ထပ်ပြောပါရစေ၊

လူကြီး မိဘ,များ ခင်ဗျား။



ကိုယ့်သမီး မိန်းကလေးရဲ့၊ ဝတ်စားဆင်ယင်မှုဟာ၊ တစ်ပါးသူကို၊ မက်မောမှု(လောဘ)ဖြစ်စေခဲ့ရင်၊ မက်မောမိသူလည်း၊ ပြိတ္တာဖြစ်ပါမယ်။ မက်မောအောင်၊ ဝတ်ဆင်မိသူလည်း၊ ပြိတ္တာဖြစ်ပါမယ်။ (လှုံ့ဆော်မိသူက၊ ပိုပြီး၊ အပါယ်ဓါတ်ကြီးလေးပါမယ်။)

ဒီ. . စကား၊ ဟုတ်ရဲ့လား. . လို့ အမှန်တကယ် သိချင်ရင် (အမှန်တကယ်သိတဲ့)ရဟန်း သူတော်ကောင်းတွေထံမှာ၊ မေးလျှောက်ကြည့်စေချင်ပါတယ်။

♠

ဘယ်နိုင်ငံကလာတဲ့၊ ဝတ်စားဆင်ယင်မှုဖြစ်ဖြစ်၊ အပါယ် (၄)ပါးကို (တကယ်)သိတဲ့၊ နိုင်ငံက လာတဲ့၊ ဆင်ယင်မှု ဟုတ်ရဲ့လား. . လို့၊ ဆင်ခြင်ကြစေချင်ပါတယ်။

တစ်ခါ . . , တစ်ဘဝ, ခေတ်မီရုံလေးနဲ့၊ ဘဝ အသချေ် အပါယ်သက်ရှည်ကြပေမယ့်၊ အဖြစ်ဆိုးမျိုးကို၊ ဘယ်လူမျိုးကိုမှ မကြုံစေချင်ပါဘူး။

အထူးသဖြင့်၊ ကိုယ်က ဗမာလူမျိုး၊ မြန်မာနိုင်ငံသား ဆိုတော့၊ မြန်မာနိုင်ငံသူ နိုင်ငံသားတိုင်းကို၊ အပါယ်က,နေ၊ ပိုပြီး

www.burmeseclassic.com



လွှတ်မြောက်စေချင်တာပါပဲ။ (တတ်နိုင်ရင်၊ သံသရာက,ပါ၊ လွှတ်မြောက်ကြစေချင်ပါရဲ့။)

♠

သံသရာမှိုင်း

သံသရာဆိုတာ ဘာမှန်းမသိ၊ အပါယ်ငရဲဆိုတာ၊ ဘာမှန်းမသိ၊ သံသရာလွှတ်ကြောင်းဆိုတာ၊ ဘာမှန်းမသိတဲ့၊ နေရာတွေက၊ ရောက်လာတဲ့ ပစ္စည်း ပစ္စယတိုင်းကို၊ ဗုဒ္ဓဘာသာ မြန်မာလူမျိုး ဆိုတဲ့၊ အသိဉာဏ်အပြည့်နဲ့၊ တိုင်းတာ. . . သုံးစွဲကြစေချင်ပါတယ်။

ဒီ. . .,တစ်ဘဝတွင် မက၊ ဘဝ. . သံသရာ အဆက်ဆက်အထိ၊ မှိုင်းထိ သွားကြမယ်ဆိုရင်၊ (မသိသူတွေရဲ့၊ ဆွဲဆောင်မှု မှိုင်းအမျိုးမျိုးကြောင့်)၊ အပါယ်ငရဲ ကျတဲ့အထိ၊ အဆွဲ ဆောင်ခံလိုက်ကြရတယ်ဆိုရင်၊ ကျွန်တော်တို့ရဲ့၊ ဘုရား တရား သံဃာ . . မိဘ. . ဆရာ. . . အားလုံးရဲ့၊ ဂုဏ်သိက္ခာ၊ ကြီးကြီးမား မား၊ ထိပါးကြရတော့မှာပါ။

အပါယ်ဘေးကို၊ မသိသူတွေရဲ့၊ ဆွဲဆောင်မှုကြောင့်၊ အပါယ်ဘေးကို၊ သိလှပါချည်ရဲ့ဆိုတဲ့၊ မြန်မာနိုင်ငံသူ နိုင်ငံသားတွေ



(အားလုံး)၊သူတို့(မသိသူ)တွေရဲ့၊ ဆွဲဆောင်မှုအောက်၊ မြားမြား မှောက်ကြရတယ်ဆိုရင်၊နိုင်ငံရေးအရပဲ တွေးတွေး၊ ဘာသာရေး အရပဲ မြင်မြင်၊ စီးပွားရေးအရပဲကြည့်ကြည့်၊ ကျွန်တော်တို့တတွေ၊ ရှုံးနိမ့်နေကြပြီ. . လို့သာ၊ တွေးမောရမှာပါပဲ။

♠

အားလုံး(တစ်ကမ္ဘာလုံး)ကတော့၊ ဆွဲဆောင်နေကြမှာပါပဲ၊ အပြိုင်အဆိုင် မှိုင်းတိုက်နေကြမှာပါပဲ၊

သူတစ်ပါး သွတ်သွင်းတာခံရတယ်ဆိုတာ၊ ကိုယ့်ဘက်က၊ ပျော့ညံ့လို့ပဲ. . လို့သာ၊ အသိပေးပါရစေ၊

ရွှံ့နွံထဲ သူတစ်ပါးခြေရာ လာထင်တာ၊ ရွှံ့နွံရဲ့၊ ပျော့ညံ့မှု ကြောင့်ပါပဲ။

သံမဏိ၊ ကျောက်သားပေါ်မှာ၊ ဘယ်သူ့ခြေရာမှ၊လာ ဖိနှိပ်လို့ မရပါဘူး။

ကိုယ့်သမီးငယ်လေးတွေကိုတောင်၊ ဘယ်လို ဝတ်စား ဆင်ယင်ပေးရမယ်မှန်း၊ မသိရှာကြတဲ့၊ မိဘမျိုးတွေ၊ ကျွန်တော့် တိုင်းပြည်မှာ၊ မများပြားသေးဘူး. . . လို့၊ ကျွန်တော် ယုံကြည်ပါ

www.burmeseclassic.com



တယ်။

ကမ္ဘာနဲ့ ရင်ပေါင်တန်းဖို့၊ ကိုယ့်သမီးလေးရဲ့ ခန္ဓာအချိုးအဆစ်ကို၊ ဖော်လှစ်ပြသ ဂုဏ်ယူနေကြတဲ့ မိဘမျိုးတွေလည်း၊ ကျွန်တော့်တိုင်းပြည်မှာ၊ မများပြားသေးဘူးလို့၊ ကျွန်တော် ယုံကြည်နေပါသေးတယ်။

မြန်မာဆိုတာ၊ အလုံခြုံဆုံးလှတဲ့ တိုင်းပြည် . . . လို့ပဲ၊ ကမ္ဘာသိရင်၊ ပို မကောင်းဘူးလား။

အဖော်အချွတ် ပေတံနဲ့ တိုင်းလို့၊ မြန်မာမလေးတွေ၊ ကမ္ဘာ့အဆင့်မမီဘူးဆိုရင်၊ အဲဒါကိုပဲ၊ ဂုဏ်ယူချင်တာပါပဲ။

ဘာကြောင့်လဲဆိုတော့၊ လုံလုံခြုံခြုံနဲ့လှတဲ့ "လုံမလေး" ဆိုတဲ့၊ ဝေါဟာရက၊ ကမ္ဘာပေါ်မှာ၊ မြန်မာတစ်နိုင်ငံတည်းမှာပဲ၊ ရှိလို့ပေါ့။

"လုံမလေးတွေ၊ လုံလုံခြုံခြုံနဲ့လှနေတာကို၊ တစ်ကမ္ဘာလုံးက၊ ငေးကြည့်ရှိသေနေဖို့၊ ဘယ်သူတွေ တာဝန်ရှိမယ် . . . ထင်ပါသလဲ" . . . .။

♣



မြန်မာပြည်ကို၊ နောက်ဆုံးထွက်သက်အထိ၊ ကျွန်တော် ချစ်သွားပါ့မယ် . . .။

♣♣♣

2014-Mar -19
11:14 (P-M)
[2014- April- Eternal Light magazine]

www.burmeseclassic.com

www.burmeseclassic.com



# လမ်းပေါက်သူများ

ကျွန်စေတ်ရှိသေးလား

ဟိုး . . . ယခင်၊ အတိတ်ကာလတုန်းက၊ မြန်မာနိုင်ငံသည်၊ အင်္ဂလိပ်ကိုလိုနီ၏ ကျွန်ပြုခြင်းကို ခံခဲ့ရဖူးသည်။ ဒါကို၊ မည်သူမျှ မေ့မပစ်သေးဘူးဟု၊ ကျွန်တော်ယုံကြည်ချင်ပါသည်။

သူတစ်ပါး၏ စိုးပိုင်စေခိုင်းခြင်းခံရသူကို၊ "ကျွန်"ဟု၊ ခေါ်ဆိုကြောင်း၊ မှတ်သားဖူးသည်။

သူတစ်ပါး၏ ကျွန်ပြုခြင်းမှ လွတ်မြောက်ခဲ့ပြီးပြီဖြစ်သော၊ ကျွန်တော်တို့ မြန်မာနိုင်ငံတွင်၊ ယခုခေတ်၌၊ "ကျွန်"ဟူ၍၊ တစ်ဦးတစ်ယောက်မျှ၊ မရှိတော့ကြောင်း ကျွန်တော်ယုံကြည်ပါသည်။

အခွင့်သင့်၍ သတိပြုစရာ၊ ရင်နာစရာ တစ်ခုလောက် ပြောပြချင်ပါသည်။ ကျွန်တော်တို့နိုင်ငံတွင်၊ မြန်မာဘုရင်မရှိတော့ပါ။ အိမ်ရှေ့စံလည်း မရှိတော့ပါ။ နန်းမွေနန်းလျာ (ဘုရင်လောင်းလျာ)လည်း၊ မရှိတော့ပါ။ သီပေါဘုရင် ပါတော်မူပြီးသည်မှ၊ အစ,ပြု



က၊ မြန်မာတို့၏ အရှင်သခင် မင်းမျိုးမင်းနွယ်တွေ မရှိကြတော့ပါ။

သို့သော် . . .

မြန်မာ့မင်းဧကရာဇ်နှင့် မင်းမျိုးမင်းနွယ်တို့ကို၊ အစ,ဖျောက်ပစ်ခဲ့ကြသော၊ အင်္ဂလိပ်လူမျိုးတို့၏ အင်္ဂလန်နိုင်ငံတွင်မူ၊ ဘုရင်မ၊ အိမ်ရှေ့စံ၊ နန်းမွေနန်းလျာတို့၊ ယခုတိုင်ရှိနေကြပါသေးသည်။ ဘုရင်စနစ်၊ မထွန်းကားတော့သည့်တိုင်၊ (ကျွန်တော်တို့၏၊ ဘုရင်မျိုးရိုးကို၊ ဖျက်စီးပစ်ခဲ့ကြသည့်တိုင်)၊ သူတို့၏ ဘုရင်မျိုးနွယ်ကို၊ ယခုတိုင်၊ တရိုတသေ၊ ထိန်းသိမ်းထားကြပါသေးသည်။

ဒါ . . . အင်္ဂလိပ်လူမျိုး၏ အမျိုးစောင့်တတ်သည့်၊ မြတ်နိုးမှုကို၊ ထင်သာမြင်သာစေသော အချင်းအရာ ဖြစ်သကဲ့သို့၊ ကျွန်အပြုခံခဲ့ကြရသော၊ ကျွန်တော်တို့ (မြန်မာတွေ)အဖို့၊ ရင်နာစရာတစ်ခု . . . ဟု၊ ကျွန်တော် ခံယူပါသည်။ (အင်္ဂလိပ်စာ လေ့လာသင်ကြား . . . ပြောဆို . . . သုံးနှုန်းနေသူများ အားလုံး၊ ဖါလေးတော့ . . ဗဟုသုတအဖြစ်၊ မှတ်သားထားစေချင်ပါသည်။)

ထားပါတော့။ ဗိုလ်နေ့ခေတ်က၊ ကိုလိုနီကျွန်ပြု စစ်ခင်းကြသော ခေတ်မျိုးမဟုတ်တော့။ စစ်လက်နက်ဖြင့်၊ စစ်ခင်း၍ တိုက်ခိုက် ကျွန်ပြုကြသော၊ ခေတ်မဟုတ်တော့သော်လည်း၊ အစီး

www.burmeseclassic.com

www.burmeseclassic.com



အပွားချင်း၊ စစ်ခင်းနေကြသည်ကိုတော့၊ သတိထားကြည့်မှ၊ မြင်သာ ထင်သာပါလိမ့်မည်။

တိုင်းတစ်ပါး၏ ဝတ်သားဆင်ယင်မှု၊ တိုင်းတစ်ပါး၏ ကုန်သွယ်စီးဆင်းမှုကိုသာ၊ လက်ခံဝယ်ယူ သုံးစွဲနေကြရမည် ဆိုလျှင် ၊ထိုနိုင်ငံသည်၊ ရောင်းပန်းဝယ်ပန်းမလှသည့်နိုင်ငံ၊ သူတစ်ပါး၏ ထိုးဖောက်မှုကိုသာ၊ ခံယူရသော နိုင်ငံဟု၊ မြင်တတ်စေချင်သည်၊

ယနေ့ကာလသည် အမုန်းဖြင့် စစ်ခင်းကြသည့်ကာလ, မဟုတ်။ အပြုံးဖြင့်၊ စစ်ခင်းကြသည့်ကာလ, ဖြစ်သည်။ ဟိုး. . . ယခင် ကာလ,များကဲ့သို့၊ သေနတ်တွေနဲ့ စစ်တိုက်၊ နိုင်တဲ့နိုင်ငံက၊ ရှုံးတဲ့ တိုင်းပြည်ကို၊ ကျွန်ပြု စိုးမိုးခြယ်လှယ်မည့် ခေတ်ကာလ, မဟုတ်တော့ပေ။

အပြုံးချင်း ဖလှယ်လျက်၊ မိမိ၏ ကုန်ပစ္စည်း၊ မိမိ၏ ယဉ်ကျေးမှု, မိမိ၏ဝါဒ . . . စသည်တို့၊ လွှမ်းမိုးဖို့သာ၊ ဉာဏ်ပညာ အပြည့်ဖြင့် ထိုးစစ်ဆင်နေကြသော၊ ခေတ်, ဖြစ်ပေသည်။ (ဒါကိုပင်၊တတိယကမ္ဘာစစ် . . ဟု၊ ကျွန်တော် သုံးနှုန်းချင်သည်။)

တတိယကမ္ဘာစစ်ကို၊ သေနတ်တွေဖြင့်၊ မတိုက်ကြတော့



ပါ။ ဦးနှောက်. . . ဉာဏ်ပညာ. . . ဇာတိသွေးတွေဖြင့်၊ တိုက်နေကြသည်မှာ ကြာ. . . ကြာလှပေပြီ။

နိုင်သည့်သူက . . သခင်၊ ရှုံးသည့်သူက 'ကျွန်'. . ဟု၊ သတ်မှတ်ကြမည်ဆိုလျှင်၊ ကျွန်တော်တို့ . . . သခင်ဖြစ်ဖို့လိုပေသည်။ (သူတစ်ပါး၏ စိုးပိုင်စေခိုင်းခြင်းခံရသူကို၊ "ကျွန်"ဟု၊ ခေါ်ဆို၏။)

♠♠♠

မြန်မာတို့ ကမ္ဘာကလွှမ်းသလား
ကမ္ဘာကို မြန်မာက လွှမ်းမလား

အထက်ပါမေးခွန်းကို၊ မြန်မာလူမျိုးတိုင်း၊ တောင်းမှန်စွာ ဖြေဆိုနိုင်ကြပါလိမ့်မည်။

မြန်မာနိုင်ငံအပါအဝင်၊ မည်သည့်နိုင်ငံမဆို၊ ကိုယ့်နိုင်ငံ အပေါ်၊ သူတစ်ပါးလွှမ်းမိုးခြင်းကို၊ မခံလိုကြ။ ဖြစ်နိုင်လျှင်၊ ကိုယ်က, သာ၊ လွှမ်းမိုးချင်ကြသည်။ (ဒါကိုပင်လျှင်၊ မျိုးချစ်စိတ်ဟု၊ ခေါ်ပေ၏။)

♠

www.burmeseclassic.com

www.burmeseclassic.com



ယခုကြှော်အချိန်၊ ဤအခါ၊ အခုချက်ချင်း၊ စဉ်းစား၍ အဖြေထွက်နိုင်ပါသည်၊ မြန်မာလူမျိုး (လူကြီး လူငယ်) အားလုံး၊ ဘယ်နိုင်ငံ၏ ဝတ်စားဆင်ယင်မှုကို၊ မက်မော လက်ခံဝတ်ဆင်နေကြပါသလဲ။

မြန်မာလူမျိုးတိုင်း၊ အမြင်အာရုံကြီးကြသဖြင့်၊ မြင်သာကြလိမ့်မည်ဟု ကျွန်တော် ယူဆ,ပါသည်။

♠

"ဟာ၊ တို့နိုင်ငံအပေါ်၊ သူတစ်ပါးရဲ့ ဆင်ယင်မှု၊ သူတစ်ပါးရဲ့၊ အယူဝါဒတွေ၊ လွှမ်းမိုးနေပြီကွ။ အဲဒီလိုလွှမ်းမိုးအောင်လုပ်တဲ့ လူတွေကို၊ ရရာလက်နက်နဲ့ တိုက်ထုတ်ကြ. . ."ဆိုပြီး၊ တိုက်ထုတ်လို့ရမည်၊ ကိစ္စမဟုတ်ပါ။

ကာရံ ကာကွယ်ရမည့်ကိစ္စသာ၊ ဖြစ်ပါသည်၊ မိုက်တန်းသော တိုက်ထုတ်သည့်နည်းဖြင့်၊ အရာမရောက်နိုင်ပါ။ အဘယ်ကြောင့်ဆိုသော်၊ အလွှမ်းမိုးခံယူသူတွေ. . . ရှိနေသမျှ၊ လွှမ်းမိုးသူတို့၊ အပြစ်မဆို စကောင်း။

♠♠♠



မိသားစုတိုင်းမှာ
နည်းပေးလမ်းပြ ဘကယ်ရှိရဲ့လား

အရွယ်ရောက်ကာစ၊ (အရက်သောက်နေသော)၊ သားဖြစ်သူနှဲ့၊ ဖခင်အရက်သမားတို့၊ အရက်ဆိုင် တစ်ဆိုင်တွင်၊ ဆုံတွေ့ကြစဉ်၊ အရက်သမားဖခင်က၊ အောက်ပါအတိုင်း၊ ဆိုဆုံးမလေ၏။

"မင်းက အရက်သောက်ရအောင်၊ ငွေဘယ်လောက်များ၊ ရှာနိုင်သေးလို့လဲ၊ အခုချက်ချင်း အိမ်ပြန်စမ်း". . . ဟူ၍ဖြစ်၏။

ကာလ,အတန်ကြာသောအခါ၊ ထိုသားဖြစ်သူက၊ ဖခင်ဖြစ်သူကို အရက်ဆိုင်သို့၊ တရိုတသေ ခေါ်ခဲ့၏၊ အရက်ဆိုင်တွင် ဖခင်ကို၊ အရက်ဖြင့်၊ ပူဇော်ညှေခံ၏။ ထိုသို့ ပြုမူရင်းမှ၊ အောက်ပါအတိုင်းဖခင်ကို၊ စကားဆို၏။

"ကျွန်တော်ငွေရှာနိုင်ပြီ အဖေ၊ အဲဒီတော့. . ကျွန်တော့်ဝင်ငွေနဲ့ကျွန်တော် အရက်သောက်နိုင်ပြီ၊ အဖေ့ အရက်ဖိုးလည်း ကျွန်တော်ရှင်းပေးမယ်". . . ဟု၊ ပြောလေ၏၊ ဖခင်အရက်သမား ခမြာ၊ မျက်လုံးလေး၊ အဝိုင်းသား။

♠

အထက်ပါအဖြစ်အပျက်မျိုး၊ ဗုဒ္ဓဘာသာမြန်မာမိသားစု

www.burmeseclassic.com

www.burmeseclassic.com



များ ထဲ၌ မည်၍ မည်မျှ ရှိနေလေမည်နည်း။

ဆုံးမ,သော ဖခင်ကိုယ်တိုင်က၊ အရက်၏ ဆိုးကျိုးကို၊ သေသေချာချာမသိ။ မသိသော ဖခင်က၊ မသိသော သားကို၊ မသိခြင်းဖြင့်၊ ဆို ဆုံးမ,မိသောအခါ၊ မသိခြင်းတွေသာ. . . တိုးပွားများတော့မည်။

ဆေးပညာရှင်တို့သည် ပင်လျှင်၊ အရက်၏ ဆိုးကျိုးကို၊ ပြောဆိုညွှန်ပြရာ၌၊ အသည်းရောဂါ. . . အာရုံကြောရောဂါ. . သွေးတိုးရောဂါ. . စသည်ဖြင့်၊ ရောဂါဘယဖြစ်စေသည့် အခြင်းဖြင့်သာ၊ ညွှန်ပြတတ်ကြပေသည်။

ဗုဒ္ဓဘာသာဝင် ဖခင်တစ်ဦးအနေဖြင့် အရက်သောက်သူ မူးယစ်ထုံထိုင်းဆေးဝါးသုံးစွဲသူ) သည်၊ ပစ္စုပ္ပန်ဘဝ ရောဂါဘယ ထူပြောခြင်း၊ အသိဉာဏ်ချွတ်ယွင်းခြင်း၊ စီးပွားဥစ္စာ၊ ယုတ်လျော့ခြင်း၊အရှက်မဲ့ခြင်း . . . တို့အပြင်၊ နောင်တမလွန် ဘဝ. . . ဘဝတို့၌၊ငရဲသို့ ကျတတ်ခြင်း၊ တိရစ္ဆာန်အရူးဘဝ၊ လူအရူးဘဝ၊ ဉာဏ်ရည်နိမ့်ပါးသူ ဘဝတို့၊ အကြိမ်ကြိမ်(အကြိမ်များစွာ . . များစွာ) ရတတ်ခြင်း. . နှင့် အမူးရောဂါ စွဲကပ်တတ်သည့် ဘဝအဆက်၊ အပါယ်သံသရာ ရှည်လျားတတ်ကြောင်း၊ ကိုယ်တိုင်



သိရှိ လက်ခံကျင့်သုံးပြီး၊သားသမီးတို့ကို၊ သေချာရေရာစွာ ဆုံးမ, သွန်သင်တတ်ရပေမည်။

ထိုသို့မဟုတ်ပါက၊ "ဘီယာဟာ အရက်တော့မဟုတ်ပါ" . . . ဟူသော၊ ကြောင်တောင်တောင်၊ စွဲမက်မှုတို့ကြောင့်၊ မိဘ,ရော . . . သားသမီးတို့ပါ။ အရက်သံသရာ (အပါယ်သံသရာ) အတွင်း၊ စုံးစုံးမြုပ် နစ်မွန်းကြရပေတော့မည်။(အရက်သေစာ သောက်စားခြင်းကို၊ ဟန့်တားထားသည့်၊ ဘုရားကို ကိုးကွယ်နေကြပါလျက်၊ ဘုရားစကား၊ မလိုက်နာလိုသူများ၊ ရှိနေကြသည်ဆိုလျှင်တော့၊ ကိုယ့်လမ်းကိုယ်၊ ဖောက်နေကြသူချင်းမို့၊ ကျွန်တော့်အနေဖြင့်၊ မည်သို့မျှ ၊မဝေဖန်လိုတော့ပါ။)

ထို့အတူ၊ သားကိုလည်းကောင်း၊ သမီးကိုလည်းကောင်း၊ သွန်သင်ဆုံးမ, နည်းပေးလမ်းပြ လုပ်ရာ၌ မှန်ကန်သော၊ တောင်းမြတ်သော၊ ခိုင်မာသော၊ နည်း,လမ်းကို သေသေချာချာ ညွှန်းနိုင်သော၊ အုပ်ထိန်းသူ မိဘများ၊ မိသားစုတိုင်းမှာ၊ ကိုယ်စီ. . ကိုယ်စီ ရှိကြပါရဲ့လား. . ဟု၊ သုံးသပ်ကြည့်ကြစေချင်ပါသည်။

"ဒါက,တော့. . ဟို, စနစ်ကြောင့်၊ ဒီ, စနစ်ကြောင့်" ဆိုတာမျိုး၊ တစ်ပါးသို့ လက်ညှိုးမထိုးဘဲ၊ ကိုယ့်မိသားစုအတွင်း

www.burmeseclassic.com

www.burmeseclassic.com



တိုသာ၊ ပြန်လည်ငဲ့ကြည့်၊ ဆန်းစစ်စေလိုသည်။

♠♠♠

မြန်မာပြည်က လုံ့မ,လေးများနှင့် မိန္တာပက်ရှင်

မြန်မာပြည်၏ နယ်ဒေသ နေရာအနှံ့အပြား၌၊ ဗုဒ္ဓဘာသာဝင်၊ မြန်မာမိန်းကလေးများ ပီပီသ,သ၊ လုံလုံခြုံခြုံဖြင့်၊ တင့်တယ်လှပ,စွာ၊ ကျက်တရေရှိသော၊ မြန်မာမိန်းကလေး(လုံမ,လေး)များ ရှိနေကြပါသေးသဖြင့်၊ လေးမြတ်စွာ၊ ကျွန်တော်ဂုဏ်ယူလိုပါသည်။

♠

"ဟဲ့။ ရဟန်းသံဃာရှေ့၊ အစ်ကိုမောင်ရှေ့၊ ဦးလေးဘကြီးရှေ့၊ ဖခင်ရှေ့ . . . တွေမှာ၊ မလုံမခြုံ မတင့်မတယ်၊ မဝတ်ဆင်ရဘူး" . . ဟု၊ လူကြီးသူမ,များက၊ သမီးမိန်းကလေးတွေကို၊ သွန်သင်တတ်ကြပေသည်၊

အထက်ပါ သွန်သင်စကားတို၊ စကားကပ်၍ မေးရလျှင်၊ "တခြားလူတွေ ရှေ့မှာတော့၊ ဝတ်လို့ရတယ်ပေါ့နော်" . . . ဟု၊ ဆိုရမလိုဖြစ်နေပေ၏။

ဒါ့အပြင်၊ ရိုသေလေးမြတ်အပ်သူများ ရှေ့မှောက်၌၊ မလုံမခြုံ၊ မတင့်မတယ် ဝတ်ဆင်ထားမိသူများက "ဝတ်ဆင်လျှင်၊



ဘာဖြစ်တတ်သလဲ' . . . ဟု၊ မေးမြန်းတတ်ကြပေမည်။ ထိုအခါ၊ သွန်သင် ဟန့်ထားသူများက၊ ရှင်းလင်း တိကျစွာ၊ ပြောပြနိုင်ဖို့၊ အထူးလိုအပ်လှပေသည်။

ကိုယ်တိုင်လည်း၊ သဘောပေါက် ကျင့်သုံးထားပါမှ၊ ငယ်ရွယ်သူတို့ကို၊ သေချာတိကျစွာ၊ မေတ္တာစေတနာ အပြည့်ဖြင့်၊ ရှင်းပြနိုင်ပေမည်။ ကိုယ်တိုင်က၊ ဘုမသိ, ဘမသိ ဆိုလျှင်တော့၊ ခဆုံးမ,ဘဲ၊ နှုတ်ဆိတ်နေတာက,မှ၊ ကောင်းပေလိမ့်မည်။

အဘယ်ကြောင့်ဆိုသော်၊ ငယ်ရွယ်သူတို့ခမြာ၊ ရှေ့လူတွေ . . . လုပ်တာကို၊ လိုက်တုရင်းမှ၊ မဟုတ်တာကို အဟုတ်မှတ်ပြီး၊ နှစ်သက်နေမိတတ်ကြသောကြောင့်၊ ဖြစ်၏။ ဒါကြောင့် ငယ်ရွယ်သူတွေကို၊ ဆုံးမ,ချင်သူများ၊ ကိုယ်တိုင်သိ, ကိုယ်တိုင်တတ်၊ ကိုယ်တိုင်ကျင့်သုံးကာ၊ မေတ္တာစေတနာကြီးလွန်းပါမှ၊ ငယ်ရွယ်သူတို့၏ လျှောင်ရယ်မှုဘေးမှ၊ ကင်းဝေးရလိမ့်မည်၊ သို့မဟုတ်ပါက၊ ဘာတွေလာပြောနေမှန်းမသိဘူး . . ဟု၊ အထင်အမြင်ခံရတတ်ပေမည်။

လွန်ခဲ့သော နှစ်ပေါင်း ခြောက်ဆယ်ကျော်လောက်တတည်းက၊ ခေတ်မမီသူများက လုံခြုံစွာဝတ်၊ ခေတ်မီချင်သူများက၊ မလုံမခြုံဝတ်ဟူသော၊ အစဉ်အလာကြီး စ,တင်ခဲ့ကြကြောင်း၊

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ခန့်မှန်းမှတ်သားဖြစ်ပေသည်။ အတွင်းခံ အကျီကို၊ မြင်သာစေသော၊ ဇာအကျီ ဝတ်ဆင်ခဲ့ကြသည့်၊ ခေတ်မီသူကြီးများ၏ . . . ခေတ်အဆက်ဆက် လမ်းညွှန်မှုများကြောင့်၊ ယနေ့ကာလ ခေတ်မီသူကလေးများမှာ၊ ထို့ထက် ထို့ထက်၊ ပိုမိုဆိုးရွားစွာ၊ ဝတ်ဆင်နေကြခြင်းဖြစ်ကြောင်း၊ ဝန်ခံကြရပေလိမ့်မည်။

ဟိုး. . . ရှေ့အစဉ်အဆက်၊ အင်္ဂလန်စတိုင်ကို၊ တုပ, ခေတ်မီချင်ခဲ့ကြသော၊ ရှေးခေတ် အဖော်အချွတ် ဝတ်စားဆင်ယင်မှု၊ ခေါင်းဆောင်မ,ကြီးများ၏၊ အခြေအနေကို၊ ထိုစဉ်က၊ အသက်ရှင်လျက်ရှိနေခဲ့ကြသည့်၊ အရိယာသူတော်ကောင်းကြီးများမှာ၊ ဟန့်တားနိုင်စွမ်း၊ မရှိခဲ့ကြရှာ။

ကိုလိုနီခေတ်တလျှောက်၊ ဗုဒ္ဓဘာသနာ မှေးမှိန်နေချိန်၊ သာသာနာ့ဝန်ဆောင် သံဃာတော်များ၊ အချိုးအနှိမ်ခံ နေရချိန်မျိုး၌၊ ဘိုရှူး . . . ဘိုကတော်. . . ဘိုအယောင်. . . ဘိုအမြှောင်တို့၏၊ ပွတ်သဘင် ဆင်ယဉ်မှု အစဉ်အလာနှင့် အင်္ဂလန် သာသနာရောင် ထွန်းပြောင်လုလု အခြေအနေမျိုးတို့မှ. . ။ပေါက်ဖွား ရှင်သန်၊ လာခဲ့ကြသည့် “တိုင်းတစ်ပါးကို၊ တုပ,မှ၊ ခေတ်မီတယ်”. . ဟူ သော၊ မိစ္ဆာ[illegible]ဆိုးကြီးသည်၊ ယနေ့ထက်တိုင်၊ လွှမ်းပိုင်ကြီးစိုးနေလေ



သည်မှာ၊ ယနေ့ လူငယ်များ၏ အပြစ်မဟုတ်။

ရှေ့က,ကြောင်တောင်တောင်တို့၏ ကိုယ်ခံအားနည်းပါးမှုကြောင့်သာဖြစ်သည်။ သို့သော် . . . . နောင်အနာဂတ်လူငယ်များ . . . ယွင်းမှားယိမ်းယိုင်မှု၊ ရှိနေသေးမည်ဆိုလျှင်တော့၊ ယနေ့လူငယ်များ၏။ အားနည်းမှုကြောင့်သာ ဖြစ်ကြောင်း၊ အသိပေးလိုပါသည်။

♣

အရှက်လုံဖို့ဆိုတာ စန္ဒာကိုယ်တစ်ခုတည်းကို ဆိုလိုတာမဟုတ်ဘူး

“လုံလုံခြုံခြုံ ဝတ်ကြနော်။ မလုံမခြုံဝတ်ရင်၊ သူများစော်ကားမယ်” . . . . ဆိုတာလောက်က,တော့၊ ပဲပြုတ်သည်လည်း ပြောပြတတ်သည်။

မလုံမခြုံ ဝတ်ဆင်တတ်ကြသူ မိန်းကလေးများ အားလုံး၊ မည်ရွေ့မည်မျှအထိ၊ အန္တရာယ်ကြီးမား . . . ရှည်လျား. . . နက်ရှိုင်းပါကြောင်း. . . မိဘများ ကိုယ်တိုင်၊ ထိထိရောက်ရောက် ပြောပြတတ်ဖို့၊ လိုအပ်လှသည်။

www.burmeseclassic.com

www.burmeseclassic.com



မလုံမခြုံဝတ်ဆင်မိသူ မိန်းကလေး၏ ကာယိန္ဒြေကို၊ အနိုင်ကျင့်ခံရရုံ၊ အန္တရာယ်မျိုးလောက်က,တော့၊ ဥပဒေ၏ အစောင့်အရှောက်တစ်ခုတည်းဖြင့်၊ လုံလောက်နိုင်ပေမည်း (လုံလောက်အောင်လည်း၊ ကြိုးပမ်းကြရပေမည်။)

ဟိရိဩတ္တပ္ပ. . . . ဟုခေါ်သော အရှက်အကြောက်တရားဆိုသည်မှာ၊ ခန္ဓာကိုယ်၊ ပွင့်းပဲ့သွားမှာစိုးသည့် အရှက်အကြောက်ကို၊ ဆိုလိုသည်မဟုတ်။ မကောင်းမှု(အပါယ်ရောက်ကြောင်း) ကို၊ ကျူးလွန်ရမှာရှက်ပြီး . . . မကောင်းမှု(အပါယ်ကျကြောင်း)ကို၊ ကျူးလွန်ရမှာ ကြောက်ကြရခြင်းဖြစ်ကြောင်း၊ ဗုဒ္ဓဘာသာဝင်မြန်မာလူမျိုးတိုင်း၊ သိထားကြပြီးပြီ. . . ဟု၊ ယူဆ,ပါသည်။ သိထားကြပြီးပြီ. . . ဟု၊ ယူဆ,ချင်ပါသည်။

ငါ့ သမီးလေးရဲ့ ဝတ်စားဆင်ယင်မှုဟာ၊ ဟိရိဩတ္တပ္ပကင်းရဲ့လား။ ငါ့တပည့်မလေးရဲ့၊ ဝတ်စားဆင်မြန်းမှုဟာ၊ ဟိရိဩတ္တပ္ပများ၊ ဖြစ်နေသလား . . . ဆိုသည်ကို၊ မိဘ, ဆရာတို့၊ ထွင်းဖောက်မြင်၊ သုံးသပ် ဆုံးဖြတ်တတ်ကြရပေမည်။ (သူတစ်ပါး၊ စော်ကားမည့် ဘေးအန္တရာယ်မျိုးထက်၊ ပိုမိုကြီးလေးသော၊ အန္တရာယ်မျိုးလည်း၊ ရှိနေပါကြောင်း၊ မိဘ. . ဆရာတို့၊ လေ့လာ၊ နာယူ၊



ကျင့်သုံး. . . ဆင့်ပွားတတ်ကြရပေမည်)။

နယ်မြို့ တစ်မြို့၏ ဟောပြောပွဲတွင်၊ ကျွန်တော်ဟောပြောအပြီး၊ ရန်ကုန်ပြန်ခါနီး၊ မနက်စာ စားနေစဉ်၊ အသက်(၂၂)နှစ်အရွယ်၊ မိန်းကလေးတစ်ယောက်၊ ကျွန်တော့် အနားသို့ ရောက်လာသည်။

"မေးစရာရှိလို့ပါ. . . ဆရာ"

"အရေးကြီးလား။

အရေးကြီးရင် . . . မေး"

"ကျွန်မ. . . ရုပ်ရှင်မင်းသမီး လုပ်ချင်လို့၊ လုပ်ရမလား. . လို့လာမေးတာပါ"

(အင်မတန် လှပသော၊ရုပ်ရည်)။

"မိဘ . . . မရှိဘူးလား"

"ရှိပါတယ်။ ဆရာ-မောင်လှမျိုးခွင့်ပြုရင် . . . လုပ်. . ဆိုလို့၊ ဆရာ့ကိုလာမေးတာပါ"

"ငါ. . ဘာအကြံမှမပေးတတ်ဘူး။ငါတောင်၊ ငါလုပ်ချင်တာ လုပ်လာတဲ့ကောင်။. . ဆိုတော့၊ ငါ . . . ကိုယ်ချင်းစာတယ်။ ငါ့ကို၊ သူများ ဟန့်တား

www.burmeseclassic.com



တာလည်း၊ မကြိုက်သလို၊ သူတစ်ပါးကိုလည်း၊ ငါ. . . မဟန့်ထားဘူး။

လူဆိုတာ၊ ကိုယ့်လမ်း ကိုယ်ဖောက်နေကြတာပဲ။မဟုတ်ဘူးလား"

"ဟုတ်ပါတယ် ဆရာ။ ဒါပေမဲ့. . . ခုနက . . . ဆရာ ဟောပြောသွားတဲ့၊ လောဘ. . ဒေါသ . . . မောဟ. . . အကြောင်းတွေ၊ နားထောင်ပြီး . . . မင်းသမီးလုပ်ချင်တဲ့ စိတ်၊ဖေဝေ ဇဝါဖြစ်သွားလို့။

အဖေနဲ့အမေကို၊ ပြောပြတာ၊ လုပ်သင့် မလုပ်သင့်၊ ဆရာဆီမှာ သေသေချာချာသွားမေး။ ဆရာက . . . ခွင့်ပြုရင်၊ ကောင်းလို့ပဲ . . . ဆိုလို့၊ လာမေးတာပါ"

"လုပ်ချင်တဲ့သူက၊ ဘယ်သူတားတား လုပ်တယ်။ ဘုရား တားတာတောင်၊ ဒေဝဒတ်က,လုပ်ချင်တာ၊ လုပ်ခဲ့တာပဲ မဟုတ်လား"

(ရယ်လေ၏)။



"ကဲ . . အချိန်လည်း သိပ်မရဘူး။ ငါ,ခုနက၊ ဟောခဲ့တာကို၊ ပြန်မေးမယ်"

"ဟုတ်"

"လောဘစိတ်ဖြစ်ရင်၊ အဲဒီလူ. . . ဘာဖြစ်မလဲ"

"ပြိတ္တာ"

"အခု . . ဖြစ်မှာလား။ နောက်ဘဝမှ, ဖြစ်မလား"

'အခုဘဝလည်း. . ပြိတ္တာလို၊ စားရမဲ့မဲ့၊ သောက်ရမဲ့မဲ့ နေရမယ်၊စားချင်တာ မစားရ၊ မြင်ချင်တာ. . မမြင်ရ၊ နေချင်ရာ. . မနေရ၊ သွားချင်ရာ မသွားရ၊လာချင်ရာ . . မလာရ၊ ဖြစ်မယ်။

အခုဘဝမှာပဲ. . . လေနဲ့ပါတ်သက်တဲ့ ရောဂါတွေ . . . ဖြစ်တတ်တယ်၊ မမြင်ရတဲ့ရောဂါ ဖြစ်တတ်တယ်၊ လျှောင်လှုပ်တာ. . . ရကြီးတာ . . . ၊ မုန်တိုင်းမိတာမျိုးတွေနဲ့လည်း ကြုံရတတ်

www.burmeseclassic.com

www.burmeseclassic.com



တယ်။ နောက်ဘဝမှာ၊ သေချာပေါက် ပြိတ္တာ ဖြစ်မယ်"

"ဟုတ်ပြီ။ နင်..ရုပ်ရှင်မင်းသမီးဖြစ်ခဲ့ရင် စင်မြင့်ပေါ်မှာ၊ သီချင်းဆိုတဲ့အခါ၊ ဒါမှ မဟုတ်၊ ဇာတ်ဝင်ခန်း တစ်ခုခုမှာ၊ ခေတ်မီမီ ဝတ်ရ ဆင်ရ တော့မယ့်အခါ၊ နင် . . . လုံလုံခြုံခြုံဝတ်မှာလား၊ ဟိုဖော်,ဒီဖော်ဝတ်မှာလား"

'ခေတ်ကာလ,အရဆိုရင်တော့. . . ဟိုဖော် . . . ဒီဖော်. . . ဝတ်ရမှာ. . ."

(မဝံ့မရဲဖြေ၏။)

"အဲဒီ. . . ဟိုဖော်ဒီဖော်၊ မင်းသမီးလေးကို၊ ကြည့်ငေးကြမယ့် . . သူတော်စင်မဟုတ်တဲ့၊ ယောကျ်ားတွေက၊ ကြည့်ပြီး ကမ္မဋ္ဌာန်းရှုကြမှာလား။ လောဘ,စိတ်တွေ. . ဖြစ်နေကြမှာလား"

"လောဘ. . စိတ်တွေ. . . ဖြစ်နေကြမှာပါ"

"လက်တစ်ဖျောက်။ မျက်တောင် တစ်ခတ် အချိန်အတွင်းမှာ၊ လောဘစိတ်,တစ်ခါဖြစ်ရင်၊ အကုသိုလ်အဟုန်၊ ဘယ်လောက်ပြန့်သွားမလဲ"



"ကုဋေ . . တစ်သိန်း"

"မျက်တောင် တစ်ခတ် မကတဲ့၊ အချိန်အများကြီး. . ကြည့်ငေးကြမှာဆိုရင်၊ ကုဋေ. . . ဘယ်လောက်များမလဲ"

"မရေမတွက်နိုင်အောင်. . . များမှာပါ"

"ဒါဆို၊ အဲဒီငန်းငန်းတက်နေကြမယ့် ပုထုဇဉ် ယောကျ်ားတွေ၊ဘာဖြစ်တော့မလဲ"

"ပြိတ္တာ ဓာတ်တွေ၊ ကိန်းပြီး၊ ပြိတ္တာဘဝ . . ရမှာပါ"

"အဲဒီ ပြိတ္တာဓာတ်၊ ပွားများအောင်၊ ဘယ်သူ လုပ်လိုက်တာလဲ"

"ကျွန်မ . . . . ။ . . . အဲ . . . မင်းသမီး"

"ကျူးလွန်သူနဲ့၊ ဖြန့်ဖြူးသူ. . . ဘယ်သူ . . အပြစ်ပိုကြီးမလဲ"

"ဖြန့်ဖြူးသူပါ . . ဆရာ"

www.burmeseclassic.com



" နှင်. . . ရုပ်ရှင် မင်းသမီး၊ ဖြစ်ချင်တာလား၊ပြိတ္တာမောက်တွေ၊ ဖြန့်ဝေတဲ့ သူဖြစ်ချင်တာလား။ ကိုယ့်ဘာသာ . . စဉ်းစား။

ပြီးရင်. . . ဘုရားဟောနဲ့အညီ နေထိုင်ကျင့်သုံးတဲ့၊ သံဃာတော် အရှင်မြတ်တစ်ပါးပါးဆီမှာ၊သွားပြီး . . . မေးလျှောက်။

သဘင်သည်တွေ၊ ကျရောက်နိုင်တဲ့၊ ဘုံဌာနကို၊ သိချင်ပါတယ်. . လို့. . . ။သေသေချာချာ . . မေး။

ငါက,တော့၊ ဘယ်သူ့မှ၊ အကြံမပေးတတ်ဘူး။ မေးရင်တော့၊ သိသလောက်ဖြေမယ်"

(အရှိအသေပြုပြီး)

"ကျေးဇူးတင်ပါတယ် . . ဆရာ။ ကျွန်မ . . လုံးဝ. . ရုပ်ရှင်မင်းသမီးမလုပ်တော့ပါဘူး"

"ငါ . . မဟန့်တားဘူးနော်"

"ဟုတ်ကဲ့. . . သိပါတယ်ဆရာ။ ကျွန်မ . . ပြည်သူ့ဝန်ထမ်းတစ်ခုခုပဲ။လုပ်တော့မယ်. . ဆရာ"



"အင်း၊ သင့်တော်ပါတယ်။ မိဘအတွက် သမီးကောင်း။ ဆရာအတွက် တပည့်ကောင်း၊ သားသမီးအတွက် မိခင်ကောင်း။ခင်ပွန်းအတွက်၊ ဇနီးကောင်း၊ နိုင်ငံအတွက် ခေါင်းဆောင်ကောင်း။ လောကအတွက်၊ သူတော်ကောင်းဖြစ်ပါစေ . . ."

•

အထက်ပါ စကားဝါကျများမှ၊ တစ်ဆင့်၊ မိန်းကလေးများ၊ မလုံမခြုံဝတ်စား ဆင်ယင်မှု၏ ဆိုးကျိုးကို၊ ခန့်မှန်းနိုင်လောက်မည်ဟု၊ ယူဆ,ပါသည်။

မိဘ. . ဆရာ ဟူသည်ကား၊ သားသမီး, တပည့်တပန်းတို့ကို၊ လောကီ အမွေ,လောကီ ပညာပေးကမ်းနိုင်ရုံသာမက၊ အပါယ်လမ်းမှပင်လျှင်၊ ဆွဲထုတ်ဆယ်ယူနိုင်ကြရပေသည်။

•••

ကိုယ့်လမ်းကိုယ်ဖောက်

လောကအတွင်းရှိ၊ လူအပါအဝင် သတ္တဝါခပ်သိမ်း၏

www.burmeseclassic.com

www.burmeseclassic.com



ချမ်းသာရာ၊ လုံ့ခြုံကြောင်းကို၊ သူတော်ကောင်းတိုင်း၊ ဆောင်ရွက်လိုကြသည်။ ဥပဒေပညာရှင်က၊ ဥပဒေဖြင့်၊ ကာကွယ်ရေးပညာရှင်က၊ ကာကွယ်ရေး အတတ်ဖြင့်၊ အရိယာက၊ အရိယာဉာဏ်မေတ္တာဖြင့် . . . အသီးသီးဆောင်ရွက်နေတတ်ကြပေသည်။

မည်သူ့ကိုမျှ၊ အပြစ်မတင် အပြစ်မဖို့ဘဲ၊ စေတနာအမှန်မေတ္တာဉာဏ်ဖြင့်၊ လောက,ကို၊ သုံးသပ်ရမည်ဆိုလျှင်၊ မည်သူမဆို၊ ကိုယ့်လမ်းကိုယ် ဖောက်နေကြသူများသာ၊ ဖြစ်သည်။

သိသူက. . . ဆယ်ယူညွှန်ပြလေ့ရှိခဲ့ပါသော်လည်း၊ မသိသူသည်၊ သူ၏ မသိသူအတွင်း၌သာ၊ နေပျော်တတ်မြဲ။

ဤသည်ကိုပင်လျှင်၊ စိတ်မလျှော့၊ ဇွဲမပျော့ဘဲ၊ မသိသူအပေါင်းကို၊ သိသူအပေါင်းက၊ ဆွဲမ, ဆယ်တင်နေကြသေးသည်မှာ၊ သာဓု ခေါ်စရာ ကောင်းလွန်းလှသည်။

သာမန် ပုထုဇဉ်တို့၏ ရှေ့မှောက်၌ပင်လျှင်၊ မလုံမခြုံဝတ်ဆင်မိပါက၊ ရာဂ(လောဘ)ကို ပွားစေသကဲ့သို့၊ ဖြတ်တတ်ကြောင်း၊ (တကယ်)မသိသူ၊ လက်မခံလိုသူတချို့က၊ ဘုရား. . . အစရှိသော၊ အရိယာ နယ်ပယ်များသို့၊ မလုံမလဲ ဝတ်ဆင်



သွားလာမိတတ်ကြသည့်အခါ၊ ကြီးလေးသော (အ,ဂါရဝ)အပြစ်၊ ကျူးလွန်မိသကဲ့သို့ ဖြတ်တတ်ပေသည်။

သာမန်ပုထုဇဉ် ပုရိသတို့ရှေ့မှောက်၌ မလုံမခြုံ ဝတ်ဆင်မိသူ မိန်းကလေးတစ်ဦးအဖို့၊ အပါယ်သို့၊ ကျွမ်းပစ်၍ ကျရောက်သည်ကို၊လက်ခံမည်ဆိုလျှင်၊ ဘုရား. . တရား. . သံဃာ. . မိဘ. . ဆရာ . . အစရှိသော အနန္တဂိုဏ်းဝင်များနှင့် အရိယာသူတော်စင်တို့၏ ရှေ့မှောက်၌၊ ထိုအမှုကို ကျူးလွန်မိမယ်ဆိုပါက . . . အကုသိုလ် အရှိန်အဟုန်သည်၊ ခုနက, ပြောခဲ့သော၊မျက်တောင်တစ်ခတ် ကုဋေ တစ်သိန်းနှုန်းနှင့် ကမ္ဘာအဆက်ဆက်၊ အပါယ်သက်ရှည်လျားရပေမည်. . ဟု၊ ရှင်းလင်းတွက်ဆ,စေလိုသည်။

တစ်သင်္ချေသည် "တစ်"အနောက်မှ "သုည"အလုံးပေါင်း(၁၄၀)ဟု၊ မှတ်သားဖူးပါသည်။ အသင်္ချေဟူသည်မှာ . . . တစ်သင်္ချေထက်မက,သော၊ မရေမတွက်နိုင်လောက်အောင်၊ များမြောင်လှသည့်၊ ကိန်းဂဏန်းများ . . . ဖြစ်၏။(တွက်ဆ, ဆင်ခြင်နိုင်စွမ်း၊ ကြီးကြပါကုန်)။

♣

ဘုရားဂေါပက တို့သည်လည်း၊ ဗုဒ္ဓအ,ဂါရဝ ဖြစ်စေသော၊

www.burmeseclassic.com

www.burmeseclassic.com



အဝတ်အစားများ၊ ဘုရားရင်ပြင်တော်တွင်၊ မဝတ်ဆင်ရ. . ဟူသော သတိပေးစာတမ်းလေးများထက်၊ ပိုမိုပြည့်စုံသော ရှင်းလင်းချက်မျိုးတွေ၊ ရေးသားဖော်ပြထားစေချင်ပါသည်။

ဘာဖြစ်လို့လဲဆိုတော့ ဗုဒ္ဓဘာသာ မြန်မာမဟုတ်သည့်၊ ဘုရားဖူးများအတွက်၊ ဗဟုသုတ အလို့ငှာ၊ ရှင်းပြနိုင်သူတွေ၊ လွန်စွာလိုအပ်နေခြင်းကြောင့်ဖြစ်၏။ "ဘုရားပေါ်မှာငါတို့၊ ဝတ်ချင်သလို၊ ဝတ်ဖို့၊ ဘာကြောင့်၊ ခွင့်မပြုတာလဲ"ဆိုတာကို၊ အားလုံး(အားလုံး) သေသေချာချာ၊ သိဖို့လိုလွန်းလှသည်။

ကျွန်တော်ငယ်စဉ်က၊ လူကြီးသူမ,တစ်ဦးပြောပြဖူးသည့်၊ အဖြစ်အပျက်တစ်ခုကို၊ ဖော်ပြအပ်ပါသည်။

"တစ်ခါက၊ ဈာန်အဘိညာဉ်ရ၊ ရဟန်းတစ်ပါးက၊ သူကြွနေကျ နန်းတော်ကို၊ တောင်းတင်ခရီးက၊ အလာ၊ ဥယျာဉ်တော်အတွင်း။ ရေကစားနေတဲ့၊ မိဖုရားရဲ့၊ ရင်သားကို မြင်လိုက်ရပြီး၊ ဈာန်အဘိညာဉ်၊ ပျက်ယွင်းသွားရသတဲ့။

ဈာန်လည်းပျက်၊ မြင်တွေ့မိတဲ့ ရာဂအာရုံကိုလည်း၊ မပယ်ဖျောက်နိုင်တဲ့၊ အဲဒီရဟန်းရဲ့ အဖြစ်ကို၊ ဘုရင်သိပြီး. . . မေးမြန်းစုံစမ်းတဲ့အခါ၊ အဖြစ်မှန်ကို တွက်,ဆရင်း၊ အဲဒီရဟန်းကို၊ လှူ,



အသွင်ပြောင်းခိုင်းပြီး၊ မိဖုရားနဲ့ ပေးစားလိုက်သတဲ့။

ဘာဖြစ်လို့၊ ပေးစားလိုက်ရသလဲ. . . ဆိုတော့၊ မိန်းမ, တစ်ယောက်ရဲ့ အတွင်းအင်္ဂါကို၊ သူ,လင်ယောကျ်ားသာ၊ မြင်ခွင့်ရှိတယ်။ အခု. . မိဖုရားရဲ့ အတွင်းအင်္ဂါကို၊ ထိုရဟန်းမြင်မိတဲ့အတွက်၊ ထိုရဟန်းသာ၊ သူ,လင်ယောကျ်ားဖြစ်ရမယ်". . တဲ့။

♣

အထက်ပါအဖြစ်အပျက်ကို၊ အခြေတည်၍ စဉ်းစားကြည့်မည်ဆိုလျှင်၊ မိန်းမသားတို့သည်၊ ကိုယ်ခန္ဓာအချိုးအဆစ်တို့ကို လူရှေ့သူရှေ့မြင်သာအောင်၊ ဝတ်ဆင်ဖော်ကျူးနေကြခြင်းဖြင့်၊ သူတို့၏ အတွင်းသားတို့ကို မြင်သူတိုင်း အထက်ပါ ဘုရင်၏ အဆုံးအဖြတ် နှင့်သာဆိုလျှင်၊ မြင်သူတိုင်းသည်၊ ၎င်းတို့၏ ခင်ပွန်း . . . ယောကျ်ား တွေသာ၊ဖြစ်ကြရပေတော့မည်။

♣

ခန္ဓာကိုယ် အချိုးအဆစ်ကို၊ ဖော်လှစ်ပြသရသော အလုပ်ကို၊ မိမိ၏သမီးငယ် လုပ်ရတော့မည်ကြံလျှင်၊ ဗုဒ္ဓဘာသာဝင် မိဘများအနေဖြင့်၊ ဗဟုသုတ, ကြီးစွာ၊ လေ့လာသုံး သပ်ဆင်ခြင် စဉ်းစားကြပါ. . . ဟု၊ အကြံပြုလိုပါသည်။(အပါယ်. ဟူသော

www.burmeseclassic.com

www.burmeseclassic.com



အရာဌာနကို၊ အခြားမည်သည့်နိုင်ငံကမျှ၊ ထဲထဲဝင်ဝင် မသိမြင်တတ်ကြပါ)

သို့သော်. . . အကြမ်းအားဖြင့်၊ လောက အသီးသီး၌၊ ကောင်းကင်လမ်းနှင့် ငရဲလမ်းဟူ၍၊ ရှိနေတတ်ပေသည်။

အသိဉာဏ်ခိုင်ခန့်သော၊ မည်သူမဆို၊ မိမိ၏ ဘုရားအလိုကျ၊ ကောင်းကင်လမ်းကိုသာ၊ ရွေးချယ်ချင်ကြသည်။ မည်သူမျှ၊ ငရဲလမ်းကို၊ မရွေးချယ်ချင်ကြ။

သို့သော်. . .

နှစ်သက်ပျော်ရွှင်စွာ၊ လျှောက်လှမ်းနေမိသော လမ်းသည်၊ သတိဉာဏ်၊မေ့လျော့နေစဉ်၌ မည်သို့မျှ မသုံးသပ်မိသော်လည်း၊ အသိဉာဏ် သတိဉာဏ်ဝင်လာသည့်အခါ၊ ထိုလမ်းကို၊ ဆန်းစစ်ကြည့်သည့်အခါ၊ ငရဲလမ်းဆိုး၊ ဖြစ်နေတတ်လေ၏။

ထိုအခါ. . .

ဉာဏ်မီသူတို့သည်၊ ဉာဏ်ကြီးသူတို့၏ အတူအညီကိုယူလျက်၊ လမ်းပြောင်းကြ၏။ လမ်းပြင်ကြ၏။ လမ်းအသစ်ဖောက်ကြ၏၊



ကျွန်တော်တို့အားလုံး

လမ်းဖောက်နေကြသူများဖြစ်သည်။

ကိုယ်တြိုက်သောလမ်းကို၊ ကိုယ်ဘာသာ မှန်မှန်ကန်ကန် ရွေးချယ်တတ်ဖို့ အရေးကြီး၏။ လမ်းမှန်သူများလျှင်၊ လောက,သည် ပို၍ အေးချမ်း,သာယာ၏. . ။ ။

2013-Nov -14
1:20 (P-M)
[Eternal Light Magazine 2013-Dec]

www.burmeseclassic.com

www.burmeseclassic.com



# ကမ်းပြိုနေသော မြစ်ချောင်းများ

၁။

တခြား လူမျိုးတွေအတွက်တော့၊ မပြောတတ်၊ ဗုဒ္ဓဟာသာ မြန်မာလူမျိုးတိုင်းအတွက်တော့၊ စည်းကမ်းဆိုတာ၊ အင်မတန် လွယ်ကူသော၊ လိုက်နာစရာကိစ္စလေးမျှသာ၊ ဖြစ်၏။

အဘယ်ကြောင့်ဆိုသော်. . .

◆

စည်းကမ်းဆိုသော ဝေါဟာရ၏ အဓိပ္ပါယ်မှာ၊ လိုက်နာရမည့် ကျင့်ဝတ်ဖြစ်၏။ ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးတိုင်း အတွက်၊ လိုက်နာရမည့်၊ ကျင့်ဝတ်(စည်းကမ်း)တို့ကို၊ ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးတို့လိုက်နာကြရန်၊ မည်သည့်နိုင်ငံရပ်ခြားက,မျှ၊ တင်သွင်း သယ်ဆောင်စရာမလိုပါ။

ကိုယ့်အိမ် ကိုယ့်ယာ ကိုယ့်သာသနာထဲမှာ၊ ကိုယ့်ပြည်တွင်းမှာ၊ အပြည့်အသိပ်၊ ထည့်ထည့်ဝါဝါ၊ ခန့်ခန့်ညားညား၊ ပြည့်ပြည့်စုံစုံ ရှိနေပြီးသားပင်၊ ဖြစ်၏။ ထို့ကြောင့်၊ ဗုဒ္ဓဘာသာဝင် မြန်မာ



လူမျိုးများ၊ လိုက်နာကြရမည့်၊ ကျင့်ဝတ်(စည်းကမ်း)တို့ကို၊ မည်သည့် နိုင်ငံရပ်ခြားက,မျှ၊ သယ်ယူတင်သွင်းစရာမလိုအပ်ကြောင်း၊ ကျွန်တော်အာမ,ခံပါသည်။

◆

အပြောများနေကြသော၊ တချို့စကားများကို၊ စိတ်မကောင်းခြင်း ကြီးစွာ၊ ကြားနေရသည်မှာ တော်တော်လေး၊ ကြာနေပေပြီ။

တခြားနိုင်ငံတွေက၊ စည်းကမ်းကြီးကြသတဲ့။ ဒါဆို၊ ကျွန်တော်တို့၊ မြန်မာနိုင်ငံဟာ၊ စည်းပျက်ကမ်းပျက် ဖြစ်နေတာ။ တော်တော်ကြာပြီလို့၊ ဆိုလိုရာ၊ ရောက်တာပေါ့။

(စည်းပျက် ကမ်းပျက် ဖြစ်နေတယ်ပေါ့။)

ထိုစကားကို၊ လက်သီး လက်မောင်းတန်းကာ၊ ကျွန်တော် ပြန်လည်ချေပ,ချင်လှသည်။ သို့သော်. . . သူတို့ပြောကြတာ၊ ဟုတ်များနေမလား. . . ဟု ဆန်းစစ်ရပေဦးတော့မည်။

◆◆◆

www.burmeseclassic.com

www.burmeseclassic.com



၂။

"ဘယ်သူတရားပျက်ပျက်၊ ကိုယ်မပျက်ပါနှင့်၊
ဘယ်သူ စည်းကမ်းပျက်ပျက်၊ ကိုယ်မပျက်ပါနှင့်။
လူ၏ တန်ဖိုးကို၊ စည်းကမ်းက ဆုံးဖြတ်သည်။
စည်းကမ်းရှိမှ၊ လူတန်ဖိုးရှိမည်"

ဥမမယ်, စာမမြောက်၊ မူလ,တန်းအရွယ်လောက်ကတည်းက၊ ဆရာကြီး-ဦးစံရွှေ . . ဟုခေါ်သော၊ ဆရာကောင်းတစ်ယောက်၏၊ သွန်သင်မှုကြောင့်၊ အထက်ပါ ဆောင်ပုဒ်ကို၊ ကျွန်တော်နှုတ်တိုက် ရနေခဲ့ပေသည်။

ထိုဆောင်ပုဒ်သည်၊ ကျွန်တော့်ဘဝ၊ ကျွန်တော့်ပေတံ၊ ကျွန်တော့်အတွက်၊ သတိပေးတရား။ကျွန်တော့် ငယ်ဆရာ၏ ဩဝါဒ။

♠

မြန်မာတွေ ဘာကြောင့်စည်းကမ်းနည်းနေကြရသလဲ. . ဟု၊ တစ်စုံတစ်ယောက်က၊မေးမြန်းခဲ့သည် ရှိသော်၊ "စည်းကမ်း" . . ဆိုတာ၊ ဘာမှန်းမသိတဲ့သူတွေ၊ တိုင်းပြည်ကို၊ အကြာကြီး အုပ်ချုပ်ခဲ့ကြလို့ပေါ့. . . ဟု၊ ကျွန်တော်ဝေဖန်မှုပြုလျက်၊ တိတိ



ကျကျ၊အဖြေပေးရပေတော့မည်။

အာဏာရှိမှ၊ လူရာဝင်မယ်။ ရာထူးကြီးမှ၊ လူရိုသေမယ်။ သူတော်ကောင်းထက်၊ ရာထူးကြီးသူကိုသာ၊ ဆည်းကပ်။

သီလ,ဂုဏ် . . သမာဓိဂုဏ်ကြီးသူထက်၊ အာဏာကြီးသူကိုသာ၊ ပူဇော်ဖို့ သင်အံပေးသလို ဖြစ်ခဲ့ရသော၊ စည်းကမ်းမသိသူ စည်းကမ်း မရှိသူတို့၏၊ အုပ်ချုပ်မှုအောက်၊ ပြားပြားမှောက်ခဲ့ကြရပြီး၊ နောက်လူတချို့,ကပါ၊ သူတို့ လုပ်သလို၊ လုပ်၊ သူတို့လုပ်တာအမှန်ဟု၊ ထပ်မံ တုပ, လိုက်နာကြရင်းမှ၊ ကျွန်တော်တို့မြန်မာပြည်၊ ထီးနန်းမပျောက်သော်လည်း၊ စည်းကမ်းပျောက်ခဲ့ကြရသည်။ ယခုအချိန်အထိ၊ စည်းကမ်းဖောက်နေကြသေးသည်။

♠♠♠

၃။

ကျွန်တော်တို့ ။ ဘယ်စည်းကမ်းကို၊ဘယ်လို လိုက်နာကြမှာလဲ။ (ထိုကိစ္စသည်၊အင်မတန်လွယ်ကူသော ကိစ္စဖြစ်ပါသည်)

ဝေါတမမြတ်စွာဘုရား၏ သင်္ဂါလသုတ္တံထဲမှ၊ ဒေသနာတို့ကို၊ ကျေးလူရှင် သင်္ဂဇာဆရာတော်ကြီးက၊ ဗုဒ္ဓဘာသာမြန်မာလူမျိုး

www.burmeseclassic.com

www.burmeseclassic.com



တို့၊ အလွယ်ရစေရန်၊ လက်ာသီပေးခဲ့သည် မဟုတ်လော။

(၁) သားသမီးဝတ်။ ။ကျွေးမွေးမပျက်၊ ဆောင်ရွက်စီမံ၊ မွေခံထိုက်စေ၊လှူမျှဝေ၍၊ စောင့်လေမျိုးနွယ်၊ ဝတ်ငါးသွယ်၊ ကျင့်ဖွယ်သားတို့တာ။

(၂) မိဘဝတ် ။ ။မကောင်းမြစ်ထား၊ ကောင်းရာညွှန်လတ်၊ အတတ်သင်စေပေး၊ ဝေနီးရင်း၊ ထိမ်းမြားခြင်းလျှင်၊ ဝတ်ငါးအင်၊ ဖခင်မယ်တို့တာ။

(၃) တပည့်ဝတ် ။ ။ညီညာထကြွ၊ ဆုံးမ,နာယူ၊ လာမှုကြိုဆီး၊သင်ထွေးအံ့ရွတ်၊ တပည့်ဝတ်၊မချွတ်ငါးခုသာ။

(၄) ဆရာဝတ် ။ ။အတတ်လည်းသင်၊ ပဲ့ပြင်ဆုံးမ၊ သိပ္ပမချန်၊ ဘေးရန် ဆီးကာ၊ သင့်ရာ အပ်ဖို့၊ ဆရာတို့၊ ကျင့်ဖို့ဝတ်ငါးဖျာ။

(၅) မိတ်ဆွေဝတ် ။ ။ ပေးကမ်းချီးမြှင့်၊ ကိုယ်နှင့်



ယှဉ်ထား၊စီးပွားဆောင်ရွက်၊ နှုတ်မြွက်ချိုသာ၊သစ္စာမှန်စေ၊ ဝတ်ငါးထွေ၊ ကျင့်လေ မိတ်သဟာ။

(၆) အကြီးအကဲဝတ်၊ ။ ထကြွနိုးကြား၊ သနားသည်းခံ၊ ဝေဖန်ထောက်ရှု၊ ဤခြောက်ခု၊ ကြီးသူ့ကျင့်ဝတ်သာ။

(၇) ရှင်ရဟန်းဝတ်။ ။ မကောင်းမြစ်တား၊ ကောင်းရာညွှန်လစ်၊အသစ်ဟော ကျူး၊နာဖူးထပ်မံ၊နတ်ထံတင်ရာ၊ မေတ္တာလည်းပြု၊ရဟန်းမှု၊ ခြောက်ခုလွှန်သေချာ။

(၈) လှူဒါယကာဝတ်။ ။ မေတ္တာစိတ်သက်၊ ဆောင်ရွက်ချစ်ကြင်၊ခင်မင်နှုတ်ချို၊ လိုလျှင်ဖိတ်ထား၊ တတ်အားလှူစေ၊ ဝတ်ငါးထွေ၊ကျင့်လေ ဒါယကာ။

(၉) လင်ကျင့်ဝတ်။ ။ မထီမဲ့တင်း၊အပ်နှင်း ဥစ္စာ၊မိစ္ဆာမမှား၊ဝတ်စားဆင်ယင်၊

www.burmeseclassic.com

www.burmeseclassic.com



မြတ်နိုးကြင်ငါ၊အင်လင်ကျင့် ရာ။

(၁၀) မယားဝတ်။ ။ အိမ်တွင်းမှုလုပ်၊သိမ်းထုတ်
သေချာ၊မိစ္ဆာကြဉ်ရှောင်၊ လျှော်
အောင်ဖြန့်ချိ၊ ပျင်းယိမမူ၊ ဝတ်
ငါးဆူ၊ အိမ်သူကျင့်အပ်စွာ။

•

ဝတ်. . ဆိုတာ၊ ကျင့်ဝတ်။ ကျင့်ဝတ်ဆိုတာ၊ လိုက်နာရမည့် စည်းကမ်း။ ကျွန်တော်တို့(ဗုဒ္ဓဘာသာဝင်တွေ)လိုက်နာရမည့်စည်းကမ်း၊ ဘယ်နိုင်ငံက,မှ၊ တင်သွင်းစရာမလိုအပ်ကြောင်း၊ ပြောချင်တာပါ။

ဒါပေမဲ့. . . အဲဒီကျင့်ဝတ်(စည်းကမ်း)ငယ်လေးတွေကို၊ ကျွန်တော်တို့ ငယ်ငယ်တုန်းက၊ ကျောင်းသုံးဗလာစာအုပ် နောက်ကျောဖုံးတွေမှာ၊အမြဲတမ်းတွေ့မြင်၊ နေရတဲ့အတွက်၊ အထူးကျက်မှတ်စရာမလိုဘဲ၊ အားလုံးနီးပါး၊ အလွတ်ရနေကြပါတယ်။

အခု. . . အဲဒီအစဉ်အလာကို၊ဘယ်သူဖျက်စီးလိုက်လေသလဲ။(ဗလာစာအုပ်ထုတ်ကြတဲ့၊ စီးပွားရေးသမားတွေထဲမှာ၊ ဗုဒ္ဓဘာသာဝင်တွေများ၊ မရှိကြတော့လို့လား)။မသိ။



ကျွန်တော်ကိုယ်တိုင်ပင်လျှင်၊ ဦးနှောက်နည်းစဉ်တာ၊ ဗုဒ္ဓဘာသာ၏ အဆုံးအမ၊ ကျင့်ဝတ်(စည်းကမ်း)ကို၊ လိုက်နာစရာဟု၊ မထင်။ သိထားရုံပဲဟု၊ ထင်ခဲ့ဖူး၏။ နောက်မှ စိတ်ဒုန်းဒုန်းချလျက်၊ အသက်သာဆုံး နည်းလမ်းကို၊ ရွေးလိုက်သည်။"ဘယ်စည်းကမ်းတွေ၊ ဘယ်လို၊ ကောင်းတယ်. . . လို့၊ ဘယ်သူပြောပြော၊ ငါ. . ဗုဒ္ဓဘာသာဝင်တစ်ယောက်ဖြစ်တဲ့အတွက်၊ ဗုဒ္ဓရဲ့ စည်းကမ်းကိုသာ(ဉာဏ်မီသလောက်)ငါ,လိုက်နာတော့မယ်". . ဟု သေသေချာချာ ဆုံးဖြတ်ခဲ့လေသည်။

ကျွန်တော် လူညံ့တစ်ယောက်ဖြစ်သည်။ ထို့ကြောင့်၊ သက်သာအောင် နေရဖို့ တွေးသည်။ ဘုရားရှင်၏ စည်းကမ်းများစွာအနက်၊ (၂၂၇)ခုကိုလည်း၊ ကျွန်တော်လိုက်မမီ။ (၁၀)ပါး သီလ,ကိုလည်း၊ မလုံခြုံနိုင်။ ထိုအခါ၊ ကျွန်တော့်လို လူညံ့တစ်ယောက်အတွက်၊ အရေအတွက် အနည်းဆုံး။ စည်းကမ်းဖြစ်သော၊ (၅)ပါး သီလ,ကိုသာ၊ အလွယ်တကူ၊ ရွေးချယ်လိုက်နာခဲ့ရသည်။

ကျွန်တော့်ထက်၊ တော်-တတ် သူတွေ၊ ထို့ထက် လိုက်နာနိုင်ကြလိမ့်မည်ဟု၊ ကျွန်တော်ယုံကြည်ပါသည်။

•

www.burmeseclassic.com

www.burmeseclassic.com



ဘုရားရှင်၏ စည်းကမ်းကို၊ လိုက်နာနိုင်ပြီးသူသည်၊ အခြား စည်းကမ်းချက်များစွာအပေါ်၊ မလိုက်နာနိုင်စရာ၊ အကြောင်းမရှိ။

●●●

၄။

ဘုရားချမှတ်သော စည်းကမ်းကို၊ ဖောက်ဖျက်ကြပါက၊ အပါယ်သို့၊ ကျရပေလိမ့်မည်။ ထို့အတူ၊ လောက၏ နေရာအသီးသီးရှိ သက်ဆိုင်ရာတို့က၊ ချမှတ်သော၊ စည်းကမ်းတို့ကို၊ ဖောက်ဖျက်ကြလျှင်လည်း၊ အန္တရာယ်တစ်ခုခုတော့၊ ရင်ဆိုင်ရမှာ၊ သေချာပါသည်။

ထို့ကြောင့်၊

စည်းကမ်း ဟူသမျှသည်၊ လူအားလုံး၏၊ကောင်းကျိုးအတွက်၊ ချမှတ်ကြရခြင်းဖြစ်ကြောင်း၊ လူစင်စစ်တိုင်း၊ သိ,နားလည်ကြရပေမည်။

●

စည်းကမ်းမဲ့သော သားသမီးသည် စည်းကမ်းမဲ့သော မိဘထံမှလာ၏။ စည်းကမ်းမဲ့သော တပည့်တို့သည်၊ စည်းကမ်းမဲ့သော၊ ဆရာထံမှ လာ၏။ စည်းကမ်းမဲ့သော နိုင်ငံသားသည်၊



စည်းကမ်းမဲ့သော နိုင်ငံမှ၊ လာ၏။ စည်းကမ်းမဲ့သော၊ ဘာသာဝင်သည်၊စည်းကမ်းမဲ့သောဘာသာမှ၊ လာ၏ . . . ဟု၊ ကျွန်တော်တွေးကြည့်မိသောအခါ၊ လွန်စွာထိတ်လန့်ခဲ့ရ၏။

အဘယ်ကြောင့်ဆိုသော် . . .၊ ကျွန်တော်သည်၊ စည်းကမ်းမဲ့သူဖြစ်ခဲ့သော်၊ကျွန်တော့်ကြောင့်၊ ကျွန်တော့်မိဘ, ကျွန်တော့် ဆရာ, ကျွန်တော့်နိုင်ငံ၊ ကျွန်တော့်ဘာသာ၊ ဘာသာနာတိုပင်၊ ထိခိုက်သွားနိုင်သောကြောင့်၊ဖြစ်၏။

●

ထို ထိတ်လန့်စိတ်ဖြင့်၊ စည်းကမ်းတိုင်းကို၊ (ဉာဏ်မီသလောက်,ကျွန်တော်၊လိုက်နာဖြစ်ခဲ့သည်။

စည်း-ဝါး လွတ်နေသောဂီတသံသည်၊ နားဝင်မချို။

တမ်းပြိုနေသော မြစ်,ချောင်းတို့၏ ဒေသဝန်းကျင်သည်လည်း၊ အန္တရာယ်၊ မကင်း။ (စည်းကမ်းမဲ့နေသူတို့သည်၊ကမ်းပြိုနေသော မြစ်-ချောင်းများနှင့် တူလွန်းလှ၏။)

"စည်း-ကမ်း". . . . ဟူသည်၊ အကျိုးလိုလားသူတို့က၊ လူအားလုံး၏ ကောင်းကျိုးအတွက်၊ တားရ, ဆီးရသော၊ ဝိနည်း (ဥပဒေ)တို့၊ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



အာဏာဖြင့် လည်းကောင်း၊ အနိုင်ကျင့် မင်းမူလို၍ လည်းကောင်း၊ တားဆီးခြင်း မဟုတ်သော၊ မည်သည့် စည်းကမ်း ကိုမဆို၊ မည်သူမဆို လိုက်နာကောင်းလှသည်။

♣

ကျွန်တော်ကတော့၊ ကိုယ့်ကိုယ်ကိုယ်၊ အမြဲတမ်း သတိပေး ထားရသည်။ စည်းကမ်းမဲ့သော၊ ကျွန်တော့်ကြောင့်၊ မိဘ-ဆရာ-တိုင်းနိုင်ငံ-ဘာသာသာသနာကို၊ မထိခိုက်စေချင်ပါ။ ထိခိုက်မည် ကို၊ မလိုလားပါ။

ထို့ကြောင့်၊ ကျွန်တော်ကတိပြုပါသည်။

ကျွန်တော့်ကြောင့်

မိဘ,

ဆရာ,

တိုင်းနိုင်ငံ,

ဘာသာ . . . သာသနာ,

မထိခိုက်စေရ၊ မညှိုးနွမ်းစေရ ။

2014-Jan -17

9:36 (A-M)

[Eternal light Magazine 2014-Feb]



# ငြိမ်းချမ်းရေးအတွက် ဆေး(၄)ခွက်

ပထမငြိမ်းချမ်းရေး

ကိုယ်နေတဲ့ဒေသ၊ကိုယ်နေတဲ့ ဝန်းကျင်၊ ကိုယ်နေတဲ့ ကမ္ဘာနဲ့ ၊ ကိုယ့်ဘဝ,ကို. . ကိုယ်၊မငြိမ်းချမ်းစေချင်တဲ့လူဆိုတာ၊ မရှိပါဘူး။အသိဉာဏ် မချွတ်ချော်သူ မှန်သမျှ၊ အားလုံးကို၊ ငြိမ်းချမ်း စေချင်သူချည်းပါပဲ။

ကြီးကြီးကျယ်ကျယ် ပြောရရင်၊ လောက,ကြီးကို၊ ငြိမ်းချမ်း စေချင်တယ်ပေါ့ဗျာ။ "တစ်လောက,လုံးကို၊ ပြောင်းလဲပြုပြင်ချင်ရင်၊ ကိုယ့်ကိုယ်ကိုယ်၊ အရင်ဆုံး၊ ပြောင်းလဲပြုပြင်လိုက်ပါ". . ဆိုတဲ့၊ အိန္ဒိယခေါင်းဆောင်(သူတော်ကောင်း)ကြီး၊ မဟတ္တမဂန္ဒီရဲ့၊ ဆုံးမ, စကားကိုလည်း၊ မှတ်သားထားခဲ့ဖူးလေတော့၊ "လောက,ကြီးကို၊ ငြိမ်းချမ်းစေချင်ရင်၊ ငါ့ကိုယ်ငါ၊ အရင်ငြိမ်းချမ်းအောင်၊ ကြိုးပမ်း ရမှာပါလား". . လို့၊ ခံယူပြီး၊ ကိုယ့်ကိုယ်ကိုယ်၊ ငြိမ်းချမ်းဖို့၊ အရင် ဆုံး ကြိုးပမ်းဆောင်ရွက်ခဲ့ပါတယ်။

♣

www.burmeseclassic.com



ဘုရားကိုဆရာတင်။

လူဆိုတာ၊ ကိုယ့်ထံနဲ့ကိုယ်၊ ကိုယ့်ဉာဏ်နဲ့ကိုယ်ဆိုတော့၊ ကိုယ့်ဘဝ, ငြိမ်းချမ်းဖို့၊ ကိုယ့်ဉာဏ်မီသလောက်တွေနဲ့၊ ငြိမ်းချမ်းမှုနည်းစနစ်ကို၊ ရှာဖွေကြရတာပါပဲ။

ကျွန်တော်က၊ ကမ္ဘာပတ်ရလောက်အောင်၊ ဉာဏ်, သိပ်ကောင်းတဲ့သူ မဟုတ်လေတော့၊ ကိုယ့်အိမ်ခေါင်းရင်းက၊ ဘုရားကျောင်းဆောင်ပေါ်မှာ၊ သီတင်းသုံးစံပါယ်တော်မူနေတဲ့၊ မိရိုးဖလားကိုးကွယ်ခဲ့ကြရတဲ့၊ ဂေါတမ မြတ်စွာဘုရားကိုပဲ၊ ဆရာတင်ခဲ့ရပါတယ်။ ဘုရားရှင်ရဲ့ အဆုံးအမကို၊ ရဟန်းသူတော်ကောင်း၊ လူသူတော်ကောင်းတို့ရဲ့၊ ကျေးဇူးကြောင့်၊ ခံယူနာကြား၊ နားလည်လက်ခံခွင့်၊ ရခဲ့တယ်ဆိုပါတော့။(ဒါကိုပဲ၊ ကံကောင်းတယ်. . လို့၊ ကိုယ့်ကိုယ်ကိုယ်၊ယူဆ,ဖြစ်ပါတယ်)။

ဘဝ,ငြိမ်းချမ်းဖို့၊ ကိုယ့်အိမ်ခေါင်းရင်းက၊ ကိုယ်,ကိုးကွယ်တဲ့၊ ဘုရားရဲ့ နည်းစနစ်ကိုမှ၊ အသုံးမပြုတတ်ဘူးဆိုရင်၊ တခြားနေရာ. . တခြားအရပ်က. . ၊ တခြားနည်းတွေကို၊ အဟုတ်ထင်၊ အမှတ်မှားပြီး၊ တခြားဝါဒ,တခြားပညာတွေအောက်၊ ပြားပြားမှောက်ရတော့မှာပဲ. . လို့၊ တွေးကြောက်ပြီး၊ ကိုယ့်ဘုရားနည်းကိုပဲ၊



ဉာဏ်မီအောင်၊ နားလည်အောင်၊ ဆည်းကပ်လေ့လာ၊ လက်ခံကျင့်သုံးခဲ့ပါတယ်။

♠♠♠

ဘုရားပေးတဲ့ဆေး(၄)ခွက်

အနန္တ(၅)ပါး၊ ရတနာ(၃)ပါးရဲ့၊ ဂုဏ်ကျေးဇူးကြောင့်၊ ဘုရားရှင်ဆီက၊ ကျွန်တော်လက်ခံရရှိတဲ့၊ ဆေး(၄)ခွက်က,တော့၊ 'မေတ္တာ"၊ "ကရုဏာ"၊"မုဒိတာ"၊ "ဥပေက္ခာ". . ဆိုတဲ့၊ ဗြဟ္မစိုရ်တရား(၄)ပါးပါပဲ။

ဗြဟ္မစိုရ်တရားဆိုတာ၊ ဗြဟ္မပြည်ရောက်ကြောင်း တရား. . လို့၊အစီပွါယ်၊ သက်ရောက်ပါတယ်။(လောကပါလတရား၊ လောက,ကို၊စောင့်ရှောက်တဲ့တရား). . လို့လည်း၊ကြားနာဖူးပါတယ်)။

ဗြဟ္မစိုရ်. . . ဆိုတဲ့ ဝေါဟာရတ၊ ဗြဟ္မစရိယ. . ဆိုတဲ့၊ ပါဠိစကားက၊ ဆင်းသက်လာတဲ့ ဝေါဟာရ။ မြတ်သောအကျင့်၊ ဗြဟ္မပြည် ရောက်ကြောင်း အကျင့်။(ဗြဟ္မ-မြတ်သော(ဗြဟ္မာတို့နှင့် သက်ဆိုင်သော)။ စရိယ-အကျင့်)။ မြတ်သောအကျင့် . . . စသည်ဖြင့်၊ နာယူမှတ်သားဖူးပါတယ်။

♠

www.burmeseclassic.com

www.burmeseclassic.com



မေတ္တာ ॥ ॥ ကိုယ်နဲ့တန်းတူတွေအပေါ်မှာ၊မေတ္တာစိတ်ထား॥

ကရုဏာ ॥ ॥ ကိုယ့်ထက်နိမ့်ကျတဲ့ သူတွေအပေါ်၊ ကရုဏာ(သနားစိတ်)ထား॥

မုဒိတာ ॥ ॥ ကိုယ့်ထက်သာတဲ့ သူအပေါ်၊ မုဒိတာ (မနာလို ဝန်တိုမှု မရှိတဲ့စိတ်)ထား॥

ဥပေက္ခာ ॥ ॥ မေတ္တာ၊ ကရုဏာ၊ မုဒိတာစိတ်တွေနဲ့ မထိုက်တန်သူအပေါ်၊ ဥပေက္ခာထား॥

မေတ္တာစိတ်ဆိုတာ၊ ချစ်ခင်လိုလားတဲ့ စိတ်॥ ကရုဏာစိတ်ဆိုတာ၊ သနားတဲ့စိတ်၊ မုဒိတာဆိုတာ॥ သူတစ်ပါးကြီးပွားတိုးတက်မှုအပေါ်၊ ဝမ်းမြောက်တဲ့စိတ်॥ ဥပေက္ခာဆိုတာ॥ အချစ်လည်း မဖြစ်၊ အပြစ်လည်း မမြင်တဲ့စိတ်॥ (တစ်နည်းအားဖြင့်) ကုသိုလ်,အကုသိုလ် မဖြစ်တဲ့စိတ်ပေါ့॥

လူဆိုတာက၊ ရွယ်တူ တန်းတူ၊ အရည်အချင်းတူရင်၊ ပြိုင်မိတတ်တယ်॥ ပြိုင်ပြီဆိုတာနဲ့ နိုင်ချင်စိတ် ဖြစ်ရော॥ မနိုင်ပြန်ရင်လည်း . . ဒေါသ,စိတ်၊ ဝင်လာရော॥ (အဲဒါကြောင့်၊ အရည်အချင်းတန်းတူတွေအပေါ်၊ မေတ္တာစိတ်ထားနေတာ॥ အန္တရာယ်အကင်းဆုံးပါပဲ)॥



လူဆိုတာ၊ နိမ့်ကျတဲ့သူအပေါ်ကျတော့၊ အနိုင်ကျင့်မိတတ်တယ်လေ॥ အနိုင်ကျင့်မိပြီဆိုတာနဲ့၊ အ,ကုသိုလ်ဖြစ်လာမှာ၊ အမှန်ပဲ॥ (အဲဒါကြောင့်၊ ကိုယ့်ထက် နိမ့်ကျသူအပေါ်၊ ကရုဏာထား၊ သနားလိုက်တာ၊ အမွန်မြတ်ဆုံးပါပဲ॥

လူဆိုတာ၊ (ကိုယ့်လောက်မတော်တဲ့သူက) ကိုယ့်ထက်သာသွားရင်၊မနာလို ဝန်တိုစိတ်၊ ဖြစ်မိတတ်တယ်॥ တော်တဲ့တတ်တဲ့သူ၊နေရာရသွား၊ သာသွားရင်သာ၊ ကျေနပ်နိုင်ကြပေမယ့်၊ မတော်မတတ်ဘဲ၊ အခွင့်အာဏာကြောင့်၊ သာလွန်သွားတဲ့ သူတွေကို များ၊ တွေ့ကြရရင်၊ (ကျွန်တော်အပါအဝင်)မနာလို ဝန်တိုစိတ်၊ ဖြစ်မိတတ်ကြမှာပါပဲ॥

ဣဿာ(မနာလိုစိတ်)၊ မစ္ဆရိယ(ဝန်တိုစိတ်/မပေးချင်မကမ်းချင် တဲ့စိတ်) ဖြစ်မိကြတာပါပဲ॥ အဲဒီ ဣဿာ မစ္ဆရိယစိတ်တွေဟာ၊ (ကျွန်တော်အပါအဝင်)လူတိုင်းရဲ့၊ အတွင်းရန်သူကြီးတွေပါ॥ အဲဒီ ရန်က၊ အေးအောင်၊ လွတ်အောင်၊ ငြိမ်းအောင်၊ ကိုယ့်ထက်သာတဲ့ သူ၊ အပေါ်(ဘယ်လိုနည်းနဲ့ပဲ သာသာ)၊ဝမ်းသာစိတ် မွေးပေးလိုက်တာ၊ အကောင်းဆုံးပါ॥

ချစ်တဲ့စိတ်လည်း၊ ထားပေးလို့မရ၊ သနားစိတ်ထားပေး

www.burmeseclassic.com

www.burmeseclassic.com



တာလည်း၊ အဆင်မပြေ၊ ဝမ်းသာ ဝမ်းမြောက်ပေးတာတောင်၊ ဘဝင်မကျတဲ့ သူမျိုး၊ တွေ့ကြုံခဲ့ပြီဆိုရင်တောင်၊ ဥပေက္ခာပြုလိုက်ပါတော့။

♠

ဥပေက္ခာပြုနည်း။

ဥပေက္ခာပြုတယ်။ ဥပေက္ခာစိတ်မွေးတယ်ဆိုတာကို၊ (တကယ်)နားမလည်ခင်တုန်းက၊ "ဒီလောက် မေတ္တာထား၊ သနားပေးထားတာတောင်၊ အကောင်းမထင်တဲ့သူ၊ သေသေကျေကျေ . . . ကျိုးထိုးထိုး . . ခွေးစားစား၊ ပစ်သာထားလိုက်တော့။သူနဲ့ပါတ်သက်ပြီး၊ ဘာမှ မကြားချင်တော့ဘူး" . . . ဆိုတဲ့၊ စိတ်ထားမျိုးပဲ . . လို့၊ ထင်ခဲ့မိပါသေးတယ်။

တကယ်တော့, . ,

ဥပေက္ခာဆိုတာ၊ မကျေနပ်စိတ်နဲ့၊ ပစ်ပယ်လိုက်တာမျိုး၊ မဟုတ်ပါဘူး။ ဩော် . . . သူခမြာ၊ မသိနိုင် . . . မမြင်နိုင် . . . သဘောမပေါက်နိုင်ရှာပါလား။ ငါလည်း . . ဒီလို မသိတတ်, မမြင်တတ်, သဘောမပေါက်တတ်တဲ့၊ ဘဝ,ဆိုးမျိုး၊ ကြုံခဲ့ဖူးမှာပါပဲ။ အင်းသူ့အကြောင်းနဲ့ . . သူ၊ သူ့ကံနဲ့ . . သူပဲ။ ရှိပါစေတော့



လေ . . ဆိုတဲ့။ စိတ်ထားမျိုးကို၊ ဥပေက္ခာစိတ်လို့၊ ကျွန်တော်သဘောပေါက်တာ၊ သိပ်မကြာလှသေးပါဘူး။

မြင်မြင်သမျှ၊ မြင် . . သိ . . ပျက်။ ကြားကြားသမျှ၊ ကြား . . သိ . . . ပျက် . . ဆိုတဲ့။ ရုပ်သဘော, နာမ်သဘော၊ ဖြစ်ပျက်သဘောတို့နဲ့၊ ဥပေက္ခာပြုနိုင်စွမ်းရင်တော့၊ အကောင်းမြတ်ဆုံးပါပဲပေါ့။

♠♠♠

ဘဝငြိမ်းချမ်းရေးမှ ကမ္ဘာ့ငြိမ်းချမ်းရေး ..သို့။

မေတ္တာစိတ်၊ ကရုဏာစိတ်၊ မုဒိတာစိတ်၊ ဥပက္ခာစိတ် . . . တွေဟာ၊ ဘယ်သူ့ဆီမှာပဲ ထားထား၊ စိတ်က,နေ၊ နှလုံးသားတို့ စီးခိုသွားတာပါ။

နှလုံးသားက တစ်ဆင့်၊ ခန္ဓာတစ်ခွင်လုံးကို၊ နှလုံးသွေးတွေနဲ့ အတူ၊ ပြန့်နှံ့သွားတာ၊ အသေအချာပါပဲ။ အဲဒါကို။ ဗြဟ္မစိုရ်နှလုံးသားလို့ပ်၊ ဆိုပါရစေတော့။

လူတစ်ဦးတစ်ယောက်ရဲ့ ဘဝ.ဟာ၊ အဲဒီ . . . ဗြဟ္မစိုရ်နှလုံးသားကြောင့်၊ အမှန်တကယ်ငြိမ်းချမ်းသွားမယ်ဆိုပါတော့။

ကမ္ဘာ့လူဦးရေ သန်း(၆)ထောင်ပဲ ဖြစ်ဖြစ်၊ သန်း(၇)

www.burmeseclassic.com

www.burmeseclassic.com



ထောင်ပဲရှိရှိ။

တစ်ကမ္ဘာလုံးက၊ လူတိုင်းရဲ့ နှလုံးသားတွေဆီ၊ ဒီ. . ဗြဟ္မစိုရ်တရား(၄)ပါးသာ၊ ကိန်းခိုနေကြမယ်ဆိုရင်၊ တစ်ဘဝ, တစ်တမ္ဘာ မဆိုထားနဲ့၊ စကြာဝဠာအနန္တ၊ ကမ္ဘာအနန္တငြိမ်းချမ်းကြမှာ၊ အမှန်ပါပဲ။

♠♠♠

ဘုရားဆေး တရားဆေး သံဃာဆေး။

ငယ်စဉ်က၊ ကျွန်တော့်ကို၊ အမေ ဆေးတိုက်တဲ့အခါတိုင်း၊ "ဘုရားဆေး၊ တရားဆေး၊ သံဃာ့ဆေး" . . လို့ ပြောပြီး၊ တိုက်ပါတယ်။ ကျွန်တော် ခါးခါးသက်သက်နဲ့သာ၊ သောက်ခဲ့ရတာပါ။

အခုတော့. . . ဘုရားရဲ့ ဆေးကို၊ ကိုယ်တိုင် ဖျော်သောက်ဖြစ်နေပါပြီ။ ဘုရားဆေး . . . တရားဆေး . . . သံဃာ့ဆေးကြောင့်၊ ဘဝ. . ,ကမ္ဘာ. . ,သံသရာ. . ။ ငြိမ်းကြပါစေသတည်း။ ငြိမ်းချမ်းပါစေသတည်း. . . ။ ။

♠♠♠



# ဒေဝဒတ်ထက်မိုက်တဲ့သူ

လူတတ်ကြီးများ

"သမထပဲ လုပ်၊ ဝိပဿနာလုပ်ရင် ဆင်းရဲလိမ့်မယ်" . . ဟုသောဉာဏ်ကြီးရှင် တချို့၏၊ အမှားသွန်သင်မှုကို၊ ကျွန်တော်တစ်ခါမက၊ ကြားဖူးခဲ့၏။ ထိုသူတို့အား ဟန့်တားနိုင်လောက်သည့်၊ စွမ်းပကားလည်း၊ ကျွန်တော့်မှာမရှိ။(ခမ္မန္တရာယ်တို့နေရာအနှံ့ ကြီးစိုးနေပြီ. . ဟုတော့၊ နှလုံးပိုက်မိသည်)။

သံသရာ ဝဋ်ဆင်းရဲအပေါင်းမှ၊ လွတ်မြောက်စေသော၊ ဝိပဿနာ အလုပ်သည်၊ တစ်လက်မ, စာလောက်မျှသော၊ လူ့ဘဝ၏ဆင်းရဲမှုလောက်ကို၊ မကျော်လွှားနိုင်စရာမရှိကြောင်း. . ။ အဆိုပါ လူတတ်ကြီးများသိဖို့ကောင်းသည်။

တလွဲ . . တလွဲ. . တလွဲတွေ၊ များမြောင်လာသောအခါ အမှား. . အမှား. . အမှားတွေလည်း၊ တောင်လို ပုံလာလေတော့၏။

၇

ယုတ်စွအဆုံး။ လူငယ်များအတွက်၊ ရည်မှန်းပြောဆိုကြ

www.burmeseclassic.com



သည့် လူကြီးတချို့၏ အဟော, အပြောတွေထဲ၌ ပင်လျှင်၊ လူငယ်တွေ၊ (၅)ပါးသီလ, မြဲမြဲစွာ၊ စောင့်ထိန်းဖို့လိုအပ်ကြောင်း၊ တစ်ခွန်းမျှ . . . မပါ။ ကမ္ဘာနှင့် ရင်ပေါင်တန်းဖို့ အရေးသာ၊ ဒုန်းစိုင်းလျက်၊ ပြောနေကြတော့၏။

အင်္ဂလိပ်စာမျှ မတတ်လျှင်၊ အမိုက်ကြူးသည့် အလုပ်ပင်၊ မရနိုင်တော့သည့်ပမာ၊ တစ်အင်းတည်းအင်းပြီး၊ တစ်လိပ်တည်း၊ လိပ်နေကြတော့၏၊ အင်းချင်သလောက် အင်းပြီး၊ လိပ်ချင်သလောက်လိပ်ပါ၊ ကျွန်တော့်မှာ၊ ဟန့်တားစရာမရှိ၊ တကယ်လည်း၊အင်္ဂလိပ်စာ, အင်္ဂလိပ်စကား၊ တတ်ထားမှ၊ အဆင်ပြေရမည့်၊ ခေတ်အခြေအနေမို့၊ မည်သို့မျှ၊ ကျွန်တော်မတန့်ကွက်၊

သို့သော် . . .

ဘ၀,ရှင်သန်ရေး ပညာရပ်တို့၏ အခြေခံအကြောင်းတရားကိုတော့၊ လူတတ်ကြီးတွေ သိထားဖို့ကောင်းသည်၊ သိထားသင့်လှသည်။

♣

ဘုန်းကြီးကျောင်း ပညာရေးနှင့်ကိုလိုနီပညာရေး

ရွာဦးကျောင်းမှာ၊ စာသင်၊ ရွာထိပ်က, လယ်ကွင်း၊



လယ်ကွက်မှာ၊ အလုပ်လုပ်၊ လှည်း,နွားတို့၏ အကူအညီဖြင့်၊ ရောင်းဝယ်ဖောက်ကား။

လောဘနည်းနည်း၊ ဒေါသနည်းနည်း၊ မောဟနည်းနည်းဖြင့်၊ ဘ၀,ကို အေးချမ်းစွာ ဖြတ်သန်းခဲ့သည့်၊ ကျွန်တော်တို့ မြန်မာနိုင်ငံ၊

လူတိုင်း . . . (၅)ပါးသီလ,ကို ခါးဝတ် ပုဆိုးလို မြဲခဲ့ကြ၊ သူများယုတ်လို့ ကိုယ်ပြန် ယုတ်ဖို့မကြံ့ပမ်း၊ သူများတိုက်လို့ ကိုယ်ပြန်ရိုက်ဖို့၊ မမိုက်ဖြစ်ခဲ့ကြတဲ့ . . . ကျွန်တော်တို့၊ မြန်မာလူမျိုး၊

ဘုရား . . တရား . . သံဃာ ရတနာမြတ်(၃)ပါးကို၊ဦးထိပ်ပန်ဆင်ပြီး၊ ဘုန်းကြီးကျောင်း ပညာရေးနဲ့ အေးအေးဆေးဆေး၊ ရှင်သန်ခဲ့တဲ့ . . . ကျွန်တော်တို့ တိုင်းပြည်၊

ဘုရင်လည်း ဘုန်းကြီးကျောင်းသား၊ ဝန်ကြီးလည်း ဘုန်းကြီးကျောင်းသား၊ ဗုဒ္ဓဘာသာ သာသနာရဲ့ အရိပ်အာဝါသ, အောက်မှာ၊ ဆရာနဲ့တပည့်၊ တိလေသာ နည်းခဲ့ကြတဲ့ . . . ကျွန်တော်တို့တိုင်းပြည်၊

အဲဒီ့အေးချမ်းတဲ့ တိုင်းပြည်ကို၊ အင်္ဂလိပ်ကိုလိုနီက၊ ကျွန်ပြု၊ ကျွန်ဇာတ်သွင်း၊ ကျွန်ပညာရေး သွင်းကားအောင်

www.burmeseclassic.com



ဆောင်ရွက်။(ကျွန်ုပ်ပညာရေးဆိုတာက၊ လူကို စက်ရုပ်လို ကျက်မှတ်နိုင်းပြီး၊ အုပ်ချုပ်ရေး ယန္တယားမှာ၊ အသုံးချသော . . ပညာရေး)။

ထိုပညာရေး၊ စ,တင် ခြေကုတ်သည့် အချိန်မှစ၍၊ ဗုဒ္ဓသာသနာ၏ အစဉ်အလာ. . ဓလေ့များ၊ အားလုံးနီးပါး၊ မှေးမှိန်ခဲ့ရ၊ အခြားသော သာသနာပင်လျှင်၊ နေရာဝင်ယူခဲ့လေ၏။

တိုလိုနီပညာရေးက၊ (၅)ပါးသီလ မြဲဖို့မသင်၊ ရုံးမှာ၊ စက်ရုံမှာ၊ အုပ်ချုပ်ရေးမှာ၊ အသုံးချဖို့သာ သင်၏။

ထို . . ပညာရေး၏ အစဉ်အလာဆိုးသည်၊ ယနေ့ထက်တိုင်ရှိနေပါသေးကြောင်း. . . သတိပြုတတ်မှသာ၊ ထင်သာမြင်သာ ပေလိမ့်မည်။

♣♣♣

ကိုယ့်ဘုရား ကိုယ်ရွေး

လူမှန်းသိစ,တွင်၊ လူသည် သေတတ်သော သတ္တဝါ. . ဟု၊ ကျွန်တော်သိ၏။ ထိုအခါ၊ ဘဝ ချမ်းသာဖို့ထက်၊ အသေ လွတ်လိုသော၊ ဆန္ဒက၊ ပို၍ ဦးစီးခဲ့သည်။ ထို့ကြောင့်၊ အသေလွတ်ရာ ဉာဏ်ပညာကို၊ အရင်ဦးဆုံး၊ ရှာဖွေလေ့လာသည်။

တမ္ဘာ မည်သည့်နေရာမှာမှ၊ ရှာမတွေ့၊ ဆောခရုတ္တိ၊



ပလေတို့, အရစ္စတိုတယ်, . . . ကားလ်မတ်(စ). . . စသည်ဖြင့်၊ ကျွန်တော်ဆည်းပူးသည်။ လောကီ ဉာဏ်ပညာအရာ၌သာ၊ သူတို့ ထည်ဝါခဲ့ကြ၏။

ကိုယ့်အိမ်ဦးခန်းက၊ ဘုရားကို၊ နောက်ဆုံးမှ၊ ကျွန်တော် တွေ့သည်။ ဘိုးဘွားစဉ်ဆက်၊ ကိုးကွယ်ရှိခိုး နိုကျိုးခဲ့ရသည့်. . ဘုရား။ ဂေါတမ- မြတ်စွာဘုရား။

“အဖေ၊ ကျွန်တော်တို့တွေ၊ ဂေါတမမြတ်စွာဘုရားကို၊ ဘာဖြစ်လို့၊ ရှိခိုးကြရတာလဲဟင်” . . ဟု၊ ဖခင်ကို၊ ကျွန်တော် မေးမြန်းဖူးခဲ့သည်။ “တန်ခိုးကြီးလို့ပေါ့ကွ”. . ဟု၊ အဖေ ဖြေသည်။ အဖေ့အဖြေကို၊ ကျွန်တော် ဘဝင်မကျ။

“အဲဒီ တန်ခိုးကို၊ အဖေမြင်ဖူးလို့လား”

ကျွန်တော့် မေးခွန်းကိုလည်း၊ အဖေ ဘဝင်ကျဟန်မတူ။ ဤသို့ဖြင့်၊ ကျွန်တော်. . . အိမ်ခေါင်းရင်းက ဘုရားကို၊ လေ့လာခဲ့သည်။ (ထိုစဉ်က၊ ရှိခိုးနေရသော်လည်း၊ မရှိသေးတတ်သေး၊ မယုံကြည်နိုင်သေး)။

♣

ဂေါတမမြတ်စွာဘုရား၏ ဒေသနာ(အသုံးအမ) များကို၊

www.burmeseclassic.com

www.burmeseclassic.com



ယုတ္တိဗေဒဖြင့်၊ ကျွန်တော်လေ့လာခဲ့သည်။ စိတ်ပညာဖြင့်၊ ကျွန်တော်ချဉ်းကပ်ခဲ့သည်။ မည်သည့်နည်းနှင့်မျှ၊ ကျွန်တော်ဉာဏ်မမီ။ (သီလ မစင်ကြယ်စွာဖြင့်၊ ကျွန်တော် လေ့လာခဲ့မိ၏။)

သီလ,စင်ကြယ်စွာဖြင့်၊ လေ့လာရင်း . . .

သဒ္ဓါတရားဖြင့်၊ ဦးညွှတ်လိုက်သည့် အခါကျမှ၊ ဘုရားရှင်၏ ဆိုဆုံးမ,မှု မှန်သမျှ၏ ရည်ရွယ်ရာကို၊ ကျွန်တော်ဉာဏ်လှမ်းမီခဲ့ရလေသည်။

♠

သဒ္ဓါ

သဒ္ဓါတရားဟု၊ လူအများ သုံးနှုန်းကြသည်။ ဒါန(ပေးကမ်းစွန့်ကြဲခြင်း)နှင့်၊ရောထွေးဖွင့်ဆိုတတ်ကြသည်။ သဒ္ဓါ၏ အဓိပ္ပါယ်ကား၊ ယုံကြည်မှုဖြစ်၏။(ဘာကိုယုံကြည်တာလဲ)။

ဘုရားအပေါ်၌(မိဘ . . ဘိုးဘွား. . ဆွေစဉ်မျိုးဆက်၊ ကိုးကွယ်ခဲ့သဖြင့်)၊မျက်စိစုံမှိတ်၍၊ ကျွန်တော်ယုံကြည်ခဲ့သည်မဟုတ်။

"တို့က. . . ဘုရားကို ယုံတယ်". . ဆိုပြီး၊ ကျွမ်းပစ်ရှိခိုးကာ၊ ယုံကြည်လိုက်ရသော၊ ယုံကြည်မှု (သဒ္ဓါ)မျိုးဖြင့်၊ တန်ဖိုးသိခဲ့သည်မဟုတ်။



ဘုရား၏တန်ဖိုးကို၊ သိလိုသဖြင့်၊ ဘုရားအပေါ် သဒ္ဓါနိုင်အောင်၊ ကျွန်တော် အထူးကြိုးပမ်းဆန်းစစ်ခဲ့ရသည်။

♠

အမျိုးသမီးဘဝဖြင့်၊ ရဟန်းတစ်ပါးထံတွင်၊ ဘုရားဆုပန်ခဲ့၏။ ဘုရားဆုပန်သည့်ဘဝမှ၊ နောက် . . (၁၆) သင်္ချေ အကြာတွင်၊ သုမေဓာရသေ့ဖြစ်၏။ ထိုရသေ့ဘဝတွင်၊ သံသရာငြိမ်းရာ၊ မြတ်နိဗ္ဗာန်သို့၊ စံဝင်နိုင်ပါလျက်၊ အလုံးစုံသော သတ္တဝါအပေါင်းတို့ကို၊ ငဲ့ညှာပြီး၊ နိဗ္ဗာန်ဆုတို မပန်ယူ၊ ဘုရားဆုကိုသာ၊ ပန်ယူခဲ့သည်။

မိမိတစ်ကိုယ်တည်း၊ ဒုက္ခငြိမ်းမှု မပြုဘဲ၊ နောက်ထပ်(၄) သင်္ချေနှင့် ကမ္ဘာ(၁၀၀၀၀၀)[ကမ္ဘာ-တစ်သိန်း]ထပ်မံ၍၊ ဘို-နာ-သေ ဘေးကို၊ ရင်ဆိုင်ပြီး၊ ဤဘဒ္ဒကမ္ဘာ၌၊ ဂေါတမ အမည်ဖြင့်၊ ဘုရားအဖြစ်ပွင့်ခဲ့သည်။

ထိုသို့၊ အသင်္ချေ(၂၀)ကျော်မျှ၊ ဒုက္ခဆင်းရဲခံကာ၊ ဘုရားအဖြစ်ကို ခံယူအပြီး၊ ဟောဖော် ညွှန်ပြ ဆိုဆုံးမ,ခဲ့သမျှ၊ ဒေသနာတို့သည်၊ သူ့အကျိုးမပါ။ လူ,နတ်ဗြဟ္မာ သတ္တဝါအားလုံး၏ ကောင်းကျိုးအတွက်သာ။

အထူးသဖြင့်၊(၁၆)သင်္ချေအကြာ၊ သုမေဓာရသေ့ဘဝတွင်၊

www.burmeseclassic.com



မိမိတစ်ဦးတည်း၊ နိဗ္ဗာန်စံဝင်နိုင်ပါလျှက်၊ နောက်ထပ်(၄)သင်္ချေနှင့် ကမ္ဘာ(၁၀၀၀၀၀)၊ ထပ်မံ အသေခံခဲ့ခြင်းတွင်၊ သူ့အကျိုး(လုံး၀)မပါ။

တစ်တိုယ်တော်, တစ်ကိုယ်ကောင်း၊လွတ်မြောက်နိုင်ပါလျက်၊ သူကဲ့သို့၊ အခြားသူ. . . အနန္တတို့၊ မလွတ်မြောက်နိုင်မှာကို၊ မလိုလားသဖြင့်၊ လွတ်မြောက်စေနိုင်သူ(ဘုရား)အဖြစ်ကို၊ ခံယူဖို့၊ ဆုံးဖြတ်ခဲ့ရှာသည်။ (မဟာကရုဏာပါ တတား)။

ထိုမဟာ ကရုဏာကို၊ ကျွန်တော် သတိပြုမိသည်။ ထို့အပြင် အထက်တွင် ဆိုခဲ့သည့်အတိုင်း၊ ဘုရားရှင်၏ အဆုံးအမ, အားလုံးတို့သည်၊ သူ့ကိုယ်ကျိုးတစ်ရွေးသားမျှမပါ။ လူ. . နတ်. . ဗြဟ္မာ . . သတ္တဝါအားလုံး၏ အကျိုး၊ (ကျွန်တော်တို့၏ ကောင်းကျိုး) အတွက်ပဲ. . ဟု၊လက်ခံ သိရှိလိုက်သော စိတ်ကို၊ သဒ္ဓါစိတ် . . . ဟု၊ကျွန်တော်မှတ်ပိုက်ဖြစ်ခဲ့သည်။

"ဩော်. . ၊ငါတို့ အကျိုးအတွက်၊ ဘ၀ပေါင်းများစွာ၊ ဒုက္ခ . . ဆင်းရဲ. . ခံခဲ့ရရှာတာပါလား". . ဟု၊ တွေးတော ဆန်းစစ်မိပြီး၊ "ပြောခဲ့ . . ဟောခဲ့. . . ညွှန်ပြခဲ့သမျှ တွေဟာလည်း၊ ငါတို့. . အကျိုးအတွက်ပါပဲလား". . ဟု၊ သိရှိပြီးချိန်မှ အစပြု၍ကာ၊



ကျွန်တော်ဘုရားအပေါ် သဒ္ဓါ(ယုံကြည်)ဖြစ်ခဲ့သည်။

ဘုရားကို၊ ကိုးကွယ်ရင် စီးပွားတက်မယ် . . အန္တရာယ်တင်းတယ်။ ဆိုသော၊ ယုံကြည်မှု၊ (သဒ္ဓါ)မွဲမျိုး၊ မဟုတ်။

♣♣♣

လူလည်

တချို့က၊ ကိုယ့်ကိုယ်ကိုယ် လူလည်ဟု ထင်ကြသည်။ သို့သော် တကယ်တမ်းက၊ သူတို့ခမြာ၊ မလည်ဝယ်ကြရှာ။

လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း အကြားတွင်၊ ဂေါတမမြတ်စွာဘုရား အပါအဝင်၊ ဘုရား(၂၈)ဆူသာ ပွင့်တော်မူခဲ့သည်ဟု၊ ကျွန်တော်နာယူမှတ်သားဖူး၏။

လေးသင်္ချေကို အသာထား။ ကမ္ဘာတစ်သိန်းရှိခဲ့ပါလျက်၊ ဘုရားတစ်သိန်း မပွင့်ခဲ့ဘဲ၊ ဘုရား(၂၈)ဆူသာ၊ ပွင့်ခဲ့သည်ဆိုသဖြင့်၊ ဘုရားအလွန်ရှားပါးကြောင်း၊ ကျွန်တော် သတိပြုမိခဲ့သည်။

ကမ္ဘာအဆက်ဆက်၊ "ဘုရား". . ဟု၊ ပါးစပ်က ရွတ်ဆိုခွင့်၊ "ဘုရား"ဟူသော အသံကို၊ ကြားရခွင့်၊ ရဖို့ဆိုသည်မှာ၊ အလွန်ခက်ခဲ့သော၊ ရှားပါးအခွင့်အရေးဖြစ်ကြောင်း၊ ကျွန်တော် အထိတ်အလန့်၊ တွေးဆ,မိသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ၊ လူလည်လုပ်မှ၊ ဖြစ်တော့မည်ဟု၊ ကိုယ့်ကိုယ်ကိုယ်သတိပေး၏။

လေးသချေင်္နှင့် ကမ္ဘာတစ်သိန်းအတွင်း၊ ပွင့်ခဲ့သော၊ ဘုရား(၂၈)ဆူအနက်၊ အပါအဝင်ဖြစ်သော၊ ဂေါတမမြတ်စွာဘုရားကို၊ ကိုးကွယ်ခွင့် ရရှိနေစဉ်၊ ဤဘဝခဏ၏ (အချိန်) တန်ဖိုးကို၊ မမိတမီသဲ့ယူလျက်၊ ဘုရားစကားကို၊ ဉာဏ်မီသလောက်၊ ခံယူရတော့မည်ဟု၊ ခိုင်မာစွာ ဆုံးဖြတ်ဖြစ်ခဲ့၏။

ဆုပန်ပြီး(၁၆)သင်္ချေ၊ ဗျာဒိတ်ရပြီး(၄)သင်္ချေနှင့် ကမ္ဘာတစ်သိန်းပါရမီဖြည့်၊ ထို့နောက်(၆)နှစ်ခန့် ဒုက္ကရစရိယာ အကျင့်ကိုကျင့်ပြီးမှ၊ ရရှိလာသော၊ ဘုရား ဉာဏ်ဖြင့်၊ ဟန့်တားသော . . ။ အဟုန့်အတားတို့ကိုလည်း၊ ဉာဏ်မီသလောက်၊ လိုက်နာသင့် လှသည် . . . ဟု၊ သဒ္ဓါရှိကျိုးစွာ၊ ကျွန်တော် ဆုံးဖြတ်သည်။

လူ့ရပ်၊လူ့ကမ္ဘာရှိ ပညာရှင်၊ ဉာဏ်ကြီးရှင်၊ ပါရဂူကြီးတို့၏ အတွေ့အကြုံသည်၊ အနှစ်-နှစ်ဆယ် သုံးလေးဆယ် ထက်မပို။

ဘုရားဉာဏ်ဟူသည်ကား၊အသင်္ချေပေါင်းများစွာ . . ပါရမီဖြည့်ကျင့်ပြီးမှ ရရှိစမြဲ။ဒါ့အပြင် . . ဘုရားဉာဏ်ဟူသည်၊ မနက်ဖြန်သန်ဘက်ခါ ထက်မက၊ ကမ္ဘာခြားရှိပင် ကြိုမြင်နိုင်စွမ်း၏။



ထို့အပြင်၊

ဘဝ . . ဘဝ . . ဘဝ . . အစဉ်အဆက်၊ ရင်ဆိုင်ခဲ့ရသည့်၊သတ္တဝါအပေါင်းတို့၏၊ အို . . နာ . . သေ ချားရဟတ်ကြီးကိုလည်း၊ ရုပ်တန့် ငြိမ်းအေးစေအောင်၊ ညွှန်ပြနိုင်စွမ်း၏။

ထိုသဗ္ဗညုတ ဉာဏ်တော်ရှင်၊ဘုရားရှင်ကိုယ်တော်မြတ်ကြီးက၊ သူ့အသက်မသတ်နဲ့ . . . သူ့ဥစ္စာမခိုးနဲ့ . . သူ့အိမ်ယာမပြစ်မှား နဲ့ . . မလိမ်နဲ့ . . . အရက်သေစာ မူးယစ်ထိုင်းဆေးဝါး . . မသောက်သုံးနဲ့ . . လို့၊ ဟန့်တားခဲ့တာဟာ၊ ဘာကြောင့်များလဲ . . လို့၊ ကျွန်တော်တို့၊ ဉာဏ်မမီရင်တောင်၊ ဉာဏ်ကြီးသူရဲ့ . . စကား၊ လူ့နတ်၊ဗြဟ္မာ . . သတ္တဝါ . . အားလုံးရဲ့ အကျိုးကို၊ လိုလားသူရဲ့ . . စကားမို့၊ လိုက်နာမှ၊ ဖြစ်မယ် . . ဟု၊ ကျွန်တော် . . လည်ဝယ်စွာ၊ ဆုံးဖြတ်ခဲ့ပါသည်။

ကိုယ်၊ ကိုယ်တိုင်၊ မသိမီနိုင်သည်ကို၊ သိမီသူက . . ပြောပြဆုံးမ၊သောအခါ၊ အလိုအလျောက် လိုက်နာကျင့်ဆောင်သူကိုသာ၊ လူလည် . . ဟု၊ ကျွန်တော် သတ်မှတ်လိုပါသည်။ အားလုံးကို၊ လူလည်များ၊ ဖြစ်စေချင်ပါသည်။

♠♠♠

www.burmeseclassic.com

www.burmeseclassic.com



အဆုံးအထိ..သိ

ဗွီဒီယိုဇာတ်ကား . . ရုပ်ရှင်ဇာတ်ကား . . ဝတ္ထု၊ ဇာတ်လမ်း . . စသည်တို့ကို၊ ကြည့်ရှုကြသည့်အခါ၊ မည်သူမဆို အဆုံးအထိ . . ၊ ဖတ်ရှုကြပေမည်။ ဇာတ်လမ်း ဇာတ်ကွက်တို့ ၏ အဆုံးအထိ၊ သိရှိလိုကြပေသည်။

နာရီပိုင်း ရက်ပိုင်းမျှသာ၊ အားထုတ်ရသော၊ ထိုကိစ္စလေးများတွင်ပင်လျှင်၊ အဆုံးအထိ၊ သိရအောင်၊ ကြိုးပမ်းကြပါလျက်၊ ဂေါတမမြတ်စွာဘုရားရှင်၏၊ဒေသနာအဆုံးအမ,များ၏. . လိုရင်း . . လမ်းဆုံးအထိ၊ မလေ့လာ၊ မနာယူ၊ မကျင့်ဆောင် မိပါက၊ ကျွန်တော်တို့သည်၊ထွက်ပေါက်ရှိပါလျက်၊ ထွက်ပေါက်အနားတွင်၊ ဝဲလည်ယမ်းပတ်နေရပေတော့မည်။

အသက် ၈၈ နှစ်ကျော် အဘွားနှင့် အသက် ၆၀ ကျော်မိခင်ဖြစ်သူတို့၊ ကျွန်တော် အောက်ပါအတိုင်း၊ ခွင့်မန်ပြောပြခဲ့ဖူးသည်။

"အမေ၊ သား ငယ်ငယ်က၊ စာမေးပွဲကျမှာ၊ အမေ စိုးရိမ်ခဲ့တယ် မဟုတ်လား"

"; စိုးရိမ်တာပေါ့"

"ပေပေတေတေ၊ နေခဲ့ဖူးတဲ့၊ သားက၊ အခု-



. . ၊ဘဝ,မှာ၊ ဘာအရေးကြီးဆုံးလဲဆိုတာ သိသွားပြီ. . အမေ၊

အရေးအကြီးဆုံး ကိစ္စကို၊ သား ဆောင်ရွက်နေသလို၊ အမေနဲ့ အဘွားကိုလည်း၊ ဆောင်ရွက်စေချင်တယ်။

စိတ်တော့မဆိုးပါနဲ့ အမေ၊ သားငယ်ငယ်တုန်းက၊ စာမေးပွဲကျမှာ၊ အမေစိုးရိမ်ခဲ့ရသလို၊ အခု. . သားချစ်တဲ့ အမေနဲ့အဘွားကို စာမေးပွဲကျမှာ၊ သား. . စိုးရိမ်နေတယ်။

ပွင့်ပွင့်လင်းလင်း၊ ပြောပြရရင်၊ အပါယ်ကျမှာ၊စိုးရိမ်နေတယ် . . အမေ"

"ငါ . . . လုပ်ပါတယ် ဟယ်"

"ဘွားဘွားလည်း . . ဗုဒ္ဓ သရဏံ ဂစ္ဆာမိ ရွတ်ပါတယ်. . မြေးရဲ့"

အမေက၊ သမ္ဗုဒ္ဓေဂါထာတော် မပြတ်ရွတ်နေပါကြောင်း . . အဘွားက၊ သရဏာဂုံရွတ်ကြောင်း . . ပြောပြကြ၏။

"အဲဒီထက်၊ ပိုသိစေချင်တယ် အမေရယ်။

www.burmeseclassic.com



ရေချိုး . . သနပ်ခါးလိမ်းပြီး မှန်ကြည့်တိုင်း . . မှန်ထဲကြည့်ပြီး ဘွားဘွားရော . . အမေရော . . ကိုယ့်ကိုယ်ကိုယ် မေးကြည့်နော်။

ဒါမှ . . မဟုတ်။ အိမ်ရာဝင်, အိပ်ရာထ, တိုင်း၊ ကိုယ့်ကိုယ်ကိုယ်မေး။ ငါတို့ . . , မဂ်ဉာဏ် ဖိုလ်ဉာဏ် ရပြီလား . . လို့ နေ့တိုင်း မေးနော်။

ဘုရားက, လူတွေကို၊ ကုသိုလ်ရရုံတစ်ခုတည်း . . ဟောခဲ့တာ၊ မဟုတ်ဘူး။ အပါယ်ငြိမ်းစေတဲ့ . . ဉာဏ်၊သံသရာငြိမ်းစေတဲ့ . . ဉာဏ်၊ မဂ်ဉာဏ်, ဖိုလ်ဉာဏ်အထိ၊ ရရှိနိုင်ကြဖို့ ဟောခဲ့တာ မေမေရဲ့ . . ။

အိမ်ခေါင်းရင်းမှာ၊ ဘုရားဆင်းတုတော်ထားပြီး၊ ကိုးကွယ် ဆည်းကပ်ကြပါလျက်၊ ဘုရား . . ပေးသမျှ၊ အကုန်မရ။ ဘုရားပြောသမျှ . . အဆုံး အထိ . . မသိ၊ မမြင်ရင်၊ တစ်သံသရာလုံး . . . နစ်နာတယ် အမေ။

လူ့လောက၊ စာမေးပွဲကျရင်၊ လ,ပိုင်း နှစ်ပိုင်းလောက်၊ ပြန်ကြိုးစားပြီး၊ ပြန်ဖြေလို့ ရနိုင်သေးတယ်။

လူ့ဘဝ,က,နေ၊ အပါယ်ကျသွားရင်၊ ပြန်တက်လာလို့မလွယ်ဘူးအမေ . . ။ကာလ,အသေချာ ကြာလွန်းတယ်။

မဂ်ဉာဏ်ဖိုလ်ဉာဏ် မရခဲ့ရင်တောင်၊ သိသွားစေချင်တယ် . . အမေ"

အမေမဆုံးပါခင်၊ (၂)နှစ်လောက်က၊ ကျွန်တော်ပြောပြခဲ့သည့် . . စကားပင်ဖြစ်သည်။ (အဘွားက,တော့၊ နယ်မြို့တစ်မြို့တွင်၊ ယခုတိုင်၊ရှိနေပါသေး၏။)

အမေနှင့်အဘွားတို့အား၊ ပြောပြဖြစ်ခဲ့သလို၊ ကျွန်တော့်မိတ်ဆွေများကိုလည်း၊ ထိုသို့ပင်၊ ကျွန်တော် ပြောပြချင်ပါသည်။ ဤဘဒ္ဒကပ်ကမ္ဘာ၌၊ ဘုရားရှင်ပွင့်ထွန်းခဲ့သည်မှာ၊ လူတို့ စိတ်ပြေလက်ပျောက်၊ အကိုးအကွယ်ခံရုံ ပွင့်ထွန်းခဲ့သည်၊ မဟုတ်။ (အိုနာ-သေ၊ ဘေးဆိုးကြီးများ၊ ရပ်တန့်ရန် အလို့ငှာ၊ ပွင့်ထွန်းခဲ့ခြင်း၊ ဖြစ်သည်)။

♣♣♣

www.burmeseclassic.com



**စိမ်ခန့်ခွဲမှုပညာ**

လွန်ခဲ့သော နှစ်ပေါင်း(၂၆၀၀)ကျော်လောက်က၊ ပွင့်တော်မူခဲ့သည့်၊ ဂေါတမမြတ်စွာဘုရားသည်၊ ယခု . . မည်သည့် နေရာမှာမှ၊ မရှိတော့ပြီ။

ဓာတ်တော် မွေတော် ဆင်းတုတော်တို့သာ၊ကျန်ကြွင်းခဲ့ပါလျက်၊ ယခုအချိန်အထိ၊ ဘုရားရှင်အား၊ လက်အုပ်ချီမိုး၊ ရှိခိုးရှိသေနေကြရ၏၊ ယခုအချိန်အထိ၊ ဗုဒ္ဓသာသနာ. . တည်ရှိနေပါသေး၏။

ဒီလောက် နှစ်ပေါင်း ထောင်ချီကြာညောင်း သည်အထိ၊ သာသနာတည်ရှိနေစေရန် . . ။ လူ နတ် ဗြဟ္မာ အပေါင်း၊ အလေးအမြတ်ပြုရန်အတွက်၊ ဘယ်လို စီမံခန့်ခွဲမှုပညာနဲ့၊ သာသနာကို၊ ဦးဆောင်ခဲ့လေသလဲ. . ဟု၊ တွေးဆ, ကြည့်သည့်အခါ၊ ဂေါတမမြတ်ဘုရား၏ . . စီမံခန့်ခွဲမှုပညာ အစွမ်းကို၊ အံ့မခန်းမျှ ကျွန်တော်ခန့်မှန်းတတ်ခဲ့၏။

စီမံခန့်ခွဲမှုပညာ ဆည်းပူးလိုသူ အပေါင်းတို့သည်၊ တုရှေ့ချီသော . . လူ,နတ်,ဗြဟ္မာ, . . သတ္တဝါအပေါင်းတို့အပေါ်၌၊ ဩဇာကြီးခဲ့သော၊ ကြီးနေဆဲဖြစ်သော၊ ဂေါတမမြတ်ဘုရား၏ စီမံခန့်ခွဲမှု



ပညာကို၊ အထူးလေ့လာသင့်လှပေ၏။

လူတစ်ဦးတစ်ယောက်က၊ လွန်စွာ စီမံခန့်ခွဲနိုင်သည်ဆိုပါမှ၊ လူဦးရေ . . ထောင်ဂဏန်းလောက်အပေါ်၌သာ၊ စီမံခန့်ခွဲနိုင်ပေမည်။ ဘုရားရှင်တို့၏ စီမံခန့်ခွဲမှုအစွမ်းကား၊စကြာဝဠာတိုက်တစ်သောင်းမက၊ အနန္တ . . သို့၊ ပျံ့ချေ၏။ (ဗဟုသုတကြီးကြပါတုန်)။

◆◆◆

**ကမ္ဘာစောင့်သီလ**

ဂေါတမမြတ်စွာဘုရားက၊ လူသာမာန်တို့အတွက်၊ ဆောက်တည်ရမည့် သီလကို၊ (၅)ပါးမျှသာ၊ သတ်မှတ်ထားခဲ့သည်။

အရိယာ(သူတော်ကောင်း)တို့အတွက် မူကား(၈)ပါး, (၁၀)ပါး. . . နှင့် သံဃာတော်များအတွက်(၂၂၇)ပါးမျှ၊ သတ်မှတ်တော်မူခဲ့သည်။

လူသာမန်တို့လိုက်နာရမည့် (၅)ပါးသီလကို၊ ကမ္ဘာစောင့်သီလ . . . ဟုလည်း၊ မှတ်သားခဲ့ဖူးသည်။(၅)ပါးစလုံးက၊ ကမ္ဘာကိုစောင့်မစောင့်၊ တွေ့ကဆ,မိ၊ အစ . . ပထမ,ဖြစ်သော၊ "သူ့အသက် မသတ်ရ" . . . ဟူသည့်၊ သီလတစ်ပါးတည်းကိုဝင်၊

www.burmeseclassic.com

www.burmeseclassic.com



တစ်ကမ္ဘာလုံးရှိ လူအကုန်လုံး၊ လိုက်နာကြမည်ဆိုပါက တစ်ကမ္ဘာလုံးရှိ စစ်ပွဲများ၊ ငြိမ်းသွားမည်ဖြစ်ကြောင်း၊ ကမ္ဘာ့ဉာဏ်ကြီးရှင်များ၊ ထွင်းဖောက်သိမြင်တျင့်ဆောင် ကောင်းလှပြီ။(ထို့ကြောင့်၊ ကျန် သီလ(၄)ပါးကို၊ အကျယ်မချဲ့လိုတော့ပါ)။

♣

ဆရာဝန်ကြီးပဲ လုပ်လုပ်၊ စစ်ဗိုလ်ချုပ်ကြီးပဲလုပ်လုပ်၊ ဆိုက္ကားပဲနင်းနင်း၊ ပဲပြုတ်ပဲ ရောင်းရောင်း၊ (၅)ပါးသီလ, ကို စောင့်ထိန်းပြီးမှ၊ လုပ်သင့်ပါကြောင်း၊ လက်ခံမည့်သူများကို၊ အကြံ ပေးချင်ပါ၏။

နိဗ္ဗာန်ကိုမသိမြင်, မတောက်ပံ့နိုင်တဲ့၊ ဘယ်ဉာဏ်မဆို၊ ကလေးကလား ဉာဏ်ပဲ . . ဟု၊ ကျွန်တော့်ဘုရားခန်းတွင်၊ ရေးသား ထားဖြစ်သည်။ထိုဝါကျကို၊မမွမိတ်ဆွေများသို့ ကျွန်တော်လက်ဆင့် ကမ်းပါသည်။

♣

ဘယ်နိုင်ငံသားလဲ ဘယ်ဘာသာဝင်လဲ

တိုးဇော့, ကြပ်ညပ် ပြိုင်ဆိုင်အော်ဟစ် မောင်းနှင်နေကြ သော၊ ဘတ်(စ)ကားများကို၊ ရှောင်ကွင်းလိုသဖြင့်၊ မြို့ပတ်ရထား



ကို၊ ကျွန်တော် စီးသည်။

"ထိုးကြောင်ဗာလေး"တို့ "လှော်ကား"တို့ . ဆီသို့သွား ကြမည့် ခရီးသည်များ၊ ရထားတွဲပေါ်သို့၊ အလုအယက် တိုးဝှေ့ တက်ကြမြဲ။

အရင်ရောက်သူက၊ နံဘေးရှိ နေရာလပ်တွင် . .၊ ထမင်းချိုင့်၊ ထီး၊ အထုတ်အပိုး . . တစ်ခုခုကို၊ တင်ထားက၊ သူ့ အသိအကျွမ်းအတွက်၊ နေရာဦးတတ်ကြလေ၏။

♣♣♣

ထို့ . နေရာဦးထားသော ပစ္စည်းတို့ကို၊ လုံးဝ . . ဖယ်မ ပေး။ နောက်ဘူတာ . . နောက်ဘူတာများမှ၊ တက်လာကြမည့် သူတို့ လိုလားသူအတွက်၊ နေရာဦးပေးထားကြသည်မှာ၊ အလု အယက်။

♣

ဤရက်ပိုင်းအတွင်း၊ အရာရှိများ၊ ဘွဲ့ရများ . . တက်ရောက်ကြရသည့် (မဟာဘွဲ့အတွက်)သင်တန်းတစ်ခု၊ ဖွင့်လှစ် သည်။

ထိုသင်တန်းခန်းမ, တံခါး၊ ဖွင့်လိုက်သည့် မနက်တိုင်း၊

www.burmeseclassic.com



ထိုခန်းမ,အတွင်းသို့ အားလုံး(နီးပါး)ပြေးဝင်ကြ၏။ (ပြီးနောက်. . အရင်ရောက်သူက၊ သူနေရာ၏ နံဘေးတွင်၊ ထိုး. . . ထမင်းဗူး . . . ဖိုင်တွဲများချလျက်၊ သူ့မိတ်ဆွေအတွက်၊ နေရာဦးပေးထားကြ၏။

သူတို့သည် ပညာတတ်များ ဖြစ်ကြ၏။ အရာရှိများဖြစ်ကြ၏။ သူတို့သည်၊ မြို့ပတ်ရထားပေါ်မှာ၊ နေရာလုတတ်ကြသော၊ ခရီးသည် တို့ထက်၊ ပို၍၊ ဉာဏ်ရှိကြမည်ထင်၏။

သို့သော်. . . သူတို့. . သူတို့(မြို့ပတ်ရထားပေါ်က၊ လူတွေကိုရော၊ ထိုသင်တန်းခန်းမ,ထဲက၊ ပညာတတ်တွေကိုရော). . ၊ ဘယ်နိုင်ငံသားလဲ. . ဟု၊ ကျွန်တော် မမေးရက်။ ဘာ, ဘာ့သာ ကိုးကွယ်ကြသလဲ. . ဟုလည်း၊ ကျွန်တော်မမေးရဲ။

●

ဒေဝဒတ်ထက် မိုက်တဲ့သူ

"ဆုတ်ခေတ်ရောက်နေပြီကွ။ ဗုဒ္ဓဘာသာဝင်ဖြစ်ပြီး၊ ဗုဒ္ဓဘာသာဝင်လို၊ မဝတ်မဆင်တဲ့ သူတွေ၊ များနေပြီ။ ဟိုနေရာဆိုလည်း . . တုတ်ဆွဲ. . ဓားဆွဲ၊ ဒီနေရာလည်း၊ ရိုက်မယ် နှက်မယ် တကဲကဲနဲ့။



မူးကြ ယစ်ကြ၊ ပြစ်မှားကြနဲ့. . . မင်းထက် စင်ကြယ်တဲ့ အရိယာတွေတောင်၊ လက်မြှောက်ထားကြရတဲ့ သူတွေကို၊ မင်း. . . ဘာလုပ်လို့ရမှာလဲ၊ ကိုယ့်အလုပ် ကိုယ်,လုပ်စမ်းပါကွာ ၊မှတ်ထား။ လူဆိုတာ ဆုံးမ,ရင် မကြိုက်ဘူးကွ၊ သူတို့စိတ်ကြိုက် မြှောက်ပေးမှ ကြိုက်တာ" . . . ဟု၊ သူငယ်ချင်းတစ်ယောက် ပြောဖူးသည်။

"ငါလည်း၊ မသိခဲ့တဲ့၊အချိန်တွေ၊ရှိခဲ့ပါတယ်ကွာ။ အဲဒါကြောင့်၊ ငါလို. . . နောက်ကျမှာ၊ စိုးလို့ . . ."

"တော်စမ်းပါကွာ၊ မြေအမျိုခံရမယ့် ဒေဝဒတ်ကို၊ ဘုရားက၊ ကယ်ချင်မှာပဲကွ။ ဒါပေမဲ့. . . ဘုရားကယ်လို့မရခဲ့ဘူး မဟုတ်လား. . ။ ဘုရားတောင် ကယ်လို့မရတဲ့သူတွေ. . . အများကြီးပဲ"

"ဘုရားကယ်လို့ မရပေမဲ့၊ မြေအမျိုခံရလို့၊ တစ်ကိုယ်လုံး စုံးစုံးမြုပ်ခါနီးမှာ၊ အို. . ဗုဒ္ဓ. . လို့၊ ရှင်ဒေဝဒတ်ဟာ၊ အော်သွားတယ်ကွ"

"အဲဒါ. . ဘာဖြစ်လဲ"

"ဘာဖြစ်ရမလဲ၊ ဒေဝဒတ်တောင်၊ စုံးစုံးမြုပ်ခါနီးမှာ၊

www.burmeseclassic.com



ဘုရားကို၊ ဘုရားမှန်းသိသွားတဲ့ သဘောပေါ့ကွ၊ ဒေဝဒတ်တောင် ဘုရားကို၊ ဘုရားမှန်းသိသွားနိုင်သေးတာပဲဟာ၊ အဲဒါ. . ဘုရားရဲ့ တန်ဖိုးကို၊ သိတာပဲလေ၊ တချို့မှားနေတဲ့ လူတွေလည်း ဘုရားကို ဘုရားမှန်း၊ သိတတ်ကြမှာပါ"

"ဘုရားကို၊ ဘုရားမှန်း၊ မသိတဲ့လူတွေ. . . ရှိနေရင် ရော . . "

"ဩော်. . ။ အဲဒီလို လူတွေ၊ ရှိနေတယ်ဆိုရင်လည်း၊ သူတို့ခမြာ၊ ဒေဝဒတ်ထက် ပိုမိုက်တဲ့ လူတွေမို့ပေါ့ကွာ။ သနားပေးရတော့မှာပေါ့". . ဟု၊ ရင်မောစွာ၊ ကျွန်တော်ပြောမိသည်၊

ရှင်ဒေဝဒတ်ထက် မိုက်ဝံ့သူတွေ . . ရှိမရှိ၊ ကျွန်တော် မသုံးသပ်တတ်။ (ထို ရှင်ဒေဝဒတ်သည်ပင်လျှင်၊ ရှင်ပစ္စေကဗုဒ္ဓါ အလောင်းအလျာ. . ဟု၊ နာယူမှတ်သား ဖူးခဲ့သည်)။

ဘုရားမွှန်ပြီ

၂၀၁၃-ခုနှစ်၊မတ်လ၊ ၁၇-ရက်နေ့ ညနေ(၆)နာရီ (၃၆)မိနစ်က၊ ရေးဖွဲ့ခဲ့သော ကဗျာတစ်ပုဒ်ကို၊ ထည့်သွင်းဖော်ပြလိုက်ပါသည်။



ဘုရားမွှန်ပြီ

သူငယ်ချင်း
မင်း ဘာလုပ်လုပ်
မင်း ရှိသေတဲ့ ဘုရားရှင်သာ
မင်းအနားမှာ ရှိနေရင်၊
မင်းလုပ်ရပ်ကို ချီးကျူးမလား
တဲ့ရဲ့ ဟန့်တားမလား . .
ရည်စူး တွေးဆ,ကြည့်ပါ။
မင်းရှိသေတဲ့ ဘုရားရှင်သာ
မင်း အနားမှာ ရှိနေခဲ့ရင်. .
မင်း လုပ်ရပ်ကို၊ တားဆီးတဲ့ရဲ့
ဟန့်တားမှာပဲ. . လို့
တွေးသိ ဖြစ်တဲ့အခါ၊
အဲဒီအလုပ်ကို
မင်း ရပ်တန့်ဝစ်လိုက်ပါ။
အဲဒါဆိုရင်

www.burmeseclassic.com

www.burmeseclassic.com



မင်းဟာ . . . အဲဒီ ဘုရားရှင်ရဲ့
သာသနာဝင် စင်စစ်ဖြစ်ပါပြီ၊
ပြီးတော့ . . မင်းရှင်ထဲမှာ
ဘုရားတကယ်ပွင့်ပါပြီ . . ”

●●●

2013-Nov-7
12:30 (P-M)
[Eternal light Magazine 2014-Jan]



# ဘယ်တုန်းကမှ မကြောက်ခဲ့ဖူးဘူး

ရန်သူနံပါတ်(တစ်)

ဒါ . . ။ နေရာတော်တော်များများမှာ၊ ကျွန်တော် ပြောပြနေကျ ကိစ္စပါ။ လူဆိုတာ သေတတ်တဲ့ သတ္တဝါလို့၊ ငယ်ငယ်ကတည်းက၊ သိခွင့်ရတဲ့ ကိစ္စ။

အဲဒီလို သိခွင့်ရရချင်း၊ သေမှာကြောက်တာပေါ့။ နောက်တော့ . . . (ကိုယ်က၊ ဗုဒ္ဓဘာသာဝင်ဆိုတော့)၊ မတောက်တစ်ခေါက် အသိဉာဏ်လေးနဲ့၊ ပုတီးတွေ၊ စိပ်တာပေါ့။ သေခြင်းကို ရန်သူလို၊ သဘောထားမိပြီး၊ ရင်ဆိုင်ကျော်လွှားချင်စိတ်နဲ့၊ ပုတီးစိပ်တာ။ (မေ့သဘာဝ,ကို သေသေချာချာ သိလို့၊ စိပ်ခဲ့တာတော့၊ မဟုတ်ဘူး။ အသက်ကလည်း၊ (၁၂)နှစ်လောက်ပဲ၊ ရှိသေးတာ ကိုး)။

အသားလွတ်စားရင်ပဲ၊ မသေတော့မယ့်အတိုင်း၊ သက်သတ်လွတ်လည်း၊ စားခဲ့မိတာပဲ၊ အသားလွတ်စားလိုက်၊ ပုတီးစိပ်လိုက်နဲ့ ။(ဘာပဲ ပြောပြော) စိတ်က,တော့၊ ပိုင်နိုင်မတ်မတ်

www.burmeseclassic.com



နေဖြစ်တယ်။ အရွယ်လည်း ရောက်ရော၊ ဘာကိုမှ မကြောက်တော့ဘူး။(ဘုရား အကြောင်းတောင်၊ ကောင်းကောင်းမသိဘဲ) ရမ်းသမ်းဆောင်ရွက်ခဲ့ရတာဆိုတော့၊ ဒါကို၊ မျက်ကန်း တစ္ဆေ မကြောက် . . . လို့ပဲ ထင်မှတ်ဖြစ်ပါတယ်။

ဒါပေမဲ့ . . သေမှာ မကြောက်တော့ဘူး။ သေမှာတောင် မကြောက်မှတော့၊ တခြား၊ ဘာကိုထပ်ကြောက်စရာ ရှိပါတော့မလဲ။(အဲဒီအရွယ်သေမှာမကြောက်ဘူးဆိုတာက၊ ဥာဏ်သတ္တိကြောင့်၊ မကြောက်တာမဟုတ်ဘူး။ကိုယ့်ကိုယ်ကိုယ်၊ ဟုတ်လှပြီထင်နေတဲ့ စိတ်ကြောင့်၊ မကြောက်တာပါ။)။

ဒါပေမဲ့ တစ်ခု အမြတ်ထွက်တာက၊ လူဟာ . . သေမှာမကြောက်ရင်၊ တခြား၊ ဘာကိုမှ ကြောက်စရာ မလိုတော့ဘူး ဆိုတဲ့၊ အသိစိတ်ပဲ။ နံပါတ်(တစ်)ရန်သူကိုမှ၊ မကြောက်တာ။ တခြားရန်သူတွေကို၊ မှုကိုမမှုခဲ့ဘူးဆိုပါတော့။

♣

ကြောက်ရင် ရင်ဆိုင်လိုက်

နဝမတန်းကျောင်းသား အရွယ်မှာ သတိပြုမိခဲ့တဲ့ ကိစ္စလေး၊ ပြောပြပါရစေ။



ကျောင်းမှာ ကျောင်းသူ ကျောင်းသားတိုင်း၊ဖိန့်ဖိန့်တုန်အောင် ကြောက်နေကြရတဲ့။ ဆရာကြီးတစ်ယောက်ရှိတယ်။ အဲဒီဆရာကြီးရဲ့ အရိပ်ကို တွေ့လိုက်ရတာနဲ့တွင်၊ ကျောင်းသားကျောင်းသူ အားလုံး၊ ဘာသံမှ မထွက်ရဲကြဘူး။

အဲဒီဆရာကြီးနဲ့ (၂)ခါ ရင်ဆိုင်ဖူးခဲ့တယ်။

ပထမတစ်ခါက၊ ဓာတုဗေဒ ဆရာမကိုယ်စား၊ အဲဒီဆရာကြီး၊ အစားဝင်သင်တာ။ ပုစ္ဆာတစ်ပုဒ်၊ တွက်ကြရတယ်။ တွက်ပြီးသား ပုစ္ဆာကို၊ ဆရာကြီးဆီမှာ၊ သွားပြရတယ်၊ တစ်ခါ ပြဖူးတဲ့သူတိုင်း၊ နောက်ထပ်သွားမပြရဲကြတော့ဘူး။ ဆရာကြီးအနားကို၊ မသွားရဲ မရပ်ရဲကြတာပေါ့။

အမှား အခြစ်ခံရတဲ့ သူက,လည်း၊ အဲဒီ အမှားလေးကိုပဲ၊ ဟိုထိ . . ဒီထိ . . နဲ့ နောက်ထပ်၊ ထပ်မတွက်တော့ဘဲ၊ ထပ်တွက်ချင်ဟန် ဆောင်နေကြရတယ်။

ကျွန်တော်က လူညံ့ဆိုတော့၊ (၃)ခါတိတိ၊ အမှားခြစ်ခံရတယ်။ အဲဒီဆရာကြီးအနားကို၊ (၃)ခါတိတိ၊ သွားရဲတာ။ တစ်တန်းလုံးမှာ၊ ကျွန်တော်တစ်ယောက်တည်း။ (အဲဒါကို၊ သတိမထားမိခဲ့ပါဘူး။ အမှားခြစ်ခံရတဲ့ ပုစ္ဆာအဖြေကို၊ အမှန်ခြစ်ခံ

www.burmeseclassic.com



ချင်တာပဲ(သိတာကိုး)။

အဖြေကို၊ သွားပြပြီး၊ မှန်မှန်မှားမှား၊ တစ်ခါထက်၊ ပိုပြီး၊ ပြန်မပြကြသူတွေကိုလည်း၊ ကျွန်တော်မကဲ့ရဲ့ပါဘူး။ သူတို့၊ ဆရာကြီးကို၊ ကြောက်နေကြတယ်ဆိုတာပဲ၊ ကျွန်တော်သိတယ်။ ကျွန်တော်က, ကြောက်-မကြောက်ဆိုတာထက်၊ ကျွန်တော့်အဖြေ၊ မှန်ချင်တဲ့စိတ်က၊ ဦးစီးနေတာပါ။

♣

(၄)ခါမြောက်၊ပြတဲ့အခါမှာလည်း၊ ကျွန်တော့်အဖြေ၊ ကြက်ခြေခတ်ခံရပြန်တယ်။ အဲဒီကြက်ခြေခတ်ကို ကြည့်ရင်း၊ ကိုယ့်နေရာ ကိုယ်ပြန်ထိုင်မယ်လုပ်ပြီးမှ၊ ဆရာကြီးရှိရာကို၊ ကျွန်တော်ပြန်လှည့်သွားမိတယ်။

အနားရောက်တော့

"ကျွန်တော်တွက်တာ၊ လေးခါရှိပါပြီ ဆရာကြီး။ လုံး၀. . မမှန်သေးဘူး။

ဆရာကြီးအနေနဲ့ ကြက်ခြေခတ်ပြနေမယ့် အစား၊ ကျွန်တော်ဘာမှားနေသလဲဆိုတာ၊ ပြောပြ သင့်ပါပြီ။ ဘာမှားသလဲ၊ ကျွန်တော်သိချင်ပါတယ်"



မျက်မှန်ကိုင်း အပေါ်က၊ စိုက်ကြည့်လိုက်တဲ့၊ ဆရာကြီးရဲ့ မျက်လုံးဒဏ်ကြောင့်၊ တခြားသူဆို၊ လဲကျသွားနိုင်ပါတယ်။

ကျွန်တော်က၊ အဲဒီမျက်လုံးတို ကြည့်ရင်း၊ သူပြောမယ့် စကားသံကိုပဲ၊ နားစွင့်နေကြတယ်။ ဆရာကြီးက၊ ကျွန်တော့်ကို စူးစူးစိုက်စိုက်ကြည့်ရင်း၊ တွက်နည်းပုစ္ဆာရဲ့ ပုံသေနည်း နေရာကို၊ ခင်အနီနဲ့ ဝိုင်းပြလိုက်ပါတယ်။ (ဩော်. . . ကျွန်တော် ပုံသေနည်း မှားနေတာကိုး)။

"ကျေးဇူးတင်ပါတယ် ဆရာကြီး"

အဲဒီနေ့က ကျွန်တော်၊ အဲဒီဆရာကြီးဆီက၊ အမှန်ခြစ်တဲ့၊ အမှတ်ကို၊ ရလိုက်တဲ့အပြင်၊ ဗဟုသုတ၊ တစ်ခုလည်း၊ ရလိုက်ပါ တယ်။ လောက,ကြီးမှာ၊ ကိုယ်လိုချင်တာရဖို့၊ လုပ်နေတဲ့အချိန်မှာ၊ တစ်ခုခုကို ကြောက်နေတယ်ဆိုရင်၊ အဲဒါ. . . အချိန်ဖြုန်းတာပဲ။

ကြောက်နေရင်၊ အဖြေမှန်ရမှာ မဟုတ်ဘူးလေ။ ကြောက် တယ်ဆိုတာ အပိုအလုပ်ပဲ. . လို့၊ တွေးသိလိုက်တာပေါ့။ (အတန်းထဲမှာလည်း၊ သူငယ်ချင်းတွေရဲ့ချီးကျူးတာခံရတာပေါ့။ နင်တော့ . . ကြိမ်လုံးစာမိပြီလို့၊ ငါတို့ ထင်တာ. . . . . . . . .)။

♣♣♣

www.burmeseclassic.com

www.burmeseclassic.com



နောက်ကိစ္စတစ်ခုက၊ စာသင်ခန်းထဲ ဆရာ-ဆရာမ, မရှိတဲ့အခါ စာသင်ခန်းပြင်ပ ဝရန်တာမှာ၊ ကျောင်းသား တော် တော် များများ၊ ထွက်ပြုနေတတ်ကြတယ်၊ အဲဒီအထဲ၊ ကျွန်တော် လည်းပါတာပေါ့။

ဟိုဘက်စာသင်ခန်းက၊ ပြတင်းပေါက်နားမှာ သွားရပ်ရင်း၊ သူငယ်ချင်းနဲ့စကားပြောနေတုန်း။ ဝုန်းဝုန်းဒိုင်းဒိုင်း ပြေးလွှားသွား ကြတဲ့၊ ဝရန်တာက, ကျောင်းသားတွေကို၊ ကြည့်ပြီး၊ ဘာဖြစ် ပါလိမ့်လို့၊ ကျွန်တော်တွေးတယ်။

ဘာဖြစ်တယ်ဆိုတာ၊ သိရချိန်မှာတော့၊ ကျွန်တော် အချိန်မမီတော့ပါဘူး။ တစ်ကျောင်းလုံးက၊ ကြောက်ကြရတဲ့ ဆရာ ကြီး၊ ဟိုး. . ဘက်က လာနေတာတွေ့လို့ အားလုံးအတန်းထဲ ဝင်ပြေး ပြီးကြချိန်မှာ၊ ကျွန်တော်တစ်ယောက်တည်း၊ ဝရန်တာမှာ။

ဆရာကြီးက,လည်း၊ ကျွန်တော့်ကို . . တွေ့၊ ကျွန်တော်က, လည်း ဆရာကြီးကို မြင်နေချိန်မှာ၊ ကျွန်တော်ပြေးလို့ မလွတ်မယ့် အတူတူ လက်ပိုက်ပြီး၊ ရပ်နေလိုက်ပါတော့တယ်။

"မင်းက၊ ဘာလုပ်နေတာလဲ"

"ဆရာမ . . မလာသေးလို့ အပြင်မှာ ခဏ



ထွက်ရပ်နေတာပါ ဆရာကြီး"

ကျွန်တော် အဖြေစကားထဲမှာ၊ မုသားစကားတစ်လုံးမှ မပါ။

"အထဲဝင်နေတာ မဟုတ်ဘူး"

ဆရာကြီးက၊ လေသံမာမာကြီးဖြင့်၊ ပြောပြီး၊လမ်းဆက် လျှောက်သွား၏။ (အင်း. . ။ကျွန်တော်သာ၊ သူ့ကို မြင်မြင်ချင်း၊ ပြေးမိလို့က,တော့၊ လက်ထဲက ကြိမ်လုံးနဲ့ လွဲအရိုက်ခံရမှာ၊ အမှန် ပါပဲ)။

ဒီ. . အဖြစ်အပျက်ကလေးက,နေ၊ ကျွန်တော်ရလိုက်တဲ့၊ အသိ(သင်ခန်းစာ)က,တော့၊ ဘာကိုပဲဖြစ်ဖြစ်၊ ဘယ်သူ့ကိုဖြစ်ဖြစ်၊ ကြောက်ရင် ရင်ဆိုင်လိုက်ဆိုတာပါပဲ။

♠

၈၈–သူ့ရဲ့ကောင်း

၁၉၈၈-ခုနှစ်တုန်းက၊ ကျွန်တော့်အသက်(၂၁)နှစ်။ ကိုယ် မလိုလားတဲ့၊ နိုင်ငံဦးဆောင်သူတွေကို၊ ဆန့်ကျင်တော်လှန်ဆန္ဒ ပြခဲ့ရင်း၊ ၈-၈-၁၉၈၈မှာ၊ ရင်ဝ,ကို၊ ဘက်နက်နဲ့၊ အထောက်ခံ ထားပြီး၊ လက်နက်ကိုင်၊ အဖွဲ့အစည်းတို့၊ ရင်ဆိုင်ခဲ့ရပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ရန်ကုန်မြို့တော်ခန်းမ,နံဘေးကို ဝင်မယ်လုပ်တဲ့၊ ကျွန်တော်တို့ကို၊ သက်ဆိုင်ရာ၊ လုံခြုံရေး တပ်ဖွဲ့ဝင်များက၊ နေ့လည် ပိုင်းမှာ၊ ဘက်နက်နဲ့ ရင်ဝထောက်ပြီး၊ ဟန့်တား ကြတာပေါ့။ (နောက်တော့၊ သူတို့၊ နောက်ဆုတ်ပေးကြပါတယ်။ ည-မှောင်မှ၊ ဝင်ကြတာပါ)။

ထားတော့။ ပြောလိုရင်းက၊ အဲဒီတုန်းက၊ ကျွန်တော် သေဖို့များပါတယ်။ သေမှာကိုလည်း၊ ကြောက်ချင်ပါတယ်။ ဒါပေမဲ့ . . ။လုံး၀ (လုံး၀). . ။သေမှာမကြောက်ခဲ့ပါဘူး။

ဘာကြောင့်၊ မကြောက်ခဲ့တာလဲ ဆိုတော့ . . . "ငါ့နိုင်ငံ ငါ့လူမျိုးအတွက်၊ ငါ . . အသေခံမယ်"ဆိုတဲ့၊ နိုင်ငံချစ်စိတ် တစ်ခု တည်းကြောင့်ပါ။ (ကိုယ့်ကိုယ်ကိုယ် သူရဲကောင်းကြီး . . . လို့၊ တွေးထားမိတာလည်း၊ ပါတာပေါ့)။

ဒါကြောင့်၊ ဒီ. . ကိစ္စနဲ့ ပတ်သက်ပြီး၊ ပြောပြချင်တာက၊ လူဆိုတာ၊ ငယ်ငယ် ကြီးကြီး၊ အများအတွက်၊ ဆောင်ရွက်နေတယ် . . . လို့၊ သိရင်၊ တခြား ဘာကိုမှ၊ မကြောက်တော့ဘူး . . ဆိုတာ ပါပဲ။

ကျောင်းသား၊ ကျောင်းသူပဲဖြစ်ဖြစ်၊ လက်လုပ်လက်စားပဲ



ဖြစ်ဖြစ်၊ ပြည်သူ့ဝန်ထမ်းပဲဖြစ်ဖြစ်၊ ငါ. . လုပ်နေတဲ့ အလုပ်ဟာ၊ အများအတွက်၊ တိုင်းနိုင်ငံ အတွက်လို့၊ တွေးပြီး၊ တွေးတဲ့အတိုင်း၊ မှန်မှန်ကန်ကန်၊ လုပ်နေသူဟာ၊ ဘာကြောက်စရာမှ၊ ရှိလာမှာ မဟုတ်ပါဘူး။

"ကြောက်တယ်"ဆိုတာ၊ ကိုယ်ရပ်တည်ရာ နေရာလေး၊ ရွေ့ပျောက်သွားမှာ၊ စိုးရိမ်တဲ့ စိတ်ပါ။

အများအကျိုးကို၊ တကယ် ဆောင်ရွက်နေသူတိုင်းမှာ၊ အဲဒီ စိတ်မရှိပါဘူး။ ဘာဖြစ်လို့လဲ ဆိုတော့၊ အများအကျိုးကို၊ ရည်စူး ထားသူဟာ၊ သူ့နေရာ . . သူ့အကျိုးကို၊ အများအကျိုးနဲ့၊ လဲလှယ်ထားပြီးသားမို့ပါ။ ဒါကြောင့် . . . ပရဟိတ ဆောင်ရွက် နေသူတိုင်းမှာ၊ ဘာကြောက်စိတ်မှ၊ မရှိတတ်ကြပါဘူး။

အသိခေါက်ခက်၊ အဝင်နက်တဲ့၊ လူကြီးတွေသိဖို့၊ ဒီနေရာက၊ တစ်ခွန်းလောက်၊ ပြောပြလိုက်ချင်ပါတယ်။

"နိုင်ငံရေးဆိုတာ၊ ပရဟိတ လုပ်ငန်းပါ"

"ပရဟိတ"ကို၊"အတ္တ"စိတ်နဲ့ လုပ်နေလို့ကတော့ . . ၊ "ရေသာများ၊ငါးမရ". . ဖြစ်နေကြမှာပါပဲ။

◆

www.burmeseclassic.com



ကြောက်သင့်တာကို ကြောက်

ကျွန်တော်က ဗုဒ္ဓဘာသာဝင်ဆိုတော့၊ ဗုဒ္ဓဘာသာရဲ့၊ အဆုံးအမနဲ့ နေထိုင်ရှင်သန်ရတာပေါ့။ ငယ်ငယ်က,လို၊ ပုတီးလေး စိတ်နေရုံနဲ့၊ မပြည့်စုံလောက်ဘူးလေ။

ဉာဏ်အားဖြင့် အရွယ်အားဖြင့်၊ ဗုဒ္ဓဘာသာဝင် ပီပီ၊ ကြောက်သင့်တာကို ကြောက်မှဖြစ်မယ်လေ။

ဒါ. . . ဗုဒ္ဓဘာသာဝင်တိုင်း၊ သိကြပြီးသားပါ။ မကောင်းမှုပြုရမှာကို၊ ကြောက်ရပါမယ်။ ငယ်ငယ်က,လို၊ မျက်ကန်းတစ္ဆေ မကြောက်၊ "ဘာမှမကြောက်ဘူးကွ". . လို့ လက်သီးလက်မောင်း မတန်းတော့ဘဲ၊ သံသရာဘေး . . . အပါယ်ဘေးတော့၊ ကြောက်ကို ကြောက်ရပါလိမ့်မယ်။

မှန်တာလုပ်ဖို့၊ မှန်တာပြောဖို့(သင့်တင့်တဲ့ ကာလ,မှာ ပြောဖို့)မကြောက်မရွံ့ပေမယ့်၊ မမှန်တာ၊ မတရားတာကို၊ ပြောဖို့၊ လုပ်ဖို့ ဆိုတာကိုတော့၊ လူစင်စစ်တိုင်း၊ ကြောက်တတ်ကြရပါမယ်။ ကျွန်တော်လည်း၊ ကြောက်တတ်ပါတယ်။

◆



မကြောက်တရား

ဒါ. . ၊လွယ်လွယ်လေးပါ။ ကောင်းတဲ့စိတ်နဲ့ ကောင်းတဲ့ အလုပ်ကို၊လုပ်ဖြစ်နေသမျှ၊ သေခြင်းအပါအဝင်၊ တခြားဘာကိုမှ၊ ကြောက်ဖြစ်တော့မှာ၊ မဟုတ်ပါဘူး။

ကြောက်တယ်ဆိုတာ၊ မလုံခြုံသူတွေရဲ့ အားနည်းစိတ်ပါ။

ငါ. . မကောင်းမြတ် မမှန်ကန်တာ၊ ဘာမှ မလုပ်ထားဘူး . . လို့၊ သေချာနေတဲ့၊လူတိုင်း၊ စိတ်က၊ အလိုလို၊ ရဲရင့်နေပါလိမ့်မယ်။ ကြောက်နေတယ်ဆိုတာ၊ အားနည်းချက် ရှိနေလို့ပါပဲ။

အခမ္မက၊ အင်အားများနေရင်တောင်၊ (ဓမ္မက၊ အင်အားနည်းနေရရင်တောင်) ဓမ္မမှာ၊ ဘယ်တုန်းကမှ၊ အကြောက်တရား မကိန်းဝပ်ပါဘူး။ ဒါကြောင့်. . .

ဘာကိုမှ၊ မကြောက်ချင်ဘူး။ ရဲရင့်ချင်တယ်ဆိုရင်၊ ဘယ်မကောင်းမှုကိုမှ၊ (လုံးဝ)မလုပ်ပါနဲ့. . လို့၊ ဘဝ . . လက်ဆောင်ပါးလိုက်ချင်ပါတယ် . . . ။

ဒါ့အပြင်. . .

အမှား လုပ်ခဲ့ဖူးတယ်။ လုပ်ခဲ့မိတယ်ဆိုရင်လည်း၊ ဝန်ခံရဲတဲ့ သတ္တိရှိရပါမယ်။ အမှားကိုလည်း၊ ဝန်ခံရဲတယ်။

www.burmeseclassic.com

www.burmeseclassic.com



အမှန်ဆိုတိုလည်း၊ လျှောက်လှမ်းရဲတယ်ဆိုရင်၊ထိုပုဂ္ဂိုလ်ရဲ့ နှလုံးသားမှာ၊ အကြောက်တရားဆိုတာ၊ မရှိနိုင်တော့ပါဘူး။ ဒါတိုပဲ၊ ရဲရင့်သူလို့၊ ခေါ်တွင်သင့်ပါတယ်. . ။ ။

♠♠♠

2014-Feb-6
2:30 (P-M)
[Eternal light Magazine 2014-March]



# လူကြီးရောဂါ

(၁)

အဖေ့ အဖေနှင့်အမေ(ကျွန်တော့် အဘိုးအဘွား)၊ အမေ့၏ အဖေ(ကျွန်တော့်အဘိုး) တို့သည်၊ ရောဂါ ကိုယ်စီဖြင့်၊ ကွယ်လွန်ခဲ့ကြ၏။ ထို့အပြင်၊ အဖေရော. . အမေပါ၊ ရောဂါဘယဖြင့် ကွယ်လွန်ခဲ့ကြရှာသည်။

အမေ့၏အမေ(ကျွန်တော့်အဘွား)ကတော့၊ ယခုအထိ၊ ရှိနေပါသေး၏။ အသက်(၈၈)နှစ်၊ကျော်ခဲ့ပေပြီ။

အဘိုးနှစ်ယောက်နှင့်အဘွားတ၊ လေရောဂါ၊ အဖေနှင့် အမေက၊ အသည်းရောဂါဖြင့်၊ ကွယ်လွန်ခဲ့ကြရခြင်းဖြစ်၏။

♠

တချို့ သက်ကြီးရွယ်အိုများ၊ ဆုံးပါးကွယ်လွန်ကြောင်း၊ ကြားသိရသည့်အခါ၊ "ဘာရောဂါနဲ့ ဆုံးတာလဲ". ဟု၊ မေးမြန်း

www.burmeseclassic.com

www.burmeseclassic.com



မလေ့၊ ရှိကြသည်။ "အထွေအထူး ရောဂါမဟုတ်ပါဘူး။ လူကြီးရောဂါနဲ့ဆုံးတာလေ". . ဟု၊ ကြားရ သိရသောအခါ၊ကျွန်တော့်မှာ၊ ထိုကွယ်လွန်သူ သက်ကြီးရွယ်အိုများအတွက် သာဓုပင်၊ ချေါ်ခဲ့မိလေသည်။

မည်သည့်ရောဂါ၏ အနှိပ်အစက်ကိုမျှ၊ မခံစားရဘဲ၊ အသက်အရွယ် အိုမင်းရင့်ရော်သဖြင့်၊ အနိစ္စသဘော တရားအရ၊ ကွယ်လွန်ကြရသူတို့ကို၊ လူကြီးရောဂါဖြင့်၊ ကွယ်လွန်သည်. . ဟု၊ နားလည်ဖြစ်ကြသည်။

ဆုတောင်းဖို့၊ သင့်. . မသင့်၊ ကျွန်တော်နားမလည်။ နောက်ဆုံးပေါ် ရောဂါဆိုးကြီးကို၊ ခံစားရင်ဆိုင်၊ သေလွန်ရမည့်အစား၊ "လူကြီးရောဂါနဲ့ပဲ၊ သေပါရစေ". . ဟု၊ ရံခါ၌၊ ဆုတောင်းမိခဲ့ဖူးပါသည်။

"ဪ. . လူကြီးရောဂါဆိုတာ၊ အသက်ရှည်တဲ့ အဘိုးအဘွားတွေ၊ ဖြစ်တဲ့ ရောဂါပဲ။ငါက. . ,အသက်ရှည်, မရှည်၊ မသေချာဘူး။ဒီတော့ . . ဆုပေါင်းမနေတော့ပါဘူး။ . . ဟု၊ အားငယ်၊ ခံစား တွေးမောရပြန်သည်။

♠



(၂)

မိုးကျော်အောင်သည်၊ ကျွန်တော့်ညီနှင့်မှ၊ သက်တူရွယ်တူ ။ အလွန်ဆုံးရှိလှ၊ အသက်(၄၀)ဝန်းကျင်မျှ။

ထိုမျှ၊ ဝယ်ရွယ်သေးသော၊မိုးကျော်အောင်သည်၊ ကားမှောက် သေဆုံးခဲ့ပါလျက်၊ ရပ်ကွက်ထဲမှာတော့၊ "လူကြီးရောဂါနဲ့ သေတာ". . ဟု၊ ပြောစမှတ်ပြုနေကြလေ၏။ သက်ကြီးရွယ်အိုများသာ၊ လူကြီးရောဂါနှင့် သေဆုံးလေ့ရှိကြောင်း၊ ကြားသိထားခဲ့ရသူ၊ ကျွန်တော်မှာ၊ အသက်(၄၀)ဝန်းကျင်၊ မိုးကျော်အောင်၊ သေဆုံးခြင်းကို၊ "လူကြီး ရောဂါနဲ့ သေတာ". . ဟု၊ သတ်မှတ်နေကြသည်ကို၊ မည်သို့မျှ၊ နားမလည်၊ စိတ်မရှင်း။

ထို့ကြောင့်, ရပ်ကွက်ထဲ၊ နားရှင်းအောင် ပြောနိုင်သူများ ရှိရာသို့၊ ကျွန်တော်ခြေဆန့်ခဲ့ရလေတော့၏။

♠

"ဟိုး. . အရင်တစ်ခါ၊ ရပ်ကွက်လူကြီးရွေးတုန်းက၊ မြို့နယ်က, အရာရောက်တဲ့သူကို၊ငွေ. . ဆယ်သိန်းပေးပြီး၊ လူကြီးဖြစ်အောင်လုပ်ခဲ့တာလေ။

အခု. . မဲနဲ့ဘာနဲ့၊သေသေချာချာ၊ ရွေးကြရမှာဆိုတော့၊

www.burmeseclassic.com

www.burmeseclassic.com



သူ့ကန့်ကွက်မယ့်သူတွေကို၊ လက်သိပ်ထိုး၊ ငွေပေးပြီး၊ မဲထည့်နိုင်းတာ။

အဲ. . အဲဒီလို၊ မဲထည့်နိုင်းတဲ့အပြင်၊ သူ. . မဲနိုင်ရင်၊ အားလုံးကို၊ စားသောက်ဆိုင်မှာ ညစာကျွေးမယ်. . လို့၊ ကတိပေးထားတာ။ သူ. . မဲနိုင်တယ်လေ၊ လူကြီးဖြစ်တယ်။

အဲဒီ အထိမ်းအမှတ်နဲ့၊ သူ့လိုလားသူ၊ ထောက်ခံသူတွေကို၊ ညစာကျွေး . . ၊ အသောက်အစားလေးနဲ့ ညှို့ခံပြီး၊ အပြန်၊ ကားမှောက်ပြီးသေတာပါ။

အဲဒါကို၊ မျက်စိ စပါးမွေးစူးတဲ့သူတွေက၊ လူကြီးရောဂါနဲ့ သေတယ်. . လို့၊ သရော်တာ”

“ဩော်”

ကြားသိရသည့်သတင်းက၊ စိတ်မကောင်းစရာ၊ နာရေးသတင်း။ အသက်ငယ်ရွယ်ပါသေးလျက်၊ လူကြီးရောဂါနဲ့သေတာ . . ဟု၊ လှောင်ပြောင်သရောင်စကား၊ ကြားရသဖြင့်၊ မရယ်မိ . . မပြုံးမိအောင်၊ လွန်စွာဆင်ခြင်ခဲ့ရ၏။



(၃)

မိတ်ဆွေများ ခင်ဗျား။

ကျွန်တော် . . ၊ လူကြီးရောဂါဖြင့်၊ မသေချင်တော့ပါ . . ။ ။

●●●

2013-May -30
11:01 (P-M)
[ခတ်ပေါ်ဝင်းစု-ဗျာနယ်- အမှတ်(၆)]

www.burmeseclassic.com

www.burmeseclassic.com



# တစ်ကိုယ်တော် ပရဟိတ

မူကြိုပရဟိတ

"ပရဟိတ" . . ဆိုတာ၊ ပါဠိစကား ဆိုပေမယ့်၊ "သူတစ်ပါး အကျိုး" . . လို့ အဓိပ္ပါယ် သက်ရောက်တယ်ဆိုတာ၊ ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးတိုင်း၊ သိထားကြပြီး၊ ဖြစ်ပါလိမ့်မယ်။ ဒါဟာ၊ မိရိုးဖလာ လက်ဆင့်ကမ်း အပြုအမူ၊ အဆိုအဆုံးမ,တွေကြောင့်၊ တကူးတက မသင်ကြားကြရဘဲ၊ ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးတိုင်း၊ သိပြီး ဖြစ်နေကြရတာပေါ့။

"ပရဟိတ"လုပ်ငန်းဟော့ . . လို့ ဆိုလိုက်တာနဲ့၊ ကိုယ့်အကျိုး မဟုတ်၊ သူတစ်ပါးအကျိုးကို ဆောင်ရွက်ပေးတဲ့၊ လုပ်ငန်းပဲ . . ဆိုတာ၊ မြန်မာတိုင်းရင်းသားတိုင်း၊ မြန်မာပြည်သားတိုင်း၊ သဘောပေါက်နေကြပါပြီ။

ကျွန်တော့်အဖို့တော့၊ "ပရဟိတ"ဆိုတဲ့၊ ပါဠိဝေါဟာရ၊ အဓိပ္ပါယ်ကို၊ မကြားဘူးသေးခင်၊ မသိသေးခင်(မူကြိုအရွယ်)



တတည်းက၊ ပရဟိတလုပ်ငန်း လုပ်ဆောင်သူ "မာဃလုလင်" အကြောင်းကို ရပ်ကွက်ထဲက၊ ကျူရှင်ဆရာကြီး(ဆရာကြီး-ဦးစံရွှေ) ရဲ့ကျေးဇူးကြောင့်၊ ကြားသိခဲ့ရပါတယ်။

အခုခေတ်ကျောင်းတွေမှာတော့ ဘာတွေ သင်ပေးနေကြ သလဲ၊ မသိ။ ဆရာကြီးဦးစံရွှေရဲ့ ကျူရှင်မှာတော့၊ တစ်ပတ် တစ်ခါ၊ ဘုရားဟော နိပါတ်တော်တွေကို၊ တစ်ခုပြီးတစ်ခု၊ ပြောပြလေ့ရှိ ပါတယ်။ ဇာတ်တော်ကြီး ဆယ်ဘွဲ့ထဲက၊ မဟောသဓာဆိုရင်၊ ကျွန်တော်စတုတ္ထတန်း မအောင်ခင်ကတည်းက၊ သိပြီးသား။ ဝေဿန္တရာ ဇာတ်တော်ဆိုရင်၊ မူလတန်းကျောင်းသား အရွယ်မှာ ကတည်းက၊ နားရည်ဝ,ပြီးသား။ အဲဒီခေတ်ကာလ, တုန်းကလည်း။

အဲဒီမူကြိုကျောင်း (ဆရာကြီး ဦးစံရွှေရဲ့ ကျူရှင်)က, လွဲပြီး တခြားဘယ်အစိုးရ ကျောင်းမှာမှ၊ အဲဒီလို အရွယ်တွေ(လုံးဝ) မကြားဖူးခဲ့ပါဘူး။ (ကျွန်တော်နဲ့နီးစပ်ရာ ကျောင်းတွေကိုသာ၊ ဆိုလို ပါတယ်။ တခြားအရပ်ဒေသ၊ အစိုးရကျောင်းတွေကိုတော့ လက်လှမ်းမမီပါ)။

♣

အဲဒီလို၊ ဗုဒ္ဓဘာသာ မြန်မာနိုင်ငံရဲ့ (မူလတန်းအရွယ်တွေ

www.burmeseclassic.com

www.burmeseclassic.com



ကို၊ သင်ကြားပေးတဲ့)ကျောင်း၊ ပိပိ၊ ဘုရားနိပတ်တော်တွေနဲ့ နီးစပ်အောင်၊ ဆောင်ရွက်ခဲ့တဲ့၊အဲဒီ,ကျွန်တော့်ငယ်ဆရာ ဆရာကြီးဦးစံရွှေနဲ့ ဂုဏ်ကျေးဇူးကို၊ ကျွန်တော် တစ်သက်၊ ဘယ်တော့မှ မမေ့ပါဘူး။

အဲဒီလို၊ ဆရာပီသ,တဲ့၊ ဆရာကောင်းရဲ့ ကျေးဇူးကြောင့်၊ ကျွန်တော့်မှာ၊ မူလတန်း(အစိုးရကျောင်း)မတက်ခင်၊ (မူကြိုအရွယ်)ကတည်းက၊ မာဃလုလင်သတို့သား အကြောင်းကို၊ တမက်တမောနားရည်ဝ,ခဲ့ရပါတယ်။

(မာဃလုလင်ဆိုတာ၊ ရပ်ရွာထဲမှာ၊ အများအကျိုး သယ်ပိုးခဲ့တဲ့သူ။ သိကြားမင်းကြီးရဲ့ လူ့ဘဝတုန်းက၊ အမည်နာမ,ဆိုတာ၊ ဗုဒ္ဓဘာသာဝင်တိုင်းသိပြီး၊ဖြစ်ပါလိမ့်မယ်)။

ကျွန်တော်ဆိုလိုချင်တာက၊ ဆရာကြီးဦးစံရွှေပြောပြခဲ့တဲ့၊ "မာဃလုလင်"ကို၊ အကြောင်းပြုပြီး,လူတွေဟာ၊ သီလစင်ကြယ်ဖို့၊ အများအကျိုးဆောင်ရွက်ဖို့ဆိုတဲ့၊ အသိ အလိမ္မာကို၊ မူကြိုကျောင်းသားအရွယ်ကတည်းက၊ ကြားဖူးနားဝနဲ့၊ မှတ်မှတ်သားသား ရှိခဲ့ရတယ်လို့၊ ဆိုလိုချင်တာပါ။

ဆရာကောင်းနဲ့တွေ့ခဲ့ရတော့၊ လူဆိုတာ အများအကျိုးကို



သယ်ပိုးရတယ် . . ဆိုတာကို၊ ငယ်ငယ်ရွယ်ရွယ်နဲ့ သိကြားခွင့်ရခဲ့တယ်လို့၊ ကြွားချင်တာလည်းပါတာပေါ့။(အဲဒီလို ဆရာကောင်းမျိုးတွေ၊ လူငယ်တွေရဲ့ ဘဝ အနှံ့အပြားမှာ၊ ရှိနေကြပါစေ . . လို့ ဆုတောင်းပါရစေ)။

♠♠

ညမှာခဲနဲ့ထု၊ မနက်မှာ–ကူညီ

"လှမျိုးအောင်" . . လို့ခေါ်တဲ့၊ [မောင်လှမျိုး-ချင်းချောင်းခြံဆိုတဲ့] ကောင်က၊ငယ်ငယ်က၊ လူရည်သန့်လေးတော့၊ မဟုတ်ခဲ့ပါဘူး၊ လူငယ်ဆိုတော့၊ လူငယ်လို နေခဲ့မိတာပါ။

ကိုယ်နေချင်သလိုလည်း၊ နေတယ်။ ကိုယ်လုပ်ချင်ရာလည်း၊ လုပ်ပစ်လိုက်တယ်။ မိဘ ဆရာစကားလည်း၊ လိုက်နာချင်တဲ့အခါ လိုက်နာဖြစ်တာပေါ့။ မညာမတာ ပြောရရင်၊ မီးစ, တစ်ဖက်, ရေမှုတ်တစ်ဖက် ကိုင်ထားတဲ့သူ . . . ဆိုပါတော့။

(ရေမှုတ်နော်။ ရေမှုန့်မဟုတ်ဘူး။ စာရိုက်တဲ့သူ၊ မျက်စိမှားမှာစိုးလို့၊ ပြောပြတာပါ။ ရေမှုတ်ဆိုတာ၊ အလွယ်ပြောရရင်၊ အုန်းမှုတ်ခွက်ကို၊ အပေါက်ဖောက်ပြီး၊ တုတ်နဲ့ထိုးထားတဲ့၊ သောက်ရေခွက်ကို၊ ခေါ်တာပါ။

www.burmeseclassic.com

www.burmeseclassic.com



ရေမှုတ်တို့၊ ရေကပြင်တို့၊ ကွပ်ပျစ်တို့၊ ကရွတ်ခွေ. . တို့၊ စ,တဲ့၊ မြန်မာ့အသုံးအဆောင်တွေကို၊ မြန်မာတွေ မေ့နေမှာစိုးလို့ တမင် ထည့်ရေးမိတာ)။

အဲ. . စကားဆက်ပါရစေ။

လှမျိုးအောင်ဆိုတဲ့ ကောင်က၊ မီးစ, တစ်ဖက်, ရေမှုတ် တစ်ဖက် ဓလေ့စရိုက်ရှိတဲ့သူဆိုတော့၊ ဟုတ်တာရော . . . မဟုတ်တာ ရော. . ။ လုပ်မိခဲ့တယ်ဆိုပါတော့။

♣

မူးမူးရူးရူးနဲ့ (ညဘက်)ဘုရား အကျယ်ကြီးရှိခိုးတဲ့၊ အမူး သမားအိမ်။(ညဘက်)ဝန်းကျင်ကိုမှ၊ အားမနာ၊ အိမ်သား အချင်း ချင်း၊ အိမ်ထဲမှာ၊ အော်ကြီးဟစ်ကျယ် ဆဲဆိုရန်ဖြစ်တဲ့ အိမ်ဆိုရင် (သိပ်တရားလွန်နေပြီ. . လို့၊ယူဆ,တဲ့အခါ)၊ အဲဒီ အိမ်ခေါင်မိုးတွေ အပေါ်ကို၊ ကျွန်တော်အုတ်ခဲပိုင်းနဲ့ လှမ်းထုလိုက်တာပါပဲ။

ပတ်ဝန်းကျင်ကို၊ အနှောက်အယှက်ဖြစ်လောက်အောင်၊ ဆူညံနေတဲ့ အိမ်မျိုးကို၊ အဲဒီလိုခဲနဲ့ထုပြီး၊ဟန့်ထားတာဟာ၊ မြန်မာ့ ရိုးရာ ဓလေ့စရိုက်ပဲ. . လို့၊ ကျွန်တော်ယူဆ,ခဲ့ဖူးပါတယ်။ မြန်မာ တော်တော်များများ၊ ကြားသိကြမယ်ထင်ပါတယ်။ ရပ်ရွာကို၊ အသိ



မပေးဘဲ၊ ရပ်ရွာက၊ ခွင့်မပြုဘဲ၊ အမျိုးသား အမျိုးသမီးတစ်စုံမောင်နှံ၊ တစ်အိမ်တည်း နေထိုင်ပေါင်းသင်းနေမိတဲ့ အိမ်ဆိုရင်၊ ခဲထုခံကြ ရတယ် ဆိုတာလေ။ (အဲဒါမြန်မာ့ဓလေ့ပေါ့။ မဟုတ်ဘူးလား)။

အခုခေတ်များ၊အဲဒီလို ရပ်ရွာကို မလေးမစား လုပ်ပြီး၊ တရားမဝင် ပေါင်းဖက်သူရှိတဲ့နေရာကို၊ ခဲနဲ့ထုကြရမယ်ဆိုရင်၊ မြို့ပြရဲ့ တိုက်ခန်း ပြူတင်းပေါက်မှန်၊ ကွဲသံတွေ၊ ဆူညံနေလေရာ မယ်။

♣

အဲဒီလို၊ ကိုယ် မကျေနပ်တဲ့ အိမ်ကို၊ မှောင်ရိပ်ခိုပြီး၊ ခဲနဲ့ထုတဲ့အခါ၊ အထုခံရတဲ့ အိမ်တွေက၊ ငြိမ်သွားတာ ရှိသလို၊ ခဲပစ်ရာနေရာကို၊ ခန့်မှန်းပြီး၊ ဆဲကြဆိုကြတော့လည်း ရှိတာပေါ့။

♣

မနက်ရောက်တော့၊ အမေက ဈေးသည်ဆိုတော့ ဈေးဆိုင် ကူဖွင့်ပေး။ ပြီးရင် အိမ်ပြန်။

အိမ်အပြန်လမ်းမှာတော့၊ တွေ့တဲ့သူကို၊ ကျွန်တော်ဘူညီ တော့တာပါပဲ။

မာယလုလင်လို၊ တစ်ရပ်ကွက်လုံး ကို မဆောင်ရှက်

www.burmeseclassic.com

www.burmeseclassic.com



နိုင်ပေမယ့်၊ ကြုံတဲ့သူကို၊ တစ်နိုင်တစ်ပိုင် ကူညီတဲ့ အလေ့အထ,က၊ ငယ်ငယ်တတည်းက၊ ရှိပြီးသားကိုး။

ဈေးခြင်း မနိုင်တဲ့ အဒေါ်ကြီးကို၊ ဈေးခြင်းကူသယ်။ ဆန်အိတ်မနိုင်တဲ့ အဒေါ်ကြီးကို၊ ဆန်အိတ်ထမ်းပေး။

ကိုယ်လက်အင်္ဂါ မသန်စွမ်းသူကို၊ အတူကူတွဲ . . စသည် ဖြင့်ပေါ့။ (အိမ်အပြန်လမ်းတလျှောက်၊ ကြုံတဲ့သူကို ကူညီတာ)။

တချို့၊ သက်ကြီးရွယ်အိုရဲ့အိမ်အတွက်၊ သုံးရေ . . . သောက်ရေတောင်၊ ကျွန်တော်ခပ်ပေးဖြစ်ပါတယ်။

♠

တစ်မနက်မှာ။

ညဘက်တုန်းက၊ ကျွန်တော်ခဲနဲ့ပစ်ထားတဲ့၊ အိမ်က၊ အဒေါ်ကြီးနဲ့၊ ရပ်ကွက်အဝင်မှာ တွေ့ပါလေရော။

သူ့ခမျာ၊ ဈေးခြင်းက တစ်ဖက်။ ဆန်(၄)ပြည်လောက်ရှိတဲ့ အိတ်က၊ တစ်ဖက်။ ဆန်အိတ်ကို၊ ခေါင်းပေါ်မှာ ရွက်ထားရရှာတာ။

ကျွန်တော်အပြေးသွား။

"ဒေါ်ကြီး၊ ကျွန်တော့်ကို ဆန်အိတ်ပေး။

ကျွန်တော်ထမ်းပေးမယ်"



"နင် . . နိုင်ပါ့မလား"

"နိုင်ပါတယ်"

အဲဒီ့အဒေါ်ကြီး အိမ်အထိ၊ လိုက်ပို့။ ထမ်းထားတဲ့ ဆန်အိတ်ကို၊ အချ။

အဒေါ်ကြီးက

"မောင်လှမျိုး၊ကျေးဇူးပဲနော်"

"ဟုတ်ကဲ့။ ရပါတယ် ဒေါ်ကြီးရဲ့"

အဲဒီ့အဒေါ်ကြီးက၊ ကျွန်တော့်ကို ပြုံးပြီးကြည့်ရင်း၊ ပြော လိုက်တဲ့စကားက၊ ကျွန်တော်ဘာပြန်ပြောရမှန်းမသိ၊ ဖြစ်သွားခဲ့ ဖူးပါတယ်။

"အင်း၊ မောင်လှမျိုး. မောင်လှမျိုး။ညဘက် . . ငါ့အိမ်ကို၊ ခဲနဲ့ထုတော့လည်း၊ နင်ပဲ။

မနက်ဘက်၊ငါ့ကို၊ ကူညီတာလည်း၊ နင်ပဲ။

ငါ့ . . စိတ်ဆိုးရခက်တယ် နော်. . ။"

ကျွန်တော် အားနာပါးနာနဲ့ . . တဟားဟားရယ်ပြီး၊ ထွက်ပြေးခဲ့ရတယ်။

♠

www.burmeseclassic.com

www.burmeseclassic.com



ငယ်စဉ်ကတည်းက၊ သူတစ်ပါးကို၊ ကျွန်တော် ကူညီဖူးပါတယ် . . လို့၊ သိစေချင်တာမဟုတ်ပါဘူး။

ဆရာသမား ပြောပြဆုံးမ,ဖူးတဲ့၊ နိပါတ်တော်လာအဆုံးအမကို၊ အကြောင်းပြုပြီး၊ လူငယ်ဆိုတာ၊ လူငယ်လို၊ ပြုမူနေထိုင်မှောက်မှားမိတာမျိုးတွေ၊ ရှိခဲ့သော်ငြား၊ တစ်နေ့ တစ်ရက်အတွင်းမှာ (အနည်းဆုံး) တစ်ယောက်ယောက်ကို၊ အကူအညီပေးသင့်ပါတယ်လို့၊ ဆိုလိုချင်တာပါ။

♣♣♣

**ကိုယ့်အကျိုးအောင်အောင်မအောင်အောင်**

**အများအကျိုးဆောင်**

ငယ်စဉ်က,နေ၊ အရွယ်ရောက်လာတဲ့အထိ၊ ကျွန်တော် သိပ်မကြိုက်တဲ့ စကားတစ်ခွန်းရှိပါတယ်။ အဲဒါက,တော့၊

"အများအကျိုးဆောင်

ကိုယ့်အကျိုးအောင်". . ဆိုတဲ့၊ စကားပါ။

ဒါဟာ၊ လူကြီး သူမ,တွေက၊ လူငယ်တွေကို၊ အများအကျိုးဆောင်ရွက်စေချင်လွန်းလို့၊ "အများအကျိုးကို ဆောင်ရွက်ရင်း၊ ကိုယ့်အကျိုးပါ အောင်မြင်သွားရတဲ့၊ အဖြစ်သနစ်တွေကို၊ ပုံတို



ပတ်စ,ပြောပြပြီး၊ တွေ့,လား။ ဘယ်သူဘယ်ဝါတော့၊ အများအကျိုးကို ဆောင်ရွက်တာ၊ သူ့,ကိုစွပါ အဆင်ပြေ ချောမွေ့,သွားတယ်။ ဒါကြောင့်၊ မင်းတို့တွေလည်း၊ အများအကျိုး ဆောင်ကြ" . . ဆိုတဲ့၊ စေတနာသဘော၊ ပြောပြမိတာ၊ ဖြစ်ပေမယ့်၊ မနာလူတတ်သူတွေမှာ၊

ငါတို့ အများအကျိုးဆောင်ရွက်မှုပဲ။ ဒါမှ

ငါတို့ အကျိုးအောင်မြင်မှာ . . လို့၊ စွဲမှတ်ပြီး၊ တိုယ့်အကျိုးအတွက်၊ အများအကျိုးကို ဆောင်ရွက်နေကြတာမျိုးဖြစ်နေကြမှာ၊ ကျွန်တော်စိုးရိမ်ပါတယ်၊

ဒါကြောင့်,

အများအကျိုးဆောင်၊ ကိုယ့်အကျိုးအောင်ဆိုတဲ့၊ စကားကို မေ့ပစ်ပြီး၊ ကိုယ့်အကျိုးအောင်အောင်၊ မအောင်အောင်၊ အများအကျိုးကို၊ ဆောင်ရွက်စေချင်ပါတယ်။

♣

တကယ်တော့၊ အများအကျိုးဆောင်၊ ကိုယ့်အကျိုးအောင် . . ဆိုတဲ့စကားဟာ၊ အမှန်စကားပါ။(ကိုယ့်အကျိုးအောင်ဖို့ အများအကျိုးကို၊ ဆောင်ရွက်တာမျိုး၊ မဖြစ်စေချင်လို့,သာ၊ စကား

www.burmeseclassic.com

www.burmeseclassic.com



အပေါင်းတို့၊ တမင်မေ့ပစ်ခိုင်းရတာပါ)။

♠

ဘဝမှာ. . ကိုယ့်ကိုယ်ကိုယ် သတ်သေချင်လောတ်အောင်၊ ကျွန်တော် စိတ်ညစ်ဖူးပါတယ်။

အဲဒီလို စိတ်ညစ်နေချိန်မှာ၊ တိုက်တိုက်ဆိုင်ဆိုင်၊ သူတစ်ပါး ဒုက္ခရောက်တဲ့၊ အဖြစ်အပျက်တစ်ခု၊ ကျွန်တော့် ရှေ့တည့်တည့်မှာ၊ ကြုံဖူးပြီး၊ ဝင်ရောက်ကူညီရင်း၊ ကိုယ်တူညီတဲ့ ကိစ္စအဆင်မပြေမချင်း၊ မရ,ရအောင်၊ လုပ်နေရာက,နေ၊ တစ်နေ တုန်သွားပါတယ်။

နောက်တစ်နေ့

အဲဒီကိစ္စကို၊ ဆက်ကူညီ . . ဆက်ကူညီရင်း. . ကိုယ့်ကိုယ်ကိုယ်၊ သတ်သေချင်လောက်အောင်၊ စိတ်ညစ်နေရတဲ့ ကျွန်တော့်ကိစ္စ။ ဘယ်ရောက်သွားမှန်းတောင် မသိတော့ပါဘူး။

ကိုယ်တိုင် စိတ်ညစ်နေရင်းက, နေ၊ ကိုယ့်ထက် အခြေအနေဆိုးသူကို၊ဝင်ကူညီရင်း၊ ကိုယ့်, စိတ်ညစ်စရာ၊ ပျောက်သွားရတာပါ။

အဲဒါအပြင်၊ ငါ့ထက်၊ စိတ်ညစ်စရာကောင်းတဲ့၊ အခြေအနေဆိုးတွေ၊ လောက,မှာ၊ ရှိနေကြတာပါလား. . ဆိုတဲ့၊ အသိ



တရားပါ ကျွန်တော်ရခဲ့ဖူးပါတယ်။

♠

အဲဒီနောက်ပိုင်းမှာ၊ ကိုယ်တိုင်ပဲ ဖြစ်ဖြစ်၊ (တခြား)၊ ကျွန်တော့်စကားကို၊ လက်ခံမယ့်သူကိုပဲ ဖြစ်ဖြစ်၊ အကြံပေးနေလေ့ရှိတာက,

- စိတ် . . . သိပ်ညစ်နေရင်၊ ကိုယ့်ထက် ခက်ခဲနေသူတွေကို တတ်နိုင်သလောက်၊ အကူအညီပေးလိုက်ပါ။ (လုပ်အားနဲ့ ကူညီတာပေါ့)။

-နောက် သိပ်စိတ်ညစ်နေရင်၊တခြားကူညီရမယ့် သူလည်း၊ မကြုံဘူးဆိုရင်၊ ဘုရား. . . ဓမ္မာရုံ၊ ဒါမှမဟုတ်၊ ကိုယ့်အိမ်မှာ ကိုယ်၊ အမှိုက်ရှင်းနေလိုက်ပါ။

(အရင်ဆုံး၊ စိတ်အဆင်ပြေသွားပါလိမ့်မယ်)

♠

အလွယ်စကားပြောရရင်၊ ကိုယ့်ကိစ္စ အဆင်မပြေပေမယ့်၊ အဆင်ပြေမယ့် တခြားတစ်ယောက်ကို ဝင်ကူလိုက်စေချင်တာပါပဲ။ ကိုယ်အဆင်မပြေပေမယ့်၊ ကိုယ့်ကြောင့်၊ သူတစ်ပါးအဆင်ပြေသွားတာဟာ၊ တစ်ယောက်ရှုံးပေမယ့်၊ တစ်ယောက်နိုင်တဲ့

www.burmeseclassic.com

www.burmeseclassic.com



သဘောပါပဲ။

ဒါကြောင့်၊

ကိုယ့်အကျိုး အောင်အောင်၊မအောင်အောင်၊ သူတစ်ပါး အကျိုးကို၊ (တစ်ခါလောက်)၊ ဆောင်ရွက်ကြည့်စေချင်ပါတယ်။

အခုခေတ်အခြေအနေအရပြောရမယ် ဆိုရင်၊ ပရဟိတ လုပ်ငန်းတွေမှာ၊ဘာမျှော်လင့်ချက်မှ၊ မပါဘဲ၊ ဝင်လုပ်စေချင် တာပါပဲ။

နောက်ပြီး. . . ကင်းထောက်အဖွဲ့တွေ. . တခြား လူမှုရေး အဖွဲ့တွေ. . စသည်ဖြင့်ပေါ့. . . ။

♠♠♠

ဆောင်ပုဒ်

ပရဟိတ. . လို့ခေါ်တဲ့၊ သူတစ်ပါးအကျိုးဆောင်ရွက် နေသူတွေ၊ အဆင်မပြေလို့၊ ညည်းညူကြတဲ့ အခါ၊ ကျွန်တော် ရွတ်ပြနေကျ၊ ကဗျာဆောင်ပုဒ်လေးတစ်ပုဒ်ရှိပါတယ်။

အများအကျိုး၊ ရွယ်သယ်ပိုးက
ခနိုးခနဲ့၊ ဆိုကဲ့ရဲ့လည်း
မရွဲ့မစောင်း၊ ကိုယ့်လမ်းကြောင်းကို



စိတ်ကောင်းနှင့်ယှဉ်
ရှေ့ရှုနှင်လော့ ။ ။

(ရွှေဟင်္သာဆရာတော်-စစ်ကိုင်းတောင်ရိုး)

အဲဒီ ကဗျာဆောင်ပုဒ်လေး ရွတ်ပြလိုက်တာနဲ့၊ အများ အကျိုး ဆောင်ရွက်သူတွေ၊ ဘယ်လိုနှလုံးသားထားရမယ်ဆိုတာ၊ သိရှိသွားကြတာပါပဲ။

[ရွယ်သယ်ပိုး(ရွက်သယ်ပိုး)။

မရွဲ့မစောင်း (မဖဲ့မစောင်း). . . ။ ဝယ်စဉ်ကတည်းက၊ ရုံးနံ့ရံတစ်ခုမှာ တွေ့တွေ့ချင်း၊ အလွတ်ကျက်ခဲ့ရတာမို့၊ စာလုံး ပေါင်းသတ်ပုံ(မူကွဲ)ရှိခဲ့သော်၊ ပြင်ဆင်ဖတ်မှတ်ကြပါကုန်]။

♠♠

တစ်ကိုယ်တော်ပရိဟိတ

နိုင်ငံခေါင်းဆောင်ကောင်းတွေက၊ လူထုအကျိုးကို၊ ရှေ့ရှု ဆောင်ရွက်နေကြသလို၊ ကျောင်းသား,လူငယ်,ပြည်သူ,လူထုတွေ ထဲက၊ တစ်ယောက်ချင်းစီအနေနဲ့လည်း၊ လူထုအကျိုးကို၊ ဆောင် ရွက်ကြရမှာပါပဲ၊

ခေါင်းဆောင်ဖြစ်မှ၊ လူထုအကျိုးတို၊ ဆောင်ရွက်နိုင်တာ

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ပါဘူး။ လူထုအကျိုးကို

လူထုထဲက၊ လူတိုင်းဆောင်ရွက်နိုင်ကြပါတယ်။ ဆောင်ရွက်နိုင်ရပါမယ်။

●

လူထုအကျိုးကို ဆောင်ရွက်တယ်ဆိုတာ၊ ဘယ်သူ ဆောင်ရွက်, ဆောင်ရွက်၊ ဒါ. . ပရဟိတပါပဲ။

(ဒီနေရာမှာ၊ပြတ်ပြတ်သားသားနဲ့ထိထိရောက်ရောက် ပြောချင်တာ၊ တစ်ခုရှိပါတယ်။

ဘယ်သူမဆို၊ ထင်ပေါ်ကျော်ကြားချင်လို့၊ ပရဟိတ ဝင်လုပ်တယ်ဆိုရင်တော့၊ နေရာမှားနေတယ်လို့သာ၊ ပြောပါရစေ)။

ပရဟိတ-ဆိုတာကိုက၊ ကိုယ့်အတွက် ဘာမှ၊ မရနိုင်တဲ့၊ အလုပ်လို့၊ နားလည်ထားကြရမှာပါ။ စကားအကုန်ပြောရရင်၊ ကုသိုလ်ရတယ်ဆိုတဲ့ အတွေးကိုတောင်၊ ဖယ်ရှားပစ်လိုက်ပါ။

ကိုယ်လုပ်ချင်လို့၊ လုပ်တာပဲဖြစ်ရမယ်။ ကုသိုလ်ရချင်လို့ လုပ်တာမျိုး၊ မဖြစ်စေချင်ဘူး။

ကုသိုလ်မျှော်ပြီးလုပ်တာလည်း ပရဟိတ အစစ် မဟုတ်ဘူးလို့၊ပြောချင်ပါတယ်။ ဉာဏ်ပညာထက်မြက်သူတွေ၊ သဘော



ပေါက်ကြပါလိမ့်မယ်။

ကိုယ်ချင်းစာစိတ်ကို၊ အခြေခံလိုက်ရုံနဲ့၊ ပရဟိတလုပ်ငန်းကို၊ လုပ်လို့ရပါပြီ။

ပရဟိတ အသင်းအဖွဲ့တွေ၊ ဝင်မှ၊ သူတစ်ပါးအကျိုးကို၊ ဆောင်ရွက်နိုင်တာမဟုတ်ပါဘူး။

တစ်ယောက်တည်း လုပ်လို့ရတဲ့၊ ပရဟိတလုပ်ငန်းတွေ၊ မြန်မာပြည်မှာ၊ အများကြီးလိုအပ်နေပါတယ်။

တစ်ယောက်ချင်းလုပ်ရမယ့် ပရဟိတ အလုပ်တွေကို၊ ကျွန်တော် ဉာဏ်မီသလောက် ပြောပြရရစေ။

၁။ ဘတ်(စ)ကားပေါ် နေရာမလုဘူး။ရထားပေါ် နေရာ မလုဘူး။ (ကိုယ်ထိုင်မယ့် နေရာကို၊ တခြားသူတစ်ယောက်ကို၊ ပေးလှူခြင်း)။

၂။ လမ်းမ,ပေါ်၊ ကွမ်းတံတွေး မထွေးဘူး။ အမှိုက်မပစ်ဘူး။ (သန့်ရှင်းရေးလုပ်နေသူတွေကို၊ ကူညီတာဟာ၊ကိုယ်တိုင် ဆောင်ရွက်တာမျိုးပါပဲ။)

၃။ ဘာရောင်းရောင်း အမြတ်ကြီး မစားဘူး။(အလေးမခိုးဘူး။ အန္တရာယ်ဖြစ်စေတဲ့ ဆေးဝါးတွေမသုံးဘူး)

www.burmeseclassic.com

www.burmeseclassic.com



၄။ ဆရာဝန်ဖြစ်ဖြစ်၊ သူနာပြုဖြစ်ဖြစ်၊ အရာရှိ ဖြစ်ဖြစ်၊ သူဌေးဖြစ်ဖြစ်၊ ဘယ်သူ့ကိုမဆို၊ စကားကို ချိုချို သာသာ၊ပြောဆိုကြရပါမယ်။(နှုတ်ချိုတယ် ဆိုတာ၊ ဒါနပါပဲ)။

၅။ ဘာဝယ်ဝယ်၊ဈေးမဆစ်ဘူး။ အပိုမတောင်းဘူး။ (မဏ္ဍပ်ကြီးထိုးပြီး၊ လှူဖို့တောင်ဝါသနာပါကြသေး တယ်၊ ဈေးသည်ကို၊ ဈေးမဆစ်ဘဲ၊ အပိုအဆစ် မတောင်းဘဲ၊ဝယ်လိုက်တာကိုရော၊လှူတယ်လို့၊ သဘောမထားနိုင်ဘူးလား)။

၆။ လူကြီးသူမတိုင်းကို၊ ကိုယ့်မိဘလို သဘောထား မယ်။ (ဂါရဝတရား)။

၇။ မိန်းမသားတိုင်းကို၊ ကိုယ့်နှမလိုသဘောထားမယ်။ (စာနာတရား) . .

ဆက်ပြောရင်တော့ ၊အများကြီးပေါ့။ ဆရာ လုပ်သလို လည်း၊ မဖြစ်ချင်တော့၊ လိုရင်း တိုရှင်း . . မှားဝင်ပီယံ ဖြစ်အောင် ပြောရဦးမယ်ဆိုရင်၊

ကိုယ်စီ အတ္တတွေ လျှော့ချပစ်နေသူတိုင်းဟာ၊ ပရဟိတ



အသင်းအဖွဲ့ကြီးတွေမှာ၊ မပါဝင်မဆောင်ရွက်နိုင်ခဲ့တောင်ပြီး လည်း ပရဟိတ အလုပ်ကြီးကို၊ လုပ်ဆောင်နေတာပါပဲ။

(အတ္တဖယ်တတ်ရင်ကို၊ ပရဟိတဖြစ်သွားပြီ)။

လူထုအကျိုးကို ဆောင်ရွက်ချင်သူလူငယ်တိုင်း၊ တစ်ကိုယ် တည်း၊ လုပ်ဆောင်ရမယ့်၊ ပရဟိတအလုပ်တွေကို၊ ကျွမ်းဝင်ပြီး ပြီဆိုရင်၊ လူထုအကျိုးကို၊ နိုင်နိုင်နင်းနင်း သယ်ပိုးနိုင်ကြပါလိမ့်မယ်။

"တစ်ကိုယ်တော်"ဆိုတာ၊ တစ်ဦးတည်း၊ တစ်ယောက် တည်း၊ သီးသန့် . . လို့၊ ဆိုလိုတာမဟုတ်ပါဘူး။

"တစ်ကိုယ်တည်းတောင် တော်အောင်လုပ်ထားပြီးသား ဖြစ်ရမယ်" . . လို့ဆိုလိုချင်တာပါ။

တစ်ဦးစီ တစ်ယောက်စီ တစ်ကိုယ်စီတော်မှ အဲဒီလို၊ လူတော်တွေ အများကြီးရဲ့ အားနဲ့၊ ပရိဟိတလို့၊ ခေါ်တဲ့၊ လူအများ အကျိုးကို၊ ထိထိရောက်ရောက်၊ မှန်မှန်တန်တန်ဆောင်ရွက် အောင်မြင်လေ့ရှိမှာပါ။

အရင်ဆုံး၊ ကိုယ့်ကိုယ်ကို တော်အောင်၊ ကောင်းအောင်

www.burmeseclassic.com

www.burmeseclassic.com



မှန်ကန်တဲ့ စိတ်ထားတွေကို၊ လေ့လာထားကြဖို့၊ လိုပါမယ်"

♠

အခြေခံပရဟိတ

ငွေကြေး မရှိသော်လည်း၊ ပေးကမ်းနိုင်သော အလှူဒါန (၇)မျိုးကို၊ ဂေါတမမြတ်စွာဘုရား၊ ဟောကြားထားပါတယ်။ အဲဒီ (၇)မျိုးက,တော့၊

၁။ မျက်နှာဟန်အမူအရာဖြင့်၊ ပေးကမ်းလှူဒါန်းခြင်း။

(မျက်နှာထားကို၊ ပြုံးချိုပျူငှာပြီး၊ လူတိုင်းအပေါ်၊ အပြုံးနဲ့ ဆက်ဆံပါ. . လို့ ဆိုလိုတာပါ)။

၂။ နှုတ်ဖြင့်ပေးကမ်းလှူဒါန်းခြင်း။

(အားပေးစကား။ နှစ်သိမ့်စကား။ ချီးကျူးစကား။ ညာတာစကား။ နွေးထွေးစကား. . . တွေပြောပြီး၊ အားနည်းသူ၊ အားငယ်သူကို၊ ဆက်ဆံပါ. . လို့၊ ဆိုလိုပါတယ်)။

၃။ စိတ်ဖြင့်ပေးကမ်းလှူဒါန်းခြင်း။

(စိတ်ထဲမှာ၊ ဘာမာယာမှ၊ မထားဘဲ၊ စိတ်တံခါးကို၊



ဖွင့်ပြီး၊နေထိုင်ဆက်ဆံဖို့၊ တစ်နည်းအားဖြင့်၊ ပွင့်လင်းရိုးသားစွာ ဆက်ဆံပါ. .လို့ဆိုလိုပါတယ်)။

၄။ အမြင်ဖြင့်ပေးကမ်းလှူဒါန်းခြင်း။

(လူတွေအပေါ်၊ လူတိုင်းအပေါ်၊ အကောင်းမြင်ဖို့ ကောင်းတဲ့စိတ်(စေတနာ)၊ အပြစ်မတင်တတ်တဲ့ စိတ်(စေတနာ) အမြင်နဲ့၊ ကြည့်မြင်တတ်ဖို့၊ ဖြစ်ပါတယ်)။

၅။ ကာယလုပ်အားဖြင့် ပေးကမ်းလှူဒါန်းခြင်း။

(ကိုယ်တတ်နိုင်တဲ့၊ နိုင်နင်းတဲ့ အလုပ်ဆိုရင်၊ သူတစ်ပါးအတွက်၊ ဝင်ရောက်ကူညီပေးဖို့၊ ဖြစ်ပါတယ်။ လုပ်အားပေးတာတို့ . . တူသယ်. . တူမ, ပေးတာမျိုးတွေပေါ့)။

၆။ နေရာထိုင်ခင်း ပေးကမ်းလှူဒါန်းခြင်း။

(အိုမင်းမစွမ်းသူတွေ၊ ကိုယ်ဝန်သည်တွေ၊ ကလေးသူငယ်တွေ. . စသဖြင့်၊ ကိုယ့်ထက်၊ အားနည်းသူတွေကို၊ ကိုယ့်ရဲ့နေရာထိုင်ခင်းမှာ၊ နေရာပေးလိုက်တာမျိုးပေါ့)။

www.burmeseclassic.com

www.burmeseclassic.com



၇။ နေအိမ်ကို ပေးကမ်းလှူဒါန်းခြင်း။

(ကိုယ်နေတဲ့အိမ်မှာ၊ သူတစ်ပါး၊ အနားယူဖို့၊ အမောဖြေဖို့၊ နေရာပေး၊ ခွင့်ပြုတာမျိုး)။

ဒီ. . . [ငွေမရှိပေမယ့်လှူဒါန်းပေးကမ်းနိုင်တဲ့] အလှူဒါန(၇)မျိုးဆိုတာဟာ၊ဒါ. . အခြေခံပရဟိတ,တွေပဲလို့၊ သဘောပေါက်စေချင်ပါတယ်။

အဲဒီအခြေခံစိတ်တွေ မထားနိုင်ဘဲနဲ့တော့၊ ဘယ်လောက်ကြီးမားတဲ့ပရဟိတအလုပ်မှာလုပ်နေလုပ်နေ၊အရာမရောက်နိုင်ပါဘူး။

လူထုအကျိုး၊ အများအကျိုးကို၊ ဆောင်ရွက်ချင်ပါတယ်ဆိုတဲ့၊ လူတိုင်း. . (လူငယ်တိုင်း)၊ အထက်ပါ၊ ပေးကမ်းလှူဒါန်းမှု(၇)ပါးကို၊ လိုက်နာလုပ်ဆောင်ပြီးသား၊ ဖြစ်နေသင့်ပါတယ်။

ငွေကုန်ကြေးကျမရှိတဲ့၊ အဲဒီ. . ပေးကမ်းလှူဒါန်းမှုတွေကိုတောင်၊ ဆောင်ရွက်ချင်စိတ် မဖြစ်ဘဲနဲ့တော့၊ တခြား ကြီးကြီးကျယ်ကျယ်၊ လူထုအကျိုးပြု လုပ်ငန်းကြီးတွေမှာ၊ ပါဝင်ဆောင်ရွက်ချင်ကြပါတယ်ဆိုရင်၊ အဲဒါ. . အခြေခံသဘောတရားမရှိဘဲ၊ ရမ်းသန်းမှန်းဆ, ဆောင်ရွက်ခြင်းသာ ဖြစ်နေပါလိမ့်မယ်။

ဘယ်အရာ၊ ဘယ်ကိစ္စကို မဆို၊ အခြေခံကို၊ ပိုင်နိုင်ပြီးစီး



ပါမှ၊ နောက်ထပ်နောက်ထပ်. . အဆင့်ဆင့်တက်လှမ်းသင့်တာပါပဲ။

♣♣♣

". . ကိုယ့်တရားကိုယ်၊ အားထုတ်နေတာဟာ၊သတ္တဝါတွေကို၊ ကယ်နေတာပဲ"

(လယ်တီဆရာတော်)

[(မြန်မာနိုင်ငံ ပဋိပတ္တိသာသနာဝင် ရဟန္တာနှင့် ပုဂ္ဂိုလ်ထူးများ မဟာစရိယ ဦးဌေးလှိုင်) သတ္တမ-အကြိမ်-စာ(၃၀၈)]

သတ္တဝါတွေကို ကယ်တယ်၊ ခုနှစ်ရက်သားသမီးကို၊ ကယ်တယ်ဆိုတာမျိုးတွေဟာ၊ နည်းမှန်လမ်းမှန်ဆိုရင်၊ ဒါဟာ. : လူထုအကျိုးလုပ်တာပါပဲ။ ပရဟိတ လုပ်တာပါပဲ။

♣

ဘယ်သူမဆို၊ တိုင်းပြည်. . နိုင်ငံ. . လောက,အတွက်၊ အကျိုးပြုချင်ကြသူချည်းပါပဲ။

ဘယ်နည်းနဲ့ ဆောင်ရွက်ကြမလဲဆိုတာက,တော့၊ကိုယ့်ဉာဏ်(ပါရမီ)၊ ပညာနဲ့သာ၊ ဆုံးဖြတ်ကြရမှာပါ။

အထက်မှာ၊ ရေးကူး, ပူဇော်, ဖော်ပြခဲ့ရတဲ့ လယ်တီ

www.burmeseclassic.com

www.burmeseclassic.com



ဆရာတော်ကြီးရဲ့ ဩဝါဒ။

"ကိုယ့်တရားကိုယ်၊ အားထုတ်နေတာဟာ၊ သတ္တဝါတွေကို ကယ်နေတာပဲ". . ဆိုတဲ့၊

အဆုံးအမ,ဟာ၊ လူထုအကျိုးဆောင်ရွက်နေကြသူတိုင်းအတွက်၊ အသုံးပြုချင်ရင်၊ အသုံးဝင်လိမ့်မယ်လို့၊ ထင်ပါတယ်။

♠

လယ်တီဆရာတော်ကြီးရဲ့ စကားဩဝါဒကို၊ ဥပမာ ဆောင်ရရင်၊

ကျွန်တော် မောင်လှမျိုးဆိုတဲ့ လူဆိုး လူမိုက်ဟာ မဆိုးမ မိုက်ဘဲ၊ ကိုယ့်ဘာသာ တရားအားထုတ်နေတယ်ဆိုပါစို့။

အဲဒီ့ လူဆိုး လူမိုက်ကို၊ အကြောင်းပြုပြီး၊ ဘယ်သူမှ၊ ဘယ်သတ္တဝါမှ၊ မထိခိုက်မပျက်စီးတော့ဘူးပေါ့။

လူဆိုး လူမိုက် ကိုယ်တိုင်၊တရားအားထုတ်နေတာ ဆိုတော့၊ သူ. . . တရားမရရင်တောင်၊ သူ. . မတရားမလုပ်ဖြစ်တော့တဲ့အတွက်၊ သူ့နီးစပ်ရာ . . သတ္တဝါအများ၊ သူ့ အနှိပ်အစက်၊ သူ့ အဖိအစီးကို မခံကြရတော့ဘူးပေါ့။ ဒါ့ဟာ . . တရားအားထုတ်နေတဲ့၊ . . လူဆိုး လူမိုက်ကြီးကြောင့်၊သတ္တဝါတွေ၊ ချမ်းသာရာ၊



ရနေတာနဲ့ အတူတူပဲပေါ့။

♠

ကိလေသာက လွန်မြောက်နေတဲ့ အရိယာ သူတော်ကောင်းကြီးတွေ၊ တရားအားထုတ်နေကြတာက,တော့၊ လောက, အတွက်၊ အတိုင်းထက်အလွန်ပေါ့။

သူတို့မေတ္တာ . . သူတို့ စရဏ တွေကြောင့် လောက. . ငြိမ်းအေးနေရစမြဲ။

♠

ဉာဏ်မီသလောက်၊ ဉာဏ်ကြီးသလောက် လောက,ကို အကျိုးပြုချင်ကြသူချည်းပါပဲ။

လောက,ကို၊ စောင့်ရှောက်တဲ့ အရိယာသူတော်ကောင်းကြီးတွေရဲ့၊ လူထုအကျိုးပြုမှုဆိုတာမျိုးက,တော့၊ ခံယူသူအများရဲ့၊ ဉာဏ်မျက်စိနဲ့သာ သက်ဆိုင်နေတတ်တာမို့၊ မြင်အောင်ကြည့်တတ်မှသာ၊ မြင်သာနိုင်မှာဖြစ်ပါတယ်။

♠

လူတိုင်း လူတိုင်းသာ၊ တစ်ကိုယ်တော် ပရ[illegible]တကို၊ ကျွမ်းကျွမ်းဝင်ဝင်ဆောင်ရွက်နိုင်ကြပြီဆိုရင်၊ လော[illegible],လူထုအကျိုးကို၊

www.burmeseclassic.com

www.burmeseclassic.com



ပိုင်ပိုင်နိုင်နိုင်၊ ဆောင်ရွက်ပေးနိုင်ကြမှာအမှန်ပါပဲ။

လူငယ်တွေ၊ လူထုအကျိုးကို ဆောင်ရွက်တတ်ကြဖို့၊ ဆောင်ရွက်ချင်စိတ်၊ ဖြစ်ဖို့ဆိုတာ၊ အဲဒီလူငယ်တွေရဲ့၊ မိဘ. . . ဆရာသမားတွေရဲ့၊ (တစ်ကိုယ်တော် ပရဟိတစိတ်မျိုးထားတတ်အောင်)၊ အခြေခံအားဖြင့် သင်ကြားဆုံးမပေးမှုနဲ့၊ အများကြီး သက်ဆိုင်တယ်လို့၊ ထင်မြင်မိပါတယ်။

အနာဂတ်ကို တာဝန်ယူကြရမယ့် လူငယ်တွေကိုထိန်းကျောင်းနေကြရတဲ့၊ မိဘ. . ဆရာတွေက,ရော . . ၊ ပရဟိတ,စိတ်၊ တကယ်ရှိတတ်ခဲ့ကြရဲ့လား . . ၊ ကျွန်တော်မခန့်မှန်းတတ်ပါ။

မိဘဆရာတွေ ညွှန်ပြဖျင်းနေသမျှ၊ လူငယ်တွေရဲ့ . . အနာဂတ်လမ်း၊ မှုန်မွှားလွှဲမှားနေတတ်ပါတယ်။

ဒါကြောင့် . . .

လူငယ်တွေ၊ လူထုအကျိုး အများအကျိုး ဆောင်ရွက် တတ်ကြဖို့၊ နေရာအသီးသီးက၊ လူကြီးတွေရဲ့၊ အတ္တမိမ်းမှား. . ကြီးထွားနေမှု၊ ဉာဏ်ပညာ နည်းပါးမှုတွေ. . ၊ အမြန်လျော့ပါးကြပါစေ. . လို့သာ၊ ရင်ဖိ ဆုတောင်း မေတ္တာလောင်းလိုက်ရကြောင်းပါ. . ။

သူတစ်ပါးအကျိုး၊ အများအကျိုး၊ လူထုအကျိုးကို၊ ဆောင်



ရွက်ချင်တဲ့၊ ဆောင်ရွက်နေတဲ့၊ လူ. . အားလုံးအတွက်၊ သီတဂူဆရာတော်ကြီး(ရှင်ဉာဏိသရ)ရဲ့၊ ပရဟိတ အမည်ရ၊ ဩဝါဒကဗျာလေးကို၊ လက်ဆင့်ကမ်းလိုက်ပါတယ်။

ပရဟိတ

သစ်ပင် မြစ်ချောင်း
နို့ကောင်း နွားမ၊ ဤကာယ,ကား
သူများအကျိုး၊ သယ်ပိုးအံ့ငှာ
သီးခါတန်သီး
စီးမြဲစီးလျက်
ဒီးဒီးယိုကျ
ကျိုးဆောင်ရ၏ . . ။ ။

♣♣♣♣♣

2014 -Apr -16
7:30 (P-M)
[2014 May- Eternal Light magazine]

www.burmeseclassic.com

www.burmeseclassic.com



# မျက်စိဖွင့်ပြီး ချစ်ကြည့်ပါ

စကားနဲ့နား

မြန်မာနိုင်ငံသူ နိုင်ငံသား အားလုံးကို၊ မင်း, ဘယ်လောက် တောင် ချစ်သလဲ ... လို့၊ ဉာဏ်ပညာကြီးသူတစ်ယောက်ယောက် က၊ကျွန်တော့်ကို မေးမယ်ဆိုရင်၊ ကျွန်တော်က,လည်း၊ ဉာဏ်ပညာ ဦးထိပ်ထားပြီး တစ်ခွန်းတည်း ဖြေလိုက်ချင်ပါတယ်။

အဲဒီစကားက,တော့ -

"ကျွန်တော့် မြန်မာနိုင်ငံသူ နိုင်ငံသား အားလုံးကိုရော၊ တခြား သုံးဆယ့် တစ်ဘုံသား အားလုံးကိုပါ၊ နိဗ္ဗာန်မျက်မှောက်ပြု စေချင်လောက်အောင်ချစ်ပါတယ်"... လို့၊ ဖြေလိုက်ချင်တာပါပဲ။

ဒါပေမဲ့လေ. .

နိဗ္ဗာန်ဆိုတာ ဘာမှန်းမသိ၊ နိဗ္ဗာန်ဆိုတာ၊ မက်မောရ ကောင်းမှန်းမသိ၊ နိဗ္ဗာန်ဆိုတာကို၊ ဘောလုံးပွဲ ခန့်မှန်းဟော



စာတမ်းလောက်တောင်၊ စိတ်ဝင်စားရကောင်းမှန်း၊ မသိထတ် ကြတော့တဲ့၊ ကာလ,ဒေသ,မျိုးမှာ၊ အထက်ပါစကား(နိဗ္ဗာန် မျက်မှောက်ပြုစေချင်လောက်အောင် ချစ်ပါတယ်ဆိုတဲ့ . . စကား) ကို၊ ကျွန်တော်ဘယ်လိုလုပ်၊ပြောထွက်ပါတော့မလဲ။

♣

လွန်ခဲ့တဲ့နှစ်,လောတ်က၊သီချင်းဆိုတဲ့ ကောင်လေး, ကောင်မလေး (၄)ယောက်ရဲ့၊ ကျန်းမာရေးနဲ့ပတ်သက်တဲ့၊ စကား ဝိုင်း တစ်ခုကို၊ မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်တစ်ခုမှာ၊ ကြည့်လိုက်ရပါတယ်။

အဲဒီအစီအစဉ်မှာ- တချို့က အစားအသောက်ဆင်ခြင်ဖို့ တချို့က ကျန်းမာရေး ဗဟုသုတရှိဖို့၊ သူတို့ထင်သလောက် ပြောကြ တာပေါ့။ အဲဒီမှာ ကောင်မ,လေးတစ်ယောက်က၊ ကျန်းမာဖို့ ဆိုရင် ငါးပါးသီလ လုံခြုံရတယ် . . လို့၊ ဝင်ပြောလိုက်တာ၊ ကျန်တဲ့သူ တွေက၊ ဝိုင်းရယ်ကြတယ်။ တရားဟောတယ်ဆိုပြီး၊ ရယ်ပွဲဖွဲ့ကြ တယ်လေ။ငါးပါးသီလ လုံခြုံဖို့ ပြောတဲ့၊ အဲဒီကောင်မ,လေးရဲ့ စကား၊ အလဟသတ်ဖြစ်သွားရတယ်။ ကျွန်တော်ရုပ်မြင်သံကြား ကို၊ ပိတ်ပစ်လိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



ဗုဒ္ဓဘာသာ မြန်မာလူမျိုးတွေ၊ အများစုနေထိုင်တဲ့၊ ငါ့မြန်မာပြည်မှာ၊ ငါးပါးသီလ လုံခြုံဖို့ ပြောတာ၊ ရယ်စရာ ဖြစ်နေပါရောလား . . လို့၊ တွေးပြီး၊ ရင်နင့်ခဲ့တယ်။ အဲဒီအကြောင်းကို ရွယ်တူ သူငယ်ချင်း တချို့ကို၊ ပြောမိပြန်တော့လည်း၊ ကျွန်တော် ပြောတဲ့၊ အဲဒီအကြောင်းကို၊ တိုင်းပြည်ပျက်မတတ် ခံစားကြရသူ တစ်ယောက်မှ၊ မရှိဘူး။ အင်္ဂလန်က ဘောလုံးပွဲတစ်ပွဲလောက်တောင်၊ စိတ်မဝင်စားကြတော့ဘူး ဆိုပါတော့။

ဒီတော့ကာ . . ။

ကာလ,ဒေသ, ယိုယွင်းနေချိန်မှာ၊ စေတနာ ဘယ်လောက်ကြီးကြီး၊ ဉာဏ်အင်အား နည်းပါးသူတွေရဲ့ စကားက၊ ငယ်လွန်းတဲ့အခါ၊ နားဖွယ်ရသလို၊ စကားထည်ပြန်တော့လည်း၊ နားငယ်နေကြရတော့တာပေါ့။

ရှေးစကား တစ်ခွန်း၊ ကြားနာဖူးပါရဲ့၊

စကားထည်တော့၊နားငယ်တယ်

စကားငယ်တော့၊ နားဖွယ်တယ် . . တဲ့။

ဒါကြောင့် . . , ကာလ,ဒေသနဲ့အညီ၊ စစ်မှန်တဲ့ မျိုးချစ်စိတ်ဆိုတာ ဘယ်လိုစိတ်မျိုးလဲ . . လို့၊ ထည်ထည်ဝါဝါ ပြောရဲတဲ့



အင်အား၊ ပြောတတ်တဲ့ ပညာ၊ ကျွန်တော့်မှာ၊ ရှိမှရှိပါရဲ့လား . . မသိ။

စကားနဲ့ . . နား

မှတ,အောင်၊ ပြောပြတတ်ဖို့ဆိုတာလည်း၊ အခက်သား။ မည်သို့ပင် ဆိုစေ၊ ကျွန်တော်က, ဗုဒ္ဓဘာဝင်ဆိုတော့၊ ဗုဒ္ဓဘာသာဝင် ပီပီသသ, ဆိုရေးရှိက၊ ဆိုအပ်လှဆိုသလို၊ ကိုယ့်စေတနာရှေ့ထားပြီး၊ ကိုယ့်ဉာဏ်မီသလောက် ပြောပြရတော့မှာပါ။ စကားငယ်လို့၊ နားဖွယ်ကြရတယ်ဆိုရင်လည်း၊ သည်းခံပြီးသာ၊ ခွင့်လွှတ်ပေးကြစေချင်ပါတယ်။

♠♠♠

ကျွန်နဲ့သူတောင်းစား

ကျွန်တော့်မိဘ နှစ်ပါးက၊ သာမန် လက်လုပ်လက်စားတွေဆိုတော့၊ ကျွန်တော့်ကို၊ အဆုံးအမ, စကား၊ အနည်းငယ်ပဲ ပေးနိုင်ခဲ့ကြပါတယ်။

အဖေ အမေရဲ့၊ အဆုံးအမ ဩဝါဒ စကားလေးတွေကို၊ တင်ပြပါရစေ။

ကြိမ်တို့မှ အလုပ်လုပ်တာ . . နွား။

www.burmeseclassic.com



သူများခိုင်းမှ၊ အလုပ်လုပ်တာ . . ကျွန်။

(အဖေ့ဆုံးမ,စကား)

ကိုယ့် အရည်အချင်း မပါဘဲ၊ သူတစ်ပါး ဥစ္စာ,

ပစ္စည်းကို၊ လိုချင်တာ၊ သူတောင်းစား။

(အမေ့ဆုံးမ,စကား)

အထက်ပါ၊ စကားနှစ်ခွန်းကို၊ ကြားနာရကာစ, ငယ်စဉ်တုန်းက,တော့၊ နားထဲမှာ ကန့်လန့်ကြီးပေါ့ဗျာ။ (ခုနကပြောခဲ့သလို၊ စကားထည်လို့၊ နားငယ်နေတာဖြစ်မှာပေါ့)။

နောက်တော့. . . တဖြည်းဖြည်း၊ အဖေ့စကားနဲ့ အမေ့စကားတွေကို၊ နှစ်သက်မြတ်နိုးတတ်လာတယ်။ တန်ဖိုးထားတတ်လာတယ်။ တစ်စတစ်စ, လိုက်နာဖြစ်ခဲ့တယ်။

"သူများခိုင်းမှ၊ အလုပ်လုပ်တာ . . ကျွန်"ဆိုတဲ့၊ အဖေ့စကားကြီးက၊ တကယ်ကြောက်စရာ စကားကြီးပါဗျာ။

သူများသတိပေးမှ သိရရင်. . ငါ, နွားလိုကောင်ပါလား။ သူများခိုင်းမှ၊ ငါ. . လိုက်လုပ်ရင်၊ ငါ, ကျွန်ဖြစ်တော့မှာပါလား. . လို့၊ တွေးကြောက်ခဲ့ရတာပါ။

ကာလ, ကြာ. . ကြာလာတဲ့အခါ၊ အဲဒီစကားကိုပဲ၊ ချဲ့ထွင်



ဆင်ခြင်ပြီး၊ ပိုအရေးကြီးတဲ့ ကိစ္စတွေမှာပါ၊ အသုံးပြုဖြစ်ခဲ့တာပေါ့။

ဥပမာ။ ။မျိုးချစ်စိတ်ဓာတ်ရှိဖို့ပဲ ဖြစ်ဖြစ်၊ ဘာသာ, သာသနာအပေါ် ရိုကျိုးလေးမြတ်ဖို့ပဲ၊ ဖြစ်ဖြစ်။ တခြားသူ တစ်ဦးဦးက လှုံ့ဆော်မှ၊ သိတတ်တဲ့သူ . . ၊ တခြားသူ အများက၊ စေခိုင်းမှ၊ လိုက်လုပ် ဖြစ်တဲ့သူ . . ၊မဖြစ်ရလေအောင်၊ ကိုယ့်ဘာသာ၊ မျိုးချစ်စိတ်ရှိဖို့၊ ကိုယ့်ဘာသာ. . ဘာသာ်သာသနာ ကိုစောင့်ရှောက်သူဖြစ်ဖို့၊ (သူတစ်ပါး အလှုံ့ဆော်မခံဘဲ) ကြိုးပမ်း ဆောင်ရွက်ဖြစ်ခဲ့တာပေါ့။

ဗုဒ္ဓဘာသာ မြန်မာနိုင်ငံသား ဗမာလူမျိုး အမိ, အဘတမွေးဖွားခဲ့ပါလျက်၊ မျိုးချစ်စိတ်ရှိအောင်၊ ဘာသာ သာသနာအပေါ် အလေးအမြတ် ထားတတ်အောင်၊ သူတစ်ပါးခိုင်းမှ၊ လှုံ့ဆော်မှ၊ ကျွန်တော်တို့၊ လိုက်လုပ်ရအောင်၊ ကျွန်တော်တို့ တတွေက၊ နွားလည်း မဟုတ်သလို၊ ကျွန်လည်း မဟုတ်ဘူးလေ။

မိခင်ရင်ခွင်က၊ မခွာသေးခင် အရွယ်ကတည်းက၊ ဦးတော် . . , ဘုရား . . , ဩကာသ . . အစသဖြင့် မပီကလာ . . ပီကလာစကားနဲ့၊ အစ,ပြုခဲ့ကြတဲ့၊ ဗုဒ္ဓဘာသာဝင်မြန်မာလူမျိုး တိုင်းဟာ၊ သူတစ်ပါးလှုံ့ဆော်မှ၊ ဘုရား တရား သိကြသူတွေ မဟုတ်ဘူး

www.burmeseclassic.com



. . လို့။ မသိသူတွေကို၊ သိစေချင်တာပါပဲဗျာ။

ကျီးတွေ . . ဒေါင်းတွေ. . ကျားတွေ. . ခြင်္သေ့တွေ. . စတဲ့၊ တိရစ္ဆာန်တွေမှာတောင်၊ အမျိုးချစ်တတ်ကြတာ၊ အားလုံး အသိပဲမို့၊ ကျွန်တော်တို့၊ လူသားဆိုတာ၊ ပိုလို့တောင်၊ မျိုးချစ်စိတ် ပြင်းထန်ကြရတာပေါ့။

ဒါကြောင့်၊ မျိုးချစ်စိတ်ဆိုတာလည်း၊ ဘယ်သူက,မှ လှုံ့ဆော်ပေးစရာမလိုတဲ့၊ မွေးရာပါ ဗီဇစိတ်မို့၊ မြန်မာနိုင်ငံသား အားလုံး၊ မျိုးချစ်စိတ်ရှိပြီးသားဆိုတာ၊ ကျွန်တော်ဝါကြွားလိုပါတယ်။

♠

"ကိုယ့်အရည်အချင်းမပါဘဲ၊ သူတစ်ပါးဥစ္စာပစ္စည်းကို၊ လိုချင်တာ၊ သူတောင်းစား" . . ဆိုတဲ့၊ အမေ့ဩဝါဒကိုတော့ . . . အကျယ်မချဲ့တော့ပါဘူး။

လိုရင်းကို၊ ပြောပြရရင်၊ "ကိုယ်နဲ့မထိုက်တန်တဲ့. . နေရာ၊ ကိုယ်နဲ့မအပ်စပ်တဲ့ . . ရာထူး၊ ကိုယ်နဲ့ . . မသင့်လျော်တဲ့ အာဏာ ကို၊ မက်မောနေသူတိုင်းဟာလည်း၊ သူတောင်းစား စိတ်ဓါတ်ပိုင်ရှင် တွေပဲ" . . လို့၊ ကျွန်တော်တွေးတောဆင်ခြင်ဖြစ်ခဲ့ပြန်ပါတယ်။

အဲဒီလို ဆင်ခြင်ဖြစ်တာနဲ့အမျှ



ကျွန်တော် ကိုယ့်အလုပ် ကိုယ်လုပ်
ကိုယ့်နေရာ ကိုယ်သိပြီး

သူတစ်ပါးနေရာကို၊ ဝင်မစွက်ဖက်ခဲ့ဘူးဆိုပါတော့။ ဘာကြောင့်လဲဆိုတော့၊ ကျွန်တော် ကျွန်မဖြစ်ချင်သလို၊ သူတောင်းစားလည်း၊ မဖြစ်ချင်ဘူးလေ။

မှန်ကန်မွန်မြတ်တဲ့ အလုပ်ဆိုရင်၊ သူများခိုင်းမှ မလုပ်ဘဲ၊ ကိုယ့်စေတနာနဲ့ကိုယ်လုပ်ပြီး၊ ဘယ်အာဏာ ဘယ်ပါဝါမှ မမက်မောဘဲ၊ လိုရာနေရာမှာ၊ သဲတစ်ပွင့်၊ အုတ်တစ်ချပ်အဖြစ်၊ ပါဝင် ဆောင်ရွက်နေခြင်းဟာလည်း၊ စစ်မှန်တဲ့ မျိုးချစ်စိတ်ထားပါပဲ။

♠♠♠

ဆင်–မျောက်–ခါ

ဆင်၊မျောက်၊ခါ သတ္တဝါသုံးဦးအကြောင်း၊ ဖတ်မှတ်ဖူး ကြပါလိမ့်မယ်။

မျောက်က - ကျွန်ုပ်ဒီ နေရာရောက်တော့၊ မြေမှာ ထိုင်ပြီး၊ ဒီအပင်ရဲ့၊ အညွန့်အဖူးကို စားနေတာပေါ့။

ဆင်က - ကျွန်ုပ်ဒီနေရာရောက်တော့၊ ဒီအပင်

www.burmeseclassic.com



ကားကျွန်ုပ်ရဲ့ ဗိုက်အောက်မှာပဲ . . ရှိပါသေးတယ်။

ခါက - ကျွန်ုပ်ဒီနေရာရောက်တော့၊ ဒီ . . အပင်၊ မရှိသေး။ တခြားနေရာက . . အစေ့ အသီးကို၊ စားပြီး ဒီနေရာမှာ၊ မစင် စွန့်ဖူးခဲ့တယ်။ အဲဒီ့ မစင်က,နေ၊ ဒီ အပင်ပေါက်လာတာ။ . . စသည်ဖြင့်၊

ပြောဆို နိုးနှောကြတော့၊ ခါငှက်က အသက်အကြီးဆုံး၊ မျောက်က . . အလတ်၊ ဆင်က အသက်အငယ်ဆုံး။ . . အဲဒီလို၊ ကြီးစဉ်ငယ်လိုက် ဆုံးဖြတ်ပြီး။ တစ်ဦးနဲ့တစ်ဦး ရိုသေလေးစား ငြိမ်းချမ်းစွာ နေထိုင်ကြတယ်တဲ့။ (ကြီးသူကို၊ ရိုသေ၊ ရွယ်တူကိုလေးစား၊ ငယ်သူကို သနားဆိုပါတော့)။

ဒီ . . ဒေသနာတော်မှာ ဆင်က သူအကောင်ကြီးတာမို့၊ သူ . . အကြီးဆုံးဖြစ်ချင်တယ်၊ မပြောသလို။ မျောက်က,လည်း . . ရာထူးမလုဘူး။ ခါငှက်က,လည်း၊ အတိုက်အခံမလုပ်ဘူး။ အကယ်၍ များ . . အတိုက်အခံလုပ်ကြ၊ နေရာလုကြ၊ အကြီးအငယ် အဝေ မတည့်ကြရင်၊ ဆင်က,လည်း၊ သူ့အင်အားနဲ့ အပင်ကို ဖြိုလှဲ ပစ်နိုင်



သလို၊ မျောက်ကလည်း သူ့ကျွမ်းကျင်မှုနဲ့၊ အပင်ရဲ့ အကိုင်းအခက် အရွက်အသီးတွေကို၊ ဖျက်ဆီးပစ်နိုင်တာပါပဲ။

အဲဒီလိုပဲ၊ ခါငှက်က,လည်း . . ဆင်နဲ့ မျောက်တို့ရဲ့ မျက်လုံးတွေကို၊ အခွင့်သာရင် ထိုးဖောက်ပစ်နိုင်ချေရှိတာပဲပေါ့။

သို့သော် . . သူတို့၊ အဲဒီလို၊ မဖြစ်ခဲ့ကြဘူး။ မလုယက်ခဲ့ကြဘူး။ ဒါဟာ . . ငြိမ်းချမ်းစွာ ယှဉ်တွဲနေထိုင်ခြင်းရဲ့ ပြယုဂ်ပဲ။

အရွယ်မတူ . . သဘာဝ မတူတဲ့၊ ဆင်၊မျောက်၊ခါ . . ဆိုတဲ့၊ တိရစ္ဆာန်တွေတောင်၊ ကြီးသူ . ရွယ်သူ . . ငယ်သူ အသီးသီး . . အတိုက်အခံမပြုဘဲ၊ ငြိမ်းငြိမ်းချမ်းချမ်း၊ အတူတကွနေထိုင်နိုင်ကြရင်၊ ငါတို့ . . လူသားတွေလည်း၊ ကိုယ့်နေရာ ကိုယ့်ဒေသ,ကို၊ မဖျက်စီး . . မတိုက်ခိုက်ဘဲ၊ ငြိမ်းချမ်းစွာ အတူယှဉ်တွဲ၊ နေနိုင်ကြရင်၊ ဘယ်လောက်တောင်ကောင်းလိုက်မလဲ . . လို့၊ တွေးဖူးခဲ့ပါတယ်။

တကယ်တော့ . . . စစ်မှန်တဲ့ မျိုးချစ်စိတ်ဆိုတာ ကိုယ်နေထိုင်ရာ ဒေသ,တို၊ ငြိမ်းချမ်းသာယာဝ, ပြောအောင်၊ ဆောင်ရွက်နေထိုင်ချင်တဲ့စိတ်ပဲ။

အထက်ပါ၊ ဲဒေသနာထဲမှာ၊ ဆင်က . . ခါနဲ့မျောက်ကို၊

www.burmeseclassic.com

www.burmeseclassic.com



မင်းတို့ ငါ့လိုဆင်မဟုတ်ဘူး။ ဒီမှာ မနေကြနဲ့လို့ မနှင်သလို၊ ခါ၄က်က,လည်း၊ ငါအသက်အကြီးဆုံးမို့၊ မင်းတို့ ဒီ. . အပင်မှာ မနေကြနဲ့လို့မောင်းမထုတ်ဘူး။ မျောက်က,လည်း၊ ခင်ဗျားတို့ သစ်ပင်တက်တာ ကျုပ်လောက် မကျွမ်းဘူး။ ဒါကြောင့် ဒီအပင်မှာ၊ မနေကြနဲ့လို့ ငါ. . တကော၊ မကောဘူး။

ဆင်-မျောက်-ခါ သတ္တဝါ (၃)ကောင်စလုံးဟာ၊ သူတို့နေထိုင်ရာ၊ သစ်ပင်ကြီးကို၊ ခွဲဝေယူကြတာ။ မဟုတ်ဘဲ၊ အတူတကွ၊ ငြိမ်းချမ်းစွာ ယှဉ်တွဲ၊ နေထိုင်ခဲ့ကြသူတွေဖြစ်တယ်။ ဒါဟာ. . သူတို့ရဲ့၊ နေထိုင်ရာဒေသ,ဖြစ်တဲ့၊ သစ်ပင်ကြီးကို၊ မှီတင်းနေထိုင်စောင့်ရှောက်ခြင်း ဖြစ်တယ်။

ဒါဟာ . . ဒေသ,ကို ချစ်မြတ်နိုးခြင်းဖြစ်တယ်။ ဒါဟာ. . ဇာတိကို၊ ချစ်မြတ်နိုးခြင်းဖြစ်သလို၊ ဒါဟာ. . မျိုးချစ်စိတ် (အဆင့်မြင့်-မျိုးချစ်စိတ်)ဖြစ်တယ်။

ငါက,ဆင်ပဲ။ဒါကြောင့် ဆင်တစ်မျိုးသားလုံး
ကောင်းစားရေးက၊ အဓိက။
ငါက,မျောက်ပဲ။ မျောက်တစ်မျိုးသားလုံး
ကောင်းစားရေးသာ အဓိက။



ငါက,ခါပဲ။ ခါတစ်မျိုးသားလုံး
ကောင်းစားရေးသာ အဓိက။

ကိုယ့်အမျိုးကောင်းစားရေး အဓိကထားပြီး၊ သစ်ပင်ကြီးကို၊ ခွဲဝေလုယက်နေကြမယ်ဆိုရင်တော့၊ အဲဒီသစ်ပင်ကြီး၊ အမြစ်ကပြုတ်ရုံတွင်မက၊ မီးတိုက်ဟုန်းပါ တောက်သွားနိုင်ပါတယ်။

ဒါကြောင့်-

မျိုးချစ်စိတ်ဆိုရင်၊ "ငါ့အမျိုးသာ ကောင်းစားရေး". . ၊ (ဂျာမန်လူမျိုးကြီးဝါဒ)အဓိက၊ ထားခဲ့တဲ့၊ ဟစ်တလာလို၊ မျိုးချစ်စိတ်ခေတ်ထက်၊ ပိုပြီး၊ အဆင့်မြင့်ရမှာဖြစ်သလို၊ ပိုပြီး ယဉ်ကျေးသိမ်မွေ့ဖို့လည်း လိုပါမယ်။

အတ္တတွေနဲ့ မျိုးချစ်နေလို့က,တော့၊ မီးခိုးငွေ့တွေ၊ အူနေကြဦးမှာပါပဲ။

♣

သစ်ပင်နှုတ်၍ရေလောင်းနေသော မျောက်များ

ဒီ. . ဒေသနာလည်း၊ လူတောင်တော်များများ၊ ကြားနာဖူးပြီးသားဖြစ်မှာပါ။

ဥယျာဉ်မှူးတစ်ဦးက မျောက်အုပ်ကြီးတစ်စုရဲ့၊

www.burmeseclassic.com



ခေါင်းဆောင်ကို၊ ဥယျာဉ်အတွင်းမှာရှိတဲ့၊ အပင်တွေကို၊ ရေလောင်းဖို့ မှာကြားတယ်။

အမြစ်တိုတဲ့ အပင်ကို၊ ရေနည်းနည်းလောင်း၊ အမြစ်ရှည်တဲ့အပင်ကို၊ ရေများများလောင်းပါ. . လို့၊ ညွှန်ကြားခဲ့တယ်။

နောက်လိုက်နောက်ပါ မျောက်တွေ့က၊ မျောက်အကြီးအကဲကို၊ ကူညီရေလောင်းပေးဖို့၊ အင်အားအပြည့်ပေါ့။

နောက်လိုက်မျောက်တွေ၊ အခက်အခဲဖြစ်နေတာက၊ ရေလောင်းမယ့် အပင်ရဲ့ အမြစ် အတို,အရှည်ကို၊ ဘယ်လိုခန့်မှန်းရမှန်းမသိဘူးဖြစ်နေကြတာပါပဲ။

အဲဒီမှာ၊ မျောက်အကြီးအကဲက၊ နည်းပေးလမ်းပြလုပ်လိုက်တယ်။ အပင်ကို နှုတ်ကြည့်။ အမြစ်အတို အရှည် သိလိမ့်မယ် . . လို့၊ အကြံပြု စီမံခန့်ခွဲလိုက်တယ်။

မျောက်တွေအားလုံး၊ သူတို့ အကြီးအကဲပြောတဲ့အတိုင်း၊ အပင်တွေကို နှုတ်၊ အမြစ်ကိုကြည့်၊ တိုရင် ရေနည်းနည်းလောင်း၊ ရှည်ရင်ရေ ပိုလောင်း။ မကြာခင်မှာပဲ၊ ရေလောင်းပွဲကြီးကနေ၊ ဥယျာဉ်မှာရှိတဲ့ အပင်တွေကိုဖျက်ဆီးတဲ့၊ ပွဲကြီး ဖြစ်သွားတော့တာပါပဲ။



ဉာဏ်ပညာနဲ့ မကြည့်မြင်တတ်တဲ့အခါ၊ ရေလောင်းချင်တဲ့ စေတနာရှိပါသော်လည်း၊ ဥယျာဉ်ကို ဖျက်စီးသလို ဖြစ်ရတော့တာပေါ့။

ဒီဥပမာကို၊ အကြောင်းပြုပြီး၊ ဘယ်နေရာ၊ ဘယ်အဝန်းအဝိုင်းမှာပဲ ဖြစ်ဖြစ်၊ သတိ(ဉာဏ်-ပညာ)မပါတဲ့၊ စည်းလုံးမှုအင်အားဟာ၊ မျောက်တွေ အပင်နှုတ်ပြီး ရေလောင်းသလို ဖြစ်နေတတ်တယ်လို့၊ သတိထားအပ်စရာ၊ တွေးတောပြီး၊ ဗဟုသုတ, ယူဖြစ်ပါတယ်။ (သတိ-ဉာဏ်ဦးစီးတဲ့၊ ဆောင်ရွက်မှုတိုင်းဟာ လည်းစစ်မှန်တဲ့၊ မျိုးချစ်စိတ်ပါပဲ)။

"ဦးကြိုင်"မပါ

ကျွန်တော်လည်း၊ တစ်ခါက၊ မျောက်တစ်ကောင်လို၊ သတိပညာ၊ နည်းပါးခဲ့ဖူးပါတယ်။

မြန်မာနိုင်ငံသား၊ ဗမာလူမျိုး၊ ဗုဒ္ဓဘာသာဝင် ပီပီသသ, နေထိုင်ဖို့၊ စ,တင် ကြိုးပမ်းစ,အချိန်ပေါ့။

မေတ္တာ-ကမ္မဋ္ဌာန်း စီးဖျန်းဖြစ်ပါတယ်။

၃၁-ဘုံ ကျင်လည်ကုန်သော၊ သုခိတ, ဒုက္ခိတ,ဝေနေယျ

www.burmeseclassic.com

www.burmeseclassic.com



သတ္တဝါအပေါင်း. . . ဘေးရန်ခပ်သိမ်ငြိမ်းကြပါစေ. . ” ဟိုလူကြီးမပါ”။

၃၁-ဘုံ ကျင်လည်ကုန်သော သုခိတ,ဒုက္ခိတ, ဝေနေယျ သတ္တဝါအပေါင်း . . ဆင်းရဲခပ်သိမ်း ငြိမ်းကြပါစေ. . . “အဲဒီ-လူကြီးမပါ”။

♣

(အဲ့ဒီ-လူကြီး၊ ဟိုလူကြီး ဆိုတဲ့) အဲဒီပုဂ္ဂိုလ်ကို၊ ကျွန်တော်နဲ့တကွ၊ ကျွန်တော်တို့ သူငယ်ချင်းတွေ. . ဘယ်လောက်အထိ၊ ရွံ့မုန်းခဲ့ကြသလဲ။ဆိုရင်. .

အဲဒီလူကြီးရဲ့ တစ်ကိုယ်လုံးကို၊ နုတ်နုတ်စင်းပြီး၊ ခွေးကျွေး ပစ်ချင်လောက်အောင်၊' မုန်းကြတာပါ။

အဲဒီတော့၊ ၃၁-ဘုံ မေတ္တာပို့တာ၊ အဲဒီလူကြီးအတွက် မပါတာ၊ အံ့ဆန်းအပြားမဟုတ်ဘူးပေါ့။

♣

တနေ့မှာ-နေ့လည်ခင်း၊ အိမ်ဘုရားခန်းက,နေ၊ ထုံးစံအတိုင်း၊ မေတ္တာကမ္မဋ္ဌာန်း စီးဖျန်းနေပြန်တာပေါ့။

(ဟိုလူကြီး . . . မပါပေါ့)



အဲဒီလို၊ “ဟိုလူကြီး၊ မပါ”. . လို့၊ မေတ္တာပို့နေရင်းက၊ အဲဒီအချိန်မှာ အဲဒီလူကြီးက၊ ဘုရားထီးတင်နေတယ်. . ဆိုတာ၊ သိထားပြန်တော့၊ ခုနက၊ မေတ္တာပို့နေတဲ့ . . (ဟိုလူကြီး. . မပါ)စိတ်က,နေ၊ သူ့. . ထီးတင်တာ၊မအောင်မြင်ပါစေနဲ့. . လို့ပါ၊ ပူးတွဲ ဆုတောင်းမိတဲ့စိတ်၊ ဝင်လာပါလေရော။

“၃၁-ဘုံ ကျင်လည်ကုန်သော၊ သုခိတ,ဒုက္ခိတ,ဝေနေယျ သတ္တဝါအပေါင်း၊ ဘေး. . ရန်ခပ်သိမ်း၊ကင်းငြိမ်းကြပါစေ-(ဟိုလူသတ်ကောင်ကြီးမပါ)

(သူ့. တင်တဲ့ ထီးတင်ပွဲ မအောင်မြင်ပါစေသား)

. . အရှင်ဘုရား။

♣

အဲဒီလိုအကြိမ်ကြိမ် အကုသိုလ်များနေရင်းက,နေ၊ “အင်း . . ၊ သူ့ဘာသာ လူသတ်ကောင်မက,လို့ ဘာဖြစ်ဖြစ်။ အခု. . သူက ဘုရားထီးတင်တာ။ ကောင်းတဲ့အမှုပြုနေတာ။ ငါက, မအောင်မြင်ပါစေနဲ့. . လို့၊ ဆုတောင်းနေတာဆိုတော့၊ လူဖိုက်တကောင်းတာလုပ်နေတာကို၊ လူယုတ်က, ဝန်တိုသလို ဖြစ်နေပါရောလား. . . .

www.burmeseclassic.com

www.burmeseclassic.com



စသည်ဖြင့် တွေးမိရင်း. . ၊ အောက်ပါ ကာတွန်း ဇာတ်လမ်း လေးကို၊ သတိရလိုက်မိပြန်ပါတယ်။

♠

ငယ်ငယ်က၊ ဖတ်ခဲ့ဖူးတဲ့၊ ကာတွန်းဆရာ၊ ဆရာငွေကြည် ရဲ့ ကာတွန်းလေးပါ။

ထမင်းဆိုင် တစ်ဆိုင်ရဲ့ ရှေ့မှာ၊ "အဝ,စား ၅-ကျပ်ဆိုတဲ့၊ ဆိုင်းဘုတ်ရေးထားတယ်။ အဲဒီဆိုင်ထဲဦးကြိုင်ဆိုတဲ့ လူကြီး၊ လာ . . စားတယ်။ (အဝ,စားဆိုတော့၊ ဦးကြိုင်လည်း တစ်ဝ, ဇစ်ပြဲ စားတယ်ပေါ့)။

ဘယ်လောက်အထိ စားနိုင်သလဲဆိုရင်၊ တခြားအဝ,စား သူတွေက၊ ထမင်းလိုက်ပွဲ၊ လေးငါးပန်းကန်အထိပဲ၊ အများဆုံး၊ စားနိုင်ကြတယ်။ ဦးကြိုင်က,တော့၊ ထမင်းလိုက်ပွဲ၊ ပန်းကန်,အချပ် နှစ်ဆယ်လောက်၊ စားပွဲပေါ်၊ ပုံသွားတဲ့အထိ၊ စားနိုင်တယ်။

ထမင်းဆိုင်ပိုင်ရှင်ရော၊ ဆိုင်ထဲရှိသူတွေရော၊ ဦးကြိုင်ရဲ့ အစားကြီးမှုကို၊ ကြည့်ပြီး၊ အံ့သြကြရတာပေါ့။

နောက်တစ်နေ့-

အဲဒီထမင်းဆိုင်ကိုပဲ၊ ဦးကြိုင်ထပ်လာတဲ့အခါ၊ ထမင်းဆိုင် ရဲ့၊ ဆိုင်းဘုတ်မှာ၊ ဦးကြိုင်ရဲ့ နာမည်ကိုပါ တွေ့လိုက်ရတယ်။ ဦးကြိုင်တွေ့မြင်လိုက်ရတဲ့၊ ဆိုင်းဘုတ်က,တော့-

'ထမင်း။

အဝ,စား - ၅ -ကျပ်။

(ဦးကြိုင်မပါ)။

♠



အဲဒီ၊ ကာတွန်းလေးထဲက, ဆိုင်းဘုတ်လိုပါပဲ၊ ကျွန်တော့်ရဲ့ မေတ္တာပို့မှုက,လည်း၊ ဦးကြိုင်မပါ၊ ဖြစ်နေတော့တာပေါ့။

မြန်မာနိုင်ငံသား၊ ဗုဒ္ဓဘာသာ၊ ဗမာလူမျိုး၊ မပီသ,လိုတ် ပုံများ။ ၃၁-ဘုံ မေတ္တာပို့တာ၊ ကိုယ်ရွံမုန်းတဲ့လူကို၊ ချန်လှန်ခဲ့ မိတယ်လေ။ လုပ်တာက၊ ကုသိုလ်အလုပ်။ သတိ-ဉာဏ်နည်းပါး တဲ့အခါဆိုတော့၊ အ,ကုသိုလ်စိတ်ထားမိခဲ့တာပေါ့။

ဘာနဲ့တူသလဲဆိုတော့၊ ခုနက. . ရေလောင်းပေးချင်တဲ့၊ စေတနာရှိပါသော်လည်း၊ အတိုင်းအရှည်ကို၊ ခန့်မှန်းနိုင်စွမ်း မရှိတဲ့၊ သတိ-ဉာဏ်နည်းပါးတဲ့၊ မျောက်တစ်ကောင်နဲ့တူသွားတော့တာ ပေါ့။

မေတ္တာဆိုတာ၊ လေလို. . ရေလို. . ဘာ အပိတ်အပင်မှ

www.burmeseclassic.com

www.burmeseclassic.com



မရှိဘဲ၊ စကြာဝဠာတစ်ခွင်ကို၊ အယုတ်အလတ်အမြတ်မရွေး.. ပို့လွှတ်ရတဲ့ ..စိတ်ထားမြတ်ဆိုတာ၊ ဂယနဏ မသိခဲ့ချိန်က၊ ဗုဒ္ဓဘာသာဝင် မပီသ,ခဲ့တဲ့၊ ကျွန်တော့်အမှားကို၊ဝန်ခံတာပဲ၊ ဆိုပါတော့။(မေတ္တာ မစစ်မှန်ခဲ့ဘူးဆိုပါတော့)။

ဗုဒ္ဓဘာသာဝင်ဆိုတာ၊ သူများစားဆွဲလို့ ကိုယ်ပါ စားလိုက်ဆွဲတဲ့၊ သဘာဝ,မျိုးကို၊ ချုပ်ထိန်းထားရမယ့်၊လူမျိုးပါ။ ကိုယ့်ဘုရားရဲ့ အဆုံးအမ,ကို ဉာဏ်မီသလောက်၊ လိုက်နာကျင့်သုံးနေကြတဲ့၊ လူမျိုးပါ။

မေတ္တာစစ် မေတ္တာမှန်နဲ့ယဉ်ကျေးလိမ္မာအောင် နေထိုင်လေ့ရှိတဲ့ လူမျိုးပါ။

♠♠♠

ယဉ်ကျေးလိမ္မာ

ယဉ်ကျေးတယ်ဆိုတာ၊ ဒေါသ,မပါဘဲ၊ ပြောဆိုရင်ဆိုင်၊ လုပ်ကိုင်ရှင်သန်တာပါပဲ။

လိမ္မာတယ်ဆိုတာက၊ ကိုယ်တတ်ထား သိထားတဲ့ အတတ်ပညာ အသိပညာကို၊ အထားအသို မှန်မှန်ကန်ကန်နဲ့ နေရာတကျ၊ သူ့အကန့်နဲ့သူ၊ အကွက်ကျကျ၊ ဆောင်ရွက်နိုင်စွမ်းရှိတာကို၊



ခေါ်ဆိုတာပါ။

ရာထူးဌာနန္တရ ကြီးပါလျက်၊ စကားနုတ် စကားရိုင်းစကားငယ်တွေကိုသာ၊ နားဖွယ်အောင်၊ ဒေါသ,တကြီး ပြောဆိုလေ့ရှိသူတွေကို၊ မယဉ်ကျေးတဲ့သူလို့၊ သတ်မှတ်ရမှာဖြစ်သလို၊ (ပတ္တမြား ကျောက်စီဓားကို၊ ကိုင်ဆောင်ထားပါလျက်၊ အဲဒီရတနာဓားနဲ့ ခွေးဝဲစားကို၊ ခုတ်ပိုင်းဖို့ ကြိုးပမ်းသူလို)၊ ကိုယ့်အသိဉာဏ်ပညာ အားကိုးနဲ့၊ ကိုယ့်လောတ်မှ၊ မသိ.. မတတ်..မနိုင်စားနိုင်ရှာသူ တွေကို၊ အနိုင်ယူဖို့၊ ဆောင်ရွက်နေသူမျိုးကိုလည်း၊ မလိမ္မာသူလို့၊ ခေါ်ဝေါ်ရမှာပါပဲ။

ကိုယ့်စကားတစ်ခွန်းကြောင့်၊ ကြားနာသူ ဒေါသ,သင့်စေရင်၊ အဲဒီစကားပြောဆိုသူဟာ၊ မလိမ္မာသူပါပဲ။ စကားအလိုကို၊ တိုက်ရိုက်ပြောရမယ်ဆိုရင်၊ မျိုးချစ်စိတ်ရှိသူတိုင်းဟာ၊ လိမ္မာတတ်ရမယ်..လို့၊ ဆိုလိုချင်တာပါ။

ကိုယ့်ရဲ့ ဇာတိနဲ့ အစဉ်အလာကို၊ ထိပါး.., စော်ကားဖျက်စီးသူတွေ၊ (အမှန်တကယ်)ရှိနေတယ်ဆိုရင်၊ မျိုးချစ်စိတ်ကြီးကြသူများပီပီ၊ သတိ တမံ ဉာဏ်မြေကတုတ်နဲ့ ယဉ်ယဉ်ကျေးကျေးလိမ်လိမ်မာမာ၊ တာကွယ်စောင့်ရှောက်ကြရမှာပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



ယဉ်ကျေးလိမ္မာသူများသာလျှင်၊ စစ်မှန်တဲ့ မျိုးချစ်စိတ်ကို၊ ဖော်ဆောင်နိုင်ကြပါလိမ့်မယ်။ (လောက,ကြီးက၊ လူရိုင်းတွေကို၊ အလိုမရှိပါဘူး)။

♠

မီးခိုးအူနေတဲ့၊ အခန်းတံခါးကို၊ မစဉ်းစားမဆင်ခြင်ဘဲ၊ ရုတ်တရက် ဆွဲဖွင့်လိုက်မယ်ဆိုရင်၊ အဲဒါ. . ကိုယ့်ကိုယ်ကိုယ် သတ်သလိုဖြစ်သွားမှာ၊ အမှန်ပါပဲ။အဲဒီလို ပြုမူမိသူခမြာ၊ စေတနာ ဘယ်လိုပဲ ကောင်းကောင်း၊ သတိ-ပညာ နံ့နည်းသူဖြစ်တဲ့အတွက်၊ သူ့ကို၊ မလိမ္မာသူလို့သာ၊ သတ်မှတ်ရပါမယ်။

တင်စားပြီး၊ ပြောပြရရင် ဖေါ်သ, ငွေ့အူနေတဲ့၊ နှလုံးသားတံခါးတွေကို၊လောကြီးတဲ့ မျိုးချစ် စိတ်နဲ့၊ ရုတ်တရက်ဆွဲဖွင့်လိုက်ရင်၊ မီးတောက်တွေ ပိုကြီးလာနိုင်တယ်ပေါ့ဗျာ။

♠

မျိုးချစ်စိတ်ရှိကြသူ . . ကြီးကြသူချည်းပါပဲ၊ ကိုယ့်တစ်မျိုး သားလုံးကို၊ တကယ် တိုးတက်ငြိမ်းချမ်းစေချင်တယ်ဆိုရင်၊ ဗျွန်မတော့်နည်းတ,တော့၊ လူတိုင်း . . လူတိုင်း. . ကိုယ့်,ကိုယ်တို၊



တိုးတက်ငြိမ်းချမ်းအောင် အရင်ဦးဆုံး၊ ဆောင်ရွက်စေချင်တာပါပဲ။

လောက,ကိုပဲဖြစ်ဖြစ် . .

တိုင်းနိုင်ငံကိုပဲဖြစ်ဖြစ် . .

ဒေသကိုပဲ ဖြစ်စေ . .

လူ့အဖွဲ့အစည်းကိုပဲဖြစ်ဖြစ်

ကိုယ့်ကိုယ်ကိုပဲ ဖြစ်ဖြစ်. . တိုးတက်အောင် ငြိမ်းချမ်းအောင်၊ ထူထောင်ချင်တယ်ဆိုရင်၊ အရင်ဆုံး ပြုပြင်ရမှာက၊ တစ်ခုတည်းပါပဲ။ (အဲဒါက,တော့၊ စိတ်ထားတွေကို၊ အရင်ပြုပြင်ကြရမှာပါ)။

စိတ်ဓါတ်တွေကိုသာ၊ အရင်ဆုံး၊ ပြုပြင်ကြရမှာပါဗျာ၊ (စိတ္တေန နီယတေ၊ လောကော- လောက,ကို စိတ်က ဦးဆောင် ဖန်တီးပါတယ်)။

♠

မျက်စိစူးချိန်

မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီ အသွင်ကူးပြောင်းရေး ကာလ,ကို၊ ဘယ်လိုမြင်သလဲ. . . တဲ့။ အသံဖမ်းစက်နဲ့၊ မိန်းကလေး က၊ လာမေးတယ်။ (ကိုယ်က၊ လူတတ်ကြီးမှ၊ မဟုတ်တာ။ ကိုယ်, ထင်တာ၊ ကိုယ်. . ဖြေခဲ့တာပေါ့)။

www.burmeseclassic.com



နှစ်ပေါင်း လေးငါးဆယ်၊ အမှောင်ထဲမှာ၊ နေလာကြရတဲ့ သူတွေ. . ။ တံခါးဖွင့်ဖွင့်ချင်း၊ အလင်းရောင်ကို၊ မျက်နှာချင်းဆိုင်မိရင်၊ ဘယ်လိုနေမလဲ. . လို့၊ ပြန်မေးလိုက်တော့၊ မျတ်စိစူးမှာပေါ့ . . တဲ့။

အေး . . ။ အခု. . ငါတို့ တိုင်းပြည်၊ မျက်စိစူးနေတဲ့ အချိန်ပဲ. . လို့၊ ဖြေလိုက်တယ်။

♠

သံစူးရင်၊ ထိခိုက်ပွန်းပဲ့ရင်၊ ဖုံမှုန့်နဲ့ မသိပ်နဲ့၊ မေးခိုင်ကာကွယ်ဆေး ထိုးရမယ်. . . ဆိုတဲ့၊ ဗဟုသုတ,လောက်ကိုတောင်၊ တစ်နိုင်ငံလုံး၊ လိုက်နာနိုင်ဖို့၊ (၁၅)နှစ်လောက်၊ အချိန်ယူခဲ့ရတဲ့ . . တိုင်းပြည်။

ကိုယ်လက်နှီးနှောမှု သွေးကတစ်ဆင့် ကူးစက်တတ်တဲ့ ရောဂါမျိုးကို၊ ကာကွယ်ဖို့၊ ကာကွယ်ရေး ပစ္စည်းကို၊ လူတိုင်း အသုံးပြုတတ်ဖို့၊ (၁၅)နှစ်မက၊ လှုံ့ဆော်ခဲ့ရတဲ့၊ တိုင်းပြည်။

ယာဉ်ကျောကို မျက်နှာမူပြီး၊ လမ်းလျှောက်ရမယ်။ ကျောပေးပြီး၊ မလျှောက်ရဘူးဆိုတာကို၊ လူတိုင်းမလိုက်နာကြသေးတဲ့၊ တိုင်းပြည်။



ကားပေါ်က,လူက၊ လမ်းပေါ်က အညတရတွေကို ဦးစားပေးတဲ့အနေနဲ့၊ ဟွန်းတီးပြီး၊ ဘေးကပ်မခိုင်းဘဲ၊ ညင်ညင်သာသာ ရှောင်တွင်း မောင်းနှင်ပြီး တိတ်တိတ်ဆိတ်ဆိတ်၊ သွားလာရမယ် ဆိုတာတောင်၊ (လုံး၀)မသိရှာကြသေးတဲ့ . . တိုင်းပြည်။

ကားတစ်စီးနဲ့ တစ်စီး၊ ဟွန်းတီးပြီး၊ လမ်းတောင်းတာ၊ ရိုင်းစိုင်းတဲ့၊ အပြုအမူဆိုတာ၊ (လုံး၀) မသိရှာကြသေးတဲ့ . . တိုင်းပြည်။

ဘယ်လှေခါးကို၊ တက်တက်၊ ဆင်းဆင်း၊ ဆင်းသူရော၊ တက်သူရော၊ လက်ျာဘက်ကပ်တက်ရမယ်, ကပ်ဆင်းရမယ်ဆိုတာ၊ လူတိုင်း မသိတတ်ကြသေးတဲ့၊ တိုင်းပြည်။

လူ-လမ်းလျှောက်ရမယ့် ပလက်ဖောင်းပေါ်မှာ၊ ကိုယ်ပိုင် အခင်းအကျင်းတွေနဲ့၊ ပိတ်ဆို့ပြီး၊ ကားလမ်းပေါ်မှာ လူ. . ဆင်းလျှောက်နေကြရတဲ့. . တိုင်းပြည်။

ရေမြောင်းထဲ အမှိုက်မပစ်ရ၊ နောက်ဖေးလမ်းကြားထဲ၊ အမှိုက်မပစ်ရ . . ဆိုတာကိုတောင်၊ လူတိုင်း. . လိုက်နာဖို့ ခက်နေကြသေးတဲ့ . . တိုင်းပြည်။

www.burmeseclassic.com

www.burmeseclassic.com



စစ်တပ်မိသားစုတွေက၊ သပ်သပ်။ ဝန်ထမ်းက, သပ်သပ်။ ဆင်းရဲသားက သပ်သပ်။ ပညာတတ် လူတန်းစားက, သပ်သပ်။ ကြွယ်ဝ,သူက သပ်သပ်။ နိုင်ငံရပ်ခြားမှာ၊ ကျောင်းတက်နိုင်သူက . . သပ်သပ်။ ပါတီအဖွဲ့အစည်းက၊ သပ်သပ်။ အုပ်ချုပ်သူက. . သပ်သပ်။ ကျူးကျော်တဲလေးတွေက သပ်သပ်။ ဒါ. . ငါတို့နဲ့၊ မဆိုင်ဘူးဆိုပြီး၊ မသိချင်ယောင်ဆောင်ထားတဲ့၊ တာဝန်ရှိလျက်၊ တာဝန်မယူကြသူများက၊ သပ်သပ်နဲ့၊ စိတ်,သပ်သပ်စီ သီးခြား . . စည်းအသားခံနေရဆဲ . . တိုင်းပြည်မှာ၊ ဒီမိုကရေစီဖော်ဆောင်ဖို့ဆိုတာ၊ အချိန်ပေးကြရပါဦးမယ်. . ။

အလင်းနဲ့ မရင်းနှီးသူတို့၊ မျက်စိစူးနေချိန်မှာ၊ အမှောင်ထဲမှာပဲ၊ နေစေချင်ကြသူတွေ၊ရှိများနေလေမလား. . လို့တော့၊ တွေးပူမိပါရဲ့။ (ပဋိပက္ခ ဖန်တီးသူများဟာ၊ အမှောင်ကို လိုလားသူများသာဖြစ်တယ်)။

တိုင်းပြည် ထူထောင်ဆဲကာလ,မှာ၊ ဘယ်ပဋိပက္ခကိုမဆို၊ မဖြစ်အောင်. . မပွားအောင်၊ ကာကွယ်ကြရမယ့် တာဝန်ဟာ၊ စစ်မှန်တဲ့ မျိုးချစ်စိတ်ရှိသူများ အားလုံးမှာ၊ ရှိပါတယ်။

နိုင်ငံသား အားလုံးမှာလည်း တာဝန်ရှိလှပါတယ်။ (တစ်



အုပ်စုက၊ တာဝန်ယူလိုက်။ မအောင်မြင်လိုက်။ အနှစ်နှစ်ဆယ် လောက်ကြာလိုက်။ ခိုးချင်တဲ့ သူတွေက၊ ခိုးသွားလိုက်။

နောက် တစ်အုပ်စုက၊ တာဝန်ယူလိုက်၊ မအောင်မြင်လိုက်၊ အနှစ် နှစ်ဆယ်လောက် ထပ်ကြာလိုက်၊ ခိုးချင်တဲ့သူတွေက၊ ခိုးသွားလိုက်နဲ့။

ကျွန်တော်တို့ မြန်မာပြည်ကြီးလည်း၊ ဖတ်ဖတ်မောလှပါပြီဗျာ။ ကဖျက် ယ,ဖျက်တွေ. . . တော်ကြပါတော့. . လို့၊ ကျွန်တော်တောင်းပန်လိုက်ချင်တာပါပဲ)။

♣♣♣

မျက်စိမှိတ်ပြီး ချစ်ကြည့်ပါ

ဂေါတမ, မြတ်စွာဘုရားဟာ၊

မာရ်နတ်ကို - ဒါန ပါရမီနဲ့ အောင်နိုင်ခဲ့တယ်

အာဠဝကကို - ခန္တီပါရမီနဲ့အောင်နိုင်ခဲ့တယ်

နာဠာဂိရိဆင်ကို - မေတ္တာပါရမီနဲ့ အောင်နိုင်ခဲ့တယ်

အင်္ဂုလိမာလကို - (ဖန်ဆင်းအပ်သော)
တန်ခိုးတော်နဲ့အောင်နိုင်ခဲ့တယ်

စိဥ္စမာနကို - သမာဓိနဲ့ အောင်နိုင်ခဲ့တယ်

www.burmeseclassic.com

www.burmeseclassic.com



သစ္စကာပရပိုဇ်ကို - ပညာပါရမီနဲ့အောင်နိုင်ခဲ့တယ်

နန္ဒောပရန္တနဂါးကို- (နည်းပေးအပ်သော)

တန်ခိုးတော်နဲ့အောင်နိုင်ခဲ့တယ်

ပကာမြဟ္မာကို - သဗ္ဗညုတဉာဏ်တော်နဲ့ အောင်နိုင်ခဲ့

တယ်။

ဘုရားရှင်သည်ပင်လျှင်၊ ရင်ဆိုင်ရတဲ့ အတိုက်အခိုက်တွေအပေါ်၊ သူ့နေရာနဲ့. . သူ၊ မေတ္တာနဲ့ တန်သူကို မေတ္တာနဲ့၊ ပညာနဲ့တန်သူကို၊ ပညာနဲ့၊ တန်ခိုးနဲ့တန်သူကို၊ တန်ခိုးနဲ့. . စသဖြင့် တုံ့ပြန်တာကို၊ ကြားနာ ဇဟုသုတယူပြီး၊ ကျွန်တော်တို့ တတွေလည်း၊ တာလ. . ဒေသ. . အခြေအနေ. . အရပ်ရပ်ကို၊ ပညာမျက်စိနဲ့ ကြည့်မြင်သုံးသပ်ရင်း . . .

ဇာတိသွေး ဇာတိမာန်၊ မျိုးချစ်စိတ် နိုင်ငံချစ်စိတ်ကို၊ အခြေခံပြီး,ကောင်းမြတ် မှန်ကန်တဲ့ သတိနဲ့ ရင်ဆိုင်ကြဖို့၊ လိုပါမယ်။ သိပ်ချစ်ကြတဲ့အခါ၊ မျက်စိစုံမှိတ် ပြီး၊ ချစ်မိတတ်ကြတယ် ဆိုပေမယ့်- အမှောင်ထဲက ထွက်လာကြ ရသူတွေမို့၊ မျက်စိကျိန်းချင်ကျိန်းပါစေ။ မျက်စိဖွင့်လိုက်ကြပါတော့လို့သာ၊ ဆော်ဩချင်တော့တာပါပဲ။



မျိုးချစ်စိတ်ဆိုတဲ့ ခေါင်းစဉ်တပ်ပြီး၊ အဲဒီ ခေါင်းစဉ်အောက်မှာ၊ ဒေါသ,မီးခိုးတွေ၊ အူထွက်လာအောင် ဖန်တီးသူတွေ၊ ရှိခဲ့သော်. . မျက်စိဖွင့်ထားကြသူများက၊ မြင်သာပါလိမ့်မယ်။ ပြင်းထန်တဲ့ မျိုးချစ်စိတ်နဲ့၊ စုံမှိတ်ချစ်မိကြသူများ အပေါ်၊ အသုံးချခြေထိုးခံမယ့်သူတွေ၊ ရှိနေတတ်ကြလို့၊ သတိပေးတာပါ။

♠

မြန်မာပြည်ကို၊ ချစ်လို့၊ မသိတသိနဲ့၊ ဒီ. . စကားတွေ၊ ဝင်ပြောမိပါတယ်။

စကားငယ်လို့

နားဖွယ်ခဲ့ရင် . . .

ခွင့်လွှတ်ကြပါကုန်. . ။ ။

2014 -May -16
10:10 (P-M)
Eternal Light (Magazine)
Volume-4,N.4,2014.June]

www.burmeseclassic.com

www.burmeseclassic.com



## အစိုးရကို ချုပ်ကိုင်မည်သူ

(၁)

အဝေးပြေးလမ်းမ,ပေါ်တွင်၊ မောင်းနှင်ရသော ခရီးသည်တင်,ကားတစ်စီးအတွင်း။

ခရီးသည်(၁)။ ။ "ဟေ့. . စပယ်ယာ။ငါ, ဝိတ်လျှော့ချင်တယ်ကွာ"

ယာဉ်နောက်လိုက်။ ။ "ဗျာ"

ခရီးသည်(၁)။ ။ "ငါ,အပေါ့သွားချင်တယ်. . လို့ပြောတာကွ"

ယာဉ်နောက်လိုက်။ ။ "အာ။မရဘူး။ဦးလေး။ပေါက်တော



ရောက်မှ. . ပေါက်၊လမ်းမှာ ရပ်မပေးဘူး။"

ခရီးသည်(၁)။ ။ "ဟာ၊ ငါ,ထွက်ကျတော့မယ်ကွ"

ယာဉ်နောက်လိုက်။ ။ "အောင့်ထားပေါ့ဗျာ"

ခရီးသည်(၁)။ ။ ဟေ့ကောင်၊ အောင့်တော့ မထားဘူး၊မင်း. . ကား,ရပ်ပေးမလား မရပ်ပေးဘူးလား"

ယာဉ်နောက်လိုက်။ ။"ရပ်လို့မရပါဘူးဆို"

ခရီးသည်(၁)။ ။ အေး၊ ရပ်မပေးရင်၊ ငါ,ဒီမှာပဲ၊ ပေါက်ချလိုက်တော့မယ်"

(ပြောပြောဆိုဆို၊ ထိုင်ရာမှ . . ထ၊ပုဆိုးမ)

ယာဉ်နောက်လိုက်။ ။"ဟာ . . ။ ဦးလေး၊ အဲဒီလိုတော့ မလုပ်နဲ့လေ၊ရပ်ပေးမယ်၊ ရပ်ပေးမယ်၊ ကားဆရာရေ. . ။အရေးပေါ်၊ ပေါက်တောဗျာ၊ ဟိုးလိုက်တော့၊ ဟိုးလိုက်တော့"

(ကားရပ်)

ကျန်ခရီးသည် (၂/၃)(၄)(၅)(၆). . ။ "ကျုပ်တို့လည်း၊ ပေါက်ချင်နေတာဟေ့"

www.burmeseclassic.com

www.burmeseclassic.com



ယာဉ်နောက်လိုက်။ ။"ပေါက်ဖျာ။တဲ. . အကုန်ဆင်းလို့ ရပါပြီ။. . အကုန်. . ပေါက်တော"

ခရီးသည်(၁)။ ။(ကျန်ခရီးသည်များကို၊ လှည့်ကြည့်ရင်း). .

"လူတွေကလည်း၊ သေးပေါက်တဲ့ကိစ္စတောင်၊ ကိုယ်တိုင် ဦးဆောင်ပြီး မပြောချင်ကြဘူး။ အရင်. . ဦးဆောင်ပြီးပြောတဲ့လူ. . ရှိမှ၊ နောက်က, မေးလိုက်ချင်ကြတယ်။ တော်တော်ခက်တဲ့ . . လူတွေပဲ"

♣

အထက်ပါအဖြစ်အပျက်သည်၊ လွန်ခဲ့သော (၁၀)နှစ်ကျော်က၊ ကျွန်တော်ကြည့်ခဲ့ဖူးသည့်၊ ဗီဒီယိုဇာတ်ကား တစ်ကား၏ ဇာတ်ဝင်ခန်း တစ်ခန်းမျှသာ၊ ဖြစ်ပါသည်။

အထက်ပါ ဇာတ်ဝင်ခန်းတွင်၊ ခရီးသည်(၁)၏ (ကျန်ခရီးသည်များကို)ပြောလိုက်သော၊ စကားသည်၊ ကျွန်တော်တို့ တစ်နိုင်ငံလုံးကို၊ ကြည့်လျက်ပြောလိုက်သည့်ပမာ၊ ကျွန်တော်ကြည့်ရင်း ခံစားဖြစ်ခဲ့သည်။



အခု အခါသမယသည်. . ,

အကြောက်တရား ကြီးစိုးခဲ့သော ကာလ,များစွာကို၊ လွန်မြောက်ခဲ့ပြီ ဖြစ်ပါလျက်၊ လက်ရှိ မြန်မာနိုင်ငံအတွင်းရှိ၊ ပြည်သူလူထုထဲတွင်၊ အထက်ပါ အဖြစ်အပျက်(ဇာတ်ဝင်ခန်း)ထဲက၊ ကဲ့သို့နောက်လိုက်. . ခရီးသည်တွေ၊ရှိနေလေဦးမလား. . ဟု၊ ကျွန်တော်စိုးထိတ်နေရပါသေးသည်။

♣

ခေါင်းဆောင်စိတ်ဆိုသည်မှာ၊ လူအများကြီးကို၊ ဦးဆောင်လိုသော စိတ်ကိုသာ၊ ဆိုလိုသည်မဟုတ်။ ကိုယ့်ဆုံးဖြတ်ချက်ကို၊ ကိုယ့်ဘာသာပိုင်ပိုင်နိုင်နိုင်၊ စ,တင် ဆုံးဖြတ်ရဲသော စိတ်သည်သာ၊ ခေါင်းဆောင် စိတ် စင်စစ်၊ ဖြစ်ပေသည်။

ကိုယ့်ဘာသာ ဆုံးဖြတ်ပြီးသော စိတ်ကို၊ ကိုယ့်ဘာသာ စ,တင် အကောင်အထည်ဖော်ပုံခြင်းသည်၊ ခေါင်းဆောင်တစ်ယောက်၏ စရိုက်လက္ခဏာဖြစ်သည်။

သူတစ်ပါး ဆုံးဖြတ် ဦးဆောင်ပြီးသော ကိစ္စအပေါ်၌သာ၊ ပိရကောင်းနိုးနိုးနှင့်၊ မဝံ့မရဲ ဖြစ်နေမိသေးသမျှ၊ နောက်လိုက် စိတ်များ၊ လွန်စွာ များပြားနေရပေဦးမည်။

www.burmeseclassic.com

www.burmeseclassic.com



အကျိုးအမြတ် ခိုင်လုံအောင်၊ လေ့လာဆန်းစစ်ပြီးနောက်၊ လုပ်သင့်လုပ်ထိုက်သည်ဟု၊ ယူဆ,သော အလုပ်ကို၊ ပိုင်ပိုင်နိုင်နိုင် ဆုံးဖြတ်ချက်ချကာ၊ ရဲရဲဝံ့ဝံ့ အကောင်အထည်ဖော်ဆောင်လိုသော စိတ် ထားများ၊ ပြည်သူလူထုတစ်ရပ်လုံးတွင်၊ ရှိနေစေချင်မိသည်။ ဒါကိုပင်လျှင် ခေါင်းဆောင်စိတ် သခင်စိတ်ဟု၊ သုံးနှုန်းလိုပေသည်။

လုပ်သင့်လုပ်ထိုက်သည်ကို၊ သူအများ လုပ်နေကြပြီ ဖြစ်သည့် တိုင်အောင်၊ သာမှာ နာမှာ တွေးတောလျက်၊ သာမည့် ဘက်ကိုသာ၊ လှမ်းဖို့ အခွင့်ချောင်း. . . အကွက်ချောင်းနေသူမျိုး တွေလည်း၊ ရှိနေနိုင်ပေသည်။ ဒါကိုတော့. . . ခိုးသူစိတ်, နောက်လိုက်စိတ်, ကျွန်စိတ် . . ဟုသာ၊ သတ်မှတ်ချင်မိ၏။

♠♠♠

(၂)

ရှာသူကြီး။ ။ "ရှာသူ ရှာသားအားလုံး၊ မနက်ဖြန် အလှူမှာ၊ အချိုပွဲအတွက်၊ နွားနို့ တစ်ခွက်စီ၊ ယူခဲ့ ကြ။

ပြီးရင်. . ဟောဟိုက၊ စဉ့်အိုးကြီးထဲကို ထည့်ထားကြ"



ရှာသား (၁)။ ။ "ရှာသူရှာသား အားလုံး၊ နို့တွေယူလာ ကြမှာပဲ။ ငါတစ်ယောက်တည်း၊ ရေတစ်ခွက်ယူ သွားပြီ၊ စဉ့်အိုးကြီးထဲ၊ ထည့်ရင်၊ မသိသာ လောက် ပါဘူး". . ဟု၊ တွေးပြီး၊ နွားနို့မယူဘဲ၊ရေသာယူလာ၊ စဉ့်အိုးထဲသို့၊ ရေလောင်းထည့်၏။

နောက်တစ်နေ့ ရှာသူကြီးက၊ စဉ့်အိုးကြီးထဲကို၊ နှိုက်ကြည့်၊ အားလုံး ရေတွေချည်းသာ၊ တွေ့မြင်ရ၏။

♠

အထက်ပါအဖြစ်အပျက်မှာလည်း၊ တစ်ဦးတည်းသာ ရေရောဖို့ကြံတာပါ။ ဒါပေမဲ့. . အဲဒီ အကြံအစည်မျိုး၊ ရှာသူ ရှာသားတိုင်းမှာ၊ ရှိနေလေတော့၊ နွားနို့တွေပြည့်နေရမယ့် စဉ့်အိုး ကြီးထဲမှာ၊ ရေများသာ ပြည့်နေလေတော့၏။

♠

ထို့အတူပင် ငါ. . မပါလို့၊ မသိသာပါဘူး . . ဟူသော အတွေးမျိုးဖြင့်၊ အများသူငါ၊ အရေးကိစ္စ တစ်ခုခုမှာ၊ ဝင်မပါမိ သောအခါ၊ကိုယ့်လို အတွေးမျိုးတွေ၊ ကိုယ်စီရှိနေကြပါက၊ ကြီးမား သော ပြည်သူ့ အင်အားတစ်ခုလုံး၊ ဆုံးရှုံးရတတ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ပုရွက်ဆိတ်ငယ်ပင် ဖြစ်လင့်တစား၊ သူ့ကိုယ်အလေးချိန်ကို၊ လိုအပ်သော အခါကာလ, ရှိနေတတ်သည်။ ထို့ကြောင့်.. ပုရွက်ဆိတ်ငယ်ကိုလည်း၊ လောက,ကြီးက၊ လိုအပ်နေတတ်သည်။ (ပြည်သူတစ်ယောက်ချင်း၏ အင်အားကို၊ တိုင်းပြည်က၊ အချိန်တိုင်း လိုအပ်နေပါသည်)။

◆

တိုင်းပြည်ကို ပြုပြင်ပြောင်းလဲကြသည်ဆိုရာ၌၊ ပြုပြင်ပြောင်းလဲမှုတစ်ရပ်လုံး .. အစိုးရနှင့် နိုင်ငံရေးသမားများမှာသာ၊ တာဝန်ရှိသည်ဟု၊ လုံးဝ... မတွေးစေလိုပါ။

သန့်ရှင်းသန့်ပြန်သော ကားလမ်းမ,ပေါ်သို့၊ တွမ်တံတွေး ပျစ်တနဲ့ ထွေးချလိုက်တာ၊ အစိုးရနှင့် မဆိုင်ပါ။ ရထားပေါ်.. ကားပေါ်တို့မှာ၊ အမှိုက်တွေ စည်းကမ်းမဲ့ ပစ်နေကြသေးတာ၊ အစိုးရနှင့် မဆိုင်ပါ။

ဘတ်(စ)ကား အချင်းချင်း၊ စားခွက်လုသလို၊ ပြိုင်မောင်းနေကြတာ၊အစိုးရနှင့်မဆိုင်ပါ။

လမ်းပေါ်က၊ လူကိုဖြစ်စေ၊ ရှေ့မှမော်တော်ယာဉ်ကိုဖြစ်စေ၊ တီတနဲ ဟွန်းတီး လမ်းဖယ်စေသော၊ ရှိုင်းပျ



သည့် အပြုအမူဆိုးတို့ ထွန်းကားနေတာ အစိုးရနှင့် မဆိုင်ပါ။

လူသွားလမ်း(ပလက်ဖောင်း)ပေါ်၊ မီးစက်ကြီး တွေချ...၊...ပိတ်၊ အိမ်ဆိုင်တွေ ထွက်ခင်း၊ပလက်ဖောင်း ဆိုတာဘယ်နေရာလဲ... ဆိုတာတောင်၊ မသိရတော့လောက်အောင်၊ လမ်းသွားလမ်းလာတို့အတွက် လမ်းလျှောက်စရာနေရာမရှိတော့တာ၊ အစိုးရနှင့် မဆိုင်ပါ။

အတန်းပိုင်ဆရာမ,ဆီမှာ၊ကျူရှင်ထားမှ၊ ဖြစ်မယ်။ (A)တန်းကိုရဖို့၊ ကျောင်းအုပ်ဆရာမကြီးကို၊သွားတန်တော့ရဦးမယ်.. ဆိုတာမျိုးတွေက,လည်း၊ အစိုးရနှင့် မဆိုင်ပါ။

ပြည်သူလူထုတစ်ရပ်လုံး၏ မြင့်မြတ်ခိုင်မာသည့် ဉာဏ်ပညာထက်မြက်သော, ဗဟုသုတ ပြည့်ဝ,သော, စိတ်နှလုံးတို့နှင့်သာ သက်ဆိုင်လှပေသည်။

အတန်းပိုင်ဆရာမ,ဆီမှာ၊ ကျူရှင်မထားလို့၊ ထို... ဆရာမ,က ခြွင်းချက်တစ်ခုခုပြုမှုသည် ဆိုပါက၊ သက်ဆိုင်ရာ .. သို့

www.burmeseclassic.com



ထိထိရောက်ရောက် အကြောင်းကြား၊ တိုင်တန်း၍ ရနေပြီ ဖြစ်သော ဤအခြေအနေမျိုးကို၊ အားလုံး ဖန်တီးကြရပေမည်။

မည်သူက မည်သူ့ကိုမျှ၊ ကြောက်လန့်နေစရာမလိုသော၊ ခေတ်ကို၊ ရောက်အောင်၊ အားလုံး ဆောင်ရွက်ကြရပေမည်။

ဥပဒေကဲ့သို့၊ အာဏာတည်သော "အမိန့်" . . . ဟု၊ ခေါ်သော၊ အမိန့်အာဏာဖြင့် (စစ်အစိုးရက)ခိုင်းမှ၊ လိုက်နာကျင့်ဆောင်ချင်ကြသည် ဆိုလျှင်တော့၊ ကျွန်တော့် ဝါကျများ အားလုံးကို၊ ပြန်လည်ရုတ်သိမ်းရပါမည်။

အမိန့်နှင့်ခိုင်းမှ၊ လုပ်လိုကြသော စိတ်ဓာတ်သည်
ကျွန်စိတ်ဓာတ်ပင်ဖြစ်၏။

ဘယ်အစိုးရ၏ အမိန့်ကိုမျှ၊ မျှော်မနေကြဘဲ၊ ကိုယ့်အရပ်ဒေသ,တွင်၊ လုပ်သင့်လုပ်ထိုက်တာကို၊ ညီညီညွတ်ညွတ်လုပ်ဝံ့သူများကိုသာ၊ သခင် စိတ်ရှိသူများဟု၊ ကေန် သတ်မှတ်ရပေမည်။

❖

ယနေ့ခေတ်သည်၊ ဝန်ကြီးတစ်ပါး လာသည်ကို"ဘုရင်" လာသကဲ့သို့၊ သဲဖြူခင်း ရာဇမတ်ကာ၍ ကြိုဆိုရမည့် ခေတ်မျိုး မဟုတ်တော့ပါ။



ကိုယ့်အရပ်ဒေသနှင့် ပတ်သက်၍ လာရောက် ဆွေးနွေးသူ၊ ဝန်ကြီးဆိုတဲ့လူကို၊ လူလူချင်း လေးစားစွာ ဆက်ဆံလျက်၊ ရဲရဲဝံ့ဝံ့ ထိထိရောက်ရောက်၊ တင်ပြ တိုင်ပင်ရမည့်ခေတ်ကို ရောက်နေပေပြီ။

ဒါကို . . မသိသေးသူခမြာ၊ အခုအချိန်အထိ, ဒူးတုန် . . ခါးကိုင်း . . မှိုင်းမိနေဆဲ ရှိနေကြပါသေး၏။

အုပ်ချုပ်ချင်တဲ့သူ တက်အုပ်ချုပ်ခွင့်ပေးနေရသော၊ ခေတ်မျိုး မဟုတ်တော့၊ မိမိလိုလားသူအပေါ်၊ လိုလားသည့် အတိုင်း မှန်ကန်တိကျသော ဆန္ဒမွှန်ကို၊ ကိုယ်တိုင်ထုတ်ဖော် ထောက်ခံမှုပြု၍ရသော ခေတ်ကို၊ ရောက်ရှိနေပြီဖြစ်၏။

ဘုရင့်ခံလိုလို၊ ထီးဆောင်းမင်းလိုလို၊ အိုက်တင်မျိုးတွေ အတွက်၊ နေရာမပေးချင်ကြသူများ၊ ကိုယ်လိုလားသူကိုသာ၊ ကိုယ့်ဘာသာ ရွေးချယ်ကူညီထောက်ခံသင့်ကြသည်။

စစ်အာဏာရှင်ကို၊ မလိုလားသူတိုင်း၊ လွတ်လပ်ပွင့်လင်း မြင်သာသော၊ ဒီမိုကရေစီ နိုင်ငံတော်သစ်ကို၊ တကယ်လိုလားသူတိုင်းသည်၊ စည်းကမ်းကြီးသော ပြည်သူလူထုဖြစ်ဖို့ ဉာဏ်ပညာ ထက်မြက်သော နိုင်ငံသူ နိုင်ငံသားဖြစ်ဖို့၊ အစိုးရကို၊ အားကိုးစရာ

www.burmeseclassic.com



မလိုအပ်လှပါ။

အစိုးရ . . ဟူသည်၊ ပြည်သူ့ကိုယ်စားလှယ်သာဖြစ်၏။ ပြည်သူ့ကိုယ်စားလှယ်ကို၊ ပြည်သူက အားကိုးမှီတင်းနေကြခြင်း ထက်၊ ရွေးချယ်တင်မြှောက် စေခိုင်းခြင်းက,သာ၊ ဒီမိုကရေစီမည် ပေမည်။

ပြည်သူလူထု တစ်ရပ်လုံးက၊ စည်းကမ်းဟူသမျှ၊ အစိုးရ က, ဥပဒေချမှတ်ပြီးမှ လိုက်နာချင်ကြသည်ဆိုလျှင်တော့၊ ကျွန်တော် သတင်းဆိုးပါးလိုပါသည်။

ယင်းအပြုအမူသည် အာဏာဖြင့် စေခိုင်းသော၊ အာဏာ ရှင်ကို ဖိတ်ခေါ်နေသကဲ့သို့၊ ဖြစ်နေပါကြောင်း. . သတင်းဆိုး ပါး အပ်ပါသည်ခင်ဗျား . . .။

ဒီမိုကရေစီကို၊ လိုလားပါတယ် . . ဆိုလျှင် တစ်တိုင်း ပြည်လုံး၏ အရေးကိစ္စအတိုင်းသည်၊ ပြည်သူပြည်သားတိုင်းနှင့် သက်ဆိုင်ပြီး၊ ပြည်သူပြည်သားတိုင်း ဉာဏ်ပညာထက်မြက်မှ၊ အစိုးရတိုင်း ဉာဏ်ပညာထက်မြက်မည်။

ပြည်သူ ပြည်သားတိုင်း စည်းကမ်းကြီးမှ၊ တစ်တိုင်းပြည် လုံး စည်းကမ်းကြီးမည်။



စည်းကမ်းရှိသော၊ ဉာဏ်ပညာထက်မြက်သော၊ အစိုးရ . . . ဟူသည့် အဖွဲ့အစည်းကို၊ စည်းကမ်းရှိသော၊ ဉာဏ်ပညာ ထက်မြက်သော ပြည်သူလူထုက,သာလျှင်၊ ဖန်တီးနိုင်ကြရပေမည် . . .။ အစိုးရကို၊ ပြည်သူလူထုက၊ ချုပ်ကိုင်နိုင်မှသာ၊ ဒီမိုကရေစီ မည်ပေ၏။

♠

အစိုးရကို ချုပ်ကိုင်နိုင်စွမ်းသည့်၊ ပြည်သူလူထုအနေဖြင့် မူ၊ ဉာဏ်ပညာထက်မြက်သော၊ စည်းကမ်းပြည့်ဝသော၊ ပြည်သူ လူထုဖြစ်နေမှသာလျှင်၊ ကောင်းမွန်သော အစိုးရကို၊ ပိုင်ဆိုင်နိုင် ခွင့်ရပေမည်။

♠

ပြည်သူလူထု၏ အလိုဆန္ဒ လုပ်ပိုင်ခွင့်အာဏာကို၊ အစိုးရ က၊ ဖော်ဆောင်ပေးရသော စနစ်ကို၊ ဒီမိုကရေစီစနစ်ဟု၊ ခေါ်တွင် နိုင်ပေသည်။ တစ်နည်းအားဖြင့်၊ ဒီမိုကရေစီ နိုင်ငံတော်တိုင်း၌၊ အစိုးရ၏ အာဏာသည်၊ ပြည်သူ့အာဏာသာဖြစ်၏။

အစိုးရက၊ ပြည်သူကို ဦးဆောင်ချုပ်ကိုင်ရေးရသည် မဟုတ်၊ ပြည်သူလူထုက,သာ၊ အစိုးရနှင့် လွှတ်တော်အရပ်ရပ်ကို၊

www.burmeseclassic.com

www.burmeseclassic.com



ချုပ်ကိုင်ဦးစီးနိုင်ကြရပေမည်။ သို့မှသာ. . ဒီမိုကရေစီမည်ပေ၏။

သို့သော် အစိုးရကို ချုပ်ကိုင်လိုသော ပြည်သူသည်၊ သာမန်ပြည်သူမျိုးတော့၊ ဖြစ်၍မရ။

အပေါ်အပါးသွားတာတောင်၊ သူတစ်ပါးထ,သွားမှ, နောက်က,လိုက်ဝံ့လေ့ရှိသော၊ ပြည်သူမျိုး၊

အများ၏ နို့အိုးထဲ၊ ရေရောဖို့ ကြံရွယ်သော၊ ပြည်သူမျိုး၊ အမိန့် ပေးမှ၊ လိုက်နာချင်ကြသော ပြည်သူမျိုး၊ အထက်လူကြီးကို၊ အကြောင်းမဲ့ ရှိသေကြောက်လန့်နေတတ်သော၊ ပြည်သူမျိုးတော့၊ ဖြစ်၍မရ၊

ကိုယ်တိုင်လည်း စည်းကမ်းကြီးသော၊အစိုးရအပေါ် ကောင်းမွန်သော ဖော်ဆောင်မှုတိုင်း၌၊ ကူညီပံ့ပိုးတတ်သော၊ ဗဟုသုတနှင့်ဉာဏ်အရာထက်မြက်သော၊ အဆင့်မြင့်ပြည်သူလူထုမျိုးမှသာလျှင်၊ အစိုးရနှင့်လွှတ်တော်အရပ်ရပ်အပေါ်၊ လွှမ်းမိုးချုပ်ကိုင်နိုင်စွမ်းကြပေမည်။

လူထုအကျိုးနှင့် ကိုယ့်အကျိုး ယှဉ်လာလျှင်၊ လူထုအကျိုးကိုသာ၊ ပိုမိုဦးစားပေးနိုင်စွမ်းရှိသော ပြည်သူတိုင်းတို၊ ဒီမိုကရေစီနိုင်ငံတော်သစ်က၊ အစဉ် လိုအပ်လျက်ရှိပါသည်။



အတ္တအချင်းချင်းသာ တွန်းကန်နေကြဦးမည်ဆိုလျှင်တော့၊ မိုင်ပေါင်းကုဋေ ငြိမ်းချမ်းရေးနှင့် နေ့မြင်ညပျောက် ဒီမိုကရေစီကိုသာ၊ ခေတ္တမျှ၊ အိပ်မက်ခွင့် ရနိုင်ပေလိမ့်မည်။

အာဏာရှူးများကို၊ ဦးစားပေးချင်သူတိုင်း၊ ဒီမိုကရေစီကို၊ မလိုလား။ ထို့ကြောင့်၊ ပြည်သူ့အင်အား အစစ်အမှန်ဖြင့်၊ ဒီမိုကရေစီအစိုးရ စစ်စစ်ကို၊ ပြည်သူလူထု စစ်စစ်က,သာလျှင်၊ ဖော်ဆောင်နိုင်ကြလိမ့်မည်ဖြစ်ပါကြောင်း. . ။

ဒီမိုကရေစီ

အောင်ရမည်။ ။

♠♠♠

2014 -Jun -17
2:45 (P-M)
[Eternal Light -(magazine)
vol.4, No-5 2014-July]

www.burmeseclassic.com

www.burmeseclassic.com



## လောကကြီး၏ခေါင်းဆောင်ကောင်း

နိဒါန်း။ ။ ခေါင်းဆောင်ဖြစ်ချင်စိတ်ဖြင့်၊ မည်သို့ပင် သင်ကြိုးစားစေ၊ ဘယ်သောအခါမျှ သင့်ခေါင်းဆောင်ဖြစ်လိမ့်မည်မဟုတ်။

သို့သော် . . ၊ သင့်စွမ်းဆောင်နိုင်ရာ၊နေရာတိုင်း၌၊ သင့်စွမ်းဆောင်နိုင်သလောက်၊ (သူတစ်ပါး၏ အကျိုး၊ အများအကျိုးကို) ကိုယ်ကျိုး(လုံး၀)မမျှော်ကိုးဘဲ၊ သင့်, စွမ်းဆောင်နေသမျှ (သင်. . , ဖြစ်ချင်သည်ဖြစ်စေ၊မဖြစ်ချင်သည်ဖြစ်စေ)၊သင်သည်. . , ထို အ၀န်းအ၀ိုင်း၊ နေရာဒေသ၏၊ ခေါင်းဆောင်တစ်ဦးပင်၊ ဖြစ်နေပေမည်။

♠



အကယ်၍၊ တစ်စုံတစ်ဦးသည် လည်းကောင်း၊ တစ်စုတစ်ဖွဲ့တို့သည် လည်းကောင်း၊ ဤနေရာ ဤဒေသ,တို့၊ ငါ. . , ဦးဆောင်မှ တော်မယ်၊ ငါတို့ဦးဆောင်မှ ကောင်းမယ်. . ဟု၊ (ဒေသဆန္ဒမပါဘဲ)၊ မည်သည့် စေတနာဖြင့်၊ ဦးဆောင်သည်ဖြစ်စေ၊ ထိုသူသည် (ထိုသူတို့သည်) ခေါင်းဆောင်များ မဟုတ်ကြ။ အာဏာရှင်များသာ၊ ဖြစ်ပေသည်။

မည်ရွေ့မည်မျှ၊ ဦးစီးစွမ်းဆောင်သည် ဖြစ်စေ၊ (နောက်လိုက်တို့၏၊နှလုံးသား အလိုဆန္ဒ မပါ,ပါက)၊ထိုအချင်းအရာသည်၊ လှည်းလမ်းကြောင်းပေါ်တွင်၊ လေယာဉ်ပျံ တက်မောင်းလိုခြင်းမျှသာ ဖြစ်ပေမည်။ (ဖုံထ,ရုံမှ တစ်ပါး၊ ခရီးမတွင်၊ ခရီးမမည်)။

♠

ခေါင်းဆောင်ဟူသည်ကား၊ နောက်လိုက်သူတို့၏၊ ယုံကြည်အားထားရာလည်း၊ ဖြစ်ရာ၏။ နောက်လိုက်တို့၏ ချမ်းသာကိုလည်း၊ ဆောင်ပေးနိုင်ရာ၏၊ ကိုယ်ကျိုးကိုသာမက၊ အသက်ကိုပင်စွန့်တတ်ရာ၏။

♠♠

အာဇာနည်ခေါင်းဆောင် ။ ။ ၁၅၁၀- ဇာတ်ဝတ္ထုထဲက၊

www.burmeseclassic.com

www.burmeseclassic.com



မဟာကပိဇာတ် (တစ်မျိုးသားလုံးအတွက်၊ အသက်ကို၊ မငဲ့ခြင်း). : ဆိုတဲ့ဇာတ်တော်ကို၊ ဗုဒ္ဓဘာသာဝင်တိုင်း၊ ကြားနာမှတ်သားဖူးမှာပါ။

ဂင်္ဂါမြစ်ထဲ၊ အရသာထူးခြားလွန်းတဲ့၊ သရက်သီး တစ်လုံးကို၊ ဘုရင်တွေ့၊ မြစ်ညာဘက်တက်ပြီး၊ စုံစမ်းခိုင်းတော့၊ ဘုရားလောင်း မျောက်မင်းနဲ့ ရှစ်သောင်းလောက်ရှိတဲ့၊ မျောက်တွေ၊ နေတဲ့၊ (ခုနက၊ အရသာထူးခြားလွန်းတဲ့) အဗ္ဗုန္တရ-သရက်ပင်ကို တွေ့၊

ဘုရင်က၊ သူအလိုရှိတဲ့ သရက်သီးသီးတဲ့၊ သရက်ပင်မှာ၊ မျောက်တွေကို တွေ့တော့၊ သရက်သီးကိုရော၊ မျောက်သားရော . . စားဖို့ကြံတော့တာပေါ့။ အဲဒီတော့ . . ,

မျောက်တွေ အကုန်လုံး၊ ထိတ်ထိတ်လန့်လန့် ဖြစ်တုန်ကြ ရတာပေါ့။ ဘုရားအလောင်း မျောက်မင်းက၊ "မကြောက်ကြနဲ့၊ ငါ. . သင်တို့ကို၊ အသက်ပေးပြီးကယ်မယ်" . . လို့၊ နှစ်သိမ့်အား ပေးစကားပြောပြီး၊ သရက်ပင်ရဲ့ မြစ်တစ်ဘက်ကမ်းကို၊ ခုန်ကူး လိုက်တယ်။ (အဲဒီလို ခုန်ကူးနိုင်တဲ့ စွမ်းအားက၊ ဘုရားအလောင်း မျောက်မင်းမှာပဲ၊ရှိပါတယ်)။



ဟိုဘက်ကမ်းရောက်တော့၊ ကြိမ်နွယ်ပင် အရှည်ကြီးရှာ၊ သူ့ခါးမှာချီ၊ ပြီးတော့, အဲဒီဘက်ကမ်းမှာရှိတဲ့ သစ်ပင်မှာ၊ ကြိမ် နွယ်ပင်ရဲ့ တခြား အစ,ကိုချီ၊ သရက်ပင်ရှိရာ ဘက်တမ်းကို၊ ခုန်ကူး လိုက်တာ။ သူ့. . တစ်ကိုယ်စာ၊ ခါးမှာချီတဲ့၊ အတိုင်းအဆ,ကို၊ ထည့်မတွက်မိတဲ့အတွက်၊ သရက်ပင် ကိုင်းဖျားကိုပဲ၊ ကိုင်မိတော့ တယ်။

အဲဒီတော့ . . . မျောက်အားလုံး၊ သူ့ကျောကုန်းပေါ်က, နေသာ၊ နင်းနင်းပြီး၊ တစ်ဘက်ကမ်းကို၊ ကူးကြရတော့တာပေါ့။ အားလုံးသော မျောက်တွေက၊ အရိုအသေပေးပြီးမှ၊ ကျောကုန်း ပေါ်က,နေ၊ ကူးဖြတ်ကြပေမယ့်၊ ဒေဝဒတ်လောင်းမျောက်က၊ ဘုရားလောင်းမျောက်မင်းရဲ့၊ ကျောကုန်းပေါ်ကို၊ သရက်ကိုင်း အမြင့်ပေါ်တက်ပြီးမှ၊ခုန်ချတယ်။ ဘုရားလောင်း မျောက်မင်း၊ နှလုံးသားကွဲရတယ်၊ ဒေဝနာပြင်းပြင်းထန်ထန် ခံစားရတယ်။

♣

အဲဒီ့ အဖြစ်အပျက်ကို၊ ဘုရင်တွေ့ပြီး. . "ဒီမျောက်က၊ တိရစ္ဆာန်ဖြစ်ပေမယ့်၊ ကိုယ့်အသက်ကို၊ ကိုယ်. . မငဲ့ဘဲ၊ သူ့,မျောက် အမျိုးအားလုံးအတွက်၊ လွတ်မြောက်အောင်၊ ဆောင်ရွက်ပေး

www.burmeseclassic.com

www.burmeseclassic.com



နေတာပဲ"..လို့၊ တွေးရင်း၊ ဘုရားအလောင်း မျောက်မင်းကို၊ မြူစုတယ်။

အဲဒီလိုမြူစုရင်း၊ သေဆုံးခါနီးနေတဲ့ ဘုရားအလောင်း မျောက်မင်းကို၊ ဘုရင်က .."အသင်၊ မျောက်ကြီး။ကိုယ့်ကိုယ်ကို တံတားထိုးပြီး၊ မျောက်အားလုံးကို၊ ဘေးကင်းအောင်၊ ဆောင်ရွက်တယ်။ သင်နဲ့သူတို့နဲ့ ဘာတော်စပ်လို့လဲ"..လို့မေးတော့။

အလောင်းတော် မျောက်မင်းက -

"ကျွန်ုပ်၊ အဲဒီမျောက် ရှစ်သောင်းတို့ရဲ့၊ ခေါင်းဆောင်ပဲ"..လို့၊ ဖြေလိုက်တယ်။

မေးတဲ့သူက၊ ဘုရင်ဖြစ်နေတဲ့အတွက်၊ ဘုရင်တစ်ပါး (ခေါင်းဆောင်တစ်ယောက်)ထားရမယ့် စိတ်ဓာတ်ကို၊ အဲဒီ ဘုရင် သိအောင်၊ ဆက်ပြီးပြောပြခဲ့တယ်။ အကြံပေးခဲ့တယ်ပေါ့။

"ကျွန်ုပ်ဟာ၊ မျောက်တွေရဲ့ ခေါင်းဆောင် ဖြစ်တဲ့အတွက်၊ သူတို့ရဲ့၊ ဘေးရန်ကင်းဖို့၊ ချမ်းသာ ရဖို့၊ ဆောင်ရွက်ရမှာပဲ။

အဲဒါကြောင့်၊ ကျွန်ုပ်ကိုယ်ပေါ်မှာ ချည်နှောင်ထားတဲ့၊ ကြိမ်နွယ်ကြိုးရဲ့ ဒဏ်ကြောင့်လည်း၊



ကိုယ့်ကိုယ်ကိုယ် နာတယ်လို့ မယူဆ,ဘူး၊ သေမှာလည်း၊ မကြောက်ဘူး"

အဲဒီလို၊ပြောပြီး... နောက်ထပ်၊ စကားဆက်တယ်။

"အသင်မင်းကြီး။ ဘုရင်ဆိုတာ၊ (ခေါင်းဆောင်ဆိုတာ)၊တိုင်းသူပြည်သား၊ ဝန်ထမ်း၊ မှူးမတ် ဗိုလ်ပါ၊(ဆင်ခြေဖုံး)၊နိဂုံး ဇနပုဒ်ပါမကျန်၊ အားလုံးသော၊ ပြည်သူလူထုရဲ့၊ ချမ်းသာမှု၊ ဘေးကင်းလုံခြုံမှု၊ ပေးနိုင်ရတယ်။

ပညာဉာဏ်နဲ့လည်း၊ ပြည်စိုးရတယ်"

မှာကြား၊ ဆုံးမ,ပြီး..၊ မျောက်မင်း၊ သေသွားပါတယ်။ ဘုရင်က၊ မျောက်မင်းရဲ့၊ ဈာပနကို၊ မင်းခမ်း မင်းနားနဲ့၊ သဂြိုလ်ပါတယ်။

•

အများကို၊ ကယ်တင်ချင်တဲ့ မျောက်မင်းဟာ၊ မြစ်ကိုဖြတ် ဘက်ကမ်းကို၊ ခုန်ကူးနိုင်စွမ်း.. ဆိုတဲ့၊အရည်အချင်း(ကာယစွမ်းအား)လည်းရှိခဲ့တယ်။ အဲဒီလို ကူးဖြတ်လွတ်မြောက်နိုင်တယ်..လို့ တွေးခေါ်နိုင်တဲ့၊ ပညာဉာဏ်လည်း၊ ရှိခဲ့တယ်။ သာမန်ကူတယ်ရုံမျှ

www.burmeseclassic.com



မဟုတ်ဘဲ၊ အသက် သေချင်သေပေ့စေဆိုတဲ့၊ စိတ်ထားနှလုံးသား လည်း၊ ရှိခဲ့တယ်။

အဲဒီ. . တိရစ္ဆာန် မျောက်မင်းဆီမှာ၊ ရှိတဲ့၊ အရည်အသွေး နဲ့တွင်၊ လူတွေ. .၊ ခေါင်းဆောင်လုပ်လို့၊ ရလောက်ပါပေတယ်။

♠♠♠

ခေါင်းဆောင်၏ သည်းခံစိတ်။ ။ ၅၅၀- ဇာတ်ဝတ္ထုထဲက-

အသက်သခင်ကျေးဇူးရှင်ကို၊ ပစ်မှားလို့နူနာစွဲ၊ ပြီတ္တာဖြစ်၊မြေအမျိုခံရတဲ့၊ ပုဏ္ဏားတစ်ယောက်အကြောင်းလည်း၊ ကြားနာဖတ်မှတ်ဖူးမယ် ထင်ပါတယ်။

လယ်သမားပုဏ္ဏား၊ နွားပျောက်ရှာရင်း၊ မျက်စိလည်။ (၇)ရက် အစာငတ်။ အတောင်(၆၀)ရှိတဲ့၊ ချောက်ကမ်းပါးထဲ၊ မြုတ်ကျ။ ဘုရားအလောင်းမျောက်မင်း. . တွေ့။

ချောက်ကမ်းပါးထဲက,နေ၊ ကျောက်ခဲတွေကို၊ အဆင့်ဆင့် လုပ်ပြီး၊ ပုဏ္ဏားကို၊ ကယ်တာ။

ချောက်ကမ်းပါးထဲက,နေ၊ ပုဏ္ဏားကို ကယ်ဆယ်ပြီးတဲ့ အခါ၊ မျောက်မင်းက၊ ပင်ပန်းလွန်းတဲ့အတွက်၊ ပုဏ္ဏားရဲ့ အနီးမှာ၊ အိပ်တယ်။



အသင်ပုဏ္ဏား အိပ်ပျော်နေတဲ့၊ ငါ့ကို၊ ကျားတို့၊ ခြင်္သေ့ တို့၊ သစ်ကြုတ်တို့၊ တျားသစ်တို့၊ ဝံတို့၊ အန္တရာယ်မပြုအောင်၊ ခဏ စောင့်ပေးပါ. . လို့၊ မှာပြီးမှ၊ အိပ်တာ။

ဗိုက်ဆာနေတဲ့၊ ပုဏ္ဏားက၊ အိပ်ပျော်နေတဲ့၊ မျောက်မင်း၊ (သူ့ရဲ့ အသက်သခင် ကျေးဇူးရှင်)ကို၊ ကြည့်ပြီး၊ မျောက်သားစား မယ်. . ဆိုတဲ့၊ စိတ်နဲ့၊ မျောက်မင်းနဲ့ ဦးခေါင်းကို ကျောက်ခဲနဲ့ ထုလိုက်တယ်။

ဘုရားအလောင်းမျောက်မင်းဟာ၊ ဦးခေါင်းမှာ သွေးသံ ရဲရဲနဲ့၊ သစ်ပင်ပေါ်တက်ပြေးရတော့တယ်။

လိုရင်း. .၊ပြောပြချင်တာက၊ အဲဒီ့လို၊ ဦးခေါင်းကို ရိုက်ခွဲ ပြီး၊ သတ်စားဖို့ ကြံစည်တဲ့၊ ပုဏ္ဏားကို၊ မျောက်မင်းက၊ သစ်ပင်. . သစ်ပင်. . တွေ၊ အပေါ်က,နေ၊ ကူးကူးပြီး၊ တောစပ်ရောက်တဲ့အထိ၊ လမ်းပြပေးလိုက်ပါသေးတယ်. . တဲ့။

♠

ကိုယ့်,သတ်မယ့် သူကိုတောင်၊ ရန်သူလို သဘောမထားဘဲ၊ (ငါ့,သတ်တဲ့ သူပဲ. . လို့၊ မတွေးဘဲ)၊ အကူအညီဆက်ပေးလိုက် တယ်. . ဆိုတဲ့၊ တိရစ္ဆာန် မျောက်မင်းရဲ့၊ စိတ်ထားမျိုးလည်း၊

www.burmeseclassic.com

www.burmeseclassic.com



ခေါင်းဆောင်လုပ်မယ့်၊ လူစင်စစ်တွေဆီမှာ၊ ရှိဖို့၊ လိုအပ်ပါဦးမယ်။

♣♣♣

အသက်ချင်းလှယ်၍ ကယ်ဆယ်သော ခေါင်းဆောင်။ ။

ဘုရင့်ရဲ့ စဉ်းတီတုံးပေါ်မှာ၊ လည်စင်းပေးရမယ့်၊ ကိုယ်ဝန်သည် သမင်မ,ရဲ့၊ ကိုယ်စားစဉ်းတီတုံးပေါ်မှာ၊ လာရောက်လည်စင်းပေးတဲ့၊ ဘုရားအလောင်းနိဂြောဓ-သမင်မင်း အကြောင်းလည်း၊ ဗုဒ္ဓဘာသာဝင် မြန်မာတိုင်းရင်းသားတိုင်း၊ ကြားနာမှတ်သား ဖူးကြပါတယ်။

တရိစ္ဆာန် သမင်တောင်မှ၊ လက်အောက်ငယ်သားအတွက်၊ အသက်ချင်းလဲလှယ်ပေးတတ်ပါလား. . . ဆိုတဲ့၊ ဗဟုသုတ,မျိုး၊ရှိရင်။

လူ. . ခေါင်းဆောင်တွေလည်း, အဲဒီစိတ်နှလုံး၊ အဲဒီပေးဆပ်မှု၊ ရှိကိုရှိရမယ် . . လို့၊ ထင်မြင်မိတာပါပဲ။

လူဆိုတာ၊ တိရစ္ဆာန်ထက်၊ အဆင့်အတန်းမြင့်တယ်. . လို့၊ အသိရှိထားပြီးသား၊ ဖြစ်တဲ့အတွက်၊ ဘုရားဟော. . နိပါတ်တော်တွေ. . ထဲက၊ လုပ်ဆောင်မှုမြင့်မြတ်တဲ့၊ တိရစ္ဆာန်တွေဆီက,ပဲ၊ စိတ်ထားနှလုံးသားတွေ၊ သင်ယူ ကျင့်သုံးနိုင်ကြမယ်ဆိုရင်၊ တကယ့်



အဆင့်အတန်းမြင့်တဲ့၊ မြင့်မြတ်တဲ့၊ လူခေါင်းဆောင်စစ်စစ်တွေ၊ ဖြစ်ကြမှာ၊ ကောန် အမှန်မုချပါပဲ။

ဒေးကာနယ်ဂျီလိုလို အိုဘားမားလိုလို၊ ။ အောင်မြင်တဲ့လူ၊ ဖြစ်ဖို့ အောင်မြင်တဲ့ . . ခေါင်းဆောင်

ဖြစ်ဖို့၊ ဒေးကာနယ်ဂျီရဲ့ မိတ္တဗလဋီကာပဲ၊ အလွတ်ကျက်ထားရမှာ၊ လိုလို၊ အမေရိကန် သမ္မတ-အိုဘားမားရဲ့ အတ္ထုပ္ပတ္တိပဲ၊ဖတ်ရမှာ လိုလို၊သူဌေးကြီးတွေ. . (နိုင်ငံတကာ သူဌေးကြီးတွေ)၊ ခေါင်းဆောင်တွေ(နိုင်ငံတကာ ခေါင်းဆောင်ကြီးတွေ)ရဲ့၊ အတ္ထုပ္ပတ္တိတွေကိုပဲ၊ ခေါင်းအုံးအိပ်ရာမှလိုလိုနဲ့၊ ဘာလေ့လာရမှန်းမသိ၊ ဖြစ်နေသူတွေများ၊ မြန်မာနိုင်ငံမှာ ရှိနေတယ်ဆိုရင်၊ (ကျွန်တော့်မှာ၊ အကြံပေးခွင့်၊ ရှိတယ်ဆိုရင်)၊

ရင်းရင်းနှီးနှီး၊ ချစ်ချစ်ခင်ခင်၊ လိုလိုလားလားနဲ့၊မေတ္တာစေတနာကြီးစွာ၊ အကြံပေးပါရစေ။

ခေတ်တို၊ အစာကျွေးထားတဲ့၊ တခြားနိုင်ငံတကာ အသိပညာတွေကိုလည်း၊ လေ့လာချင်လေ့လာပါ။(တံငါရွာမှာနေရင်၊ ငါးဖမ်းနည်းလေ့လာရမှာဖြစ်သလို၊ မုဆိုးရွာရောက်ရင်၊ အမဲလိုက်နည်းလေ့လာရမှာဖြစ်တယ်. . လို့ စိတ်နှလုံး၊ သတိ,ပညာ

www.burmeseclassic.com

www.burmeseclassic.com



နဲ့သာ လေ့လာပါ)။

♣

အဲဒီလို လေ့လာရင်း . . ကိုယ်ဖြစ်ချင်တဲ့ အရာမှန်သမျှ . . (ခေါင်းဆောင်ပဲဖြစ်ချင်ဖြစ်ချင်၊ သူဌေးပဲဖြစ်ချင်ဖြစ်ချင်၊ အနုပညာသမားပဲ ဖြစ်ချင်ဖြစ်ချင်) . . ဘာပဲဖြစ်ချင်ဖြစ်ချင်၊ ကိုယ်ဖြစ်ချင်တဲ့၊ အရာကို . .

ဖြစ်စေနိုင်တဲ့ နည်းစနစ်တွေ . . ၊

ကိုယ် . . ကိုးကွယ်တဲ့ ဘုရားဆီမှာ၊ ရှိသလား . . လို့၊ တွဲဖက်လေ့လာစေချင်ပါတယ်။

ကျွန်တော်က၊ ဗုဒ္ဓဘာသာဝင်မြန်မာလူမျိုးဖြစ်တဲ့ အတွက်၊ ကိုယ့်အိမ်ခေါင်းရင်းက၊ ဂေါတမမြတ်စွာဘုရားဆီမှာ . . (ဗုဒ္ဓရဲ့ လောကီ-လောကုတ္တရာ ဒေသနာတွေထဲမှာ)၊ ကိုယ်ဖြစ်ချင်တာကို၊ ဖြစ်စေတဲ့ နည်းစနစ်ပါရဲ့လား . . လို့၊ ရှိသေစွာ . . လေ့လာခဲ့ပါတယ်။

ဥပမာ၊ ။ ဘုရင်ဖြစ်ချင်တယ်ဆိုပါတော့၊

မင်းကျင့်တရား . . (မင်းကောင်းမင်းမြတ် ဆိုတာ၊ ဘယ်လို . . ကျင့်သုံးရတယ်ဆိုတဲ့၊ နည်းစနစ်)၊ ဂေါတမ ဗုဒ္ဓရဲ့၊ ဒေသနာထဲမှာ၊ ရှာဖွေကြည့်ရပါတယ်။



ဥပမာ၊ ။ လင်ကောင်းသားကောင်း၊ ရှိနိုးကောင်း မယားကောင်း . . ဖြစ်ချင်သလား၊

ဂေါတမမြတ်စွာဘုရားရဲ့၊ ဒေသနာမှာ၊ ရှာဖွေရပါတယ်။

မိကောင်းဖခင် ဖြစ်ချင်သလား . . ။ သားကောင်း သမီးကောင်း ဖြစ်ချင်သလား . . ။ မိတ်ဆွေကောင်း ဖြစ်ချင်သလား . . ။

ဂေါတမမြတ်စွာဘုရားရဲ့-ဒေသနာတော်တွေထဲမှာ၊ ရှိနေပါတယ်။

(တခြား၊ ဘာသာဝင် ညီအစ်ကို မောင်နှမ,တွေအနေနဲ့လည်း၊ ကိုယ် . . , ဖြစ်လိုတာကို၊ ကိုယ့်ဘုရားဆီမှာ၊ ရှာဖွေလေ့လာ ရမှာဖြစ်ပါတယ်)။

♣

မြန်မာပြည်သား ဗုဒ္ဓဘာသာဝင် ဗမာလူမျိုးတစ်ယောက်အနေနဲ့၊ ခိုင်ခိုင်မာမာ ပြောပြလိုတာက, တော့၊

ကိုယ် . . ,ကိုးကွယ်တဲ့ ဘုရားရဲ့နည်းစနစ်ကို၊ မခံယူ၊ မတည်ဆောက်၊ မကျင့်သုံး၊ မလေ့လာတတ်ဘူးဆိုရင်တော့၊ တခြားအယူဝါဒ,တခြား တိုင်းနိုင်ငံရဲ့၊ နည်းစနစ်တွေနောက်၊ ကောက်ကောက်ပါအောင်၊ လိုက်မိနေကြတော့မှာ၊ ဖြစ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



* ဘုရားကိုတောင်၊ကိုယ်တ . . ရချောင်ထိုးထားရင်၊ကိုယ့်ကိုလည်း၊ လောက,က၊ ချောင်ထိုးထားမှာအမှန်ပါပဲ။

နိုင်ငံတဂဏနည်းစနစ်တွေနောက်၊ တကောက်ကောက်လိုက်နေသမျှ၊ အဲဒါ. . သူများ၊ နောက်လိုက်ပါပဲ။

သူများနောက်လိုက် လုပ်နေမှတော့၊ ခေါင်းဆောင်ဘယ်လိုမှ၊ ဖြစ်တော့မှာ၊ မဟုတ်ပါဘူး။

ဦးဆောင်မှုပညာ (စီမံခန့်ခွဲမှုပညာ)။ ။ အဲဒီခေါင်းစဉ်နဲ့ သက်ဆိုင်တဲ့၊ အရည်အသွေးကို၊ Managment လို့၊အင်္ဂလိပ်လိုလေးပြောပြ၊ ရေးပြတာကိုမှ၊ မြန်မာတွေက . . ပိုစိတ်ဝင်စားတတ်ကြတာပါ။

ဗုဒ္ဓဘာသာဝင် ဗမာလူမျိုး (မြန်မာနိုင်ငံသား) တစ်ယောက်အနေနဲ့၊ အဲဒီလို၊ တခြားဘာသာနဲ့ ရေးသား. . ထားကြတာတွေကို၊ လေ့လာထားရမှာ၊ ဖြစ်သလို၊ ဂေါတမဗုဒ္ဓရဲ့ ဦးဆောင်မှုပညာက, ရော. . ဘယ်လို မြင့်မြတ်ကျယ်ပြောလေသလဲ. . လို့၊ တန်ဖိုးတထား၊လေ့လာကျင့်သုံးရမှာ၊ဖြစ်ပါတယ်။

လောက(၃)ပါးစလုံးကို၊ ဦးဆောင်မှုပေးနေခဲ့သူရဲ့၊ နည်းစနစ်ကို၊ ဦးလည်မသုန် မလေ့လာဘဲ၊ နိုင်ငံတကာက၊ လူသာမာန်တွေရဲ့၊ ဦးဆောင်မှုပညာကိုသာ၊ လေ့လာနေမိနေတယ်ဆိုရင်တော့၊ နိုင်ငံတကာရဲ့၊ နောက်လိုက်ပဲ၊ ဖြစ်နေပါလိမ့်မယ်။



တချို့က,ဘုရားနည်းကိုပဲ၊ခေတ်နောက်ပြန်ဆွဲဝါဒ. . လိုလို၊ အသုံးမဝင်တော့တာလိုလို၊ ထင်မြင်နေတတ်ကြပြန်သေးတယ်။

♠

လူ-နတ်-ဗြဟ္မာ သတ္တဝါ အနန္တနဲ့ စကြဝဠာအနန္တ ကမ္ဘာအနန္တကို၊ လွှမ်းခြုံနိုင်ပြီး အနန္တသတ္တဝါအားလုံးရဲ့၊ သံသရာခရီးပြီးဆုံးလွတ်မြောက်တဲ့အထိ၊ ဦးဆောင်မှုပေးနေခဲ့တဲ့၊ ကိုယ်. . တိုးကွယ်တဲ့ ဘုရားကိုမှ၊ အထင်တကြီးမရှိတတ်ဘူးဆိုရင်၊ အိုဟားမားလောက်ကိုပဲ၊ အထင်ကြီးနေရပါလိမ့်မယ်။

♠♠

တစ်ကေပတ်လည်လောက်သာ၊ ခေါင်းဆောင်မှု၊ ဦးဆောင်မှု ပေးနိုင်သူတွေကို. . ငေး . . မော. . အားကျနေပြီး၊ အနန္တစကြာဝဠာကို၊ ဦးဆောင်မှုပေးခဲ့တဲ့၊ လောကကြီးရဲ့ ခေါင်းဆောင်တောင်းကို၊ သတိမမူတတ်ကြဘူးဆိုရင်၊ တစ်ကေပတ်လည်လေးထဲမှာပဲ၊ အားကျလိုက် ငေးမောလိုက်နဲ့၊ သူတစ်ပါး ပြောပြညွှန်ကြားတဲ့၊ တမ္ဘာငယ်လေးထဲမှာပဲ၊ သိမ်ငယ်မှန်း မသိ,

www.burmeseclassic.com

www.burmeseclassic.com



သိမ်ငယ် နေကြရပေလိမ့်မယ်။

♠

အင်္ဂလိပ်လို ရေးသားထားတာကိုမှ၊ အထင်ကြီးကြမယ်ဆိုရင်လည်း၊ အဲဒီအရာတွေကို၊ လေ့လာပါ။ ကိုယ့်အိမ်ခေါင်းရင်းကိုလည်း၊ ကိုယ့်ဘာသာ. . ပြန်ကြည့်ပါ. . လို့ပဲ၊ ပြောပါရစေတော့။

♠♠♠

ကမ္ဘာကျော်ခေါင်းဆောင်။ ။ ဗုဒ္ဓဘာသာ မြန်မာမိန်းကလေးတိုင်းက၊ ကိုယ်ခန္ဓာကို၊ ဖော်လှစ်ပြတဲ့အလုပ်ကို၊ ဘယ်တော့မှ မလုပ်ဘူး. . လို့၊ မြန်မာခေါင်းဆောင် တစ်ယောက်ယောက်က၊ ခိုင်ခိုင်မာမာ၊ ကမ္ဘာပတ်ပြီး၊ ပြောပြနိုင်စွမ်းတယ် . . ဆိုရင်လည်း၊ မြန်မာဟာ၊ ဘာဆုမှ မရရင်တောင်၊ ဣန္ဒြေရှင်နိုင်ငံအဖြစ်၊ ကမ္ဘာက သိမှတ်ရှိသေနေရပါလိမ့်မယ်။

မြန်မာကို၊ ကမ္ဘာက သိစေချင်တာနဲ့၊ ကမ္ဘာပတ်ပြီး၊ ဖော်လှစ်ပြသ,တဲ့၊ ယဉ်ကျေးမှု အစဉ်အလာကို၊ ဗုဒ္ဓဘာသာဝင်မြန်မာနိုင်ငံသားအားလုံး၊ လက်ခံနေတတ်ကြပြီလား မပြောတတ်။ မဖော်. . မလှစ်ဘဲ၊ ကမ္ဘာကျော်စေတဲ့၊ မြန်မာမိန်းကလေးတွေ . . မြန်မာပြည်ထဲမှာ၊ ရှိတယ်. . လို့၊ မြန်မာ့ခေါင်းဆောင် တစ်



ယောက်ယောက်က၊ ပြောပြဦးဆောင်နိုင်တယ်ဆိုရင်လည်း၊ အဲဒီခေါင်းဆောင်ဟာ၊ ကမ္ဘာကျော်ခေါင်းဆောင်ဖြစ်သလို၊ အဲဒီခေါင်းဆောင်ရဲ့ နိုင်ငံဟာလည်း၊ ကမ္ဘာကျော်နိုင်ငံ၊ တကယ်အမှန်ဖြစ်ပါမယ်။

♠

ကိုယ့်ယဉ်ကျေးမှု၊ အစဉ်အလာထဲကို၊ နိုင်ငံတကာယဉ်ကျေးမှု အစဉ်အလာတွေ၊ သွတ်သွင်းတာမခံရဘဲ၊ ကိုယ့်နိုင်ငံရဲ့ရှိသေလေးစားအပ်တဲ့၊ အစဉ်အလာကိုသာ၊ နိုင်ငံတကာဆီ၊ ထိုးဖောက် ဝင်ရောက်နိုင်စေတဲ့၊ ခေါင်းဆောင်ကောင်း၊ မြန်မာပြည်မှာ၊ ရှိတယ်. . လို့၊ မျှော်ပါရစေ. . ၊ ကြွားပါရစေ. . ၊ အားကျပါရစေ. . ။

♠

နီးလွန်း၍. . မမြင်။ ။ လက်ဖဝါးမှာ၊ စာလုံး၊ အက္ခရာ တစ်ခုခုရေးပြီး နဖူးမှာ ကပ်ကြည့်ရင်၊ သဲသဲကွဲကွဲ မမြင်ရသလိုမျိုး၊ တန်ဖိုးကြီးသောအရာကိုလည်း၊ နီးလွန်းလို့ မမြင်တာမျိုး၊ ဖြစ်တတ်ကြပါတယ်။

အိမ်ခေါင်းရင်း၊ ဘုရားကျောင်းဆောင်ပေါ်မှာ၊

www.burmeseclassic.com

www.burmeseclassic.com



ဘုရားရှိခိုးလျက်နဲ့၊ ဘုရားရဲ့ ဒေသနာတော်တွေထဲက၊ ဘာ၀..
ဖြတ်သန်းမှု..၊ ဘာ၀..လိုအပ်ချက်..အားလုံးအတွက်၊ လေ့လာ
ရတောင်းမှန်း..မသိဘဲ၊ အင်္ဂလိပ်လိုရေးထားတဲ့၊ အင်္ဂလန်က,
နည်းပဲ၊လေ့လာရမှာလိုလို၊ ဘိုလိုပြောပြောနေတတ်ကြတဲ့၊ ဘိုနောက်
လိုက်နည်းတွေပဲ၊ လေ့လာကြရမှာလိုလိုနဲ့၊ တော်တော်လေး...
အခက်တွေ့နေကြပေရော့မယ်။ (ကိုယ့်,ဘုရားနည်းကို၊ ထဲထဲဝင်ဝင်
လေ့လာကြည့်ကြပါဦးလို့၊ မေတ္တာထပ်လောင်းပြီး၊ အကြံပြုပါရစေ)။

♣

လွန်ခဲ့တဲ့ (၁၀)နှစ်ကျော်လောက်က၊ ပြည်ပ,မှာ၊နေတဲ့
သူငယ်ချင်းတစ်ယောက်နဲ့၊ ဖုန်းပြောဖြစ်တယ်၊

"ငါ..,ဒီမှာနေတာ၊ ဘာသာမဲ့တွေနဲ့ နေရ
တာ။ ဘာပြဿနာမှ မရှိပေမယ့်၊ စိတ်ထဲမှာ၊
တစ်မျိုးပဲ"

"အဲဒီတော့..၊ငါ..,ဘာကူညီရမလဲ"

"ဝေါတမဘုရားအကြောင်း၊ငါ့,စိတ်ဝင်စား
အောင်။မင်း,တစ်ခုလောက်ပြောပြပါလား"

"မင်း..စိတ်ဝင်စားဖို့၊ ငါ..,စည်းရုံးရေး



ဆင်းရအောင်၊ ငါတို့ ဘုရားက၊ ပါတီထောင်ထား
တာမဟုတ်ဘူးကွ။

မင်း..အထင်ကြီးအောင်၊ ပရိုမိုးရှင်း၊
လုပ်ပြဖို့၊ ဆိုတာလည်း၊ ငါတို့ဘုရားက၊ ကုမ္ပဏီ
ထောင်ထားတာမဟုတ်ဘူး၊

မင်း..စကားလုံး၊ ဆင်ခြင်ပြီး..ပြော.."

"ဆောရီး။ငါက..ဂေါတမ ဘုရားကို၊
အားကိုးချင်လို့၊ဘယ်လိုအားကိုးရမလဲ..ဆိုတာ
မသိလို့ပါ။ ငါ..စကားပြော မတတ်တာပါ။

ဟိုကွာ၊ ငါ့လို.. လူပိန်း။ ဘုရားတို့
အထင်တကြီး၊ ရှိခိုးအောင်၊ ပြောပြစေချင်တာပါ"

"အင်း။ ထားပါတော့။ မင်း..အခု..
ဘာလုပ်နေလဲ"

"ငါ..Management တတ်နေတယ်"

"ဦးဆောင်မှု ပညာပေါ့"

"အေး"

"အဲဒါ၊ တက်ပြီးရင်၊ မင်း..,လူ..ဘယ်

www.burmeseclassic.com



နှစ်ထောင်လောက်ကို၊ ဦးဆောင်ရမှာလဲ"

"အား . . ။ အယောက်နှစ်ဆယ် အစိပ်ပဲ၊ ငါ . . , ဦးဆောင်ရမှာကွ"

"ဟင်။Management သင်တန်းကြီးလည်း၊ တက်ထားသေးတယ်။သင်တန်းဆင်းပြီး၊ ဦးဆောင်ရမှာက၊ အယောက် အစိပ်လောက်ဆိုတော့၊ ငါတို့၊ နိုင်ငံက ဆိုက္ကားဂိတ် နှစ်ဂိတ်စာလောက်ပဲ၊ ရှိတာပေါ့ကွ"

"ဟဲတဲ၊ ဒီလိုပါပဲကွာ"

" ခရစ်တော်တို့ . . ၊ ဂေါတမဗုဒ္ဓ . . တို့ရဲ့၊ ဦးဆောင်မှုက၊ သူတို့ သက်ရှိထင်ရှား . . ရှိနေကတည်းက,နေ ဒီနေ့အထိ၊ သာသနာဝင်ဦးရေ . . သန်းချီပြီး ရှိနေတယ်ကွ။

ခရစ်တော်ရဲ့ ဦးဆောင်မှု . . တမန်တော်မဟာမက်ရဲ့ဦးဆောင်မှု . . ဂေါတမမြတ်စွာဘုရားရဲ့ . . ဦးဆောင်မှု . . ၊ မင်း . . နှစ်သက်တဲ့၊ ဦးဆောင်မှုကို လေ့လာပေါ့။



လောက,သုံးပါးစလုံးကိုတောင်၊ ဦးဆောင်မှုပေးခဲ့သူရဲ့၊ နည်းစနစ်ကိုလေ့လာ၊ ကျင့်ပွားထားသူအဖို့၊ ဒေသ,တစ်ခု နိုင်ငံတစ်ခုကို၊ ဦးဆောင်ရတာဟာ၊ သေးတောင်သေးနေပါဦးမယ်။ မင်း . . , လေ့လာသင်ယူ၊ ကျင့်သုံးကြည့်ပေါ့ကွာ။

အနည်းဆုံး။ မင်းရဲ့ဦးဆောင်မှုနောက်မှာ၊ မင်းတို့ . . တက်နေတဲ့၊ Management သင်တန်းထက်တော့၊ လူဦးရေပိုများကြမှာအမှန်ပဲကွ"

"ဟာ . . ။ ဟုတ်သားပဲ"

"လူ . . သိန်း,သန်းလောက်ကို၊ ဦးဆောင်နိုင်ရုံနဲ့၊ ကိုယ့်ကိုယ်ကိုယ် အထင်ကြီးမိမယ်ဆိုရင်လည်း၊ဂေါတမ . . မြတ်စွာဘုရားက . . လူရော . . နတ်ရော . . ဗြဟ္မာရော . . ၊ စကြဝဠာ အနန္တကိုဦးဆောင်ခဲ့တယ် . . . လို့ နှလုံးသွင်းကြည့်ပေါ့ကွာ။ ကိုယ့်ကိုယ်ကိုယ် ခြေသန်းရဲ့ . . ခြေသည်းခွံလောက်ပဲ။ ရှိပါတယ် . . . လို့ မင်း . . သိသွားမယ်"

"အိုကေ။ ငါ . . , သဘောပေါက်ပြီ။ ငါတ

www.burmeseclassic.com

www.burmeseclassic.com



. . . ဒီမှာ . . ဘွတ်,ရှုတ်တွေ၊ ပြောပြီး . . သင်နေရတာကိုပဲ၊ ဟုတ်လှပြီ၊ ထင်နေတာကွ"

"သင်တာတော့ သင်ပေါ့။ တစ်ဧကေ,စာလောက်မှာ၊ လယ်စိုက်နည်း သင်နေတယ် . . လို့ နှလုံးသွင်းထားပေါ့

ဘုရားရဲ့ ဦးဆောင်မှု သင်နိုးတာ၊ စကြာဝဠာ . . အနန္တ . . ဆိုတာ၊ မမေ့နဲ့။

ဘွတ်, ရှုတ်တွေ သင်ပြီး၊ ကိုယ့်ကိုယ်ကိုယ် အထင်တွေ . . ကြီးရင်း . . ၊ ကိုယ့်ဘုရား . . ကို၊ ကိုယ် . . အထင်မသေးမိစေနဲ့"

"ကျေးဇူးပဲကွာ။ မင်းရှင်းပြတာ၊ ငါ . . , တော်တော်လင်းသွားတယ်။

ဘုရားရှင်တိုင်းရဲ့ . . ဂုဏ်တွေက၊ အင်ဖယ်နတီပဲ . . နော်"

"မင်း . . ၊ အဲဒီလို၊ လက်ခံပေးတာ၊ ငါ . . သာဓုခေါ်တယ်။

စကားပြောတဲ့ အတတ်ပညာပဲ တတ်ချင်



တတ်ချင်၊ ဦးဆောင်မှုပညာပဲ . . တတ်ချင်တတ်ချင်။

ဘုရားပြောတဲ့ . . သီလ အခြေခံပြီး . . သမာဓိတည်အောင်ဆောင်ရွက်၊ ပညာဉာဏ် ရင့်သန်အောင် ကြိုးစား။

တံ . . ဉာဏ် . . ဝိရိယရှိသလောက်၊ ပါရမီ ရင့်သလောက်၊ မင်း . . အဝေ . . အရာရာ . . အဆင်ပြေသွားမယ်"

"အေး"

"ဘုရား နည်းနဲ့၊ နေထိုင်ကျင့်သုံးပါလျက်-အဆင်မပြေတဲ့အခါ၊ ဘုရားကို မပြစ်မှားနဲ့၊ ကိုယ့်ရဲ့ . . သံသရာက(အတိတ်က)အ,ကုသိုလ် အကြောင်းပြတာလို့၊ ဆင်ခြင်"

"ဟုတ်ပြီ . . ဟုတ်ပြီ . . ၊ ငါ . . , နားလည်ပြီ သူငယ်ချင်း . . "

◆

ဦးဆောင်မှုပညာကို၊လိုလားသူတိုင်း၊ခေါင်းဆောင်မှုမြှ

www.burmeseclassic.com



လိုသူတိုင်း၊ ဘာကိုလေ့လာရမယ်. . ဘယ်သူ့ကို ဆရာတင်ရမယ် ဆိုတာ၊ ရိုပ်စား တတ်ကြမယ်။ ထင်ပါရဲ့။

သူတစ်ပါး နိုင်ငံက Management ဆိုတာကိုလည်း၊ လေ့လာပေါ့။ ကိုယ့်အိမ်ခေါင်းရင်းက၊ ဘုရားရဲ့ အရည်အချင်းကို လည်း၊ လေ့လာကြဖို့၊ မမေ့နဲ့ပေါ့။

ဘုရားကို မေ့ရင်

တရားကို မေ့မယ်။

တရားကို မေ့ရင်

မတရား . . နဲ့၊ တွေ့ရတတ်သလို၊

မထရားနည်းနဲ့လည်း တုံ့ပြန်မိတတ်တယ်။

စိတ်စင်ကြယ်စေတဲ့ သီလ,လည်း၊ မဆောက်တည် ထားဘူး။ စိတ်တည်ကြည်စေတဲ့၊ သမာဓိလည်း မကျင့်ကြံထားဘူး။

ဉာဏ်ထက်မြက်စေတဲ့၊ ဘာဝနာ၊ ပညာအလုပ်လည်း၊ မလုပ်ထားဘူးဆိုရင်၊

စကားပြောခြင်း အတတ်ပညာပဲ သင်သင်၊ ဦးဆောင်မှု ပညာပဲ သင်သင်၊ ဘာပညာကို ဘယ်လိုပဲ သင်သင်၊ ထိထိရောက်ရောက် ခရီးမပေါက်နိုင်ပါဘူး။ အချိန်ကုန်၊ လူပန်းတွေ၊ ဖြစ်နေကြ



ပေမယ်။

အဲဒါကြောင့် -လောက (၃)ပါးရဲ့ -ခေါင်းဆောင်တောင်း ဖြစ်တဲ့ဘုရားရဲ့၊ နည်းစနစ်တွေနဲ့သာ၊ ဘဝ. . ခရီးကို ဖြတ်သန်း ကြည့်ကြစေချင်ပါတယ်။

ကိုယ့်ကိုယ်ကိုယ်၊ အရင်ဦးဆောင်တတ်အောင်၊ မြှုပြင် ကြိုးပမ်းပြီးပါမှ၊ အရာရာကို ဦးဆောင်နိုင်စွမ်းသူ၊ ဖြစ်လာနိုင် ပါမယ်။

♠

ရေနစ်သူတွေကို ရေထဲက ဆယ်ချင်သူတိုင်း . . ကိုယ်တိုင်၊ ရေကူးတတ်အောင် အရင်၊ သင်ပါ။

♠♠♠

နိဂုံး။ ။ ညစ်နွမ်း . . သိမ်ငယ် . . တျဆင်း . . ယုတ်နိမ့်နေတဲ့၊

စိတ်ထားပိုင်ရှင်ဟူသမျှ၊ ခေါင်းဆောင်ကောင်း မဖြစ်နိုင်။

ကိုယ့်စိတ်ကို၊ ကိုယ် . . ၊ ပိုင်စိုးနိုင်ပြီ ဆိုရင်တော့

. . ၊ သူအများကို၊ လွှမ်းမိုးဦးဆောင်ဖို့၊ မခက်ခဲတော့ပါဘူး။

စိတ်နှလုံးစင်ကြယ်သူတို့ရဲ့ စွမ်းအားနဲ့ ပညာ ဉာဏ်က၊ ကမ္ဘာတစ်ခွင်လုံးကိုပင်၊ လွှမ်းမိုးဦးဆောင်နိုင်ပါတယ်

www.burmeseclassic.com

www.burmeseclassic.com



. . ။ အဲဒါကိုပဲ၊ ခေါင်းဆောင်ကောင်း . . လို့၊ ယူဆ,ရပါမယ်. . ။

♠♠

(ထိုက်သူမထိုက်သူ၊ များဖမ္ဘူ

မေတ္တာရည်တူ အေးပါစေ) . . .

2014 -Aug -11
1:00 (P-M)
[Eternal Light-(magazine)
Vol-4,No.7
2014. September]



# အာဏာရှူးလက်စွဲကျမ်း

ပေးခဲ့တဲ့ ကတိသည် ပြီးခဲ့သော အခြေအနေ
ကြောင့်ဖြစ်၏၊ ထိုကတိကို ဖောက်ဖျက်ရခြင်းသည်
လက်ရှိ အခြေအနေကြောင့်ဖြစ်၏။ ။

(နစ်ကိုလို -မာကီယာဗယ်လီ)

အထက်က, အဆိုအမိန့်မျိုးကို၊ သစ္စာမဲ့ ကတိမတည်သူတွေ၊ သိပ်ကြိုက်ကြမယ် ထင်ပါတယ်။

ချစ်သူရည်းစားအပေါ်၊ မိတ်ဆွေအပေါင်းအသင်း အပေါ်၊ လုပ်ဖော်ကိုင်ဖက်အပေါ် သစ္စာမဲ့ ကတိဖျက်သူတွေနဲ့၊ တိုင်းနိုင်ငံအပေါ် သစ္စာဖောက် ကတိဖျက်သူ အစိုးရ မင်းတွေ၊ အင်မတန်နှစ်လိုမယ့်၊ လက်သုံးတော် အဆိုအမိန့် တစ်ခုပဲ ဆိုတာ၊ ရှေ့တိုင်း ရိပ်စားမိမှာပါ။

♠

www.burmeseclassic.com



အဲဒီ အဆိုအမိန့် ပိုင်ရှင်၊ မာကီယာဗယ်လီ အကြောင်းကို၊ တွေးရင်း၊ ဟိုး. . . ယခင်က၊ ဖတ်မှတ်ဖူးခဲ့တဲ့၊ စာအုပ် တစ်အုပ်ကို၊ သတိရမိပါတယ်၊ (မြန်မာ စာရေးသူ ရေးထားတဲ့၊ မြန်မာစာအုပ် တစ်အုပ်ပါ။ အဲဒီစာအုပ်ကို၊ ဖတ်ဖြစ်ခဲ့တုန်းက၊ မှတ်စုစာအုပ်ထဲမှာ၊ ကောက်နုတ် ရေးမှတ်ထားခဲ့သမျှကို၊ ပြန်လည်ဖော်ပြလိုပါတယ်)။

♠

| | |
|---|---|
| စာအုပ်အမည် | - တမ္ဘာကျော်စာအုပ်တရာ |
| ရေးသူ | - နွယ်သစ် |
| ပုံနှိပ်ခြင်း | - ပထမအကြိမ် |
| ထုတ်ဝေသည့်လ | - ၁၉၇၅ - ဇွန်လ |

အထက်ပါစာအုပ်ထဲက၊နေ၊ နစ်ကိုလို မာကီယာဗယ်လီ (Machiavelli, Niccolo )ရဲ့ "ရာဇဝေါဒကျမ်း" (The Prince) (၁၅၃၂) စာအုပ်အကြောင်း၊ အဲလဗတ် အိုင်စတိုင်း (Einstein, Albert)ရဲ့ "ဆက်စပ်နိူင်းရှည်မှု သဘောတရား" (Relativity, The Special and General Theories)(၁၉၁၅)စာအုပ် အကြောင်း၊ ပြီးတော့. . . ဟစ်တလာ (Hitler)ရေးတဲ့"ကျွန်ုပ်၏ ဘဝခရီးကြမ်း" (Mein Kampf)စာအုပ်အကြောင်းတွေကို၊



ကျွန်တော့်မှတ်စု စာအုပ်ထဲမှာ၊ ရေးမှတ်ထားဖြစ်ပါတယ်။ အဲဒီ အထဲက၊ မာကီယာဗယ်လီရဲ့- "ရာဇဝေါဒကျမ်း"(တစ်နည်းအားဖြင့်၊ အာဏာရှင်လက်စွဲကျမ်း) နဲ့၊ ဟစ်တလာရဲ့ -"ကျွန်ုပ်၏ ဘဝခရီးကြမ်း" စာအုပ်တွေထဲက၊ အသည်းယားစရာ၊ ထိတ်လန့်စရာကောင်းတဲ့၊ စာကြောင်းတွေကို၊ ကျွန်တော် ပြန်လည်ဖော်ပြပါရစေ။

♠

ရာဇဝေါဒကျမ်း **The Prince**
(၁၅၃၂)
နစ်ကိုလိုမာကီယာဗယ်လီ **Machiavelli, Niccolo**

. . . . . . . ယင်းစာအုပ်ကား မာကီယာဗယ်လီ ၁၅၁၃- ခုနှစ်တွင် ရေး၍ သူကွယ်လွန်ပြီး (၅)နှစ်အကြာ ၁၅၃၂- ခုနှစ်တွင်မှ ထုတ်ဝေဖြစ်သော ရာဇဝေါဒကျမ်းစာအုပ်ဖြစ်သည်။ ဤရာဇဝေါဒကျမ်းကို တချို့ကမူ "အာဏာရှူးလက်စွဲကျမ်း" ဟုလည်း၊ တင်ပွန်းတတ်ကြသည်။ အဘယ်ကြောင့်ဆိုသော် ဥရောပသမိုင်းတွင်၊ အာဏာရှူးများဟု တင်စားသမုတ်ခြင်းခံကြရသော ပြင်သစ်ဘုရင်၊ တတိယမြောက် ဟင်နရီနှင့် စတုတ္ထမြောက် ဟင်နရီတို့သည် အိပ်ရာဝင်ခါနီးတိုင်း မာကီယာဗယ်လီ၏ "ရာဇဝေ

www.burmeseclassic.com

www.burmeseclassic.com



ဝါဒကျမ်း"ဖတ်သောကြောင့် ဖြစ်သည်။ နပိုလီယံဗိုနပတ်၏ အဆောင်၌လည်း၊ဤကျမ်းကို တွေ့ရသည်။ ၂၀-ရာစုနှစ် ရောက်သောအခါ၌ပင်၊ ဟစ်တလာနှင့် မွတ်ဆိုလိုနီတို့သည် ဤရာဇဝါဒကျမ်းကို လက်စွဲပြုထားသေးသည်။ (စာ-၄၆၊၄၇)

. . . . . . ရာဇဝါဒကျမ်းတွင် အဓိက, အဖြစ် ပြောထားသောအချက်မှာ၊ နိုင်ငံကောင်းစားမည်ဆိုလျှင်၊ မည်သို့ပင် လုပ်လုပ် တရားမျှတ,သည်။ နိုင်ငံ၌ အုပ်ချုပ်သော လူတန်းစားသည် နိုင်ငံအတွက်ဆိုလျှင်၊ အကြမ်းဖက်မှုများ၊ လိမ်လည်လှည့်ဖြားမှုများမင် ပြုလုပ်နိုင်သည်။ အများအတွက် လူ့ကျင့်ဝတ်သည်၊ ပုဂ္ဂိုလ်ရေး လူ့ကျင့်ဝတ်နှင့်၊ တသီးတခြားပင်ဖြစ်သည်။ လူကျင့်ဝတ်ကို တမြေးတည်းမထားရ၊ အုပ်ချုပ်သူအတွက် လူ့ကျင့်ဝတ်တစ်မျိုး၊ အအုပ်ချုပ်ခံများအတွက်၊ လူ့ကျင့်ဝတ်တစ်မျိုးရှိရမည် ဟူသော အချက်မင်ဖြစ်လေသည်။ သို့ဖြင့်-မာကီယာဗယ်လီသည် လူ့ကျင့်ဝတ်ကို နိုင်ငံရေးနှင့် မဆက်စပ်စေပဲ တသီးတခြား ထားခဲ့လေသည်။(စာ-၄၈)

. . . . . . မာကီယာဗယ်လီသည် အုပ်ချုပ်သူ လူတန်းစားနှင့် ပတ်သက်၍ ဤသို့ဆိုခဲ့သည်။



"အုပ်ချုပ်သောမင်းသည် ပြည်သူလူထု၏ ချစ်ခင်နှစ်သက်ခြင်းကို ခံယူသင့်သလော၊ သို့တည်းမဟုတ်၊ ကြောက်ရွံ့ခြင်းကို ခံယူသင့်သော ဟူသောတိစ္စမှာ ပြဿနာဖြစ်သည်။ ကျွန်ုပ်တို့၏ အလိုဆန္ဒကား၊ အအုပ်ချုပ်ခံသူများ၏ ချစ်ကြောက်ရိုသေမှုကို ခံယူလိုသော ဆန္ဒဖြစ်သည်။ သို့ရာတွင် ချစ်ခင်မှုနှင့် ကြောက်ရွံ့မှုသည် တပြိုင်တည်းဖွန်တွဲတည်နိုင်ရန် ခက်ခဲလှသည်။ အခွန့်ရှည်စွာ အုပ်စိုးလိုပါက၊ အအုပ်ချုပ်ခံများထံမှ၊ ချစ်ခင်မှုကို မလိုပဲ၊ ကြောက်ရွံ့မှုကိုသာ ရယူရန်လိုအပ်သည်။"

မာကီယာဗယ်လီက၊ မင်းတို့မည်သည် အကြင်နာမဲ့သည်၊ အညှာတာမဲ့သည်ဟူသော ကျော်စောမှုကို အလေးဂရုမမူအပ်။ အအုပ်ချုပ်ခံလူထု ညီညွတ်မှု၊ အမိန့်နာခံမှုအတွက် ရက်စက်ကြမ်းကြုတ်ခြင်းသည် မင်းတို့အဖို့ လက်နက်ကောင်းတစ်ခုသာ ဖြစ်သည်ဟု ဆိုလေသည်။

"ပြည်သူတို့၏ ကိုးစားမှုကို မင်းများ မည်သို့ရယူအပ်သနည်း။". . ဟူသော အခန်း၌ မာကီယာဗယ်လီက,

"ကိုးစားမှုရရန် နည်း ၂ နည်းရှိသည်။ တရားဥပဒေနှင့် အညီ၊ဆောင်ရွက်လုပ်ကိုင်ခြင်းဖြင့် ရယူနည်း၊ အင်အားဖြင့်

www.burmeseclassic.com



ကွပ်ညှပ်၍ ရယူနည်းတို့ဖြစ်သည်။ ပထမနည်းသည် လူသားတို့ကို အုပ်ချုပ်ရာ၌ သင့်လျော်သော နည်းဖြစ်သည်။ ဒုတိယနည်းကား သားရဲတိရစ္ဆာန်တို့အတွက် သင့်လျော်သည်။ သို့ရာတွင် ပထမနည်းသည် အကျိုးကျေးဇူးအရာမထင် ဖြစ်တတ်ရကား၊ ဒုတိယနည်းကို ကျင့်သုံးရမည်သာဖြစ်သည်။ ထို့ကြောင့် မင်းသည် လူအတွက်နည်းနှင့် သားရဲတိရစ္ဆာန်အတွက်နည်း ၂ နည်းစလုံးကို ကောင်းစွာနားလည်ရန် လိုသည်။ နည်း ၂ နည်းစလုံးကို သဘောပေါက်သည့်တိုင်အောင်၊ တကယ်ကျင့်သုံးသောအခါ တိရစ္ဆာန်အတွက် နည်းကိုသာ ကျင့်သုံးရမည်ဖြစ်သည်။"..ဟု ဩဝါဒပေးလေသည်။ မာကီယာဗယ်လီ၏ အလိုအရ အအုပ်ချုပ်ခံတို့ကို တရားဥပဒေနှင့် အုပ်ချုပ်ခြင်းထက် အင်အားသုံး အုပ်ချုပ်ခြင်းက၊ မင်းများအား ကိုးစားမှုကို ဖြစ်စေသည်ဟု သိရသည်။

သို့ဖြင့် မာကီယာဗယ်လီ၏ ရာဇဝါဒကျမ်းသည် နပိုလီယန်တို့လို၊ ဟစ်တလာ၊ မူဆိုလိုနီတို့လို အာဏာရှင်ကြီးများကို အဆက်မပြတ် မွေးထုတ်ပေးနေလေတော့သည်။

(စာ-၄၉)



ကျွန်ုပ်၏ဘဝခရီးကြမ်း **Mein Kampf**
(၁၉၃၂-၁၉၂၇)

ဟစ်တလာ **Hitler** (၁၈၈၉-၁၉၄၅)

ဂျာမနီပြည်၏ ဖက်ဆစ်အာဏာရှင် အဒေါ့ဖ်ဟစ်တလာ၏ ကိုယ်ရေးအတ္ထုပ္ပတ္တိဖြစ်သည်။ အတ္ထုပ္ပတ္တိ ဆိုရခြားလည်း "အတ္ထုပ္ပတ္တိက ၁၀ ရာခိုင်နှုန်း၊ တရားသေဝါဒကို ၉၀ ရာခိုင်နှုန်း၊ ထို့နောက် ဝါဒဖြန့်ခြင်းက ၁၀၀ ရာခိုင်နှုန်း"ပါသည့် စာအုပ်တုဝေဖန်ကြသည်။ "... ... (စာ ၄၂၈)

သူ၏ ရည်ရွယ်ချက်များ အောင်မြင်ရန် နည်းသုံးနည်း အသုံးပြုရမည်ဟု ဆိုသည်။ ယင်းတို့မှာ (၁)ဝါဒဖြန့်ခြင်း၊ (၂) နိုင်ငံရေးပရိယာယ်နှင့် (၃)စစ်အင်အား တို့ဖြစ်သည်။ အချို့က ဟစ်တလာသည် ခေတ်သစ်သမိုင်းတွင် ဝါဒဖြန့်လက်နက်နှင့် စည်းရုံးရေးလက်နက်ကို အထိရောက်ဆုံး အသုံးချနိုင်သည့် ခေါင်းဆောင်ကြီးတစ်ယောက်ဖြစ်သည်ဟု အသိအမှတ်ပြုကြသည်။ သူသည် ဝါဒဖြန့် အတတ်ပညာကို ပြည့်စုံစေရန် မ[illegible]ဝါဒသမားတို့၏ ဝါဒဖြန့်နည်းကို လေ့လာသည်၊ ကက်သလစ် ဘာသာရေးဂိုဏ်း၏ စည်းရုံးရေး နည်းလမ်းများကိုရင်း၊ ပထမ

www.burmeseclassic.com



ကမ္ဘာစစ်တွင် ဗြိတိသျှတို့ အသုံးပြုခဲ့သည့် ဝါဒဖြန့်နည်းတို့ကို ၎င်း၊ အမေရိကန်တို့၏ ကုန်ပစ္စည်းကြော်ငြာနည်းကိုရင်း၊ ဖရွိုက်၏ စိတ်ပညာကို၎င်း၊ အသုံးချနိုင်ရန် လေ့လာခဲ့သည်။

ဟစ်တလာက ဝါဒဖြန့်ချိရေးနှင့်ပတ်သက်၍ ဤသို့ သူ့စာအုပ်တွင် ဖွင့်ဆိုခဲ့သည်၊

ဝါဒဖြန့်လုပ်ငန်းတွင်အမှန်တရားကို ရှာဖွေနေရန်မလို။ ကိုယ့်ဖက်က အမှန်တရားအတိုင်း ကျင့်သုံးရန်သာ ရှိသည်။ စစ်ဖြစ်ခြင်းမှာ ကိုယ့်ဖက်၌သာ မဟုတ်၊ ရန်သူဖက်၌လည်း တာဝန်ရှိသည်၊ ရန်သူကို အပြစ်များများဖို့ရမည်၊ တကယ့်ဖြစ်ရပ်နှင့် ညီညွတ်ဖို့ မညီညွတ်ဖို့ စဉ်းစားနေရန်မလို။ ဝါဒဖြန့်လုပ်ငန်းမှာ၊ လူကြီးလူကောင်းများ နားဝင်စေရေးထက် လူထုနားဝင်စေရေးက ပို၍အရေးကြီးသည်၊

"လူထုသည် ပညာမတတ်။ သို့သော်မေ့လွယ်သည်၊ သို့ဖြစ်ရာ ဝါဒဖြန့်ရာတွင် အချက်အလက်များများပါဖို့မလို။ ကိုယ်လိုချင်သည့် ကြွေးကြော်သံကိုသာ နားဝင်အောင် နာနာ ဖော်ရမည်၊

"နာနာ ပြောလျှင် နားဝင်သည်၊ လူထုစိတ်တွင်



ကောင်းတင်ဘုံသည် ငရဲဖြစ်လာပြီး၊ ငရဲသည် ကောင်းတင်ဘုံ ဖြစ်လာသည်အထိ နားသွင်းနိုင်သည်။ လူထုကြီးမားလေလေ ဉာဏ်ပညာ အမြော်အမြင်နည်းသည့်သူများ များလေဖြစ်သည်ကို သတိချပ်ရမည်။

ဟစ်တလာက လူထုသည် နကန်းတလုံး မသိသည့် ငတုံးများ ဖြစ်သည်၊ ခေါင်းထဲတွင် ဘာမျှမရှိသည့် သိုးအုပ်ကြီးဖြစ်သည်။ ထို့ကြောင့် ဝါဒဖြန့်နည်းတွင် အရေးအကြီးဆုံး သဘောတရားမှာ အများဆုံးလိမ်ရန်၊ အကြီးမားဆုံး မုသားစကားသုံးရန်သာ ဖြစ်သည် ဟု ဆိုသည်၊

နောက်တနည်းမှာ ဝါဒဖြန့်ရာတွင် ရန်သူကို မများစေနှင့်။ ရန်သူတဦးတည်း စုစည်းမိအောင် အလင်းရောင် ကွက်ပေးထားပါ။ ဟစ်တလာအဖို့ကား ဂျူးလူမျိုးကို ရန်သူနံပါတ်တစ်နေရာ ဦးတည်ပေးလိုက်သည်။ မိန့်ခွန်းတွင် မတ်ဝါဒ၊ မာဆေးတချျပ်၊ ပြင်သစ်ပြည် စသည့်တို့ကို ပြင်းပြင်းထန်ထန် ဆန့်ကျင်တန့်တွက် ပြောဆိုနေစဉ်မှာပင် ဂျူးဆန့်ကျင်ရေးသည် အမြဲပါနေသည်၊ ဂျူးတို့သည် အရိယန် ယဉ်ကျေးမှုကို ဖျက်လိုဖျက်စီး လုပ်သူများဖြစ်သည်ဟု စွပ်စွဲသည်၊ ပုံစံအားဖြင့်-

www.burmeseclassic.com



"ပြင်သစ်သည် ကြောက်စရာ အကောင်းဆုံးရန်သူ ဖြစ်သည်။ ပြင်သစ်တို့သည် တဖြည်းဖြည်း နိဂရိုးသွေးနှောလာပြီ၊ တဆက်တည်းမှာပင် ဥရောပ၌ လူဖြူတို့ ဆက်လက်တည်တံ့ရေး သည် ဂျူးတို့က ကမ္ဘာတစ်ခုလုံး လွှမ်းမိုးရေး ရည်ရွယ်ချက်ကြောင့်၊ အန္တရာယ်ရင်ဆိုင်နေရပြီ။ ရိုင်းနယ်တွင် နိဂရိုးသွေးနှောသည့် နည်းတူ ဂျာမနီတွင်လည်း၊ အမျိုးဂုဏ်မှေးမှိန်သွားရန် ဂျူးတို့က၊ သွေးနှောရေး ကြိုးပမ်းလာနေပြီ. . "

ဝါဒဖြန့်လက်နက်ကို အသုံးပြုနေချိန်၌ လူအများ၏ ပညာရေးကို ထိန်းထားရမည်၊ စာအုပ်များများ ဖတ်ခြင်းသည် မကောင်း။ ကိုယ်လက်ကြံ့ခိုင်ရေးကို ဦးစားပေးရမည်၊ ဒုတိယ အချက်မှာ အမိန့်ကို နာခံတတ်သည့် စစ်သားစိတ် မွေးရမည်။ နောက်ဆုံးတွင်မှ ပညာကို လိုက်စားရမည်၊ အမျိုးသမီးတို့မှာ မိခင် ကောင်းဖြစ်ဖို့ ကြိုးစားရမည်၊ . . . . . . . . . (စာ-၄၃၁)

ဟစ်တလာကို ၁၈၈၉ တွင် မွေးသည်၊ ဆယ့်သုံးနှစ်သား ၌ မိဘနှစ်ပါးလုံးဆုံးသည်၊ ပညာတပိုင်းတစသာ သင်ခဲ့ရသည်၊ ဗီယင်နာမြို့တွင် ဆိုရှယ်ဒီမိုကရက်တို့နှင့် ပေါင်းမိကာ မတ်ဝါဒကို ပြင်းပြင်းထန်ထန် ဆန့်ကျင်သူဖြစ်လာသည်၊ ပထမကမ္ဘာစစ်တွင် စစ်ထဲသို့ ဝင်သည်။ နှစ်ကြိမ်ဒဏ်ရာရသည်၊ တပ်ကြပ်ရာထူးသို့ တိုးမြှင့်ခံရသည်၊ ဂျာမနီ စစ်ရှုံးသည်မှာ ဂျူးများ မတ်ဝါဒသမား များနှင့် ရှေ့ပြည်အေးသမားများကြောင့် ဖြစ်သည်ဟု စွဲမြဲနေသည်၊ ထို့နောက် ဂျာမန်အလုပ်သမား ပါတီသို့ဝင်သည်။ နောင်သော် နာဇီပါတီ၏ အမြုတေပါတီဖြစ်သော အမျိုးသား ဆိုရှယ်လစ် ဂျာမန်အလုပ်သမားပါတီဖြစ်လာသည်၊ တဖြည်းဖြည်း ခေါင်း ဆောင်မှုကို ရလာသည်။ ၁၉၂၃-တွင် ပါတီဝင် ၂၇၀၀၀ ရှိလာပြီး မြူးနစ်၌ စထရက်စမန်း အစိုးရကို အာဏာသိမ်းရန် အာဏာဖီ ဆန်သည်၊ သေနတ်နှင့် ပစ်လူစုခွဲရာ ဆယ့်ခြောက်ယောက် သေပြီး ဟစ်တလာလည်း ထောင်ဒဏ်လေးနှစ် အပြစ်ခံရသည်။

ထောင်ထဲတွင် ဟစ်တလာသည် မိုင်ကမ့်ကို ရေးသည်။ ပထမပိုင်းမှာ ၁၉၂၅ တွင် ပြီးသည်၊ ဒုတိယပိုင်းကို ၁၉၂၆ တွင် ပြီးသည်။ ၁၉၃၉ တွင် အင်္ဂလိပ်ဘာသာပြန်ထွက်လာသည့်အခါ ဟစ်တလာက ပြည့်ပြည့်စုံစုံ ဘာသာပြန်ခွင့်မပြု။ . . . . . .

. . . မိုင်ကမ့်ခေါ် ကျွန်ုပ်၏ ဘဝခရီးကြမ်းသည် ၂၀ ရာစုတွင် အထက်မြက်ဆုံး စာအုပ်ဖြစ်သည်၊ စာတလုံးအတွက် ၁၂၅ ယောက် သေရသည်၊ စာတမျက်နှာအတွက် ၄၇၀၀ သေရသည်၊ အခန်း



www.burmeseclassic.com

www.burmeseclassic.com



တခု အတွက် လူ ၁၂ သိန်းသေရသည်။ ယင်းမှာ ဒုတိယကမ္ဘာစစ် အတွင်း ဂျာမန်လူမျိုးတို့၏ နိုင်ငံရေး သမ္မာကျမ်းကြီး တစ်ခု ဖြစ်ပေသတည်း။" (စာ,၄၃၂-၄၃၃)

♠

အထက်ဖော်ပြပါ၊ စာဝါကျတွေကို၊ ဖတ်မိရင်းက၊ နနုယ်တဲ့ ကျွန်တော့်ရဲ့ နှလုံးသားထဲမှာ၊ ပြင်းထန်ထိတ်လန့်စရာ၊ သံသယတွေ ဝင်လာခဲ့ရပါတယ်။

အဲဒီ သံသယက,တော့၊ ကျွန်တော်တို့ မြန်မာနိုင်ငံကို၊ အုပ်ချုပ်နေတဲ့၊(အသွင်အမျိုးမျိုးပြောင်းလဲနေကျ ဖြစ်တဲ့၊ စစ်အာဏာရှင်) အစိုးရတွေဟာ၊ အထက်ဖော်ပြပါ၊ အာဏာရှူး, လူသတ်သမားတွေရဲ့ နည်းစနစ်တွေနဲ့များ၊ တိုင်းပြည်ကို အုပ်ချုပ်နေလေသလား . . လို့ တွေးတောဆင်ခြင်မိတဲ့၊ သံသယပါပဲ။

ကျွန်တော့်ရဲ့ ငယ်ရွယ်စဉ်က၊ ထင်မြင်သုံးသပ်မိတဲ့၊ မတောက်တစ်ခေါက် နိုင်ငံရေး အတွေးစ,လေး၊ မှန်. . မမှန်၊ ဟုတ် . . , မဟုတ်၊ ကျွန်တော် ဝေဖန်ပိုင်းခြားမပြတော့ပါဘူး။

သမိုင်းက မှတ်ကျောက်တင် ပိုင်းခြားပြပြီး ဖြစ်ပါမယ်။

♠



ဘာပဲဖြစ်ဖြစ်၊ နိုင်ငံတကာ စာအုပ်တွေနဲ့၊ လတ်လျှမ်း မမီစဉ်မှာ၊ စာရေးသူ. . . နွယ်သစ်ရဲ့ "ကမ္ဘာကျော် စာအုပ်တရာ" (၁၉၇၅- ခွန်လ -ပထမ-အကြိမ်ထုတ်) ကျေးဇူးကြောင့်၊ အစိုးရ အာဏာရှူးတွေရဲ့ လုပ်ထုံးလုပ်နည်းကို၊ မြည်းစမ်း လေ့လာခွင့် ရခဲ့ပါတယ်။

အဆိုပါ စာအုပ်ကို ဒုတိယအကြိမ် ပြန်ထုတ်တဲ့ အခါမှာတော့၊ မာကီယာဘယ်လီရဲ့ - The prince နဲ့ဟစ်တလာရဲ့ Mein Kampf တို့၊ မပါဝင်တော့ကြောင်းကို၊ ကျွန်တော် မှတ်မိနေပါသေးတယ်။

♠

လူမှန်းသိစ,တတည်းက၊ ၁၉၇၅ ခုနှစ် ဦးသန့်အရေးအခင်းနဲ့ ကြုံဆုံခဲ့ရသူ ကျွန်တော်အဖို့၊ ရှေ့က နောင်တောင် ဦးကြီးများရဲ့၊ သမိုင်းကြွေးကို လက်ဆင့်ကမ်းသယ်ဆောင်ရင်း၊ ကြိုးစားခဲ့ရတာမို့၊ အစိုးရအဆက်ဆက်ကို၊ မျက်ခြေမပြတ်၊ ကြည့်မြင်သုံးသပ်ဖြစ်ခဲ့ရာမှာ၊ စာဖတ်ခြင်းတလည်း၊ အထောက်အပံ့ ဖြစ်ခဲ့တာပေါ့။

၁၉၈၈ ခုနှစ် (ရှစ်လေးလုံး အမှုတော်ပုံ) မှာ သုံးသော

www.burmeseclassic.com



နှစ်သားလေးပဲ ရှိသေးတာမို့၊ အဲဒီသမိုင်းဟာ၊ သူနဲ့မဆိုင်ဘူး. . လို့ ပြောတဲ့ အရှူးတစ်ယောက်ရဲ့ စကားကို ကြားမိစဉ်မှာ၊ အဲဒီအရှူးဟာ စစ်အာဏာရှူးအသိုင်းအဝိုင်းထဲက၊ အရှူးဖြစ်ချင်ဖြစ်။ ဒါမှ မဟုတ်. . သမိုင်းကို၊ မမြတ်နိုး မလေ့လာတဲ့၊ ဟစ်တလာရဲ့ ဘက်တော်သားများလား . . လို့၊ တွေးမိပါတော့တယ်။

ဒါ့အပြင် အဲဒီ အရှူးဟာ၊ စာဟောင်းပေဟောင်း စာကောင်း ပေကောင်းကို မဖတ်ဘူးတဲ့သူလည်း၊ ဖြစ်နိုင်ပါသေးတယ်။ ဒါကြောင့် . . .

ကျွန်တော်တို့ တစ်တိုင်းပြည်လုံး စာဖတ်ကြရအောင် ပါ. . .”

♠♠♠

2014 -Sep -25
11:15 (A.m)
[2014-Oct-1-(-အတွဲ-၂အမှတ်- ၈ အမိပတိ-ဂျာနယ်)



## အထူးကြေညာချက်

၁။ “ခေါင်းကို တည်ပြီးရိုက်၊ ခေါင်းကို တည်ပြီးရိုက်”

“လေးခွနဲ့ မပစ်နဲ့၊ ဘေးလူတွေထိတုန်မယ်”

“အဝေးက,နေ ရိုက်၊ တုတ်ရှည်နဲ့ ရိုက်၊ သွားရည်တွေ လာမစင်စေနဲ့နော်”

“ချ . . , ချ . . ,ချ. . ။ ဟိုမှာ . . ပြေးပြီ။ အိမ်အောက်ထဲ ဝင်ပြေးပြီ”

“ခွနဲ့ပစ်၊ ခွနဲ့ပစ်”

“လှံနဲ့ထိုး . . . လှံနဲ့ထိုး”

♠

“ဟဲ့ကောင်၊ နိတာ၊ ဘာဖြစ်ကြတာတုန်းကွ။

www.burmeseclassic.com



တုတ်တပြက် ဓားတပြက်နဲ့"

ဘကြီးခင်မောင်က၊ အလှူခံ မဏ္ဍပ်ထဲမှ၊ လှမ်းမေးသည်။ ကျွန်တော်က၊ နှစ်တစ်လက်မ တုတ်ကို၊ ကိုင်ထားရင်း . . .

"ခွေးရူးလိုက်သတ်နေတာ အဘရေ၊ မမိ သေးပါဘူး၊ မှိန်းနဲ့တော့ တစ်ချက်အထိုးခံ ထား ရတယ်၊ သွေးရူးသွေးတန်းနဲ့၊ လျှောက်ပြေးနေလို့"

"မင်းတို့ အတော်ရက်စက်တဲ့ ကောင်တွေပဲ၊ နည်းနည်းပါးပါး ခြောက်လှန့်လိုက်ပေါ့ကွ၊

ဘယ်နှယ့်ကြောင့်၊ လိုက်သတ်နေရတာ တုန်း"

ကျွန်တော်က၊ ကိုင်ထားသော တုတ်ကို၊ အောက်စိုက် လျက်-

"အရိုး ခေါ်မြကြည်လည်း အကိုက်ခံလိုက် ရတယ်၊ ဦးတင်စိုး သားလေးလည်း အကိုက်ခံလိုက် ရတယ်။

ခွေးက,တော်တော်ကိုရူးနေတာ၊မသတ်လို့ မဖြစ်ဘူး အဘရဲ့"



"ခွေးရူးကို၊ လူကောင်းက၊ ရှောင်ကြပေါ့ကွ၊ မင်းတို့က အသတ်အဖြတ်၊ အတော်ဝါသနာပါ ကြသကိုး"

"နိတာ ၊ အဲဒီအဘိုးကို ရှင်းပြမနေနဲ့၊ သူက . . တရား လိုလို . . ဖယားလိုလိုနဲ့၊ အားရင် မိုက်ခဲဖို့ပဲ၊ ဖြစ်နေတာ၊ လာ. . သွားမယ်၊ မင်း. . မယုံရင်၊ စောင့်ကြည့်နေ၊ နောက်ပြီး ကျရင်၊ လောစပီတာတ,နေ၊ သူ့အသံပြကြီး ကြားရလိမ့်မယ်၊ လာ. . ." . . ဟု၊ တီးတိုးပြောကာ၊ သံမောင်းက၊ ကျွန်တော့်ကို ဆွဲခေါ် လေ၏။

◆

"ရပ်ကွက်ထဲက၊ လူငယ်တွေ၊ အိမ်ထဲမှာပဲ နေကြပါ၊ ခွေးရူးကို၊ လိုက်မသတ်ကြပါနဲ့၊ ခွေး ဆိုတာ၊ လူ့လောက် အသိဉာဏ်မရှိတဲ့ တိရစ္ဆာန် ပါ။

လူက တိရစ္ဆာန်ကို မရက်စက်ကြပါနဲ့၊ မသတ်ဖြတ်ကြပါနဲ့၊

သူ့အသက်သတ်တယ်ဆိုတာ ဘုရား မကြိုက်တဲ့အလုပ်ပါ၊ သူ့အသက်သတ်တဲ့သူဟာ၊

www.burmeseclassic.com

www.burmeseclassic.com



ရေကျမယ်၊ တိုယ်အင်္ဂါ ပိန်လှီသေးကွေးမယ်၊ ကိုယ်လက်အင်္ဂါ မစုံမလင် မွေးဖွားလာတတ်ပါတယ်၊

ဒါကြောင့် . . ရှူးနေတဲ့ ခွေးကို၊ ဝိုင်းမသတ်ကြဘဲ၊ ရပ်ကွက်ထဲက၊ မောင်းထုတ်လိုက်ကြဖို့၊ အဘ. . . မေတ္တာရပ်ခံလိုပါတယ်"

သံမောင်းပြောသည့်အတိုင်း၊ ဘကြီး ခင်မောင်၏ အသံကို၊ လော်စပီကာကြီးထဲမှ၊ ကျယ်လောင်စွာ၊ ကြားလိုက်ရလေသည်၊

♣♣♣

၂။ "အဲဒီ အဘိုးကြီးက ပြဿနာပဲ၊ မနက်လည်း မနက်မို့၊ ညလည်းညမို့၊ နေ့လည်းနေ့မို့၊ တစ်ခုခု ဖြစ်ရင်၊ မိုက်ကိုင်ဖို့ပဲ သိတယ်၊ သူ့အသံပြကြီးကို၊ တစ်ရပ်ကွက်လုံး၊ အော့နှလုံးနာနေတာ၊ သူမသိဘူး၊

အလကားအပိုတွေ လျှောက်အော်နေတာ၊ ဘာတရားမှရှိတဲ့ လူမဟုတ်ဘူး၊ အလုပ်မရှိလို့၊ အလျှခံမဏ္ဍပ်ထဲ ထိုင်နိုင်းထားတာကို၊ သူ့ကိုယ်သူ



ဘာများ မှတ်နေသလဲမသိဘူး"

ဘကြီးခင်မောင်၏ အသံလာရာသို့၊ ကြည့်လျက် ဦးဝင်းတင်က၊ ပစ်ပစ်နစ်နစ်ပြောလေ၏။ ကျွန်တော်က . .

"အဘ ဦးခင်မောင်က၊ လူကြီးဆိုတော့၊ လူကြီးစကားပြောတာနေမှာပါ၊ ဦးလေးရယ်၊

အသက်ကြီးသွားပြီဆိုတော့၊ လောဘ . . ဒေါသ, နည်းသွားတာလည်းဖြစ်မှာပါ"

"မင်းတို့က၊ ဘာသိလို့လဲ၊ အဲဒီအဘိုးကြီးက သူ့မယားငယ် သေသွားမှ၊ သူ့အဘွားကြီးဆီ ပြန်လာတာကွ၊

အဘွားကြီးက၊ လုံးဝ . . စကားပြောတာ၊ မဟုတ်ဘူး၊ သားသမီးတွေ၊ လက်ခံထားလို့၊ အိမ်ကိုပြန်ကပ်ခွင့်ရတာ၊

အဲဒီတော့ . . ၊ အရှက်ပြေ၊ လုပ်စရာဆိုလို့၊ ရပ်ကွက်ထဲက၊ အလှူခံ မဏ္ဍပ်ထဲ၊ ဝင်ထိုင်ပြီး၊ မိုက်ကိုင်ပြရုံပဲ ရှိတော့တာပေါ့"

လူကြီးသူမ, တစ်ဦးကို၊ ထိုကဲ့သို့၊ မပြောစေလိုကြောင်း၊

www.burmeseclassic.com

www.burmeseclassic.com



ဦးဝင်းတင်ကို၊ ကျွန်တော် ဟန့်ထားချင်မိသည်။ သို့သော်. . ကျွန်တော်ကိုယ်တိုင်က၊ လူကြီးသူမကို၊ ဆရာ ပြန်လုပ်သလို၊ မဖြစ်ချင်။ ထို့ကြောင့် နှုတ်ဆိတ်နေလိုက်ရလေ၏။

♠

". . သူ့အသက်သတ်တယ်ဆိုတာ၊ ဘုရားမကြိုက်တဲ့အလုပ်ပါ။ သူ့အသက် သတ်တဲ့သူဟာ၊ ငရဲကျမယ်။. ."

ဘကြီးခင်မောင်၏၊ စကားသံကို အသံချဲ့စက်ကြီးထဲမှ၊ ကျယ်လောင်စွာ ကြားနေရသေးသည်။

ဦးဝင်းတင်၊ သံမောင်းနှင့် ကျွန်တော်တို့တတွေ၊ ခွေးရူးဝင်သွားရာ၊ အိမ်ဝင်းဘက်ရှိ၊ လူအုပ်စုဆီသို့၊ ခြေဦးလှည့်မိနေဆဲဖြစ်၏။

"ထွက်လာပြီလား"

"ထွက်တော့ ထွက်မလာသေးဘူးထင်တယ်"

"အိမ်အောက်ကို၊ မမြင်ရတော့ဘူး"

"ကလေးတွေကို၊ အိမ်ပေါ်မှာ ထားကြပါ"

♠



၃။ ညနေစောင်း၊ မှောင်ရိပ်ပိုးတဝါး၊ ခွေးရူးကို၊ မမိကြသေး။ လေးခွကိုင်သူက၊ ခွေးရူးဝင်သွားရာ အိမ်အောက်ကိုသာ၊ မှန်းဆ၍၊ ပစ်နေသည်။ ခွေးရူးကို၊ မမြင်ရ။ (ဒီကြားထဲ၊ မီးကပျက်သွားသေးသည်)။

လျှပ်စစ်မီး ပြတ်တောက်သွားသဖြင့်၊ ရပ်ကွက်အလှူခံမဏ္ဍပ်မှ၊ ဘကြီး ခင်မောင်၏ တရားချသံကို၊ မကြားရတော့။ "အခုမှပဲ၊ နားအေးတော့တယ်" . . ဟု၊ ဦးလေး ဦးဝင်းတင်၊ မြွော၏။

♠

လျှပ်စစ်မီး ပြန်လာချိန်တွင် တစ်ရပ်ကွက်လုံး၊ ထိန်လင်းသွား၏။ ကလေး လူကြီးများစွာ၏၊ "ဟေး"ကနဲ အော်သံကိုလည်း၊ ကြားကြရသည်။(ဒါ. . , မီးပြန်လာစဉ်တိုင်း၊ အော်နေကျ)။

ထိုအသံနှင့်မရှေးမနှောင်းမှ၊ နောက်ထပ် ဆူညံသံတွေကို၊ ကြားလိုက်ရ၏။

"ကလေးကို၊ ခွေးကိုက်သွားပြီ။ ကလေးကို၊ ခွေးရူးကိုက်သွားပြီ"

ကျွန်တော်တို့ စောင့်ကြည့်နေရာ အိမ်အောက်၌၊ ခွေးရူး

www.burmeseclassic.com



မရှိတော့ပြီဟု၊ သိလိုက်ကြရ၏။

◆

"မသတ်ဖြတ်ကြပါနဲ့၊ လွှတ်ပေးလိုက်ကြပါ"

ခွေးရူးက၊ အလှူခံမဏ္ဍပ်အတွင်းမှ၊ ဖြတ်ပြေးသွား၏။ မဏ္ဍပ်အတွင်းရှိ၊ အဘိုးကြီးတချို့၊ နေရာမှ ထ,ပြေးကြသည်။ အဘ ဦးခင်မောင်က၊ မပြေး။ မိုက်ကရိုဖုန်းကို၊ ဆုတ်ကိုင်လျက်၊ ခွေးရူးသတ်မည့်၊ သူတွေကိုသာ၊ ဟန့်တားနေချေသည်။

"သူ သွားချင်ရာ သွားပါစေကွာ။ ခွေးပဲ
မသိလို့၊ ကိုက်တာပေါ့။ သိတဲ့ . . လူတာ၊ ရှောင်ပေါ့။
ခွင့်လွှတ်ပေါ့"

ထိုဟန့်တားသံသည်၊ လော်စပီကာမှ တစ်ဆင့် တစ်ရပ်ကွက်လုံးသို့၊ ကြားနေစေ၏။ ထိုစဉ် . . ၊ ဦးဝင်းတင်က . . ,

"ဦးခင်မောင်၊ ခင်ဗျား အဲဒီမိုက်ကြီးကို
ချထားလိုက်ဗျာ။ ကျုပ်တို့က ရပ်ရေးရွာရေးလုပ်
နေတာဗျ။

ရပ်ကွက်ထဲ၊ ခွေးရူးတစ်ကောင်ရှိနေရင်၊
တစ်ရပ်ကွက်လုံး၊ အန္တရာယ်ဖြစ်မှာမို့၊ မလွှဲမသွေ



လိုက်သတ်နေကြရတာဗျ။

ခင်ဗျား . . တရားသိပ်ရှိနေရင်လည်း၊
တောထဲမှာသွားနေလိုက်"

ဘကြီးခင်မောင်က၊ မိုက်ကရိုဖုန်းကို၊ လက်က မလွှတ်သေးဘဲ -

"အေး၊ ဒေါသ, သိပ်ကြီးစိုးနေရင်၊ အမှန်
မမြင်နိုင်ကြဘူးကွ။ အမှန်ပြောတဲ့သူကိုလည်း၊
မနှစ်မြို့ဘူး။

သဗ္ဗေသတ္တာ၊ ကမ္မသကာပေါ့၊ဝင်းတင်ရာ
. . ။ မင်းကို၊ ငါ . . , ဘာစကားမှပြိုင်မပြောတော့
ပါဘူး"

ထိုသို့ပြောပြီး၊ ခွေးရူးဖြတ်ပြေးသွားရာ ဘက်သို့ ကြည့်ရင်း ဘကြီးခင်မောင်စကားဆက်၏။ သူ့စကားသံသည်၊ လော်စပီကာကြီးထဲမှ၊ တစ်ရပ်ကွက်လုံးသို့၊ ကျယ်ကျယ်ပြန့်ပြန့်။

"သူတစ်ပါးအသတ်ခံရတော့မယ့် သတ္တဝါ
ဟာ၊အလွန်ထိတ်လန့်ရှာတယ်။ အသိတ်အလန့်နဲ့
သေကြရရှာတယ်။

www.burmeseclassic.com

www.burmeseclassic.com



သူ့ကို အထိတ်အလန့် သေစေရင်၊ ကိုယ်လည်း အထိတ်တလန့် သေရမယ့်ဘေးနဲ့ တွေ့တတ်ကြတယ်။ ဒါကြောင့် . .

သတ္တဝါအချင်းချင်း၊ မေတ္တာနဲ့သာ ပေါင်းသင်း . . ဆက်ဆံ . . ”

“အဖေ့”

ဘကြီးခင်မောင်၏ သမီး၊ ဒေါ်ကြေးမုံ-မဏ္ဍပ်ထဲသို့ ပြေးဝင်လာ၏။

“အဖေ၊ ဘာတွေပြောနေတာလဲ”

“ဟဲ့ . . ကြေးမုံ၊ ဘာဖြစ်လာတာလဲ။ ငိုကြီးချက်မ,နဲ့”

“ငိုမှာပေါ့၊ ခွေးရူးက၊ ကျွန်မ . . သား၊ အဖေ့မြေးကို၊ ကိုက်သွားတာ၊ အဖေရဲ့။

ကလေးပေါင်မှာ၊ အသားထစ်ကြီးကို၊ လန်သွားတာပဲ၊

အဖေက . . လော်ကြီးနဲ့၊ဘာတွေလျှောက်ပြောနေမှန်း မသိဘူး”



“ဘာ . . ငါ့မြေးအကိုက်ခံရတာ၊ ဟုတ်လား”

“ ဟုတ်တယ်”

ဘကြီးခင်မောင်က၊ မိုက်ကရိုဖုန်းကို၊လွှတ်ချလိုက်၏။ ကျွန်တော့် လက်ထဲမှ၊ နှစ်-တစ်လက်မ တုတ်ကို၊ လာယူသည်။

ထိုတုတ်ကို ကိုင်ရင်း ပြေးအထွက်၊ မဏ္ဍပ်အဝ,တွင်၊ ချော်လဲ၏။ လဲကျရာမှ-

ခပ်လှမ်းလှမ်းရှိ၊ ချုံပုတ်တစ်ခုကို၊ လက်ညှိုးထိုးလျှက်-

“ခွေးရူးက၊ အဲဒီချုံပုတ်ထဲ ဝင်သွားတာလေ၊အဲဒီမှာ သွားသတ်ကြပါလား . . ”

တုတ်,ဓား,လှံစာတွေ၊ ကိုင်ဆောင်ထားသူများ အားလုံး၊ ဘကြီးခင်မောင်ညွှန်ပြရာသို့ ပြေးသွားကြ၏။ ကျွန်တော်လည်း၊ နှစ်-တစ်လက်မတုတ်ကို၊ ပြန်ကောက်လိုက်သည်။

ဘကြီးခင်မောင်က၊ မိုက်ကရိုဖုန်းရှိရာသို့၊ ပြန်သွား၏။ ပြီးနောက်၊ တစ်ရပ်ကွက်လုံးသို့၊ ဒေါသသံအပြည့်ဖြင့်၊ ကြေညာချက်တစ်ခု၊ ထုတ်ပြန်လေတော့၏။

“ရပ်ကွက်သူ ရပ်ကွက်သား၊ လူငယ် လူကြီး

www.burmeseclassic.com



အပေါင်းတို့။

ကလေးတွေကို၊ ဇုက္ခပေး ထွက်ပြေးနေတဲ့

ခွေးရူးကို၊ ဒီညတွင်းချင်း . . ၊ မသေမချင်းသတ်၊

မသေမချင်းသတ်”

ကျွန်တော်ခြေဦးသည်၊ ခွေးရူးရှိရာ ဘက်သို့၊ လှည့်ထားမိပါလျက်၊ လော်စပီကာမှ ကြားရသော၊ ဘကြီးခင်မောင်၏ ထုတ်ပြန် ကြေညာချက်ကြောင့်၊ ခြေလှမ်းတို့ တုံ့သွားရလေ၏။

ဘကြီးခင်မောင်၏ ဒေါသ,မျက်နှာထားကြီးကို၊ ငေးငဲ့ကြည့် နေမိရင်း၊ ကျွန်တော့်လက်ထဲမှ၊ နှစ်တစ်လက်မ တုတ်ချောင်းကို၊ လွှတ်ချလိုက်မိသည်။(လွှတ်ကျသွားရသည်). . ။ ။

◆◆◆

2014 -Dec -20
6:40 (P.m)
[2015 Feb - ထုတ်- စာချစ်သူများနေ့အမှတ်တရ
{တစ်ဆယ့်လေး ဖေဖော်ဝါရီ-ဝတ္ထုတို
ပေါင်းချုပ်(တလောင်စုံ)စာအုပ်}မှ]



# ချစ်လို့ရေးတဲ့မေတ္တာစာ

(၁)

ဘုရားရှင်ကို၊ ရှိခိုးပူဇော်ခြင်း. . ၊ များစွာရှိသည့်အနက်၊ ရွတ်ဖတ်သရဇ္ဈာယ်ခြင်းလည်း၊ တစ်ခုအပါအဝင်ဖြစ်ကြောင်း၊ ကြားနားမှတ်သားဖူးပါသည်။

ထို့အပြင်၊ ဘုရားရှင်ကို ပူဇော်ခြင်း အသီးသီး၌ ကျင့်ကြံအားထုတ်မှုဖြင့်၊ ပူဇော်ခြင်းကား၊ အမြတ်ဆုံးဟုလည်း၊ နာယူမှတ်သားဖူးပါသည်။

ဗုဒ္ဓဘာသာဝင် စစ်စစ်တိုင်းသည်၊ ဒါန,သီလ,ဘာဝနာ၊ သီလ-သမာဓိ-ပညာ. . . စသည်တို့ကို၊နေ့စဉ်နှင့်အမျှ ရာသက်ပန် ရိုးမြေကျ၊ ကျင့်သုံးရွက်ဆောင်ကြသူများဖြစ်ကြ၏။

ကမ္မဋ္ဌာန်းနည်းများစွာ အနက်မှ၊ သင့်လျော် လျောက်ပတ်ရာ ကမ္မဋ္ဌာန်းနည်းတို့ကို၊ အဆင့်ဆင့် စီးဖြန်းလျက်၊ ဝိပဿနာ ဘာဝနာ အထိ တက်လှမ်းကျင့်ကြံလေ့ရှိသူများ ဖြစ်လေသည်။

တိတ်ဆိတ်သော နေရာကို၊ အခြေပြုကာ၊ ကမ္မဋ္ဌာန်း တရား ပွားများလိုကြ၏။

www.burmeseclassic.com

www.burmeseclassic.com



♠

ထိုအခါ၊ များသောအားဖြင့်၊ လူပုဂ္ဂိုလ်အသီးသီးတို့သည်၊ ဘုရားစေတီများ၏။ ရင်ပြင်တော်အသီးသီးတွင်လည်းကောင်း၊ ဇရပ်တန်ဆောင်းအသီးသီးတို့တွင် လည်းကောင်း၊ ဆိတ်ငြိမ်ရာ၊ အခန်း, အဆောင်အသီးသီးတို့တွင်လည်းကောင်း၊ နေရာယူ ကျင့်ကြံအားထုတ်လိုကြပါသည်။ ကျင့်ကြံအားထုတ်ဖြစ်ကြပါသည်။

♠

သို့သော် . .

ယနေ့ ဘုရားစေတီတော် အတော်များများတို့၌၊ ကမ္မဋ္ဌာန်း စီးဖြန်းလိုသူများအတွက်၊ တိတ်ဆိတ်ရာ နေရာ, အခြေအနေတို့၊ ကင်းမဲ့နေလေပြီဟုပင်၊ ထင်မှတ်ယူဆ,ရပေတော့မည်။

♠♠

(၂)

ဘုရားဂေါပက တို့သည်ပင်လျှင်၊ အ,ဂါရဝ . . ဖြစ်ခြင်း အလုံးစုံကို, မသိနိုင်ကြပေပြီလား၊ မပြောတတ်။

အဝတ်အဆင် မလုံခြုံခြင်း တစ်ခုတည်းကိုသာ၊ အ,ဂါရဝ ဖြစ်စရာဟု၊ ထင်မြင်ယူဆ,နေကြပုံရသည်။



(ထို့အပြင်၊ အ,ဂါရဝ အမှုကို၊ ကျူးလွန်မိသူသည်၊ မည်သို့ မည်ပုံ၊ မည်ရွေ့မည်မျှ၊ အ,ကုသိုလ်ကြီးလေးရကြောင်း၊ ရှင်းလင်း ပြောပြ၊ အသိပေးရှက်ဆောင်နေသည်မျိုး၊ ယနေ့အထိ၊ မတွေ့မြင် ရသေးပါ။

အ,ဂါရဝ မဖြစ်အောင်၊ အဝတ်အဆင်၊ လုံခြုံကြရန်သာ၊ အသိပေးထားကြလေသည်။)

♠

ဘုရားစေတီတော် အပါအဝင်၊ ကျောင်းကန်အသီးသီး တို့၌၊ အ,ဂါရဝ အမှုပြုသူသည်၊ ထိုအ,ကုသိုလ်အမှုကြောင့်၊ တချိန် ချိန်မှာ၊ မိမိကိုယ်တိုင်ကိုပင်၊ မည်သူမျှမရှိသေ, မလေးစားသော၊ အခြေအနေမျိုးနှင့် ကြုံရလေမည်ဖြစ်ကြောင်း၊ ဘုရားရှင်ကို မရှိ မသေ ပြုမိပါက၊ ထို့ထက်၊ အဆပေါင်း အသေချ် အနန္တ၊ အ,ကုသိုလ် ဖက်ခံရမည်ဖြစ်ကြောင်း၊ သက်ဆိုင်ရာ . . အသီးသီးတို့က၊ ဖြော ပြတတ်ရပေမည်။

(သက်ဆိုင်ရာ အသီးသီးဆိုသည်မှာ၊ ဘုရားဂေါပက လူကြီးတို့ကိုသာ၊ ဆိုလိုသည်မဟုတ်ပါ။ မိဘ . . ဆရာ . . ဝန်ထမ်း, အသိုင်းအဝိုင်း၊ နိုင်ငံခေါင်းဆောင်တို့ပါ မကျန် အားလုံးကို၊ ဆိုလို

www.burmeseclassic.com



ပါသည်။)

♣

သဲပုံစေတီ၊ ထုံးဖြူစေတီများအပါအဝင်၊ ဓာတ်တော်မွေတော်တို့၊ ကိန်းဝပ်စံပျော်ရာ၊ စေတီတော်(ဆင်းတုတော်) အသီးသီးတို့၊ သွားရောက်ဖူးမြော်စဉ် အခါတိုင်း၊ သက်ရှိ ဘုရားရှင်ထံတော်မှောက်သို့၊ သွားရောက်ဂါရဝ,ပြု၊ ပူဇော်လေသည်. . ဟု၊ နှလုံးသွင်းလေးနက် တတ်ကြလေအောင်၊ မိဘ,ဆရာဦးဆောင်သော သက်ဆိုင်ရာအသီးသီးတို့က၊ သွန်သင်နိုင်ကြရပေမည်။ (ယခုမူ၊ ထိုသို့မဟုတ်)။

♣

ဘုရားဖူးသည်ဆိုသည်ကိုက၊ ဘုရားနှင့်သက်ဆိုင်သော အဆောက်အဦးများရှိရာသို့ ရောက်ဖူးအောင်၊ လာရောက် ပျော်ပါးကြသကဲ့သို့၊ ဖြစ်နေကြကြောင်း၊ မြင်သာ ထင်သာ၊ ရှိရပါသည်။

မည်သည့်စေတီ(ဆင်းတုတော်)ကို မဆို၊ သက်ရှိထင်ရှားကဲ့သို့၊ အမှန်တကယ်၊ ရည်မှတ်လေးနက်နိုင်ကြမည်ဆိုလျှင်၊ ထို. . ဘုရားစေတီ အသီးသီး၏ ပရဝုဏ်အတွင်း၌၊ ရယ်မောသံ ဆူညံသံ တစ်သံမျှပင်၊ ကြားရလေမည်မဟုတ်။



သက်ရှိဘုရား . . ဟု၊ ရည်မှတ်နိုင်သူတိုင်း၊ ဘုရားရင်ပြင်တော်ပေါ်၌၊ လက်ချင်းတွဲ၍၊ လျှောက်ဝံ့ကြမည်မဟုတ်။

သက်ရှိဘုရားကို၊ ဘေးမှာထားပြီး၊ အလာပ,သလ္လာပတွေ ပြောရဲကြမည်မဟုတ်။ (ကလေးများ ဆူညံပာစ်အော်။ ဆော့ကစားသည်ကို၊ ခွင့်ပြုထားကြမည် မဟုတ်)။

ဘုရားရင်ပြင်တော် (သို့မဟုတ်)စေတီတော်၊ ဆင်းတုတော်တို့၊ အနီးအပါး၌၊ ဘုရားရှိခိုးခြင်း. . . ပူဇော်ခြင်း. . ပွားများခြင်း မပြုကြဘဲ၊ အလာပ,သလ္လာပ, စကားထိုင်ပြောနေကြခြင်းသည်လည်း၊ ဗုဒ္ဓအ,ဂါရဝဖြစ်ကြောင်း. . ၊ အားလုံးသိဖို့ကောင်းသည်။

စေတီတော်၊ ဆင်းတုတော်တို့ကို၊ သက်ရှိဘုရားတဲ့သို့၊ နှလုံးမမူဘဲ၊ ဘုရားပေါ်တက်၊ စားသောက်. . ပြောဆို. . လဲလျောင်း . . နေသူအချို့တို့ကို၊ မြင်ယောင်ကြည့်ရင်း၊ ၎င်းတို့အနီး၌၊ ဘုရားရှင်ကိုယ်တော်မြတ်ကြီး၊ သက်ရှိထင်ရှားသီတင်းသုံးနေသည် . . ဆိုပါစို့။

ဘုရားရှင်ကို၊ အနီးမှာထားပြီး မဖွယ်မရာ၊ အဂါရဝပြုစော်ကားနေသည်နှင့်၊ တူလွန်းလှပေသည်။

အမိ,အဘ၊ ဆရာသမားတို့၊ အဆိုအဆုံးမ . . မရှိသူ တို့

www.burmeseclassic.com

www.burmeseclassic.com



ဆိုလျှင်၊ ဘုရား စေတီအနီးအပါး၌၊ ယှဉ်တွဲ ပွတ်သပ်၊ ပူးကပ်၍ပင်၊ စကားဆိုရဲကြရှာသည်။

၎င်းသည်ကိုပင်၊ အ,ဂါရဝ . . ဟု၊ သတ်ဆိုင်ရာတို့၊ သတိမမူမိယောင်တကား။

♠♠♠

(၃)

ဘုရားရင်ပြင်တော်အပေါ် (သို့မဟုတ်) ဆင်းတုတော်စေတီတော်တို့ တဝိုက်၌၊ ပြေးလွှားဆော့စကားခြင်း၊ စုဖွဲ့စားသောက် ပျော်ပါးနေခြင်း၊ပူးတပ်တွဲယှက်နေထိုင်ခြင်း၊ ဆူညံသံပြုနေခြင်း၊ (သီချင်းဆိုနေခြင်း၊ နားထောင်နေခြင်း)၊ လဲလျောင်းအိပ်စက်နေခြင်း၊ မလုံမလဲ ဝတ်ဆင်ခြင်း. . စသည့်အမူအကျင့်တို့သည်၊ ဘုရားရှင် ကိုယ်တော်မြတ်ကြီးကို၊ မရှိမသေစော်ကားနေသော အ,ဂါရဝ အပြုအမူများ ဖြစ်ကြောင်း၊ ထိုသို့ပြုမူနေမိသူတိုင်း၊ ကြီးလေးသော၊ အကုသိုလ် အမှုကို၊ ကျူးလွန်ခြင်းဖြစ်ကြောင်း၊ သိသူများက၊ မသိရှာသူများကို၊ ထိထိရောက်ရောက်၊ သင်အံ့လမ်းပြသင့်ပေပြီ။

♠



ထိုသို့သော အပြုအမူတို့အပြင်၊ တနာခံစိတ်နည်းသူ တချို့၏ အပြုအမူတို့သည်လည်း၊ ရှိတတ်ကြပြန်သည်။

ဘုရားစေတီ၏ ဆိတ်ငြိမ်ရာသို့၊ လာရောက်ပြီး တမ္ဘဋ္ဌာန်း စီးဖြန်းနေကြသူများ အပါး၌၊ အထက်ပါ အပြုအမူများ ပြုမူနေတတ်ကြသကဲ့သို့၊ (အပြစ်ဆိုရခက်သော) အပြုအမူ တစ်ခုလည်း၊ ရှိနေတတ်ကြပြန်၏။

♠

ထိုအပြုအမူကား . . .

ဆိတ်ငြိမ်ရာ၌၊ ငြိမ်သက်စွာ၊ ကမ္မဋ္ဌာန်း စီးဖြန်းနေသူတို့အနီးအပါး၌၊ အော်ဟစ်ရွတ်ဖတ် သရဇ္ဈာယ်နေကြသူတို့၏ အပြုအမူတား. .၊ ဟန့်တားရခက်သော၊ အပြုအမူပင်၊ ဖြစ်၏။

ထိုအပြုအမူကို၊ အ,ဂါရဝ,ဟု၊ မဆိုသာသော်လည်း၊ အခြားတမ္ဘဋ္ဌာန်းစီးဖြန်းနေသူတို့အတွက်၊ ယင်းတို့၏ အသံက အနှောင့်အယှက်ဖြစ်စေသည်ဆိုတာလောက်တော့၊ တနာသိနိုင်သိဖို့ ကောင်းလှသည်။ (ထို့အပြင်၊ ဝေယျာဝစ္စဆောင်ရွက်သူတို့၏၊ အိုးသံ၊ ခွက်သံတို့လည်း၊ အပါအဝင်ဖြစ်၏)။

♠

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com



တစ်ခါက, တောတွင်း တစ်နေရာ၌၊ ရဟန်းတချို့ မလှမ်းမကမ်းစီ၊ နေရာခွဲ၍၊ ကမ္မဋ္ဌာန်းစီးဖြန်းနေကြစဉ်၊ ရဟန်းတော်တစ်ပါးအား၊ ကျားဆွဲလေ၏။

"တပည့်တော်ကို ကျားဆွဲနေပါပြီ" . . လို့ အော်ဟစ် လိုက်လျှင်၊ အခြားသူတို့၏ ကမ္မဋ္ဌာန်း အာရုံပျက်လေမည်စိုးသဖြင့်၊ အသံမပြုဘဲ၊ ကျားအစားခံသွားရရှာသော၊ ရှဟန်းတော်တစ်ပါး အကြောင်းကို၊ နာကြားဖူးပါသည်။ ထို့ကြောင့်၊ ဝေယျာဝစ္စ ဆောင်ရွက်နေကြသူများနှင့်၊ ဘုရားစေတီအသီးသီး၌၊ ဆုညံစွာ အော်ဟစ် ရွတ်ဖတ်သရဇ္ဈာယ်လေ့ရှိသူများ၊ မိမိ၏အနီးအပါး၌၊ ကမ္မဋ္ဌာန်း စီးဖြန်းနေသူ ရှိနေပါက၊ ကျားအဆွဲခံသွားရရှာသော၊ သံဃာတော် အရှင်မြတ်၏ ထုံးကို၊ နှလုံးမူသင့်လှပါကြောင်း . . .၊

ဗုဒ္ဓသာသနာ့ အကျိုးမျှော်၍

နှိုးဆော်တိုက်တွန်းအပ်ပါသည်။

(ထိုက်သူ မထိုက်သူများမရွေး မေတ္တာ ရည်တူ အေးပါစေ) . . .

2014 -Dec -20

6:40 (P.m)

(ဂမ္ဘီရဆန်းကြယ်-မဂ္ဂဇင်း(အုပ်-၁၀၀)ပြည့်

အထူးထုတ်-အောက်တိုဘာလ၊၂၀၁၄)အတွဲ(၉)၊အမှတ်(၄)

www.burmeseclassic.com